ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

အမှတ် ( ၂၀ )

ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်

ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၏အာဘော်

# ပြည်သူ့အာဏာ

ဂျာနယ်

အမှတ် ( ၂၀ )

ဩဂုတ်လ၊ ၂၀၀၁ ခုနှစ်

# မာတိကာ


* စာတည်းအဖွဲ့ အာဘော် ၁
* ထုတ်ပြန်ကြေညာချက် ၁/၂၀၀၁ ၁၂
* ထုတ်ပြန်ကြေညာချက် ၂/၂၀၀၁ ၁၅
* ထုတ်ပြန်ကြေညာချက် ၃/၂၀၀၁ ၁၆
* ထုတ်ပြန်ကြေညာချက် ၄/၂၀၀၁ ၁၉
* တရုတ်ပြည်ကွန်မြူနစ်ပါတီသို့ ပေးပို့သည့်သဝဏ်လွှာ ၂၁
* ဗီယက်နမ်ကွန်မြူနစ်ပါတီသို့ ပေးပို့သည့်သဝဏ်လွှာ ၂၄
* UCP-CPSU သို့ ပေးပို့သည့်သဝဏ်လွှာ ၂၆
* တစည္ဥက္ကဌ ဗိုလ်သာကျော်သို့ အိတ်ဖွင့်ပေးစာ ၂၈
* တော်လှန်ရေးနှင့်လုပ်ကြံရေး ၂၉
* ကမ္ဘာလွှမ်းခြုံရေးက သယ်ယူလာမယ့်နိုင်ငံရေးအကျိုးဆက် ၃၂
* သတိရှိသင့်သည့် ဂျပန်–ဗမာ ဆက်ဆံရေး ၃၇
* မာ့က်စ်အကြောင်း မှတ်စုများ ၄၁
* နိုင်ငံတကာညီလာခံများမှနေ၍ မျှော်ကြည့်လိုက်သော် ၄၃
* မှတ်လောက်သားလောက် ၄၇
* မှတ်ချက်မလိုသောစကားများ ၅၀
* အမေရိကန်ရွေးကောက်ပွဲ ဘုရှ်ဘယ်လိုနိုင်တယ် ၅၁
* နယ်ချဲ့စနစ်သစ် – မျက်မှောက်ခေတ်အရင်းရှင်စနစ်၏ အဆင့်သစ် ၅၂



**ဗမာပြည်ကွန်မြူနစ်ပါတီ**

**ဗဟိုဝါဒဖြန့်ချိရေးဌာနမှ ထုတ်ဝေဖြန့်ချိသည်**

# စာတည်းအဖွဲ့အာဘော်

## စာတည်းအဖွဲ့၏အမှာ

မော်ကစ်ဝါဒဟာ တရားသေ မဟုတ် တခြားသိပ္ပံပညာရပ်များလိုပဲ အသစ်အသစ်တို့နဲ့ ဖြည့်ဆည်းပေးရင်း ရှင်သန်နေပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံတကာ့ မော်ကစ်ဝါဒ တပ်ဖွဲ့တခု ဖြစ်ပါတယ်။ ဒါကြောင့် ညီနောင် တပ်ဖွဲ့တွေနဲ့ ပူးတွဲပြီး နယ်ချဲ့စနစ်သစ် ဆန့်ကျင်ရေး အတွေးအခေါ် လက်နက် (၂၁ ရာစု မော်ကစ်ဝါဒ) ကို စူးစမ်းလေ့လာ ရှာဖွေနေပါတယ်။

နယ်ချဲ့ဟောင်းကို ဆန့်ကျင်ဖို့ (၂၀ ရာစု မော်ကစ်ဝါဒ) လီနင်ဝါဒနဲ့ မော်စီတုန်းအတွေးအခေါ် ရှိခဲ့ပါတယ်။ နယ်ချဲ့စနစ်သစ်ကို ဆန့်ကျင်ဖို့ ကွန်မြူနစ်ပါတီတိုင်း အခြေခံအဖြစ်ထားပြီး အသုံးပြုနိုင်တဲ့ အတွေးအခေါ် အခု မရှိပါ။ ဝိုင်းဝန်းရှာဖွေနေပါတယ်။

မော်ကစ်ဝါဒ ရပ်တည်ချက်၊ အမြင်၊ နည်းနာနဲ့ နယ်ချဲ့စနစ်သစ် ဆန့်ကျင်ရေး အမှန်တရားကို ပါတီက တဖက်မှာ ရှာနေသလို ‘ကမ္ဘာ့ရွာကြီး’ ဆိုတဲ့ခေတ်မှာ မျက်နှာငယ်ရွာသား မဖြစ်ချင်ကြတဲ့ ပြည်ချစ်ဝါဒီတွေကလည်း ရှာနေကြပါတယ်။ ပြည်ချစ်ဝါဒအရ ဘယ်သူလုပ်လုပ် ကြိုဆိုပါတယ်။

အခု ကျွန်တော်တို့ပါတီတွင်း လေ့လာရေးအတွက် ရေးထားတဲ့ စာတမ်းကို “ပြည်သူ့အာဏာ” မှ ဖော်ပြလိုက်ပါတယ်။ ဝေဖန်ထောက်ပြ အကြံပေးမှုဟူသမျှကို ကြိုဆိုပါတယ်။

လေးစားစွာဖြင့်
စာတည်းအဖွဲ့

## နယ်ချဲ့စနစ်သစ်၏အန္တရာယ်နှင့် ကိုလိုနီသစ်ထောင်ချောက်

(၁)

၂၁ ရာစု အကြိုကာလတွင် ဗမာပြည်ရာဇဝင်စာအုပ်များ ပြန်လည်ထုတ်ဝေလာကြသည်။ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသမျှ ရာဇဝင်စာအုပ်များမှာ လူဖြူသာသနာပြုများ၊ သံတမန်အရေးခြုံထားသော စစ်ဗိုလ်များနှင့် ကိုလိုနီအရာရှိကြီးများရေးသော စာအုပ်များသာ ဖြစ်သည်။ ချုပ်၍ဆိုရလျှင် နယ်ချဲ့စနစ်ဟောင်း၏ တွေးခေါ်မှုစစ်မျက်နှာမှ စစ်သည်တော်များ ရေးကြခြင်းဟု ဆိုရမည်။

ထိုစာအုပ်များကို စတင်ထုတ်ဝေသည့် ခုနှစ်များကိုကြည့်လျှင် တချို့က ၁၈၃၃၊ တချို့က ၁၉၀၆ ဟု တွေ့ရသည်။ အကြိမ်ကြိမ်လည်း ထုတ်ကြရသည်။ တကြိမ်ထုတ်လျှင် စောင်ရေ မည်မျှထုတ်သည်ကို မသိရပါ။ သို့သော် ဝယ်သူရှိပုံပေါ်သည်။ နှစ်အနည်းငယ်အတွင်း တတိယအကြိမ်ထိ ထုတ်ခဲ့ကြသည်။

မည်သူတွေ ဝယ်ကြသနည်း။ ဗမာပြည်သို့စစ်ဘက် နယ်ဘက်အရာရှိများအဖြစ် စေလွှတ်ခံရသော အင်္ဂလိပ်များ ဝယ်ကြမည် ဖြစ်သည်။ ဗမာပြည်ရှိ ကျေးတော်မျိုး ကျွန်တော်မျိုးများကို ငြိမ်ဝပ်ပိပြားအောင် အုပ်ချုပ်ရာတွင် အသုံးတည့်၍ လက်စွဲစာအုပ်အဖြစ် ဝယ်ကြပါသည်။

ဗမာပြည်အကြောင်းကို ထိုစဉ်ကအနောက်တိုင်းသားများ လုံးလုံးမသိကြပါ။ ပညာတတ်များပင် မသိပါ။ မည်သည့်နေရာတွင်ရှိသည် ဆိုသည်ပင် မသိကြပါ။ နိုဘယ်ဆုရ နာမည်ကျော် ကဗျာဆရာကြီး နီရူဒါက သူ၏ ‘အောက်မေ့သတိရခြင်းများ’ စာအုပ်တွင် ဗမာပြည်သို့ ချီလီကောင်စစ်ဝန်အဖြစ် အခန့်ခံရသောအခါ ဗမာပြည် ဘယ်မှာရှိသည်ကို မသိ၍ ကမ္ဘာလုံးမြေပုံကို ကြည့်ရကြောင်း ရေးထားပါသည်။ ကံဆိုးသည်မှာ သူကြည့်သော ကမ္ဘာလုံးက ဗမာပြည်နေရာတွင် ချိုင့်နေပြီး ဆေးသားကွာနေ၍ ရှင်းရှင်းလင်းလင်းမတွေ့ရဟု ဆိုပါသည်။ တရုတ်ပြည်နှင့် အိန္ဒိယကြားတွင် ရှိကြောင်းသာ သူမှတ်သားခဲ့ရသည်ဟု ဆိုပါသည်။ ဟုတ်ပါလိမ့်မည်။ အနောက်တိုင်းသားများအဖို့ တရုတ်နှင့် အိန္ဒိယကိုသာ သိကြပါသည်။ ထို့ကြောင့်ပင် ပြင်သစ်နယ်ချဲ့သမားက သူသိမ်းပိုက်ရရှိသမျှ ဘုရင့်နိုင်ငံကလေးများကို တစုတပေါင်းတည်း ‘အင်ဒိုချိုင်းနား’ ဟု ခေါ်လိုက်ပါသည်။ ဒတ်ချ်နယ်ချဲ့သမားကလည်း အားလုံးကိုစုပေါင်းပြီး ‘အင်ဒိုနီးရှား’ ဟု သတ်မှတ်ပါသည်။ အင်္ဂလိပ်ကလည်း ဗမာပြည်ကို အိန္ဒိယတွင်း ထည့်လိုက်ပါသည်။ အရှေ့တောင်အာရှဒေသကြီးတခုလုံးကို အင်ဒိုချိုင်းနား ကျွန်းဆွယ်ဟု ပထဝီစာအုပ်များက မှည့်ခေါ်ပါသည်။

သိမ်းပိုက်ရသောနယ်အားလုံးကို ‘ဖားလာသိပ် ငါးလာသိပ်’ တစုတပေါင်းတည်း လုပ်ကြခြင်းမှာ နယ်ချဲ့စနစ်ဟောင်း၏လုပ်နည်း ဖြစ်ပါသည်။ ဖားဖြစ်ဖြစ် ငါးဖြစ်ဖြစ်သူတို့အဖို့ မထူးပါ။ အုပ်ချုပ်ရလွယ်ကူအောင်၊ ထိန်းသိမ်းရလွယ်ကူအောင်သာ စဉ်းစားပါသည်။ အစစအရာရာ မည်သို့ပင်ကွဲပြားနေပါစေ အားလုံးကိုတပေါင်းတည်း လုပ်ပစ်ပါသည်။ သူ၏စစ်အင်အားနှင့် ဖိထားရ လွယ်ကူအောင်သာ စဉ်းစားပါသည်။ စစ်အင်အားရှိလျှင် ငြိမ်ဝပ်ပိပြားအောင် လုပ်ထားနိုင်ပါသည်။ ထို့ကြောင့် တပေါင်းတစည်းတည်း ပေါင်းပစ်ပါသည်။ ဥရောပဆိုလျှင်ဤသို့မလုပ်ခဲ့ပါ။ သူတို့၏ရာဇဝင်စာအုပ်များကို ဖတ်လျှင်တွေ့နိုင်ပါသည်။ နိုင်ငံငယ်ကလေးများကို နည်းအမျိုးမျိုးနှင့် ထိန်းထား ပါသည်။

မန္တလေးနာမည်ကို အနောက်တိုင်းတွင် လူသိများအောင်လုပ်ခဲ့သော နယ်ချဲ့ကဗျာဆရာ ကစ်ပလင်ကလည်း ရှင်းရှင်းရေးခဲ့ပါသည်။ အရှေ့သည်အရှေ့၊ အနောက်သည် အနောက် ဘယ်တော့မှမဆုံစည်းနိုင်ဟု ဆိုခဲ့ပါသည်။ အရှေ့နှင့်အနောက်ကို တန်းတူ

သဘောမထားရဟုဆိုခြင်း ဖြစ်ပါသည်။

နယ်ချဲ့ရာဇဝင်ဆရာများ၏ စာအုပ်များကို ရေးတုန်းက မည်သူထုတ်ဝေသနည်း။ ပေါပင်မဟုတ်သည့်စာအုပ်ထုတ်သည်မှာ ငွေကုန်ပါသည်။ တော်ရုံတန်ရုံဖြင့် ဤစာအုပ်မျိုးမထုတ်ကြပါ။ ငွေကြေးတောင့်တင်းသည့် အဖွဲ့အစည်း၊ သူဌေးသူကြွယ် ကျောထောက်နောက်ခံရှိမှ အရောင်းမသွက်သော ရာဇဝင်စာအုပ်မျိုးကို ထုတ်နိုင်ပါသည်။ သို့သော် ထုတ်ဝေသူရှာရာတွင် "နယ်ချဲ့ရာဇဝင်ဆရာများ" ပူစရာမလိုပါ။ စတုတ္ထမြောက် ဝီလျံဘုရင်ကို အမှူးထားပြီး ဖွဲ့ထားသော အရှေ့တိုင်းစာများ ဘာသာပြန်ရေးရန်ပုံငွေအဖွဲ့ (**Oriental Translation Fund** ) က ရေးမည့်သူကို ငွေထုတ်ပိုက်ပြီး ရှာနေပါသည်။ ထိုအဖွဲ့ကို ၁၈၂၈ က ဖွဲ့ထားပါသည်။ ပထမ အင်္ဂလိပ် – မြန်မာစစ်ပွဲအပြီး ဖွဲ့သည်ကို သတိပြုပါ။

ဤလိုရန်ပုံငွေအဖွဲ့များ ဥရောပတွင် များပါသည်။ ခရစ်ယာန်ဂိုဏ်းအုပ် ဘိဂန်ဒတ် (ဗမာပြည်ပြည်သူများ အကျွမ်းဝင်သည့် နာမည်) အပြောအရဆိုလျှင် အီတလီ ခရစ်ယာန်ဘုန်းကြီးရေးသည့်စာအုပ်ကို နေပဲလ်စ် **(Naples)** ဘုရင်က ငွေထုတ်ပေးသည်ဟု သိရပါသည်။ ထိုဘုရင်မှာ အီတလီကို သိမ်းထားစဉ်က နပိုလီယံက ခန့်ထားသည့် သူ့နှမ၏ယောကျ်ား (ယောက်ဖ) ဖြစ်ပါသည်။ ဘုရင်တွေကိုယ်တိုင် ဦးစီးကြ၍ ငွေပေါသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ဝယ်ယူသူမရှိမှာလည်း ပူစရာ မရှိပါ။ ဗမာပြည်အတွက် ဘာသာရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စစ်ရေး အရာရှိလူဖြူများ တိုးတက်ခန့်ထား နေရပါသည်။ ဝယ်သူတွေ ရှိနေပါသည်။ (စစ်သည်များ မဝယ်မနေရ မဂ္ဂဇင်း စောင်ရေများပြီး၊ မကြည့်မနေရ ရုပ်ရှင်၏ ဝင်ငွေကောင်းသလို ဖြစ်ပါသည် )

၁၉ ရာစုမှ ၂၀ ရာစုအကူးတွင် စတင်ထုတ်ဝေသော အနောက်တိုင်းသားများ ရေးသည့် ရာဇဝင်စာအုပ်များသည် ၁၉၂၀ လောက်တွင် နောက်ဆုံးထုတ်ဝေပြီး လုံးလုံး ရပ်သွားပါသည်။ တခေတ်ကုန်သွားသည့် သဘောပါ။

၁၉၂၀ ကာလမှာ နယ်ချဲ့ချင်း ဖြစ်သည့် ပထမကမ္ဘာစစ်ကြီးပြီးစ ရုရှား အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး အရှိန်အဟုန်ရလာသည့်ကာလ ဖြစ်ပါသည်။

မော်စီတုန်း ပြောသည့် အောက်တိုဘာတော်လှန်ရေး အမြောက်သံက မာ့က်စ် လီနင်ဝါဒကို ပို့ပေးသည်ဆိုသည့်ခေတ် ဖြစ်ပါသည်။ မော်စီတုန်းက သူ့ဘက်ကနေပြီး ပြောခြင်း ဖြစ်ပါလိမ့်မည်။ ချီအင်လိုင်း၊ ချူတေး၊ ချင်ယီ၊ တိန့်ရှောင်ဖင်တို့က "နယ်ချဲ့အောက်မှ လွတ်လပ်ရေးလမ်း" ထွက်ရှာရင်း ပြင်သစ်၊ ဂျာမဏီမှ ရခဲ့ပါသည်။ ဗီယက်နမ်မှ ဟိုချီမင်း၊ အိန္ဒိယမှ မီးရှတ်လုပ်ကြံမှုကြီးတွင် ပါဝင်ခဲ့သော ဆစ်ခ်လူမျိုးရဲဘော်များလည်း ပြင်သစ်၊ ဂျာမဏီစသောတိုင်းပြည်များမှ ရခဲ့ပါသည်။

သူတို့ရခဲ့သည်မှာ ကွန်မြူနစ်အင်တာနေရှင်နယ်၏ နယ်ချဲ့ဆန့်ကျင်ရေး၊ ကိုလိုနီဘဝမှ လွတ်လပ်ရေးလမ်းစဉ် ဖြစ်ပါသည်။ အတိုချုပ်လျှင် မာ့က်စ်လီနင်ဝါဒ ဖြစ်ပါသည်။ မာ့က်စ်လီနင်ဝါဒဖြင့် အာရှတွင် ကွန်မြူနစ်ပါတီများ စတင်ဖွဲ့စည်းကြသည့် ကာလ ဖြစ်ပါသည်။ ထို့ကြောင့် ရာဇဝင် စာအုပ်များ ခေတ်ကုန်သွားပါသည်။

ကျွန်တော်တို့ ဗမာပြည်ကကော ဘာများရခဲ့ပါသနည်း။ ယူသလောက် ရခဲ့ပါသည်။ အရှင်စိုးသိမ်း၊ ဂျာမဏီပြန် ဦးစုတို့ ဝံသာနု လှုပ်ရှားမှုအတွက် သဘောတရား တချို့ ရခဲ့ပါသည်။ ဒေါက်တာဘမော်လည်း ပြင်သစ်မှ တစုံတရာရခဲ့ပါသည်။ တူတံဇင် အစား ဓားမဟူသော တံဆိပ်နှင့် ပစ္စည်းမဲ့ လူတန်းစားအစား ဆင်းရဲသားဟူသော ဝေါဟာရ ရခဲ့ပါသည်။ ထိုတံဆိပ် ထိုဝေါဟာရကို ဝံသာနုဝါဒဖြင့်ပေါင်းပြီး ဆင်းရဲသားဝံသာနု အသင်း ဖွဲ့ပါသည်။ တံဆိပ်ကဓားမ ဖြစ်ပါသည်။

ဤနေရာတွင် ပြင်ပထွက်ပြီး ရှာသူများ ပါသွားသည့်အတွေးအခေါ်က စကားပြောသည်ကို သတိပြုသင့်ပါသည်။

ချီအင်လိုင်း၊ချူတေး၊ တိန့်ရှောင်ဖင်၊ ဟိုချီမင်းတို့သည် နယ်ချဲ့ဆန့်ကျင်ရေးကို ပြည်တွင်းတွင် တက်တက်ကြွကြွ စွန့်စွန့်စားစား လုပ်ခဲ့ပြီးမှ ဒီဝါဒသဘောတရားနဲ့ တော့ မဖြစ်သေး၊ ဒီထက်ကောင်းတာရှာမှဟု သဘောထားပြီး ထွက်ရှာကြခြင်း ဖြစ်ပါသည်။

အိန္ဒိယ ဆစ်ခ်ရဲဘော်များသည်လည်း လုပ်ကြံရေးဝါဒအရ လုပ်ခဲ့ပြီးပါပြီ။ အောင်ပွဲမရဘဲ လူတယောက်ကို လက်စားချေရရုံ၊ ကြိုးစင်တက်ရရုံပဲဟု မြင်ပြီး အမှန်တရား ထွက်ရှာကြခြင်း ဖြစ်ပါသည်။

သူတို့ မာ့က်စ်လီနင်ဝါဒ ရသည်မှာ မဆန်းပါ။

ဗမာပြည်မှ ပြည်ပထွက်သူများတွင် ထိုအတွေ့အကြုံမျိုး မရှိပါ။ တိုးတက်သည့် အတွေးအခေါ်လည်း ပါမသွားပါ။ ပညာသင် သက်သက်သွားခြင်း ဖြစ်ပါသည်။

တဆက်တည်းတွင် ကျွန်တော်တို့တွင် မှားယွင်းစွာနားလည်နေသည့် စဉ်းစားနည်းများ ရှိနေခြင်းကို တင်ပြလိုပါသည်။

ဂျပန်မေဂျီခေတ် ပညာတော်သင်များနှင့် မင်းတုန်းခေတ် ပညာတော်သင်များကိစ္စတွင် ကျွန်တော်တို့တွင် မှားနေသော စဉ်းစားမှု ရှိခဲ့ပါသည်။ ဂျပန်နှင့်မြန်မာ တူနေသည့်အချက် တခုနှစ်ခုကိုယူပြီး တခုလုံးကို မျဉ်းပြိုင်ဆွဲစဉ်းစားမိခြင်း ဖြစ်ပါသည်။ ဂျပန်နှင့်မြန်မာ ရလဒ်ခြင်း မတူရကောင်းလားဟု စဉ်းစားမိခြင်း ဖြစ်သည်။

ဂျပန်ဘုရင် မူဆူဟီတိုနှင့် မင်းတုန်းမင်းတို့ ခေတ်ပြိုင်များဖြစ်သည်မှာ မှန်ပါသည်။ ပညာတော်သင်များ ဥရောပသို့ လွှတ်ရာတွင်လည်း တူကြပါသည်။ သို့သော် ထိုအချက်မျှဖြင့် အားလုံးကိုတူညီရမည်ဟု စဉ်းစား၍မဖြစ်ပါ။

ဂျပန်က ခေတ်မီအရင်းရှင် နယ်ချဲ့နိုင်ငံ ဖြစ်သွားပြီး၊ ဗမာပြည်က အင်္ဂလိပ်ကိုလိုနီဖြစ်သွားခြင်းကို ယထာဘူတကျကျ မစဉ်းစားတော့ဘဲ မြန်မာလူမျိုးတို့၏ ညံ့ဖျင်းပျင်းရိမှုနှင့် ဂျပန်လူမျိုးတို့၏ ထက်မြက်ဝီရိယရှိမှုကြောင့်ဟု ကောက်ချက်ဆွဲလျှင် မှားပါသည်။

အမှန်မှာ ရှင်ဘုရင်ချင်းခေတ်ပြိုင်၊ ပညာတော်သင်လွှတ်တာချင်း အတူတူဖြစ်သော်လည်း တွေးခေါ်မှုနှင့် လူတန်းစားရပ်တည်မှု အခြေခံချင်းမတူသည်ကို ထည့်မတွက်ကြပါ။ ဂျပန်ပညာတော်သင်များက အရင်းရှင်အတွေးအခေါ် ရပ်တည်ချက်ဖြင့် ပညာသွားရှာကြခြင်း ဖြစ်သည်။ မြန်မာများက လွှတ်၍သာသွားကြခြင်း ဖြစ်သည်။ ပါသွားသည်က ပဒေသရာဇ် အတွေးအခေါ်ဖြစ်သည်။ ပျော်စရာစုံသည့် တိုင်းပြည်တွင် ပဒေသရာဇ်မင်းပျိုမင်းလွင်များလို နေခဲ့ကြသည်။ မြန်မာများက ၁၉၂၀ ကျောင်းသားသပိတ်ကြီးကျမှ ရလာသော ဝံသာနုစိတ်ဓာတ်ကို ဂျပန်များက ၁၈၇၀ ကတည်းက

ရနေကြပါပြီ။

မင်းတုန်းမင်းခေတ်က ဗမာပြည်တွင် ပဒေသရာဇ်အတွေးအခေါ် အပြည့်အဝရှိဆဲ။ ယောအတွင်းဝန်ဦးဖိုးလှိုင်၏ အရင်းရှင်ဆန်သော စိတ်ကူးစိတ်သန်းကလေးမျှကိုပင် လက်မခံနိုင်။ သည်းမခံနိုင်။

နောက်တခုအရေးကြီးသည်မှာ ဗမာပြည်သည် အစိတ်စိတ် ဖြိုခွဲခံရပြီး ဖြစ်သည်။ အထက်ဗမာပြည်သာ ကျန်တော့သည်။ ကျန်သည့် အပိုင်းကလည်း ကိုလိုနီတပိုင်း ပဒေသရာဇ်တပိုင်းနိုင်ငံ ဖြစ်နေပြီ။ ဤအချက်ကို အထူးသတိပြု ဆင်ခြင်သင့်သည်။

မိမိကိုယ်ကိုနှိမ်သော မိမိတမျိုးသားလုံးကို နှိမ်သောကောက်ချက် မဆွဲသင့်ပေ။

သူများတကာ ပြင်သစ်မှ မာ့က်စ်လီနင်ဝါဒ ရကြသော်လည်း ဗမာပြည်က ဓနရှင်ဒီမိုကရေစီ အတွေးအခေါ်သာရခြင်းမှာ သွားသည့်လူချင်းမတူ၍ ဖြစ်သည်။ မြန်မာများ ယူသလောက်သာ ရခဲ့ခြင်းမှာ ထိုအခြေခံချင်း မတူသည်တွင် မြစ်ဖျားခံပါသည်။

ကျွန်တော်တို့သည် ခေတ်နှင့်အမီ လိုက်လိုလျှင် ယူတတ်ရပါမည်။ ယူချင်သည့် အတွေးအခေါ် ရှိရပါမည်။ ပြည်သူ များအတွက် ယူမည်ဟူသော အတွေးအခေါ်ဖြင့် ယူရပါမည်။ ကမ္ဘာ့ရွာကြီးတွင် ရွာသား မှတ်ပုံတင်လက်မှတ် အလိုအလျောက်ရမည် ဖြစ်သော်လည်း မည်သည့်အဆင့်ရွာသားနည်း ဟူသည်ကို မိမိ၏အဆင့်အတန်း အစစ်အမှန်ကသာလျှင် အဆုံးအဖြတ်ပေးပါ လိမ့်မည်။

ရာဇဝင် စာအုပ်ဟောင်းများ တခေတ်ကုန်သွားသည့်အချက်ကို ပြန်ကောက်သော် ပြည်တွင်းအချက်အလက်အနေနှင့် –

၁၉၂၀ တွင် နယ်ချဲ့ဆန့်ကျင်ရေး ဒီလှိုင်း တက်လာခြင်းကြောင့် ရာဇဝင် စာအုပ်များ ခေတ်ကုန်သွားခြင်းဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။ ၁၉၂၀ တွင် ပညာတတ်များ ဗမာပြည်နိုင်ငံရေးတွင် ရှေ့ဆောင်လာပါပြီ။ မြန်မာလူမျိုး ဓနရှင် ပညာတတ်များ ရှိလာချိန်တွင် "ရာဇဝင် စာအုပ်" ပါရေးသားချက်များကို သူတို့ ဖတ်ပါသည်။ လက်မခံနိုင်ပါ။ လူဖြူများ ရေးသည့် ရာဇဝင်စာအုပ်များကို ဆန့်ကျင်ရေး၊ ဘုရားပေါ်ဖိနပ်မစီးရေးမှစ၍ ဝံသာနုလှုပ်ရှားမှု အားလုံးကို ကျေးဇူးတင်ရပါမည်။ လူဖြူများ အင်္ဂလိပ်စာနှင့်ရေးထားသည့် တမျိုးသားလုံးကို (ဗမာသာမဟုတ် ရှမ်း၊ ကရင်၊ ကချင်၊ ချင်း၊ ပလောင်၊ ဝစသဖြင့် အားလုံးကို ) စော်ကားထားသည့် စာအုပ်များကို ဖော်ထုတ်ဖွင့်ချကြသူများမှာ ထိုပညာတတ်များ ဖြစ်ပါသည်။ အရင်းရှင်ဒီမိုကရေစီကို အသုံးချပြီး နယ်ချဲ့ အုပ်စိုးသူများကို ဆန့်ကျင်သူများမှာလည်း သူတို့ ဖြစ်ပါသည်။ လူထုကို ပဒေသရာဇ် အမှောင်ထုတွင်းမှ ဆွဲထုတ်သူများမှာလည်း သူတို့ပင် ဖြစ်ပါသည်။ ထိုကောင်းမှုကို မှတ်တမ်းတင်ရပါမည်။

အင်္ဂလိပ်စာဖြင့်ရေးသည့် ရာဇဝင်စာအုပ်များကိုလည်း တတန်းတစားတည်းထား၍ မရပါ။ သာသနာပြုဘုန်းကြီးရေးလျှင် ဇောင်းပေးမှုတမျိုး ဖြစ်မည်။ စစ်ဘက် နယ်ဘက် အရာရှိရေးလျှင်တမျိုး ဖြစ်မည်။ အားလုံးတူညီသောအချက်မှာ ဗမာပြည်ကို ကိုလိုနီအဖြစ် သိမ်းရမည်၊ သိမ်းသင့်သည် ဆိုသည့်အချက် ဖြစ်သည်။

တပြည်လုံးမသိမ်းနိုင်မီနှင့် သိမ်းပြီး ရေးကြသော ရာဇဝင်စာအုပ်များလည်း မတူကြချေ။ သိမ်းပြီးမှရေးသောစာအုပ်များတွင် စီးပွားရေးကို အသားပေးသည်။ အုပ်ချုပ်ရေးကို အလေးထားသည်။

စီးပွားရေးဆိုရာတွင်လည်း မြေပေါ်မြေအောက် သယံဇာတ ရှာဖွေ ဖော်ထုတ်ရေး၊ ကုန်ကြမ်းရရေး ဖြစ်သည်။ ထို့ကြောင့် ကိုယ်တိုင် တောတိုးကြ၊ တောင်ကျော်ကြသည်။ ရှာဖွေရလာသည့်နမူနာကို ဘိလပ်ပို့ ဓာတ်ခွဲရသည်။ တချို့ကို အိန္ဒိယ၊ မလေးယားတွင် ဓာတ်ခွဲသည်။ သူတို့သည် ဗမာပြည်တွင် ဘာမျှဖြစ်ဖြစ်မြောက်မြောက် စက်မှုထူထောင်ရေး မလုပ်ခဲ့။ ကုန်ကြမ်းသာ ယူခဲ့သည်။ သူတို့ လက်လွှတ် ထွက်ခွာသွားသည်အထိ ဆန်ကြိတ်စက်ရှိသည်။ ဝါကြိတ်စက်နှင့် ဘောထုပ်ထုပ်သည့်စက်ရှိသည်။ ချည်မျှင်စက်၊ အထည်ရက်စက်မရှိ။ ခေတ်မီစက်မှုလုပ်ငန်းဆိုလျှင် ရေနံချက်စက်သာ ရှိသည်။

စီးပွားရေးကိုထားခဲ့မည်။ နယ်ချဲ့စနစ်ဟောင်း၏ နိုင်ငံရေးလက္ခဏာကိုသာ အလေးထား တင်ပြပါမည်။ ကိုလိုနီနယ်ပယ်ကျယ်ကျယ်နှင့် ကြီးကြီးကို ထိုစဉ်က သူတို့ ဘာကြောင့်လိုချင်ကြသနည်း ဆိုသည်ကို သိရန်သာ စီးပွားရေးဘက်ကို တင်ပြခြင်း ဖြစ်ပါသည်။

၁၉၀၆ ခုနှစ်က ဂျေ၊ ဂျီ၊ စကော့ ( **J. G. Scott** ) ပြုစုသောစာအုပ်ဆိုလျှင် အတော်ပြည့်စုံပါသည်။ အာဏာပိုင်များက ကျွမ်းကျင်ရာ ဘာသာရပ်အလိုက် ရေးသားထားသည်များကို စုပေါင်းထားပါသည်။ ဗမာနှင့်ကျန်တိုင်းရင်းလူမျိုးများ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးခွဲသော အရေးအသားများ သိသိသာသာ ပါလာပါပြီ။

ထိုစာအုပ် တတိယအကြိမ် ထုတ်သည်မှာ ၁၉၂၁ ခုနှစ် ဖြစ်ပါသည်။ နောက်ဆုံးအခြေအနေနှင့် လျော်ညီအောင် ပြန်လည်ပြုပြင်ပြီး ထုတ်သည်ဟုဆိုထားရာ သွေးခွဲရေး အရေးအသားများကို နောက်မှထည့်သွင်းပုံပေါ်ပါသည်။

နယ်ချဲ့စနစ်ဟောင်းနှင့် ကိုလိုနီဝါဒဟောင်း ရာဇဝင်ကိစ္စ ဤတွင် ရပ်ပါမည်။

( ၂ )

အထက်တွင် ဆိုခဲ့သည့်အတိုင်း ၁၉၂၀ လောက်တွင် ဖြုန်းစားကြီး ထုတ်ဝေမှု ရပ်ဆိုင်းသွားသော ရာဇဝင်စာအုပ်များ ၂၀၀၀ ပြည့်နှစ်တဝိုက်တွင် ပြန်လည်ထုတ်ဝေလာပါသည်။ စကော့၏စာအုပ်ဆိုလျှင် တတိယအကြိမ် ၁၉၂၁ ကထုတ်ပြီး စတုတ္ထအကြိမ်ဟု မပြောဘဲ၊ ပြန်ရိုက်သည်ဟုသုံးကာ တတိယအကြိမ်ထုတ်ကို ၁၉၉၉ တွင် ထုတ်ပါသည်။ နှစ် ( ၈၀ ) လောက် ငုပ်နေပြီးမှ ပြန်ပေါ်ပါသည်။

မည်သည့်အတွက် ပြန်ပေါ်သနည်း၊ နယ်ချဲ့စနစ်သစ်အတွက် လိုအပ်၍ဖြစ်ပါသည်။

ဗမာပြည်မှာ ၁၉၆၂ ခုနှစ်ကတည်းက နယ်ချဲ့နိုင်ငံကြီးများ သိပ်စိတ်မဝင်စားသော နောက်တန်းအပို့ခံထားရသည့် နိုင်ငံ ဖြစ်ပါသည်။ ဗိုလ်နေဝင်း စစ်အုပ်စုကို သူ့အတိုင်း လွှတ်ထားလျှင်လည်း စိတ်ချရပြီဟု သဘောထားကြပါသည်။ ထို့ကြောင့် ၈၈ ခုနှစ်တွင် ထိုင်းသို့လွှတ်လိုက်သူ နယ်ချဲ့စနစ်သစ် ကိုယ်စားလှယ်များတွင် ကိုးကားမှီငြမ်းပြုစရာ ပါမလာပါ။ ၁၉၈၈ မှ ၁၉၉၅ အထိ ဗမာပြည်နိုင်ငံရေးတွင် ငွေထုပ်ပိုက်ပြီး ဝင်လက်တည့်စမ်းကြပါသည်။ မယ်မယ်ရရ ဘာမှဖြစ်မလာပါ။ ဖြစ်လာစရာလည်း မရှိပါ။ အဘယ်ကြောင့် ဆိုသော် "လူထုအုံကြွမှုမှ လူထုတော်လှန်ရေးသို့" တက်လှမ်းမသွားစေရန် ကိုယ့်ကိုယ်ကို ချုပ်နှောင်ထားသော

"အကြမ်းမဖက်ရေး" ကို မူချထား၍ ဖြစ်ပါသည်။ သူတို့၏ နိုင်ငံရေးရည်ရွယ်ချက်မှာ မင်းပြောင်းမင်းလွဲဖြစ်ရေး၊ ကိုယ့်ဩဇာခံသောမင်း နန်းတက်ရေးသာ ဖြစ်ပါသည်။ လူထုအာဏာရရေး မဟုတ်ပါ။

အကြမ်းမဖက်ရေးမူကိုင်ထားပြီး သူတို့အနောက်နိုင်ငံများတွင် ကျင့်သုံးသည့် နိုင်ငံရေးအန်တုမှုနည်းနာများကို သင်ကြားပို့ချပါသည်။ ကားမှန်များတွင် ကပ်ရန် "ကပ်ခွာ" များ ဖြန့်ဖြူးပါသည်။ ထိုလူငယ်များသည် ဆရာ့ထက်ရင့်ကျက်ပါသည်။ ၁၉၆၂ – ၆၉၊ ၇၄၊ ၇၅၊ ၇၆ နှင့် ၁၉၈၈ တွင် လူထုအုံကြွမှုကို ဖော်ထုတ်ရှေ့ဆောင်ခဲ့ကြ၊ ကိုယ်ပိုင်ထိုးထွင်းတီထွင်မှုဖြင့် တိုက်ပွဲဝင်ခဲ့ကြသူများဖြစ်ပါသည်။ သူတို့ လိုချင်သည်မှာ လက်နက်ကိုင်တော်လှန်ရေးဖြင့် အာဏာသိမ်းရေးဖြစ်ပါသည်။ သို့သော် လုပ်ခွင့်မရပါ။

တက်ကြွမှုအရှိန်နှင့် ယုံကြည်ချက်ကို ရေအေးဖြင့် ပက်သူများနှင့်သာ တွေ့ရပါသည်။ မတတ်ဘဲနှင့် ဆရာလုပ်သူများ တွေ့ရပါသည်။ ညောင်ရေမလောင်းရဘဲ ပတ်ထမ်းသာ တွေ့ကြပါသည်။ ကြာသော် မိမိအသက်ရှင် နေထိုင်ရပ်တည်ရေးအတွက်သာ ဦးစားပေး စဉ်းစားကြရသည့် ဘဝသို့ သက်ဆင်းရပါသည်။ သွေးခွဲမှုနှင့် သွေးကွဲမှုသာ ကြုံရပါသည်။

နောက်ကြောင်း မပြန်လိုသော်လည်း နယ်ချဲ့စနစ်သစ်၏ အန္တရာယ်ကို သတိပေးလို၍သာ ရင်နာစွာဖြင့် တင်ပြနေရခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ တိုက်ပွဲဝင်လူငယ်များ၏ ယုံကြည်ချက်ကို အထိအနာဆုံး ထိုးနှက်ချက်မှာ လက်နက်ကိုင်တိုက်ပွဲဆင်ရန် တောထဲရောက်လာပြီးမှ "အကြမ်းမဖက်ရေး" ဆရာကြီးများကို သွားတွေ့ရခြင်း ဖြစ်ပါသည်။

မြို့ပေါ်တွင် ဥပဒေတွင်းတိုက်ပွဲ တိုက်သူများက "အကြမ်းမဖက်ရေး" ကို ကိုင်စွဲခြင်းမှာ မှန်ကန်ပါသည်။ သို့သော် ဥပဒေပသို့ ထွက်လာသူက "အကြမ်းမဖက်ရေး" ကို ကိုင်လျှင်မှားပါသည်။ ကိုင်လျှင် ကိုယ့်မိုတွယ်ရာ သစ်ပင်၏ ပင်စည်ကို ကိုယ်တိုင်ခုတ်လှဲပစ်သလို ဖြစ်သွားပါလိမ့်မည်။ မြို့ပေါ်တိုက်ပွဲမဆင်ဘဲ အတတ်ဆန်းပြီး တောထဲတောင်ထဲထွက်လာသလို ဖြစ်သွားပါလိမ့်မည်။ လက်တွေ့အရလည်း ဖြစ်လည်း ဖြစ်ခဲ့ပါပြီ။

ဤသို့ဖြစ်ခြင်းအတွက် ကျွန်တော်တို့ လူငယ်တိုက်ဖော်တိုက်ဖက်များတွင် တာဝန်မရှိပါ။ အဓိကတရားခံမှာ ကူဖော်မလုပ်ဘဲ လောင်ဖက်လာလုပ်သူ နယ်ချဲ့လက်သစ်များ ဖြစ်ပါသည်။ ကျွန်တော်တို့ ပါတီကလည်း အစွမ်းကုန်မကူညီနိုင်ခဲ့သဖြင့် ယူကြုံးမရဖြစ်ရပါသည်။ ကူညီရန် အစစပြင်ဆင်ပြီးမှ မကူညီလိုက်ရပါ။

တောခိုခြင်းသည် တန်ပြန်တော်လှန်ရေး အကြမ်းဖက်မှုကို – တော်လှန်ရေးအကြမ်းဖက်မှုဖြင့် တုံ့ပြန်ရန်ဖြစ်ပါသည်။ နိုင်ငံရေးအန်တုရန် မဟုတ်ပါ။ အန်တုဖို့ တောထဲဆင်းရန် မလိုပါ။

ကိုယ်စားလှယ် ဆရာကလေးများမှာ ထိုင်းအကြောင်း သိကြပါလိမ့်မည်။ (ဗီယက်နမ်စစ်၊ ဆီတိုး SEATO ခေတ်စာပေများ၊ မှတ်တမ်းမှတ်ရာများကြောင့် ) ဗမာပြည်အကြောင်း မသိကြပါ။ ၁၉၈၈ မှ ၉၅ လောက်အထိမသိဘဲ ဆရာလုပ်ခဲ့ကြသည်။ သူတို့ထက် နည်းနည်းစောရောက်ခဲ့သူများက စာတအုပ်နှစ်အုပ်ရေးပြီး ကျွမ်းကျင်သူလုပ်ခဲ့ကြသည်။

ဤသို့လုပ်ရင်း မျှော်မှန်းသလို ဖြစ်မလာသောအခါ လုပ်နည်းပြောင်းချင်လာသည်။ ဘာ့ကြောင့်ဆိုတာ တွေးလာသည်။ ထိုအခါ နှစ် ၁၀၀ နီးပါးမြုပ်နေသော အီတလီ ခရစ်ယာန်ဘုန်းကြီးရေးသည့် ရာဇဝင်စာအုပ်ကို တွေ့သည်။ ကမန်းကတန်း ထုတ်ဝေသည်။ နယ်ချဲ့စနစ်သစ် ဆရာလေးများ၏ လက်စွဲဖြစ်လာသည်။

ထိုစာအုပ်တွင် ဗမာတို့၏ စရိုက်လက္ခဏာ ( ၁၂ ) ချက် ရေးထားသည်။ အနည်းငယ် အမြည်းသဘော တင်ပြပါမည်။

အချက် ( ၂ ) တွင် – အစိုးရကသက်ဦးဆံပိုင်၊ ရက်စက်သည်။ ဗမာတွေက ကျေးစိတ်ကျွန်စိတ်ရှိပြီး ရိုကျိုးသည်၊ ကြောက်တတ်သည်ဟု အကျယ်တဝင့် ရေးသည်။ ပက်ပက်စက်စက်ရေးသည်။ သူတပါးထံမှ ရစရာရှိလျှင် ဘုရားသခင်ရှေ့ရောက်နေသလို အောက်ကျို့လိမ့်မည်ဟု ရေးသည်။ "ကျွန်တော်" ဟူသောအသုံးအနှုန်းသည်ပင် ပထမနာမ်စား ( first person ) မဟုတ်ဟု ဆိုသည်။

ပေးကမ်းနိုင်သူဆိုလျှင် ကိုယ်နှင့်တန်းတူကိုတောင် ဦးညွှတ်လိမ့်မည်။ ဒူးတုပ်ဝပ်တွားမည်၊ ချစ်ကြည်မည်၊ လက်နှစ်ဘက်မြှောက်မည်ဟု ရေးသည်။ နှိမ့်ချရေးရမည့် ဝေါဟာရ ကုန်သွားသဖြင့် 'စသည်ဖြင့်' ဟူ၍ အဆုံးသတ်ထားသည်။ ဝေါဟာရထပ်ရလျှင် ထပ်ထည့်မည့်သဘော။

အချက် ( ၃ ) တွင် – အမေရိကန်စကားပုံက "ကျွန်ဆိုတာ ခြေဖဝါး တုတ်တိုနဲ့နာနာနှက်ပြီး အုပ်ချုပ်ရတယ်" လို့ ဆိုတယ်။ အဲဒီလိုပဲ ဗမာကိုလည်း အုပ်ချုပ်ရတယ်ဟု ရေးသည်။ ကြောက်အောင်လုပ်ထားမှ ဥပဒေကို လိုက်နာကြတယ်၊ စစ်တိုက်ရာမှာ ရဲရင့်ကြတယ်ဟု ရေးသည်။

အချက် ( ၄ ) တွင် – ဗမာများသည် ကိုယ့်ထက်နိမ့်ကျသူအပေါ်မှာတော့ မောက်မာကြသည်၊ အနိုင်ကျင့်တတ်သည်ဟု ရေးသည်။

အချက် ( ၅ ) တွင် – ဗမာများသည် ပြုပြင်မရသော လူပျင်းများဟု ရေးသည်။ အလုပ်ဆိုလျှင်လက်ကြောမတင်း၊ လောင်းကစား၌ ခုံမင်၍ အလွန်အကြူးအရိုးစွဲနေသော သူခိုးများ၊ တနိုင်ငံလုံး သူခိုးဓားပြများဟု ရေးသည်။

အချက် ( ၆ ) တွင် – ဗမာများသည် မုသာဝါဒရှောင်ကြဉ်ရေးကို ပြောဟောကြသော်လည်း သူတို့လောက်ဤသီလကို ချိုးဖောက်သူ မရှိ၊ ဤသီလစောင့်ထိန်းသူ ရှိလျှင်လည်း အရူးဟု သတ်မှတ်ကြသည်။ အပြင်ပန်းက ချစ်ကြည်ဟန်ပြုကာ အတွင်းပိုင်းက ကောက်ကျစ် ယုတ်မာကြသည်ဟု ရေးသည်။

အမြည်းပေးခြင်း ဤမျှနှင့် လုံလောက်ပါပြီ။ ဆက်ပြီးမကိုးကားတော့ပါ။ (၁၂) ချက်တွင် ချီးကျူးသည့် အချက်များလည်း ရေးပါသည်။ သို့သော် ချီးမွမ်းခြေကျောက်။

၁၉၉၅ ၌ ဘာ့ကြောင့်ဤစာအုပ်ကို ထိုင်း (ယိုးဒယား) ပုံနှိပ်တိုက်မှ ချေးခြောက်ရှေးလုပ်သည်ကို သိလောက်ပါပြီ။

နယ်ချဲ့လက်သစ် ကိုယ်စားလှယ်လေးများမှာ ထွက်ဟဲ့ထွက်ဟဲ့ ဆို၍သာ ထွက်လာပြီး ဆရာလာလုပ်ရသည်။ ဘာလုပ်ရမှန်း မသိ၊ သူတို့ ဗမာပြည်အကြောင်း မသိ။ အားလုံးကလည်း လက်သင်ကလေးများ ဖြစ်သည်။ အရှေ့အလယ်ပိုင်းတွင် ဝင်ရှုပ်သည့် အော်လီဗာနော့သ်လို ဝါရင့်များ မဟုတ်ကြ။ စောပြီးရောက်နှင့်သူ လူဖြူတို့ကို ဆရာတင်သည်။ ပြီးတော့ သင်တန်းတွေဘာတွေပေးကြသည်။ သူတို့ထက် အတွေ့အကြုံကြီးသော ကျွန်တော်တို့ တိုက်ပွဲဝင်ရဲဘော်များအပေါ် ဆရာလုပ်ကြသည်။

နှစ်အချို့ရှိလာသောအခါ မည်သို့မျှ မထူး၊ စစ်အစိုးရကား ကြာလေတည်မြဲလေ ဖြစ်နေသည်။ အာဆီယံ (ASEAN) သို့ပင် ဝင်တော့မည်။ တရုတ်နောက်လိုက်ဟု အပုပ်ချနေရုံနှင့် မရတော့၊ အာဆီယံနောက်လိုက်ဟုပါ ပြောရတော့မည်။ အာဆီယံကား ကွန်မြူနစ်ဆန့်ကျင်ရေးအတွက် သူတို့ပွဲထုတ်ထားရာက ပြောင်းလဲလာခြင်း ဖြစ်သည်။ ထို့ကြောင့် ပြန်လည်သုံးသပ်ကြသည်။ တွေ့လိုက်ပါပြီ – ခရစ်ယာန်ဘုန်းကြီးရေးခဲ့သည့် ဗမာ့စရိုက်၊ ဗမာ့လက္ခဏာ။ သူတို့အဖို့ ၁၈၃၃ က လူဖြူတဦးရေးခဲ့သော 'ရာဇဝင်စာအုပ်' က အဖြေပေးလိုက်ပါပြီ။ "ဘာမှထူးမလာတာ ဗမာတွေရဲ့ စရိုက်လက္ခဏာကြောင့်" ဟု နိဂုံးချုပ်လိုက်နိုင်၏။

၁၉၃၈ (၁၃၀၀ ပြည့် အရေးတော်ပုံ ) အရေးနိမ့်စဉ်ကလည်း အင်္ဂလိပ်များက "ဗမာလူမျိုးတို့ကား ဖွဲ့မရှိ၊ ကောက်ရိုးမီးလိုဟုန်းခနဲထပြီး ငြိမ်ကျသွားတတ်၏" ဟု ဗမာ့စရိုက်လက္ခဏာကို သတ်မှတ်ဖူး၏။ အရေးတော်ပုံအင်အားစုများက ' ဖွဲ့ ' သီချင်းဖြင့် တုံ့ပြန်ခဲ့ရဖူး၏။

၁၉၄၂ မှ ၄၈ ကာလတွင် အင်္ဂလိပ်တို့ ဗမာ့စရိုက်လက္ခဏာကို အလန့်တကြားတွေ့လိုက်တော့မှ ထိုအစွဲ ကျွတ်သွားပုံရသည်။ အမေရိကန်တို့ကား အစွဲကို ယခုမှ ရသည်။ အစွဲကို ချွတ်ပေးကြရဦးမည်။

၁၉၉၉ တွင် နောက်တအုပ် ထုတ်ပြန်သည်။ ထိုစာအုပ်မှာ ပို၍အသုံးတည့်လှ၏။ ရှေ့စာအုပ်လို ဗလန်းမကျ၊ ဗလာချီမအုပ်။ "သိပ္ပံနည်းကျ" ရေးထားသလို ရေးထားသည်။ ၁၉၀၆ ကမှ ရေးထားသဖြင့် ခေတ်မီ၏။ ဗမာတပြည်လုံး သိမ်းပိုက်ထားပြီး စိတ်ကြိုက်လေ့လာ ရေးသားရသဖြင့် ပြည့်စုံ၏၊ အင်္ဂလိပ်မင်းများ လက်စွဲစာအုပ်အဖြစ် သုံးရန် လက်တွေ့လေ့လာပြီး ရေးသားထားသည့် အချက်အလက်များဟု ဆိုသည်။

ယခုထုတ်သည့်စာအုပ်မှာ ၁၉၀၆ ကို ပြုပြင်မွမ်းမံထားသော ၁၉၂၁ ခုနှစ် တတိယအကြိမ်ထုတ် စာအုပ်ဖြစ်သည်။

ထိုစာအုပ်တွင် တိုင်းရင်းသားလူမျိုးများအကြောင်း အတော်ပြည့်စုံသည်။ နဝတ၏ လူမျိုး (၁၃၅) မျိုးလောက်ပင် ပြည့်စုံပါ၏။ နဝတ က လူမျိုးနွယ်များ တန်းစီပြရုံသာ ပြ၏။ (သူ့အတွက် ထိုမျှသာ လိုပါသည်)

စကော့ကမူ စာရင်းဇယားများ၊ အကျင့်စရိုက်များ သုံးသပ်ချက်များဖြင့် ဝေဝေဆာဆာ ရေးသည်။

ဗမာအကြောင်းသိပ်မရေး။ ရှေ့က လူတွေရေးခဲ့သမျှနှင့် လုံလောက်ပြီဟု ယူဆပုံရသည်။ သူ့စာအုပ်တွင် လူမျိုးရေးရန်စများကို မီးမွှေးပေးထားသည်။ လူမျိုးရေး ရန်တိုက်မှုများကိုလည်း သိပ္ပံနည်းကျ သုတေသနလုပ်သလိုလိုနှင့် ပါးပါးနပ်နပ် ထည့်သွင်းထားသည်။

ချုပ်ရလျှင် – သူတို့သည် – ရှေ့စာအုပ် (အီတလီ ခရစ်ယာန်ဘုန်းကြီး၏စာအုပ်) ဖြင့် – ဗမာလူမျိုးတို့၏ အကျင့်စရိုက်လက္ခဏာကြောင့် ဒီမိုကရေစီ အရေးတော်ပုံ မအောင်မမြင် ဖြစ်ရသည်ဟု အဖြေထုတ်၏။

– နောက်စာအုပ် (အင်္ဂလိပ်ဖျူရိကရက်၏ စာအုပ်) ဖြင့် လူမျိုးစု အင်အားစုတွင်းမှ အစိမ်းသက်သက် လူငယ်ကလေးများကို ဖြားယောင်းလှည့်စား၏။ လူမျိုးစုဝါရင့်ခေါင်းဆောင်များမှာ အတွေ့အကြုံ ရင့်ကျက်ပြီး ဖြစ်၍ လှည့်စား၍မရနိုင်ပါ။

ထိုစာအုပ်က ဗမာအကြောင်း အကောင်း မရေးသလို လူမျိုးစုများအကြောင်း အကောင်း မပြောပါ။ ခေတ်နောက်ကျမှုများ၊ အစွဲအလန်းကြီးမှုများ၊ ရိုင်းစိုင်းမှုများကို ခရေစေ့တွင်းကျရေးသည်။ မည်သို့ ရေးထားသည်ကို အကျယ်မချဲ့တော့ပါ။

ယခုတလောတွင် သမနိရှည်သော၊ နိုင်ငံရေးရည်မှန်းချက်ရှိသော ခေတ်မီ အမြော်အမြင်ရှိသော လူမျိုးစု အဖွဲ့အစည်းကြီးများကိုကျော်၍ 'ဘုရားသခင်တပ်' ဆိုသည်ကို ကမ္ဘာကျော်အောင် ရေးနေဝါဒဖြန့်နေကြသည်။ ဤသို့ကျော်ကြားအောင် လုပ်ခြင်းဖြင့် လူမျိုးစုများသည် ခေတ်နောက်ကျသည်၊ အစွဲအလန်းကြီးသည်၊ ရိုင်းစိုင်းသည် ဆိုတာကို မောင်းခတ်သလို ဖြစ်နေပြီ။ ဤသို့ လုပ်သဖြင့် ကျွန်တော်တို့ ကရင်လူမျိုးစုများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းရသည်။ ကရင်လူမျိုးစုတို့၏ နိုင်ငံရေးအခြေခံကို တူးဖြိုပစ်သလို ဖြစ်ခဲ့ရသည် မဟုတ်ပါလော။

'ဘုရားသခင်တပ်' ၏ ခေတ်နောက်ကျမှု၊ အစွဲအလန်းကြီးမှုကို ကမ္ဘာကျော်အောင်လုပ်ခြင်းက ကရင်တမျိုးသားလုံး၏ နိုင်ငံရေးကို ထိခိုက်စေသလို ရှမ်း၊ ဝ စသည်တို့ကိုလည်း ဘိန်းလုပ်ငန်းအတွင်း နစ်မြုပ်နေသလို ရေးနေကြသည်။ ဤသည်မှာလည်း ရှမ်း၊ ဝ စသည်တို့ကို နှိမ့်ချခြင်းပင်ဖြစ်သည်။

KMT များ ဘိန်းအကြီးအကျယ် လုပ်စဉ်က ထိုသို့ ရေးခဲ့ပါသလော။ စဉ်းစားချင့်ချိန်ကြပါ။

လူမျိုးစုများကို အချင်းချင်း ရန်တိုက်ပေးခြင်းသည်လည်း ယခုတလော ပိုများလာခဲ့၏။ 'ငြိမ်း' အဖွဲ့များကို စစ်အစိုးရ၏ ရာသက်ပန် သစ္စာတော်ခံများဖြစ်အောင် တွန်းမပို့သင့်ပေ။ မကြာခင်ကတော့ ဗိုလ်ခင်ညွန့်ကို တရုတ်သွေးပါသည်ဟု ပြောလာပြန်သည်။ ထိုင်းမှ ဝန်ကြီးချုပ် သက်ဆင်ကို ထိုသို့မပြော စဉ်းစားစရာပင်။

ဤသို့ဖြင့် ဗမာမပါသော တပ်ပေါင်းစုဖွဲ့ရေး ဖြစ်လာသည်။ လှုပ်ရှားမှုတိုင်းတွင် ဗမာများကို ဖယ်ထုတ်ထားရေး၊ လူမျိုးစုအချင်းချင်း ဆွေးနွေးရာတွင် ဗမာစကားမသုံးဘဲ အင်္ဂလိပ်စကားသာသုံးရေး တွေ့လာရ၏။

"တောစပယ်စီမံကိန်း" ဆိုသော စီမံကိန်းကိုလည်း ကြားလိုက်ရ၏။ ဗမာများနှင့် လမ်းခွဲရေး၊ ဗမာပါလျှင် သူတို့ကသာ နိုင်ငံခြား ထောက်ပံ့ငွေတွေကို နာမည်အမျိုးမျိုးနှင့် ထုတ်ယူသွားကြသည်။ ငါတို့မရလိုက် စသဖြင့် မကျေနပ်သံများ အတော်များများ ကြားလိုက်ရသည်။

အင်တာနက် စာမျက်နှာတွင်လည်း လူမျိုးစုခေါင်းဆောင် ……… လောက် အမြော်အမြင်ရှိသူ ဗမာထဲတွင်မရှိ ဟူ၍လည်းကောင်း၊ အမြော်အမြင်မရှိသည့် ဗမာခေါင်းဆောင်များကြောင့် ဒီမိုကရေစီ အရေးတော်ပုံ ရေစုန်မျောနေရသည်ဟူသော အရေးအသားများ ဖတ်လိုက်ရ၏။

ထို့နောက်တွင်ကား ဘေးထိုင်ဘုပြော စွပ်စွဲသော အင်တာနက် စာမျက်နှာများနှင့် ပြန်လည်ရှင်းလင်းချက်များဖြင့် အင်တာနက်တိုက်ပွဲ ဝေစည်လာတော့သည်။

၁၉၃၉ က အဖြစ်မျိုး သံသရာ တပတ် လည်လာလေပြီ။

ကျွန်တော်တို့အားလုံး သတိရှိကြရပါမည်။ စစ်အုပ်စုသည် ပြည်တွင်း စစ်မျက်နှာတွင် "ပြန်လည်သင့်မြတ်ရေး" လှည့်ကွက်ဆင်နေပြီး ပြည်ပစစ်မျက်နှာတွင်

ထိုးစစ်ဆင်နေပါသည်။

၁၉၅၈ က ပါတီ၏ အတွေ့အကြုံကို တင်ပြပါမည်။ ဗမာတွေကြောင့် ဒို့ရှမ်းပြည်က လူငယ်တွေ ဗကပ၊ ပြည်သူ့ရဲဘော်၊ အလံနီ ဟူ၍ ဖြစ်နေရသည်။ ဗမာတွေကွဲသလို လိုက် ကွဲနေ၍မဖြစ်။ ဗမာတွေမပါတဲ့ ရှမ်းပြည် ကွန်မြူနစ်ပါတီ သီးခြားဖွဲ့ရမည်ဆိုပြီး ဖွဲ့ကြ သည်။

ထိုသတင်းကို ဦးဗဆွေ၊ သခင် သာခင်တို့ကြားပြီး ခွဲထွက်သူ ဗကပများ (ရှမ်းပြည်ကွန်မြူနစ်ပါတီ ) ကို ချဉ်းကပ်သည်။ ဦးဗဆွေက တောင်ကြီး၊ သခင်သာခင်က မိုးကုတ်အခြေခံပြီး ခွဲထွက်သူတွေကို လျှို့ဝှက်တွေ့ဆုံကြသည်။ နောက်ဆုံးချုပ်လိုက်သောအခါ သူတို့အားလုံး လက်နက်ချကြသည်။ ဖဆပလ နှစ်ခြမ်းမကွဲမီကလေးတွင် ကျောက်မဲ ၌ လက်နက်ချပွဲ လုပ်သည်။ လက်နက်ချပွဲ လုပ်သောအခါ ဖဆပလ ကွဲပြီးသွားပြီ။ အိမ်စောင့်စစ်အစိုးရ တက်လာသောအခါ သူတို့သည် စစ်အုပ်စု၏အမာခံများ ဖြစ်သွား ကြတော့သည်။

ခွဲကာစက သူတို့အလွန်တက်ကြွ ကြသည်။ စိမ်ကိန်းကြီးကြသည်။ ရှမ်းက ဗမာပြည်ကခွဲ၊ တရုတ်ပြည်ထဲက စစ်ဆောင်ပန္နား၊ မန်စီတိုင်းတို့ကခွဲထွက်၊ မြောက်ဗီယက်နမ်က ဒင်ဗင်ဖူးခွဲထွက်၊ အိန္ဒိယပြည်ထဲမှ အာသံရှိ အဟုန်များက ခွဲထွက်၊ ကချင်ပြည်နယ်မှလည်း ရှမ်းနီများခွဲထွက် အားလုံးကို ယိုးဒယား၊ လောတို့နှင့်ပေါင်းပြီး ( UTR - United Tai Republic ) ဖွဲ့ကြမည်။ ကြီးကျယ်လှသော စိတ်ကူးပင်။

ထိုစဉ်က ( UAR - United Arab Republic ) ကဖွဲ့စည်းစအချိန်။ SEATO ကလည်း ဖွဲ့ပြီးစ၊ သူတို့တတွေ အလွန်စိတ်ကူးယဉ်၍ ကောင်းခဲ့ကြသည်။

သို့သော် စိတ်ကူးသည် ဘဝမဟုတ်။ ဘဝကသူတို့ကို စစ်အုပ်စုအောက်သို့ ရောက်စေခဲ့၏။ ၁၉၅၈ က လက်နက်ချသွားသူထဲမှဆိုလျှင် ( ဗကပတုန်းက တပ်စုမှူး၊ သူတို့ခွဲသောအခါ စစ်ရေးတာဝန်ခံဖြစ်နေသော ) ဗိုလ်မိုးဟိန်းနှင့် လူတစုသာ တောပြန်ခိုကြသည်။

တောပြန်ခိုသော ဗိုလ်မိုးဟိန်းသည် UTR အိပ်မက်မက်စဉ်က သူတို့ဆရာတင် ကိုးကွယ်ခဲ့သော KMT တရုတ်ဘုန်းကြီးအကူအညီဖြင့် KMT နှင့် အဆက်ရကာ KMT လက်ဝေခံ တလျှောက်လုံး လုပ်သွား ပါသည်။

ရှမ်းပြည်ကွန်မြူနစ်ဆိုသူများက ပေးခဲ့သည့် သင်ခန်းစာမှာ

( ၁ ) လူမျိုးစုများက လူမျိုးရေးအလံကိုင်ပြီး တိုက်ကြလျှင် ဗမာလူမျိုးကြီးအလံ ကိုင် ထားသော စစ်အုပ်စု၏ မျိုဝါးခြင်းခံကြရမည်။

( ၂ ) လူမျိုးရေးအလံကိုင်ထားသူ လူမျိုးစုအချင်းချင်းကို ဗမာစစ်အုပ်စုက ရန်တိုက်ပေးတာ ခံကြရမည်။

( ၃ ) လူဦးရေအများဆုံးဖြစ်သော ဗမာများကို ဝိုင်းပယ်လျှင် ကိုယ့်ကိုယ်ကို ဝိုင်းပယ်ထားသလို ဖြစ်လိမ့်မည်။ ဟူ၍ဖြစ်၏။

လူမျိုးရေးစိတ် မိုးမွှန်စဉ်က မန္တလေးသည် ရှမ်းဘာသာ မန်တာလေ (လက်ပံပင် ကူးတို့ဆိပ်ရွာ ) မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟုလည်းကောင်း၊ ဗန္ဓုလသည် ကချင် ‘ ဗန္ဓု ’ မျိုးနွယ်မှ မလ ဖြစ်သည်ဟုလည်းကောင်း ပြောခဲ့ကြသည်။ နှစ် သန်းပေါင်း ၄၀ က အရိုးတွေ့သည်ကို အကြောင်းပြုပြီး ဗိုလ်သန်းရွှေက “မြန်မာအစ ပုံတောင် က” ဟု ပြောနေသည်နှင့် တပုံတည်းပင်။ အားလုံးလူမျိုးရေး ဦးစားပေးစဉ်းစားနည်း ဖြစ်ပါသည်။ မိမိ၏ သိပ္ပံပညာဗဟုသုတ အဆင့်



အတန်းကို ဖော်ပြကြရာလည်း ရောက်ပါသည်။

ဤပုံစံစဉ်းစားနေကြလျှင် နယ်ချဲ့စနစ်သစ်၏ ကြော့ကွင်းထဲ တပြည်လုံး ကျရောက်ရပါလိမ့်မည်။ စစ်အေးလွန်ခေတ် ဖြစ်နေပြီကို သတိပြုသင့်ကြသည်။

*“နိုင်ငံတကာ အဖွဲ့အစည်းက ကယ်တင်မယ်လို့ခင်ဗျားတို့ထင်နေကြပုံ ပေါ်တယ်။ အဲဒီလိုထင်ကြရင်တော့ ခင်ဗျားတို့ အညာခံရတာပဲ။ ဘီရွတ်မှာ ဖြစ်ခဲ့တာ သတိရကြ။ ကျွန်တော့်မိတ်ဆွေကောင်းတွေ အဲဒီလို အညာခံရပြီး သေသွားကြတာပဲ။ ခင်ဗျားတို့ တယောက်မကျန်အောင် လူသတ်ပွဲလုပ်နေကြရင် နိုင်ငံတကာ အဖွဲ့အစည်းက သိပ်ကျေနပ်တယ်”*

( ကမ္ဘာ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘူးထရို့စ်ဂါလီက တွတ်ဆီ ဟူတူ ခေါင်းဆောင်များ စေ့စပ်ဆွေးနွေးပွဲတွင် ပြောသောစကား)

( ၃ )

နယ်ချဲ့စနစ်ဟောင်းက ကိုလိုနီသိမ်းပိုက်ရေးအတွက် လုပ်ခဲ့သည့်နည်းနာ ဟောင်းများကို နယ်ချဲ့သစ်က လိုက်လုပ်မည် မဟုတ်ပါ။ ခရစ်ယာန်သာသနာပြုတို့၊ သူလျှိုစစ်ဗိုလ် သံတမန်တို့ လုပ်ခဲ့သလိုလည်း လုပ်မည်မဟုတ်ပါ။ သူတို့၏အခြေခံစိတ်ထား ပြောင်းသွား၍တော့ မဟုတ်။ ခေတ်ပြောင်း၍ ဖြစ်သည်။ ကမ္ဘာ့အသွင်ဆောင်ရေးခေတ်တွင် ရှိသည့် နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ ( MNC )၊ နိုင်ငံဖြတ်ကျော် ကော်ပိုရေးရှင်း ကြီးများ ( TNC ) များ၏လိုအင်နှင့် နယ်ချဲ့စနစ်ဟောင်းခေတ်က ရှိခဲ့သည့် ကုမ္ပဏီကြီးများ၏လိုအင် မတူကြ၍ ဖြစ်ပါသည်။

နယ်ချဲ့ဟောင်းခေတ်က အရှေ့အိန္ဒိယကုမ္ပဏီလို ကုမ္ပဏီကြီးများ၏လိုအင်က နယ်မြေကျယ်ကျယ်ကြီးကြီး၊ လူဦးရေများများ လိုချင်ပါသည်။ သစ်လုပ်ငန်းလုပ်သည့် ကုမ္ပဏီက သစ်တောကျယ်ကျယ်ရလေ ကောင်းလေ၊ ရေနံကလည်း ထို့အတူ၊ ကျောက်သံပတ္တမြားသမားကလည်း ထိုနည်းလည်းကောင်း၊ အားလုံးကျယ်ကျယ်ကြီးကြီး ရချင်သည်။ သာသနာပြုများကလည်း လူဦးရေများများကို ခရစ်ယာန်ဘာသာတွင်း သွတ်သွင်းလိုသည်။

ထိုခေတ်က ကျောက်မီးသွေးခေတ်၊ ရေနံခေတ် (ရေနံကယခုလည်း ခေတ်မကုန် သေး)၊ ကိုလိုနီသမားများကိုယ်တိုင် တောတိုးတောင်ကျော် ရှာကြရ၊ ခုတ်ခွဲကြရသည့်ခေတ် ဖြစ်သည်။ အာရှပြည်သူတို့မှာ ထိုပညာ မတတ်၊ ပဒေသရာဇ်ခေတ်တွင် အိပ်မောကျဆဲ။

ယခုထိုသို့မဟုတ်ပြီ။ လွတ်လပ် လာကြပြီ။ တူတလက်နှင့် သတ္တုရှာသည့် ပညာမက အခြားပညာများပါ တိုင်းရင်းသားများ လုပ်တတ်နေသည်။ ကိုလိုနီသမားများ ကိုယ်တိုင် လုပ်စရာမလို၊ သစ်ထုတ်လုပ်ရေးနှင့် ရော်ဘာခြံကြီးများလည်း ကိုယ်တိုင်ဝင်လုပ်ရန်မလို၊ တိုင်းရင်းသားများ လုပ်ကြလိမ့်မည်။

ယခုခေတ်တွင် ဘုရင်ခံထားပြီး ကိုလိုနီလုပ်ရန်မလို၊ တာဝန်ကြီးသည်၊ လုပ်၍လည်းမဖြစ်။ ကော်ပိုရေးရှင်းမန်နေဂျာထားပြီး ကိုလိုနီသစ် လုပ်နိုင်သည်။ မန်နေဂျာက သမ္မတထက်ပိုပြီး ဩဇာအာဏာကြီးနေသည့် တိုင်းပြည်များ အမေရိကတိုက်တွင် ရှိနေသည် မဟုတ်လော။

ယခုခေတ်တိုင်းရင်းသားများတွင် မရှိသည်မှာ အရင်းအနှီးနှင့် ခေတ်မီနည်းပညာ ဖြစ်သည်။ ဤသော့ချက်ကို ကိုင်ထားရုံဖြင့် နယ်ချဲ့သစ်သည် အညာကို ကိုင်ထားပြီး ဖြစ်နေသည်။ အာရှစီးပွားရေး အကျပ်အတည်းတုန်းက ဘာတွေဖြစ်ခဲ့သနည်း။ နိုင်ငံတကာ့ငွေကြေးရန်ပုံငွေအဖွဲ့ ( IMF ) ဘာတွေလုပ်ခဲ့သနည်း။ ဤသည်ပင် နယ်ချဲ့သစ်၏လုပ်နည်း ဖြစ်တော့သည်။ နယ်ချဲ့ဟောင်းတုန်းကလို သာသနာပြု မလိုတော့၊ စစ်ဗိုလ်မလိုတော့၊ ရာဇဝင်စာအုပ်မလိုတော့။

သူတို့ဘာလိုသနည်း။ ကြိုးဆွဲရာကမည့်သူ နိုင်ငံရေးအာဏာပိုင် လိုသည်။ နိုင်ငံရေးအာဏာပိုင်အဖြစ် သူတို့ကိုယ်တိုင် လုပ်သည့်ခေတ် မဟုတ်တော့ပါ။ တယောက်မကောင်း တယောက်ပြောင်းဖို့သာ ဖိအားပေးမည်။

( ၄ )

ယခုခေတ်တွင် စာတမ်းများ ကမ္ဘာတခွင်တွင် ပလူပျံနေသည်၊ ဖတ်၍မကုန်။ အမေရိကန်၊ အင်္ဂလန်၊ ဂျာမဏီ၊ ပြင်သစ်၊ တရုတ်၊ အိန္ဒိယက ထုတ်ကြသည်။ စာရင်းကုန်မရေးတော့ပါ။ အလွန်များပါသည်။ အစိုးရများက ထုတ်ခြင်းမှာ မရှိသလောက်ပင်။ စာတမ်းများ ထုတ်နေသည်မှာ အစိုးရနှင့်မဆိုင်သော အဖွဲ့အစည်းများ၊ သုတေသနအသင်းအဖွဲ့များ၊ တက္ကသိုလ်များ၊ ပညာရှင်အစုအဖွဲ့များစသဖြင့် ရှိပါသည်။

ယခု ဩစတြေးလျမှစာအုပ်ကို မိတ်ဆက်ပေးပါရစေ။ နမူနာတခုအဖြစ် သဘောထားစေလိုပါသည်။

ဗမာပြည်အရေး "ကျွမ်းကျင်သူများ" ၏ စာတမ်းများဟု ဆိုသည်။ ဩစတြေးလျမှ ထုတ်ဝေသည်။ ရာစုနှစ်တခုနောက်ကျနေသည့် ရာဇဝင်စာအုပ်များ မထမ်းဆောင်နိုင်သည့် အခန်းကို သူတို့ တတပ်တအား ထမ်းဆောင်ရန် ထွက်လာခြင်း ဖြစ်သည်။

ဩစတြေးလျမှ စာတမ်းများက ဆယ်စုနှစ်တခုစာသာ ရေးသည်။ ရာဇဝင်ကို မလိုက်ပါ။ ၁၉၈၈ မှ ၁၉၉၈ ကာလအကြောင်းသာ ရေးသည်။ ရေးသူများကလည်း စုံသည်။ အမေရိကန်သား၊ ဆွီဒင်သား၊ အိန္ဒိယသား၊ ဩစတြေးလျသားစသဖြင့် စုံလင်ပါသည်။ ဗမာပြည်သားတောင် ပါလိုက်သေးသည်။

သူတို့၏စာတမ်းများမှာ ပညာရှင်စာတမ်းဟန်ဆောင်ထားသော လိုရာဆွဲစာတမ်းများဖြစ်ကြောင်း သိသာပါသည်။ စာအုပ်အမည်ကိုက "အားကြီးသည့် အစိုးရနှင့် အားနည်းသောနိုင်ငံ" ဟု ပေးထားသဖြင့် အတွင်းသဘောပေါ်လွင်ပြီး ဖြစ်ပါသည်။

ကျောင်းသားလူငယ်များကို "အကြမ်းမဖက်ရေး" အယူအဆဖြင့် တဖက်ကထိန်းချုပ်ထားပြီး မြို့ပေါ်တွင်လုပ်ရမည့် အန်တုမှုနည်းနာများ လုပ်စေခြင်း၏ ရည်ရွယ်ချက်သည် နယ်ချဲ့စနစ်သစ်အောက်သို့ စစ်အစိုးရကို နှစ်ဘက်ညှပ်အကျပ်ကိုင်ပြီး သိမ်းသွင်းရန်ဖြစ်၏။ ဖြုတ်ချရန် မဟုတ်ပါ။ သူတို့လုပ်နေသည့် "ပိတ်ဆို့ရေး" နှင့် အတိုင်အဖောက်ညီညီ လှုပ်ရှားစေခြင်းသာ ဖြစ်၏။ ၁၀ နှစ်လုပ်ပြီး ဘာမှမထူးသောအခါ ရာဇဝင်စာအုပ်အဟောင်းအဆွေးများ အကူအညီယူကာ ဗမာ့စရိုက်လက္ခဏာအပေါ်ပုံချ တရားခံရှာလိုက်၏။ ဤသို့ ကိုယ်လွတ်ရုန်းပြီးသောအခါ ရာဇဝင်စာအုပ်အခန်း ကုန်သွားသည်။ ရှေ့လုပ်ငန်းစဉ်ချရန် လိုလာသည်။

နယ်ချဲ့စနစ်သစ်အဖို့ ဤအချိန်သည် နောက်လူကိုဖြတ်ချန်ထားဖို့ ခြေကုန်သုတ်ရမည့်အချိန် ဖြစ်သည်။ ဗမာပြည်တွင် ဒီမိုကရေစီရေး အောင်မအောင်က ပြဿနာမဟုတ်။ ဗမာပြည် အစိုးရကို အရဆွဲထားဖို့ အရေးကြီးသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် စစ်အေးခေတ်ပြီးဆုံးခြင်းနှင့် ဗမာပြည်တွင် မဆလပြိုကျခြင်းက တထပ်တည်း ကျနေ၏။ ထို့ကြောင့် အရှေ့ဥရောပနည်း၊ အင်ဒိုနီးရှားနည်း ( ဂဖိလစ်ပိုင်နည်းလည်း ပါသည်) ကို လုပ်ကြည့်ခဲ့ကြခြင်း ဖြစ်သည်။ မစွံခဲ့။ ၁၉၉၇ တွင် အာဆီယံသို့ ဝင်နိုင်သွားသည်။ စစ်အစိုးရအဖို့ ခွင်ကျယ်ကျယ်ရသွားသည်။

ထိုအခြေအနေတွင် ရှေ့လုပ်ငန်း မြန်မြန်ချရမည်။ အီတလီခရစ်ယာန်ဘုန်းကြီးလို ရေး၍မဖြစ်။ နယ်ချဲ့ဟောင်း ဗျူရိုကရက်လိုလည်းမရ။ ကမ္ဘာ့အသွင်ဆောင်ရေး **(globalisation)** စိတ်ဓာတ်၊ သတင်းနည်းပညာ ( I.T ) အမြင်နှင့် ရေးရမည်။

ဗမာပြည်မှာ လက်တင်အမေရိကတိုင်းပြည်တပြည်ဖြစ်လျှင် စိတ်ဝင်စားမှုမရှိသည့်နိုင်ငံ ဖြစ်ပေလိမ့်မည်။ ယခုတော့ စိတ်ဝင်စားသူ များပါသည်။ အိန္ဒိယနှင့် တရုတ်ပြည်ကြား ရှိနေရုံမက လက်ကျန်ကွန်မြူနစ်အာဏာရနိုင်ငံ သုံးနိုင်ငံနှင့် (တခုက ခြံစည်းရိုးခြား အိမ်နီးချင်း၊ နှစ်ခုက အပေါင်းအသင်း) ရင်းနှီးသည်။

ဗမာပြည်အရေးတွင် စိတ်ပါဝင်စားကြသည့် အဓိကနိုင်ငံတကာ့ဇာတ်ဆောင်များကို စာရင်းချရသော် မပါမဖြစ်ပါရမည့် ကမ္ဘာ့ဗိုလ်ကြီး အမေရိကန်၊ နောက်အရှင်သခင်ဟောင်း အင်္ဂလိပ်၊ နောက်အရှင်သခင်ဟောင်းပင်ဖြစ်သည့် ဂျပန်၊ ကမ္ဘာအသွင်ဆောင်ရေးခေတ်တွင် တွင်ကျယ်ချင်သော ဩစတြေးလျပါလာသည်။ သူတို့အပြင် ပဒေသရာဇ်ခေတ်ကတည်းက တကြောင်းမဟုတ်တကြောင်း စိတ်ဝင်စားကြသည့် အိမ်နီးချင်းအားလုံးနှင့် အရှေ့တောင်အာရှမှ အနီးအဝေးနိုင်ငံများ ပါကြသည်။ ဗမာပြည်အရေးကို ဘက်ပေါင်းစုံ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေး စိတ်ဝင်စားခြင်းကို အထူးပြုပါသည်။ သာမန်စိတ်ဝင်စားသည့် နိုင်ငံများကို ထည့်မတွက်ပါ။

၂၀ ရာစုနှင့်စာလျှင် ဇာတ်ဆောင်အသစ်မှာ အမေရိကန်၊ ဩစတြေးလျနှင့် အဝေးမှ အရှေ့တောင်အာရှ နိုင်ငံများ ဖြစ်ပါသည်။ အိမ်နီးချင်းများကတော့ ပဒေသရာဇ်ခေတ်ကတည်းက ပြုံးတလှည့် မှန်းတလှည့် ဆက်ဆံရေးရှိပြီး ဖြစ်သည်။

အမေရိကန်မှာ ကမ္ဘာ့ရွာ၏ အာဏာရမြို့ဝန်၊ ဩစတြေးလျက လက်ထောက်ဖြစ်ပါသည်ဟု သူတို့ဝန်ကြီးချုပ်ကိုယ်တိုင် အရှေ့တီမော ကိစ္စတုန်းက တက်ကြွပြီး ပြောထွက်ဖူးပါသည်။ နောက်မှသူ့စကားကို လျှော့ချလိုက်ရပါသည်။

အင်္ဂလိပ်ကတော့ အမေရိကန်၏ အဆင့်နိမ့်အပေါင်းအဖော် ( junior partner ) ပါဟု ဝန်ကြီးချုပ်ကိုယ်တိုင် ပြောပါသည်။ ထိုစကားကို အခုအထိ မရုပ်သိမ်းပါ။

ကွန်မြူနစ်များ အစိုးရိမ်ဆုံးမှာ ဤသုံးနိုင်ငံနှင့် ဂျပန် ဖြစ်ပါသည်။ အင်္ဂလိပ်မှာ ဥရောပတွင်ရှိနေ၍သာ ဥရောပသမဂ္ဂတွင် ပါနေသော်လည်း စိတ်ဓာတ်ကတော့ သမုဒ္ဒရာကျော်ပြီး အမေရိကန်နှင့် နီးစပ်ပါသည်။ သမိုင်းကြောင့်၊ စကားတူသောကြောင့် ချည်းမဟုတ်ပါ။ သူတဦးတည်း မည်သို့မျှ မစွမ်းနိုင်သော ကမ္ဘာ့အသွင်ဆောင်ရေးတွင် အမေရိကန်၏နောက်က ပါချင်သောကြောင့် ဖြစ်ပါသည်။

မည်မျှအထိ အပိုးကျိုးနေသနည်းဟူမူ ပြင်သစ်၊ ဂျာမဏီတို့က အမေရိကန်၏

သူ့တကိုယ်ကောင်းကြံသည့် ဒုံးခွင်းဒုံးစီမံကိန်း (NMD) ကို ကန့်ကွက်ပါသည်။ အင်္ဂလိပ်က ဝေ့လည်လည် လုပ်နေပါသည်။ အင်္ဂလိပ်တွင် ဂျပန်လို ဒေသတွင်း ဒုံးပျံကာကွယ်ရေး ( TMD ) အားကိုး ရှိနေ၍ မဟုတ်ပါ။ အင်္ဂလန်ကျွန်းကိုကွက်၍ (TMD) လုပ်လို့ မဖြစ်ပါ။

ဘာကြောင့် အင်္ဂလိပ်က ဖြောင်မကန့်ကွက်သနည်း။ ဖြစ်နိုင်သည်မှာ အရေးအကြောင်းရှိလျှင် အမေရိကန်၏ ( NMD ) အောက် ဝင်ခိုမည်ဟု စိတ်ကူးသောကြောင့် ဖြစ်ပုံရပါသည်။ အင်္ဂလိပ်အားလုံး သမုဒ္ဒရာ ကျော်ပြီး ပြေးကြမည် မဟုတ်ပါ။ အင်္ဂလိပ် ခေနရှင်ကြီး လူတန်းစားသာ ပြေးဝင်ခိုလှုံနိုင်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းကလည်း ဤသို့ လုပ်ဖူးပါသည်။

နယ်ချဲ့သစ်အင်အားစုအားလုံးသည် စစ်အစိုးရကို မည်သို့ကျူးသွင်းမလဲ ဟူ၍သာ စဉ်းစားကြပါသည်။ အထက်ဖော်ပြပါ သြစတြေးလျ ထုတ်စာအုပ်တွင် ဗမာပြည်တွင် ဒီမိုကရေစီရရေးက ဝေးသေးသည်။ စစ်အစိုးရက အားကြီးနေသည်။ ဖြစ်ချင်တာထက် ဖြစ်နိုင်တာပဲ လုပ်ကြ ရမည်ဟု သုံးသပ်သည်။

ဤသုံးသပ်ချက်ကို အခြေပြု၍ သန်ရာသန်ရာ ရေးကြခြင်း ဖြစ်သည်။

နောက်မပါမဖြစ်ပါရမည့် ဆိုရှယ်လစ်တရုတ်ပြည်ဆန့်ကျင်ရေး ရေးသည်။ ဗမာပြည်ကို တရုတ်သြဇာအောက်က ဆွဲထုတ်ရမည်ဟု ဆိုသည်။ သူတို့၏ရေးပုံ၊ အသားပေးပုံ အဖိအဖော့ကား ကွာခြားကြသည်။ ရေးသည့် ထောင့်ချင်းလည်း မတူကြပါ။ အမေရိကန်သားရေးလျှင် ကမ္ဘာ့ဗိုလ်ကြီးထောင့်မှ ရေးသည်။ ကြေးစားက ကြေးစားထောင့်၊ အိန္ဒိယသားက အိန္ဒိယထောင့်မှ ရေးကြသည်။

ဆိုရှယ်လစ်တရုတ်ပြည်ဆန့်ကျင်ရေး ရေးလျှင် ဗမာပြည်ကွန်မြူနစ်ပါတီအကြောင်း နည်းနည်းတော့ ပါရသည်။ ဗမာပြည် အကြောင်း ရေးနေသည်ပဲ။

၁၉၈၈ မှစ၍ ၁၀ နှစ် လုပ်ခဲ့သည့်အပေါ် သုံးသပ်ရာတွင် အားလုံးက မှားခဲ့သည်ဟု တသဘောတည်း ရှိကြသည်။ တယောက်ကတော့ ဆယ်နှစ်လုံးလုံး ကောလာဟလ အပေါ် အခြေခံလုပ်ခဲ့၍ မှားခဲ့သည်ဟု ပြတ်ပြတ်ရေးသည်။ "စစ်တပ်အတွင်း အုပ်စုကွဲနေပြီ၊ ခေါင်းမာဂိုဏ်းနှင့် ပျော့ပျောင်းသည့် ဂိုဏ်း ကွဲနေသည်။ တရုတ်ကသိမ်းတော့မည်။ စစ်အစိုးရ ပြိုကျတော့မည်" ဟူသော ကောလာဟလများကို အခြေခံပြီး လုပ်ခဲ့၍ မှားသည်ဟု ဆိုသည်။ နောက်ဆုံးတော့ စစ်အစိုးရကတည်ငြိမ်ကာ အာဏာမြဲနေသည်ဟု ဆိုသည်။

ကောလာဟလကို မည်သူတွေ ဖြန့်သနည်း။ ဗိုလ်မောင်အေးနှင့် ဗိုလ်ခင်ညွန့် "ဂိုဏ်းတိုက်ပွဲ" ကို ဘယ်သူတွေက အနှံ့အပြား ဖြန့်သနည်း။ အပြစ်ကို ဒီမိုကရေစီအရေးတော်ပုံ တိုက်ပွဲဝင်သူများအပေါ် ပုံချ၍မရပါ။

ဗိုလ်မောင်အေး၊ ဗိုလ်ခင်ညွန့် ဂိုဏ်းကွဲမှု သတင်းမှာ ကျောင်းသားများထံမှစခဲ့ခြင်း မဟုတ်ပါ။ "ငြိမ်းချမ်းရေး ဆွေးနွေးပွဲ" ဆိုသည်များက စခဲ့ခြင်း ဖြစ်သည်။ စစ်အုပ်စုဝင်များ ဘီလူးခေါင်းစွပ်၊ မင်းသားခေါင်းစွပ် စွပ်ပြီး ကျရာဇာတ်ရုပ်ကို ပီပီပြင်ပြင်သရုပ်ဆောင်ကြရာမှ မျက်စိလည်ကြခြင်း ဖြစ်သည်။ စစ်အုပ်စုဝင်များတွင် ပဋိပက္ခ မရှိမဟုတ် ရှိပါသည်။ ယခင်ကလည်း ရှိခဲ့သည်။ ယခုလည်း ရှိသည်။ နောင်လည်း ရှိဦးမည်။ သို့သော် ရန်ဘက်ပဋိပက္ခသို့ အများအားဖြင့် ကူးပြောင်းလေ့မရှိကြ။ (၅၈) အာဏာသိမ်းပွဲ၊ (၆၂) အာဏာသိမ်းပွဲ၊ (၈၈) အာဏာသိမ်းပွဲတို့တွင် ပါဝင်သော စစ်အုပ်စုအဖွဲ့ဝင်များ ကွဲကြပါသည်။ တဖြုတ်ဖြုတ်လည်း ပြုတ်ကြပါသည်။ သို့သော် သူတို့ ရန်ဘက်ပဋိပက္ခသို့ ကူးပြောင်းမသွားပါ။

နဝတ အကွဲအပြဲကို ပုံကြီးချဲ့သူများမှာ နယ်ချဲ့အင်အားစုများ ဖြစ်သည်။ အမေရိကန် အတွေ့အကြုံဝါဒဖြင့် ပုံကြီးချဲ့လိုက်ကြခြင်း ဖြစ်သည်။ အမေရိကန်သည် တောင်ကိုရီးယား၊ တောင်ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့တွင် စစ်အုပ်စုနှင့် ဆက်ဆံသည့် အတွေ့အကြုံများ ရှိခဲ့သည်။ ထိုအတွေ့အကြုံများနှင့် ပုံတူဟပ်ပြီး ဗမာပြည်တွင် စစ်အုပ်စု အကွဲအပြဲကို ပုံကြီးချဲ့ခြင်း ဖြစ်သည်။ ပတ်ချုံဟီး၊ ချွန်ဒူးဟွမ်၊ ငိုဒင်ဇင်၊ ဒေါင်ဗန်မင်း၊ ကောင်ကီး၊ လုံနိုး၊ ဖူမီနိုဆာဗန် စသူများနှင့် ဆက်ဆံခဲ့သည့် အတွေ့အကြုံကိုယူပြီး ပုံကြီးချဲ့ခြင်း ဖြစ်သည်။ ဗမာပြည်နှင့် ထိုတိုင်းပြည်များ မတူသည်ကို သတိမပြု။ ထို့အပြင် ထိုတိုင်းပြည်များတွင် အမေရိကန်တပ်ကြီး ရှိနေသည်၊ သြဇာကြီးသည်ကို သတိမပြု။ ဆန္ဒစောပြီး ပုံကြီးချဲ့ကြသည်။ မအောင်မြင်သောအခါ သူများအပေါ် အပြစ်ပုံချသည်။

စစ်အုပ်စုဝင်များ ( ၅၈ ဖြစ်ဖြစ်၊ ၆၂ ဖြစ်ဖြစ်၊ ၈၈ ဖြစ်ဖြစ် ) အားလုံးသည် ဗိုလ်နေဝင်းကျေးဇူးနှင့် မကင်းကြပါ။ အင်္ဂလိပ်က အိန္ဒိယတွင် စစ်ပြေးဘဝက ကော်မရှင်ပေးထားသော စစ်တပ်၏ အထက်လွှာ တရပ်လုံးကို ဗိုလ်နေဝင်းရှင်းပစ်ခဲ့သည်။ ဤသို့ဖြင့် အစိုးရစစ်တပ်၏ အထက်လွှာမှာ သူတို့ဗမာဆိုရှယ်လစ်စစ်ဗိုလ်တွေ ဖြစ်လာကြသည်။ ဤကျေးဇူးသည် သူတို့အပေါ် ဗိုလ်နေဝင်းပြုခဲ့သည့် ပထမဆုံးကျေးဇူး ဖြစ်သည်။ နောက်တော့ ကျေးဇူးတွေ တရစ်ပြီးတရစ် တက်လာသည်။ သမ္မတတွေ၊ ဝန်ကြီးချုပ်တွေ၊ ဝန်ကြီးတွေ ဗိုလ်နေဝင်းခန့်ခဲ့သည်။ သူတို့တတွေထဲမှ စစ်အုပ်စုဝင် ဖြစ်ခဲ့တာ မှားပါသည်ဟု ဗိုလ်တင်ဦး တဦးသာ ဝန်ခံသည်။ ကျန်စစ်ဗိုလ်များ ဤသို့ဖြောင်မပြောကြသည်ကို ကြည့်ပါ။ နောက်ဆုံးအသုတ် ထုတ်လိုက်သည့် ဗိုလ်ထွန်းကြည်၊ ဗိုလ်မျိုးညွန့်၊ ဗိုလ်ကျော်ဘလည်း မပြောပါ။ ဝန်မခံပါ။ ဤသည်မှာ ဗမာပြည် စစ်အုပ်စု၏ ထူးခြားချက်ဖြစ်ပါသည်။ ဤထူးခြားချက်ကို မကြည့်ဘဲ တောင်ဗီယက်နမ်၊ တောင်ကိုရီးယားတို့နှင့် ပုံတူဟပ်သူများသာ အဓိကတာဝန် ယူကြရမည်။ ကျောင်းသားလူငယ်များတွင် အဓိကတာဝန် မရှိပါ။

မအောင်မြင်လျှင် ကိုယ်လွတ်ရုန်းပြီး သူများအပေါ် အပြစ်ပုံချခြင်းသည် အမေရိကန်၏ လက်သုံးနည်း ဖြစ်သည်။ မကြာမီ ထိုသို့ ထပ်လုပ်ဦးမလားဟု စိုးရိမ်မိသည်။

တိုက်ပွဲဝင်ကျောင်းသားလူငယ် အတော်များများသည် တချိန်ချိန်က စစ်အစိုးရ ထောက်လှမ်းရေး အဖမ်းခံရဖူးကြသည်။ စစ်ကြောရေးတွင် ထောက်လှမ်းရေးတယောက်က ဘီလူးကြမ်းကြမ်းပြီး နှိပ်စက်၊ နောက်တဦးက မင်းသားခေါင်းဆောင်းပြီး အပျော့ဆွဲ ဆွဲ၊ ဒါမျိုး ကြုံခဲ့ဖူးသည်။ တပြည်လုံးအတွက်လည်း ဗိုလ်စိန်လွင်၏ အကြမ်းဖက်မှုနှင့် ဗိုလ် (ဒေါက်တာ) မောင်မောင်၏ အပျော့ဆွဲ ကြုံခဲ့ဖူးသည်ပဲ။ သူတို့မျက်စိ မလည်ပါ။

ကောလာဟလအပေါ် ပုံယုံသူတွေမှာ နယ်ချဲ့သမားများ ဖြစ်သည်။ အခုမှ သူများအပေါ် ပုံချပြီး ပေါ်လစီပြောင်းချင်ကြသည်။

## ( ၅ )

ပေါ်လစီ အပြောင်းအလဲကို ဒေါ်လာတဘီလျံနှင့်မြူခြင်း (အနောက်နိုင်ငံများနည်း)၊ လူ့အခွင့်အရေး သင်တန်းဖြင့်

များခြင်း (ဩစတြေးလျှနည်း) ၊ အထောက် အပံ့ အကန့်အသတ်နှင့်ပေးခြင်း (ဂျပန်နည်း) လုပ်နေကြသည်။

မကြာမီကတော့ "မလေးရှားနည်း" လုပ်လာသည်။ အမှန်မှာ မဟာသီယာ၊ ရာဇာလီအစ္စမေးတို့ လုပ်၍သာ မလေးနည်းဟု လွယ်လွယ်ခေါ်ပါသည်။ အနှစ်သာရက ဂျပန်နည်း၊ အာရှနည်း ဖြစ်ပါသည်။ မလေးရှားဆီက မည်သို့မျှ များများစားစား ရစရာမရှိကြောင်း စစ်အစိုးရသိပါသည်။ မဟာသီယာ၏ နောက်က ဂျပန်၏ငွေကြေးကို စစ်အစိုးရ မက်ခြင်း ဖြစ်ပါသည်။ ရာဇာလီချိတ်ထားသော ကုလသမဂ္ဂ ဆိုင်းဘုတ်ကို လိုလားခြင်း ဖြစ်ပါသည်။

စစ်အစိုးရက ဂျပန့်အကူအညီကို မက်သဖြင့် စေ့စပ်ဆွေးနွေးပွဲဟု မည်သို့မျှ မပြောနိုင်သော စစ်အစိုးရထောက်လှမ်းရေးအကြီးအကဲနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်တွေ့ခြင်းကို ယခုပုံကြီးချဲ့နေကြပါသည်။ သူတို့၏ ပေါ်လစီသစ်အောင်ပွဲဟု ပြောချင်ကြပါသည်။

အားလုံးကလည်း "ငါလုပ်တာ"၊ "ငါ့ဖိအားကြောင့်" ဟု လက်မထောင်နေကြပါသည်။ အင်္ဂလိပ်ကိုလိုနီခေတ်က လူဖြူအရေးပိုင်၏ အဖြစ်မျိုး မကြုံရပါစေနှင့်ဟုသာ ဆုတောင်းနေရပါသည်။ တောပစ်ထွက်သော အရေးပိုင်က သူပစ်လိုက်၍ တောကောင်ကို မှန်သည်ထင်ပြီး "ငါပစ်တာ" ဟု ကြွားသည်။ သွားကြည့်သောအခါ လဲသေနေသည်မှာ တောကောင်မဟုတ်၊ လူဖြစ်နေသည်။ ထိုအခါ ချက်ချင်းပင် "ငါပစ်တာ မဟုတ်ဘူး" ဟု အရေးပိုင်ကြီးက ပြောသည်ဟု ဆိုပါသည်။

ယခုလည်း သူတို့တတွေ "ငါပစ်တာ" လုပ်နေပါသည်။ စေ့စပ်ရေးဆွေးနွေးပွဲကတော့ အဝေးကြီး။ ဖမ်းထားသူကို ထောက်လှမ်းရေး အကြီးအကဲက ရေကြည်အိုင် မခေါ်ဘဲ တက္ကသိုလ်ရိပ်သာလမ်းတွင် သွားတွေ့ခြင်းသာဟု ပြောလျှင်လည်း ဖြစ်နေသည်။

ပုံပြင်ထဲတွင် မှားအပစ်ခံရသည်က လူတယောက်။ ယခုမှားပစ်ခံရလျှင် ခံရသည်က ပြည်သူတရပ်လုံး ဖြစ်ပါလိမ့်မည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ဘယ်သူပစ်ပစ် "မှားပြီးအပစ်ခံမည် မဟုတ်ပါ"။ ဒီမိုကရေစီ အင်အားစုတိုင်းသည်လည်း "မှားအပစ်ခံကြမည် မဟုတ်ပါ"။ ပြည်သူလူထုတရပ်လုံးကလည်း သမိုင်းကြွေးတင်ခံကြမည် မဟုတ်ပါ။

( ၆ )

စစ်အေးလွန်ခေတ် မရောက်မီ ၁၉၈၀ ခုနှစ်ကပင် ဗမာပြည်၏ လက်တွေ့အခြေအနေကို သုံးသပ်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီက ပါတီစုံဒီမိုကရေစီ အဆိုပြုချက် တင်ခဲ့ပါသည်။ ပြည်ချစ်ဝါဒ ဦးထိပ်ထားပြီး တင်ခြင်း ဖြစ်ပါသည်။

ဗမာပြည် နိုင်ငံရေးလောကတွင် တအံ့တဩ ဖြစ်သွားပါသည်။ ဦးနုက "အရေးကြုံလျှင် မောင်နုကို ရှေ့တန်းတွင် တွေ့ရမည်" ဟု အကြောင်းပြန်သည်။ "ကျရာတာဝန်ယူမည်" ဟု ပြောသူလည်း ရှိသည်။ ဦးကျော်ငြိမ်းကပင် "ဒီတခါတော့ ကွန်မြူနစ်တွေနဲ့ တသဘောတည်းပဲ" ဟု ပြောသည်။

၁၉၈၈ အုံကြွမှု ဒီရေမြင့်ချိန်တွင် ဗကပ က ချင့်ချင့်ချိန်ချိန် ခြေလှမ်းလှမ်းသည်။ ကိုယ့်အထဲကပင် မချင့်မရဲဖြစ်အောင် ချင့်ချိန်ပြီး ခြေလှမ်းလှမ်းသည်။

ဤသို့ခြေလှမ်းလှမ်းနေချိန်တွင် စတင်ပွဲဖျက်သူမှာ ဗိုလ်အောင်ကြီးဖြစ်သည်။ စစ်အုပ်စုနှင့် (ဗိုလ်နေဝင်းနှင့်) နားလည်မှုယူပြီး "ထောင်က လွတ်လာသော" ဗိုလ်အောင်ကြီးက ပဒုမ္မာကွင်းတွင် မိန့်ခွန်းပေးသည်။ "ဒီမိုကရေစီ ဖခင်ကြီး" ဘွဲ့ခံယူသည်။ "တပ်မတော်ကို စိတ်နဲ့တောင် မပြစ်မှားနဲ့" ဟု ပြောသည်။ ဤစကားကို ကိုယ်တိုင်တိုင်ပေးပြီး လူထုကို လိုက်၍ရွတ်စေသည်။

အကြောင်းရှိပါသည်။ ဗိုလ်နေဝင်းနှင့် နားလည်မှုယူခဲ့သည်မှာ တပ်ကို၊ တိုင်းပြည်ကို ငြိမ်အောင်ထိန်းဖို့ ဖြစ်သည်။ ဗိုလ် (ဒေါက်တာ) မောင်မောင် မထိန်းနိုင်တော့။

ဗိုလ်နေဝင်းနှင့် ဗိုလ်အောင်ကြီး ဆက်ဆံရေးတွင် အဖြစ်အပျက်တခု ရှိသည်။ ထိုအဖြစ်အပျက်ကို ဗိုလ်အောင်ကြီးကိုယ်တိုင် ရေးထား၍ သိရခြင်း ဖြစ်သည်။

၁၉၆၂ တွင် ဂျပန်ပြည်မှ ပြန်လာကာစ ဗိုလ်အောင်ကြီးကို ဗိုလ်နေဝင်းက ခေါ်တွေ့သည်။ "ဗိုလ်အောင်ကြီးကို ကိုယ် မယုံတော့ဘူး၊ ကိုယ့်ကိုလည်း ဗိုလ်အောင်ကြီး မယုံဘူး၊ ဒီတော့ဒီလိုလုပ်ရအောင်၊ တပ်နဲ့ တိုင်းပြည်ကို ဗိုလ်အောင်ကြီး ထိန်းနိုင်မယ်ဆိုရင် ကိုယ်ထွက်မယ်။ ဗိုလ်အောင်ကြီး မထိန်းနိုင်ရင် ဗိုလ်အောင်ကြီးထွက်ပေး" ဟု ခေါ်ပြောကြောင်း။

ဗိုလ်အောင်ကြီးက ရုံးခန်းပြန်သွားပြီး အချိန်မဆိုင်းဘဲ ထွက်စာတင်ခဲ့ကြောင်း၊ နောက် 'ဂူးဘားရိပ်သာ' ( မြစ်ကြီးနားမြောက်ဘက် ) သို့ ကိုယ့်ကိုယ်ကို မဲဇာပို့ခဲ့ကြောင်း ဗိုလ်အောင်ကြီးရေး၍ ဖတ်ရဖူးသည်။ ( ဗိုလ်အောင်ကြီးမသေခင် ရေးခဲ့သမျှစာတွေ စာအုပ်အဖြစ် ထုတ်ထားသင့်တယ် )

၁၉၈၈ တွင် ဗိုလ်စိန်လွင်၊ ဗိုလ် (ဒေါက်တာ) မောင်မောင် လူပြောင်းထိန်းသော်လည်း ထိန်းမရ၊ တပ်ပြိုတော့မည်။ ထိုအခါ ( ၂၆ ) နှစ်က စကားအရ ဗိုလ်အောင်ကြီး ထိန်းရမည့် အလှည့်ရောက်သည်။

ဗိုလ်အောင်ကြီးက "ယာယီအစိုးရ" သူ့သဘောနှင့်သူ ဖွဲ့လိုသဖြင့် စစ်တပ်ကို စတင်စည်းရုံးခြင်း ဖြစ်သည်။ ထို့ကြောင့် "စိတ်နဲ့တောင် မပြစ်မှားနဲ့" ဟု လူထုကို မိန့်ခွန်းခြွေခြင်း ဖြစ်သည်။ ထိုအစည်းအဝေးသို့ ဗိုလ်မှူးအောင်ကို တဖက်လှည့်ခေါ်ထားသေးသည်။ စစ်တပ်ကို ထိန်းချင်သည့်အတွက် ဖြစ်သည်။

ဗိုလ်အောင်ကြီးကား "ယာယီအစိုးရ" မဖွဲ့လိုက်ရ။ ကျောင်းသားသမဂ္ဂ ( ဗကသ) က ပယ်ချလိုက်သည်။ သို့သော်

ဦးနုက ရာသက်ပန် ဝန်ကြီးချုပ်ဆိုပြီး ဗိုလ်အောင်ကြီးကိုကျော်ရန် "ယာယီအစိုးရ" တကယ်ဖွဲ့လိုက်သည်။ ပွဲကားပျက်လေပြီ။

ပါတီက ထိုစဉ်က ကြီး ၅ ကြီးဟု တွင်နေသောသူများ အားလုံးစုပေါင်းပြီး "ယာယီအစိုးရ" ဖွဲ့စေချင်သည်။ ထိုသို့ဖွဲ့ဖြစ်လျှင် ပါတီက မိမိတပ်နှင့်တကွ ထိုယာယီအစိုးရကို ကျောထောက်နောက်ခံပြုမည်ဟု ကြံရွယ်ခဲ့သည်။

သူတမျိုးကိုယ်တဖုံ လုပ်ကြရင်း မင်းမဲ့ဝါဒဖြစ်လာပြီ၊ တပ်ကအာဏာသိမ်းရမည်ဟု ဗိုလ်အောင်ကြီးက (ဗိုလ်နေဝင်းနှင့်တိုင်ပင်၍ဖြစ်စေ၊ နားလည်မှုနှင့်ဖြစ်စေ) အခါပေးတော့သည်။ ဤသို့ဖြင့် ၁၉၈၈ စက်တင်ဘာ အာဏာသိမ်းပွဲ ဖြစ်လာရသည်။ ဗိုလ်ခင်ညွန့်လည်း လူတွင်ကျယ်စပြီး ဖြစ်လာတော့သည်။

အားလုံးသာ တညီတညွတ်တည်း

လုပ်ကြလျှင်၊ ဗိုလ်အောင်ကြီးကသာစပြီး ပွဲမဖျက်လျှင် ဦးနုကလည်းပွဲမဖျက်လျှင် အမျိုးသားညီညွတ်ရေး၏ အခြေခံရလာကောင်း ပေသည်။

ယခုလည်း ဗကပသည် စစ်အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်လည်သင့်မြတ်ရေးကို လိုလားပါသည်။ သို့သော် ထိုမျှနှင့်ရပ်၍ မဖြစ်။ အမျိုးသားညီညွတ်ရေး ပြန်လည်တည်ဆောက်ရဦးမည်ဟု ယုံကြည်သည်။

အမျိုးသားညီညွတ်ရေးမှာ အလွန်ကျယ်ပြောပါသည်။ 'နှစ်ပွင့်ဆိုင်' 'သုံးပွင့်ဆိုင်' မျှနှင့်ရပ်နေရန်မဟုတ်ပါ။

ဘာကြောင့် အမျိုးသားညီညွတ်ရေးလဲ။ ခေတ်နှင့်အမီ လိုက်နိုင်ရန်ဖြစ်သည်။ ဗိုလ်ခင်ညွန့် ခာတ်စာကျပြီး ပြောသောစကားနှင့် ပြောရသော် ဖြတ်လမ်းကနေ ခေတ်နှင့်အမီ လိုက်ရန် ဖြစ်သည်။

ဗမာပြည် မည်မျှနောက်ကျကျန်ရစ်သည် ဆိုသည်ကို အားလုံးသိကြပါသည်။ စစ်အုပ်စုလည်းသိမည်မှာ သေချာပါသည်။ သို့သော် သူတို့ကြောက်နေသည်။ ခေတ်နှင့်အမီလိုက်လိုလျှင် ဖွင့်ပေးရမည်။ ဖွင့်ပေးလျှင် စစ်အုပ်စုအာဏာ မမြဲနိုင်တော့။ စစ်အစိုးရ မရှိနိုင်တော့။ တပ်မတော်က အမျိုးသားနိုင်ငံရေးတွင်ဦးဆောင်မှု မပေးနိုင်တော့။ ထို့ကြောင့် ပိတ်ထားသည်။ ပိတ်ထားသည်မှာ အသက်ရှူမရအောင် ဖြစ်နေသည်။ "သင့်ဘဝ" မဂ္ဂဇင်းအရေးအသားမျိုးကိုပင် ပိတ်နေသည်။ ကွန်ပျူတာကွန်ယက်နှင့် ဆက်ဖို့ကား ဝေးသေးသည်။ ရယ်စရာတော့ ကောင်းသည်။ တောခိုသည့်ကျောင်းသားက ကွန်ပျူတာကွန်ယက်နှင့် အရင်တွေ့ရသည်။ ကျွမ်းကျင်ကြသည်။ မြို့ပေါ်ကျန်ရစ်သည့် ကျောင်းသားက ကွန်ပျူတာကို မြင်ဖူးရုံ။ ဤပုံစံဖြင့်ဆိုလျှင် ခေတ်နှင့်အမီလိုက်ဖို့ ဝေးသေးသည်။

ခေတ်မီသိပ္ပံပညာနှင့် နည်းပညာနှင့် ကင်းကွာနေလျှင် ခေတ်နှင့်အမီ မည်သည့်တိုင်းပြည်မျှ မလိုက်နိုင်ပါ။ ခေတ်မီသိပ္ပံပညာနှင့် နည်းပညာသည် နယ်ချဲ့စနစ် မဟုတ်ပါ။ အရင်းရှင်လူတန်းစားပိုင်သည့်ပစ္စည်းလည်း မဟုတ်ပါ။ လူသားတရပ်လုံး၏ ကိုယ်ပိုင်ပစ္စည်း ဖြစ်ပါသည်။

ခေတ်မီသိပ္ပံပညာနှင့် နည်းပညာတွင် သမိုင်းအစရှိသော်လည်း လူသားမျိုးနွယ်ရှိနေသမျှ မည်သည့်အခါတွင်မျှ နိဂုံးချုပ်မည် မဟုတ်ပါ။ သူ၏အစကို လိုက်လျှင်လည်း လူသားများ ပေါ်ကတည်းက ဖြစ်ပါသည်။ သိပ္ပံနှင့် နည်းပညာကို မည်သူမျှ "မူပိုင်ခွင့်" မှတ်ပုံတင်ထား၍ မရပါ။

စစ်အစိုးရက ကွန်ပျူတာ ကွန်ယက်နှင့် ချိတ်ဆက်ခွင့် ပေးရမည်ကိုပင် ကြောက်နေလျှင် မည်သို့အမီလိုက်ကြမည်နည်း။

ဤတချီ အမီမလိုက်နိုင်လျှင် မည်သည့်အခါမျှ မီတော့မည် မဟုတ်ပါ။ ကမ္ဘာ့သမိုင်းတွင် အလှမ်းခပ်ကွာကွာ ကျန်ရစ်သည့် တိုင်းပြည်များ ပျောက်ကွယ်ခဲ့ဖူးသည့် သာဓကရှိပါသည်။

စစ်အုပ်စုသည် မိမိအာဏာ လက်မလွှတ်ရေးသာကြည့်ပြီး တိုင်းပြည်ဖြစ်ချင်ရာဖြစ်ဆိုပြီး နစ်နာအောင်မလုပ်သင့်ပါ။ နယ်ချဲ့စနစ်ဟောင်းကို တိုက်ခဲ့စဉ်က သုံးခဲ့သောနည်းနာများဖြင့်လည်း နယ်ချဲ့စနစ်သစ်ကို ရင်မဆိုင်နိုင်ပါ။ လူမျိုးရေး လုံ့ဆော်လျှင် "ယိုးဒယားနဲ့ ကုလားပါနိုင်ခဲ့တာ" လုပ်နေလျှင် အခန့်မသင့်က စစ်ပင်ဖြစ်နိုင်ပါသည်။

အခန့်မသင့်ဆိုသည်မှာ ကိုယ်က ကိုယ့်ပြည်တွင်း လိုအပ်ချက်ကြောင့် လူမျိုးရေးစိတ်လှုံ့ဆော်၊ သူကလည်း သူ့ပြည်တွင်း လိုအပ်ချက်ကြောင့် လူမျိုးရေးစိတ် အပြိုင်အဆိုင် လှုံ့ဆော်ကြရင် အရှိန်လွန်ပြီး နောက်ဆုံးတွင် မည်သူမှမထိန်းနိုင်ဘဲ စစ်ဖြစ်မည်ကိုဆိုခြင်း ဖြစ်သည်။

ကိုယ့်မှာဘုရင့်နောင်ရှိသလို သူ့မှာ ဖယားတက်ဆင် ရှိသည်။ ကိုယ့်အခြေအနေက တည်ငြိမ်မှု၊ ငြိမ်းချမ်းမှု မရှိတာလည်း တွက်ပါ။ ဟိုတုန်းကတော့ ဗမာပြည်ထဲ ကိုယ့်ဘာသာ သံကုန်ဟစ်နေဦးတော့ ထိုင်းကသိကြမည် မဟုတ်။ သိလည်းသူတို့မတတ်နိုင်။

ယခုထိုသို့မဟုတ်ပြီ၊ ကြားကြ သိကြမည်။ ပြီးလျှင် အသုံးချကြမည်။ နယ်ချဲ့လက်သစ်ကလည်း သွေးထိုးပေးလိမ့်မည်။

လူမျိုးရေးစစ်ဖြစ်လာလျှင် ကွန်မြူနစ်များသည် ပြင်သစ် ပရပ်ရှားစစ်ပွဲ၌ မာ့က်စ် အိန်ဂယ်တို့ ရပ်တည်ခဲ့သလို ဖောက်ပြန်ရေး အစိုးရများက ဖန်တီးလိုက်သည့် လူမျိုးရေးစစ်ပွဲအတွင်း မပါဝင်ဘဲ မိမိသက်ဆိုင်ရာ ဖောက်ပြန်ရေးအစိုးရကို ဦးတည်တိုက်ရေးကိုသာ ဇောက်ချလုပ်ဆောင်ကြမည် ဖြစ်သည်။ လူမျိုးရေးလှုံ့ဆော်မှုသည် လူမျိုးရေးစိတ်ကို အပြင်းထန်ဆုံးနှိုးဆွပေးပြီး ဖက်ဆစ်ဝါဒသို့လည်း ဦးတည်တတ်သည်။ ဗမာတွင် လူမျိုးရေးစိတ်ရှိသလို ရခိုင်၊ ရှမ်း၊ မွန်၊ ကရင်၊ ကချင် စသည်တို့တွင် လူမျိုးရေးစိတ်များ ရှိကြသည်။ လူမျိုးရေးစိတ်များ ထကြွလာလျှင် အကျနာကြလိမ့်မည်။ အားလုံးတွင် ရာဇဝင် ရှိကြသည်။ သမိုင်းရှိကြသည်။

ဤနေရာတွင် ကျွန်တော်တို့ကို အကောင်းဆုံးမမေ့နိုင်အောင် ပညာပေးသွားသည့် ဂျပန်ကွန်မြူနစ်အကြောင်း တင်ပြလိုသည်။

ပြည်ပတနေရာ နိုင်ငံတကာ ကွန်မြူနစ်များ၏ မိတ်ဆုံပွဲတွင် ကြုံရခြင်းဖြစ်သည်။ မိတ်ဆုံပွဲထုံးစံ ရောက်တတ်ရာရာ ပြောကြရင်း ကျွန်တော်တို့ရဲဘော်က ဂျပန်ကွန်မြူနစ်ကို ဂျပန်လိုပြောပြီး ရောသည်။ သူက အံ့အားသင့်သွားပြီး ဂျပန်စကား ဘယ်လိုတတ်လာသလဲ မေးသည်။ ဂျပန် ဗမာပြည်သိမ်းထားတုန်းက ဂျပန်စာသင်ကျောင်းတွင် သင်၍တတ်ကြောင်း ဖြေလိုက်သည်။ သူမျက်နှာပျက်သွားသည်။ ကျွန်တော်တို့ရဲဘော်က သတိမထားမိလိုက်။ ယမကာအရှိန်ဖြင့် ဂျပန်သီချင်းထပ်ပြီး ဆိုပြလိုက်သည်။ ထိုအခါ ဂျပန်ကွန်မြူနစ်က မျက်ရည်တွေတွေကျရင်း မဆိုရန် တောင်းပန်သည်။ ဂျပန်ဖက်ဆစ်သီချင်းဖြစ်ကြောင်း ရှင်းပြပြီး၊ ဂျပန်ဖက်ဆစ်တွေ ဗမာပြည်ပြည်သူတွေအပေါ် လုပ်ခဲ့တဲ့အပြစ်များအတွက် ခွင့်လွှတ်ရန်တောင်းပန်သည်။ သူ၏မျက်ရည်သည် ပြည်ချစ်ဝါဒကြောင့်ကျသည့်မျက်ရည်။ တောင်းပန်ခြင်းသည်လည်း ပြည်ချစ်ဝါဒအရ တောင်းပန်ခြင်း ဖြစ်သည်။ ဂျပန်ပြည်ကို သူချစ်သည်။

သမိုင်းကြွေးနှင့် ပတ်သက်သည့် ကွန်မြူနစ်တို့အမြင်မှာ အထက်ပါအတိုင်းဖြစ်သည်။ သမိုင်းကြွေးရှိလျှင် တောင်းပန်ရမည်။ ကိုယ်က ရရန်ရှိသည့်ကြွေးဖြစ်လျှင် ခွင့်လွှတ်တတ်ရမည်။ ပြည်သူချင်း ဆက်ဆံရေးတွင် ဤအတိုင်း ဖြစ်သင့်သည်။ အတိတ်ကြွေးကို ပစ္စုပ္ပန်သို့ ယူမလာသင့်။ သမိုင်းကြွေးဆိုသည်မှာ ပြည်ပသို့တင်သည့်ကြွေးသာ ဆိုလိုခြင်း မဟုတ်။ ပြည်တွင်းကြွေးများလည်း ပါသည်။

ဂျပန်စစ်ချီသီချင်းကို မြန်မာမှု ပြုထားသော စစ်ချီသီချင်းများကို အစိုးရစစ်တပ်

က ယခုထိ မြိန်ရေရှက်ရေ ဆိုနေကြသည်။ လက်ရှိ ဂျပန်စစ်ဝါဒီများကလည်း ငါ့တပည့်ကြီး ကောင်းစားနေသည်ဆိုပြီး ကျေနပ်အားရနေသည်။ ဤကား စစ်အုပ်စုချင်း စစ်ဝါဒီချင်း၏ ဆက်ဆံရေး ဖြစ်သည်။ ပြည်သူချင်း ဆက်ဆံရေး မဟုတ်။

( ၇ )

စစ်အစိုးရက ၂၀ ရာစုအစက နယ်ချဲ့ဆန့်ကျင်ရေး လုပ်နည်းဖြင့် "နယ်ချဲ့ဆန့်ကျင်" နေခြင်းသည် ထိုနည်း ခေတ်မမီတော့ကြောင်း မသိ၍မဟုတ် သိပါသည်။

သိသော်လည်း ခေတ်သစ်နယ်ချဲ့ကို ခေတ်သစ်နည်းနှင့် မဆန့်ကျင်ရဲပါ။ အရင်းအနှီးနှင့် ခေတ်မီနည်းပညာ မရမှာ စိုးပါသည်။ ထို့ကြောင့် ကျန်စစ်သား/ဘုရင့်နောင် လုပ်လိုက်၊ မြန်မာအစပုံတောင်က လုပ်လိုက် လုပ်နေခြင်း ဖြစ်ပါသည်။ ပုံတောင်တွေ့ရှိမှု၏ ကျေးဇူးရှင်သုတေသီကို ဘေးဖယ်ပြီး သူတို့ဝင်နေရာယူကြခြင်း ဖြစ်ပါသည်။

မျက်မွေးတဆုံးသာ အမြော်အမြင် ရှိပြီး လက်တွေ့အသုံးချရေးဝါဒဖြင့် သာ လုပ်နေကြလျှင် တိုင်းပြည်ရေတိမ် နစ်ပါလိမ့်မည်။

တိုင်းပြည်အနေနှင့် အောက်ပါ အချက်ကြီး သုံးခုကို အမြန်လုပ်သင့်ပါသည်။

( ၁ ) ပြည်တွင်းငြိမ်းချမ်းရေးစစ်စစ် တည်ဆောက်ရေး

( ၂ ) ဒီမိုကရေစီစစ်စစ် ထူထောင်ရေး

( ၃ ) ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရေး ဖြစ်ပါသည်။

အထက်ပါ စစ်စစ်သုံးခု လုပ်ရေးထဲမှ ပြည်ထောင်စုစစ်စစ် ဖွဲ့စည်းရေးနှင့် ပတ်သက်၍ ကွန်မြူနစ်တို့၏ သဘောထားကို တင်ပြပါမည်။

ပြည်ထောင်စုစစ်စစ် ကြွေးကြော်သံကို ၁၉၅၆ – ၅၇ တွင် တင်ခဲ့ခြင်း ဖြစ်ပါသည်။ ၁၀ နှစ်ပြည့်သောအခါ ရှမ်းပြည်ခွဲမခွဲကို စဉ်းစားကြရင်း ဤကြွေးကြော်သံ ရလာခြင်း ဖြစ်ပါသည်။ မန္တလေးတွင်စခြင်း ဖြစ်ပါသည်။

၅၆ – ၅၇ က ရှမ်းပြည်မှ တိုးတက်သည့် ခေါင်းဆောင်များနှင့် ပါတီက ရှမ်းပြည်အရေး ဆွေးနွေးခဲ့ပါသည်။ ၁၀ နှစ်စေ့လျှင် ခွဲမခွဲစဉ်းစားကြခြင်း ဖြစ်ပါသည်။ သဘောတူညီချက်တခု ရခဲ့ပါသည်။ ပြည်ထောင်စုစစ်စစ်ဆိုလျှင် မခွဲ။ ယခုရှိသည်မှာ ပြည်ထောင်စုဆိုင်းဘုတ် ချိတ်ထားသော တပြည်ထောင်စနစ်ဖြစ်သည်ဟု သဘောရကြပါသည်။

ပါတီကလည်း မိမိတို့သိသမျှ တင်ပြပါသည်။ ၁၉၄၅ ဖဆပလ တညီတညွတ်တည်းရှိစဉ်က၊ အမျိုးသားညီညွတ်ရေး ရှိစဉ်က ဗမာပြည်နောင်ရေးနှင့် ပတ်သက်ပြီး ဗိုလ်အောင်ဆန်းနှင့် တသဘောတည်း ရှိခဲ့သည်။ လွတ်လပ်သည့် ဗမာပြည်၏ နိုင်ငံဖွဲ့စည်းပုံစနစ်သည် ပြည်ထောင်စု သမ္မတနိုင်ငံ ဖြစ်ရမည်ဟု သဘောရခဲ့ကြသည်ဟု တင်ပြပါသည်။

ထိုသဘောတူချက်အရ လှုပ်ရှားခဲ့သဖြင့် ရှမ်းပြည်မှတိုးတက်သူများ၏ ထောက်ခံမှု ဗိုလ်အောင်ဆန်းရခဲ့ခြင်း ဖြစ်ပါသည်။ ဤတိုးတက်သူများ ပြုခဲ့သောကောင်းမှု ရှိပါသည်။ စော်ဘွားများက ဘိလပ်ရောက် ဗိုလ်အောင်ဆန်းသည် ရှမ်းပြည်ကို ကိုယ်စားမပြုဟု၍ အင်္ဂလိပ်နယ်ချဲ့အကြိုက် သံကြိုးရိုက်ခဲ့စဉ်က ဗိုလ်အောင်ဆန်းသည် ရှမ်းပြည်လူထုကို ကိုယ်စားပြုသည်ဟု တန်ပြန်သံကြိုးရိုက်ခဲ့ခြင်းသည် ကောင်းမှုပြုခြင်းပင် ဖြစ်ပါသည်။

လွတ်လပ်ရေး ( ၁၀ ) နှစ်ပြည့်တော့မည့်အခါ ဤတိုးတက်သူများသည် ရှမ်းပြည်ခွဲမခွဲ စဉ်းစားလာကြပါသည်။ အာဏာရ ဖဆပလ ဆိုရှယ်လစ်များသည် တိုးတက်သူများကို ပစ်ပယ်ခဲ့ပြီး စော်ဘွားများနှင့် အလွမ်းသင့်ခဲ့သည်။ စော်ဘွားများကို ရှမ်းပြည်တွင် လုပ်ချင်ရာလုပ်ခွင့် ပေးခဲ့သည်။ ပဒေသရာဇ် ဆန့်ကျင်ရေးသမားများကို စော်ဘွားများက မိုင်းပွန်တံတားတွင် ခေါင်းဖြတ်သတ်ခဲ့သည်ကို အားပေးခဲ့သည်။ ပဒေသရာဇ်ဆန့်ကျင်ရေး အစဉ်အလာရှိသော ပအိုဝ်းများကို နှိပ်ကွပ်သည်။ ထို့ကြောင့် တိုးတက်သူများသည် "ပြည်ထောင်စု" အပေါ် သံသယဝင်လာခြင်း ဖြစ်သည်။ ပြည်ထောင်စုစစ်စစ်ကို တောင့်တကြသည်။

တိုးတက်သူများက ထိုသို့ စဉ်းစားကြ၊ စာအုပ်ရေးကြ လုပ်လာချိန်က စော်ဘွားများသည် ငြိမ်နေကြသည်။ တုတ်တုတ်မျှ မလှုပ်ခဲ့ပါ။

၅၈ တွင် ဖဆပလ ကွဲ၊ စစ်တပ် အာဏာသိမ်း၊ စော်ဘွားများအာဏာစွန့်ရ (လျော်ကြေးယူပြီး အာဏာစွန့်ခြင်း) ဖြစ်ခဲ့သည်။

၁၉၆၀ ရွေးကောက်ပွဲတွင် ဦးနုပထစ က အပြတ်အသတ် အနိုင်ရသောအခါ စော်ဘွားများ ရဲလာသည်။ ထိုအခါကျမှ "ပြည်ထောင်စု စစ်စစ်" လှုပ်ရှားမှုတွင် ပါလာကြသည်။

ပြည်ထောင်စုစစ်စစ်ဖွဲ့ရေး လှုပ်ရှားမှုလည်း လျှို့ဝှက်မှပြောင် ဖြစ်လာသည်။ တောင်ကြီးတွင် နီးနှော ဖလှယ်ကြသည်။ ပါတီက အနီးကပ် အကြံများပေးခဲ့သည်။ ထိုနီးနှောပွဲမှ ဆုံးဖြတ်ချက်များကို အခြေခံအားဖြင့် ပါတီက သဘောတူခဲ့သည်။

၆၂ ခုနှစ်တွင် ဦးနုက ပြည်ထောင်စုစစ်စစ်ဖွဲ့ရေး နီးနှောမှုကို ရန်ကုန်တွင် လုပ်စေခဲ့သည်။

ဤသို့ဖြင့် ၆၂ နေဝင်းစစ်အုပ်စု အာဏာသိမ်းပွဲ ဖြစ်လာတော့သည်။ အာဏာသိမ်းခြင်းအကြောင်းတွင် ပြည်ထောင်စုစစ်စစ်ကြောင့်ချည်း မဟုတ်ပါ။ စစ်အုပ်စုကို ဒီမိုကရေစီစစ်စစ် အင်အားစုများက စွဲချက်တွေ တခုပြီးတခု တင်နေ၍လည်း ဖြစ်ပါသည်။

အာဏာသိမ်း မဆလ စစ်အစိုးရသည် ပြည်ထောင်စုဆိုင်းဘုတ်ကို မဖြုတ်ပါ။ သို့သော် ( ၄၇ ) ဥပဒေထက်ပို၍ တပြည်ထောင်စနစ်ဆန်သော ဖွဲ့စည်းပုံကို ရေးပါသည်။ အတင်းအကျပ် အတည်ပြုပါသည်။

ယခုလည်း နဝတ၊ နအဖ စစ်အစိုးရ ပို၍ပို၍ တပြည်ထောင်စနစ်ဆန်သော အခြေခံဥပဒေ ရေးနေပြန်သည်။

ဦးဗဆွေ၊ ဦးကျော်ငြိမ်း ဗမာပြည်ဆိုရှယ်လစ်ပါတီသည်လည်းကောင်း၊ နေဝင်းစစ်အုပ်စုသည်လည်းကောင်း မည်သည့်အခါကမျှ ပြည်ထောင်စုစနစ်ကို မကြိုက်ပါ။ ပြည်ထောင်စု ဆိုင်းဘုတ်ကိုပင် မကြိုက်ပါ။ ဗိုလ်အောင်ဆန်းကို မလွန်ဆန်ရဲ၍သာ ကြည့်နေရခြင်း ဖြစ်သည်။

ဦးနုက ၆၂ ခုနှစ်တွင် "ပြည်ထောင်စုစစ်စစ်" လှုပ်ရှားမှုတွင်ဝင်၍ နိုင်ငံရေးကစားသောအခါ အာဏာသိမ်းလိုက်ခြင်း ဖြစ်ပါသည်။

ငြိမ်းချမ်းရေးအစစ်၊ ဒီမိုကရေစီအစစ်၊ ပြည်ထောင်စုအစစ် မတည်ထောင်နိုင်ကြလျှင် တိုင်းပြည်၏ အနာဂတ် မထွန်းပြောင်နိုင်ပါ။ ။

စာတည်းအဖွဲ့
ပြည်သူ့အာဏာ

# ထုတ်ပြန်ကြေညာချက်

## ဒီ/ချုပ် ( NLD ) – နအဖ ( SPDC ) စေ့စပ်ပွဲနဲ့ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ပြောရေးဆိုခွင့်ရှိသူရဲ့ထုတ်ပြန်ချက်

ထုတ်ပြန်ချက်အမှတ် – ၁/ ၂၀၀၁

( ၁ )

ဒီ/ချုပ် ( NLD ) – နအဖ ( SPDC ) စေ့စပ်ပွဲဟာ ဗမာပြည်ရဲ့ထူးခြားချက်ဖြစ်ပါတယ်။ ၁၉၆၃ ခုနှစ်တုန်းက ကျင်းပခဲ့တဲ့ စေ့စပ်ဆွေးနွေးပွဲများနဲ့မတူပါ။ ဒီ/ချုပ်က တရားဝင်ပါတီ ( Legal Party ) ဖြစ်ပြီး ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာလဲ အနိုင်ရထားတဲ့ ပါတီဖြစ်တယ်။ ဒါ့ကြောင့်တရားဝင်အစိုးရတပိုင်း ( semi de jure ) လို့ ပြောနိုင်တယ်။

နအဖ ကတော့ လက်ရှိအာဏာကိုကိုင်ထားတဲ့ ( de facto ) အစိုးရ ဖြစ်နေတယ်။

ကမ္ဘာမှာ ဒီအဖြစ်မျိုး သိပ်ရှားမယ် ထင်ပါတယ်။

ကာယကံရှင်တွေ အနှောင့်အယှက်မဖြစ်စေလိုလို့ ဗမာပြည်ကွန်မြူနစ်ပါတီက ဘာမှဝင်မပြောခဲ့ပါ။ ဒီ/ချုပ် – နအဖ အပြင် ၈၈ မျိုးဆက်များဟာလဲ ကာယကံရှင်တွေဖြစ်ကြလို့ သူတို့လဲ ပြောပိုင်ခွင့်ရှိတယ်လို့ ထင်ပါတယ်။ ပြောကြဆိုကြဖို့ တိုက်တွန်းအားပေးမှုလဲ ပြုခဲ့ပါတယ်။ သူတို့အသံတွေကို နားစွင့်ခဲ့ပါတယ်။ တံခါးပိတ်တွေ့ဆုံမှုဖြစ်လို့ သူတို့မှာလဲ သတင်းရရှိမှု အကန့်အသတ် ကြီးနေတာ တွေ့ရတယ်။

ဒီ/ချုပ် – နအဖ နှစ်ဘက်စလုံးနဲ့ တွေ့လာခဲ့တယ်ဆိုတဲ့ ကုလသမဂ္ဂကိုယ်စားလှယ် ရာဇာလီ၊ အီးယူ ကိုယ်စားလှယ် စသူတွေအပြင် နအဖနဲ့ ထဲထဲဝင်ဝင်တွေ့လာခဲ့ပုံရတဲ့ မလေးရှားဝန်ကြီးချုပ်ရဲ့ ထုတ်ပြန်ပြောဆိုချက်တွေအရ သတင်းအစအနတချို့ သိကြရတယ်။ ဒါပေမဲ့ သူတို့အားလုံးက ကြားကိုယ်စားလှယ်တွေ ဖြစ်နေပါတယ်။ ရေရာတဲ့၊ အာမခံချက်ရှိတဲ့၊ ပြည်သူတွေရဲ့ အာသာဆန္ဒကို ဖြည့်စွမ်းပေးနိုင်တဲ့ သတင်းအချက်အလက်တွေ ထုတ်မပေးနိုင်ခဲ့ကြပါဘူး။

( ၂ )

အခုတော့ နအဖဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင်က သူတို့ချင်းစကားပြောနေကြပါတယ်လို့ အတည်ပြု ပြောထွက်လာပြီမို့ ပြောစရာဆိုစရာတချို့ ပြောပါမယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ တိုင်းပြည်တပေါင်းတစည်းတည်း တည်တည်ငြိမ်ငြိမ်ဖြစ်ရေး အတွက် အာဏာရအစိုးရ အဆက်ဆက်နဲ့ စေ့စပ်ဆွေးနွေးခွင့်ရအောင် အကြိမ်ကြိမ်ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ၁၉၆၃ ခုနှစ် တကြိမ်သာ ပီပီပြင်ပြင် ဆွေးနွေးခွင့်ရခဲ့ပါတယ်။

ရှစ်လေးလုံးအရေးအခင်းမှာ အာဏာသိမ်းခဲ့တဲ့ စစ်အာဏာသိမ်းခေါင်းဆောင် ဗိုလ်စောမောင်လက်ထက် (၁၉၉၁ ခုနှစ်) တကြိမ်၊ ဗိုလ်သန်းရွှေတက်လာတော့တကြိမ် တွေ့ဆုံဆွေးနွေးခွင့်ရဖို့ ကမ်းလှမ်းခဲ့ပါသေးတယ်။

ကမ်းလှမ်းစာမှာ –

– နှစ်ဘက်စိတ်ဝင်စားတဲ့ တိုင်းရေးပြည်ရာကိစ္စတွေ ဆွေးနွေးလိုကြောင်း

– ဆွေးနွေးနေစဉ် ဆွေးနွေးချက်များကို လျှို့ဝှက်ထားရန်

– သင့်တော်တဲ့ အချိန်ရောက်မှ တိုင်းပြည်သို့အသိပေးကြေညာရန်

စတဲ့အချက်တွေ ပါဝင်ပါတယ်။

ဒါက ယူဂျီပါတီတခုရဲ့ကမ်းလှမ်းချက်သာ ဖြစ်ပါတယ်။

အခု ဒီ/ချုပ် – နအဖ စေ့စပ်ပွဲဟာ ဒီပုံသဏ္ဍာန်အတိုင်းဖြစ်နေတာ တွေ့ရပါတယ်။ သို့သော် ဒီလုပ်ပုံလုပ်နည်းကို ရေရှည်မလုပ်သင့်ပါ။ လူထုကို ပြန်လည်တင်ပြရမယ့်တာဝန် ဒီ/ချုပ် မှာ ရှိနေပါတယ်။ ဗိုလ်သန်းရွှေကတော့ ထွက်ပြောနေပါပြီ။

ဒီနေရာမှာ နည်းနည်းလောက် နောက်ကြောင်းပြန်ပြီး နှိုင်းယှဉ်တင်ပြဖို့ လိုလာပါတယ်။

တခုက ၁၉၆၃ ခုနှစ် စေ့စပ်ဆွေးနွေးပွဲနဲ့ အခု နှစ်ဘက်စကားပြောနေတာကို တတန်းတည်းသဘောထားလို့ မရပါ။ ခေတ်ချင်း

မတူလို့ဖြစ်ပါတယ်။ ကျွန်တော်တို့ ကြိုက်ကြိုက်မကြိုက်ကြိုက် ခေတ်နဲ့ကင်းကွာပြီး စဉ်းစားလို့ မဖြစ်ပါ။ အာရှတိုက် ပထဝီအနေအထား အရ ဗမာပြည်ဟာ ကမ္ဘာ့ခေတ်ရဲ့ ဂယက်ရိုက်ခတ်မှု ပိုရှိနေပါတယ်။

၁၉၆၃ ခု (ဟိုခေတ်က) စစ်အေးခေတ်ဖြစ်ပြီး နယ်ချဲ့ဂိုဏ်းနဲ့ ( ပြိုကွဲစပြုသော်လဲ ရှင်သန်နေသေးတဲ့ ) ဆိုရှယ်လစ်ဂိုဏ်း ရှိပါတယ်။ ဗီယက်နမ်စစ်ပွဲ စတင်တဲ့ခေတ်လဲ ဖြစ်ပါတယ်။ ပြည်ပက စိတ်ဝင်စားသူတွေဆိုတာ အဓိက အဲဒီဂိုဏ်း နှစ်ဂိုဏ်းပါ။

အဲဒီတုန်းက ဗမာပြည်ကို စိတ်ချလက်ချ လွှဲထားလို့ရတဲ့ခေတ်ပဲ။ အခုတော့ စစ်အေးခေတ်ကလဲ ကုန်စပြုလာပြီ။ ဘယ်သူပဲ အာဏာရ နေနေ ဗမာပြည်ကို မျက်နှာလွှဲထားလို့မရတဲ့ခေတ် ရောက်နေပြီ။

၆၃ ခုနှစ်မှာ စေ့စပ်ဆွေးနွေးသူ ကာယကံရှင်တွေက အဓိကအားဖြင့် လက်နက်ကိုင်တိုက်နေတဲ့ ကွန်မြူနစ်နဲ့ တော်လှန်ရေး ကောင်စီ စစ်အစိုးရ ဖြစ်ပါတယ်။ ဘယ်သူမှ ပြည်သူလူထုကအပ်နှင်းတဲ့ လူထုအခွင့်အာဏာ ရှိကြတာ မဟုတ်ပါဘူး။

ဗကပ နဲ့ မတူတာက ဒီ/ချုပ်ဟာ တရားဝင်ပါတီ။ နောက်ပြီး ၁၉၉၀ ခု ရွေးကောက်ပွဲနိုင်ထားတဲ့ပါတီပဲ။ အခုဆွေးနွေးနေတာ တွေကို သင့်တော်တဲ့အချိန်မှာ တိုင်းပြည်ကို အသိပေးရပါမယ်။ လူထုကရွေးကောက်ထားတဲ့ ပါတီဟာ လူထုကို မပျက်မကွက် အစီရင်ခံရမယ့်တာဝန် ရှိပါတယ်။

နောက်တခုက ဖမ်းထားသူနဲ့ အဖမ်းခံနေရသူရဲ့ စကားဝိုင်းဟာ စေ့စပ်ဆွေးနွေးပွဲ မမည်ပါဘူး။

သက္ကရာဇ် ၂၀၀၀ – ၂၀၀၁ အခုခေတ်ဟာ စစ်အေးလွန်ခေတ်၊ အမေရိကန်တဦးတည်း ဗိုလ်ကျလွှမ်းမိုးချင်နေတဲ့ခေတ်ပါ။ ဒါပေမဲ့ ဗမာပြည်အရေးမှာ သူဖြစ်ချင်သလို မဖြစ်နိုင်တဲ့အနေအထား ဖြစ်နေပါတယ်။ ကျွန်တော်တို့တိုင်းပြည်ကို ပြင်ပစိတ်ဝင်စားသူတွေကလဲ များလာ နေ ပါတယ်။ အိမ်နီးချင်းအားလုံး၊ အာဆီယံ၊ ဂျပန်၊ အီးယူ၊ ဩစတြေးလျ (သူတို့ထဲမှာ ဗမာပြည်နဲ့ပတ်သက်လို့ သဘောထားအမျိုးမျိုးရှိတယ်) နဲ့ အမေရိကန်စသည် တန်းစီပြီး တွေ့နိုင်တယ်။ ဗမာပြည်အပေါ် သူတို့က ဖြေရှင်းနည်း အမျိုးစုံ ကိုင်ထားကြတယ်။

စောစောပွဲထွက် – စင်ပေါ်တက်လာတဲ့ မဟာသီယာ ဘာလဲ – ကြည့်ကြပါစို့။

သူက ဂျပန်အကြိုက်လုပ်နေတဲ့ ကိုယ်စားလှယ်ပဲ။ သူ့ချည်းဆိုရင် ဗမာပြည်ကိစ္စမှာ အရေးပါလှတဲ့သူ မဟုတ်ဘူး။ စစ်အုပ်စု အကြိုက်ပြောမယ့်သူ၊ ပြောတဲ့သူပဲ။ ဗမာပြည်မှာ ဒေါ်လာသန်း ၆၀၀ ကျော် ရင်းနှီးမြှုပ်နှံထားတဲ့ မလေးရှားရဲ့အကျိုးစီးပွားကြည့် စကားပြော ပါတယ်။ သူပြောတဲ့ ‘ရွေးကောက်ပွဲသစ်’ ဆိုတာ သွေးတိုးစမ်းကြည့်ချင်တဲ့ နအဖအငှားပါးစပ်နဲ့ ပစ္စည်းနာမည်လောက်ကိုသာ ကြော်ငြာသွား၊ လမ်းညွှန်သွားတာပါ။

ဘယ်လို ‘ရွေးကောက်ပွဲသစ်’ ဆိုတာကို ရှောင်ထားပါတယ်။

တကယ်က ‘ရွေးကောက်ပွဲသစ်’ လုပ်မယ်ဆိုရင် ရှင်းစရာတွေ ပထမရှင်းရပါဦးမယ်။ ကြိုလုပ်ထားနှင့်ရမယ့် ကိစ္စတွေ ရှိပါသေးတယ်။

၁။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်အတိုင်း လွှတ်တော်ကို အရင်ဆုံးခေါ်ရမယ်။

၂။ လွှတ်တော်က အခြေခံဥပဒေရေးဆွဲ၊ ပြည်သူ့ဆန္ဒခံယူပွဲနဲ့အတည်ပြု။

၃။ အခြေခံဥပဒေသစ် ရလာမှ ရွေးကောက်ပွဲသစ်လုပ်။

ဒီအစဉ်အတိုင်းသွားရမှာ ဖြစ်ပါတယ်။

မဟာသီယာ ဆိုလိုချင်တဲ့ ရွေးကောက်ပွဲသစ်က စစ်အုပ်စုရေးဆွဲနေတဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဘောင်းဘီဝတ်၊ ဘောင်းဘီချွတ်တွေ ရွေးကောက်ပွဲမဝင်ဘဲ အမတ်အဖြစ် ၂၅% ခွဲတမ်းပေးရမယ့် ရွေးကောက်ပွဲပဲ။

( ၃ )

## ဘာကြောင့် သူတို့စကားပြောနေကြသလဲ

“နေဝင်းလွန်ခေတ်” အတွက် စစ်အုပ်စုက ပြင်ဆင်ချင်နေပါတယ်။ အာဏာရတွေ (သူတို့) ရေးထားတဲ့ ‘အနာဂတ် ဦးဆောင်မှုအခန်း’ ဆိုတာကို အာမခံတဲ့ အခြေခံဥပဒေကို အမြန်အတည်ပြုချင်နေတယ်။ သို့သော် ဒီ/ချုပ်က အခြေခံဥပဒေ အပါအဝင် ဥပဒေအားလုံးရေးဆွဲခွင့် (၁၉၉၀ ရွေးကောက်ပွဲမှာ) ရထားတဲ့ အာဏာမဲ့ပါတီ ဖြစ်နေတယ်။

သူတို့အကြားမှာ ကွဲလွဲမှုကြီးပါတယ်။ ဒီကွဲလွဲမှုဘောင်ကို ကျဉ်းပစ်ဖျက်ပစ်ချင်တယ်။ ‘ရွေးကောက်ပွဲသစ်’ ဆိုတာ လုပ်မယ်ဆိုရင်လဲ ၁၉၉၀ ရွေးကောက်ပွဲကို အရင်ဆုံး မြေမြှုပ်သင်္ဂြိုဟ်ရဦးမယ်။

ဒါတွေကြောင့် ဒီ/ချုပ်နဲ့ စကားပြောနေတာ ဖြစ်တယ်။

ရွေးကောက်ပွဲမဝင်ရဘဲ စစ်အုပ်စုက အမတ် ၂၅% ရချင်တာကြောင့်လဲ သူတို့ ဒီ/ချုပ်နဲ့ စကားပြောနေတာပါ။ လူထုက ၇၅% သောအမတ်တွေအတွက်သာ မဲပေးကြပေတော့ ဆိုတဲ့သဘောပါ။ ဒါဟာ ဒိုင်အာခီခေတ်ကို တကျော့ပြန်တာ ဖြစ်ပါတယ်။

လုပ်တဲ့ နည်းနာကျတော့ လူပြန်ပေးဆွဲပြီး ရပိုင်ခွင့်တောင်းနေတဲ့ပုံစံ တွေ့ရတယ်။

တဖက်မှာကြည့်ပြန်တော့ အမေရိကန်၊ အီးယူ၊ ဂျပန်နဲ့ အာဆီယံ ( ဩစတြေးလျ လဲထည့်တွက်ချင်တွက်ပါ ) တို့အနေနဲ့ ဘယ်သူမှ ဗမာပြည်ကို လက်ရှိအခြေအနေအတိုင်း လွှတ်မထားနိုင်ကြတော့ပါဘူး။

## စကားပြောနေတယ်ဆိုတဲ့ကာလမှာ သူတို့ဘာတွေလုပ်နေသလဲ

ပထမဆုံး ဘင်္ဂလားဒေ့ရှ်နယ်စပ် နတ်မြစ်ကမ်းဘေးမှာ ရေကာတာဆောက်တဲ့ကိစ္စ ဖော်ထုတ်လိုက်တာ တွေ့ရတယ်။

ဒုတိယအနေနဲ့ စစ်တွေမြို့ဘက်မှာ ဗုဒ္ဓဘာသာနဲ့ မူဆလင် အရေးကိစ္စ ပေါ်လာခဲ့တယ်။

ခုနောက်ဆုံး ယိုးဒယား – ဗမာနယ်စပ် မယ်ဆိုင် – တာချီလိတ်ဘက်မှာ ပြင်းထန်တဲ့တိုက်ပွဲတွေ ဖြစ်လာပါပြီ။

ဒီကိစ္စအားလုံးဟာ ဗမာစစ်အစိုးရရဲ့ ဆန္ဒပေါ်မှာ မူတည်ပြီးဖြစ်လာတဲ့ ကိစ္စတွေချည်းပါ။ ပေါ်စေ – ပျောက်စေ နှစ်ခုစလုံးကို သူတို့ တတ်နိုင်ကြပါတယ်။

တတိုင်းပြည်လုံး စုစည်းထားရေးနဲ့ ပြည်ပရန်ကာကွယ်ရေးအတွက် တပ်မတော်သာအားကိုးစရာရှိတယ်ဆိုတာ ပြချင်တဲ့ သဘောပါ။ ဒီ/ချုပ် (NLD) နဲ့ဆွေးနွေးနေစဉ်မှာ စျေးဆစ်ကောင်းအောင် အချက်အလက်တွေ ဖန်တီးပြနေတာပါ။

( ၄ )

ဒါကြောင့် အမျိုးသားညီညွတ်ရေး ပြန်လည်တည်ဆောက်ဖို့၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ် တည်ဆောက်ဖို့ တကယ်ပဲ စိတ်ရင်း စေတနာမှန်ရှိကြရင် လတ်တလော အောက်ပါအတိုင်းလုပ်ဖို့ လိုပါမယ်။

(က) ရေရှည်လုပ်ရမယ့်အလုပ်နဲ့ ရေတိုလုပ်ရမယ့် အလုပ်ကို ခွဲခြားချဉ်းကပ်တဲ့အနေနဲ့ ၁၉၈၈ မှ ၂၀၀၀ အတွင်းပေါ်ပေါက်ခဲ့တဲ့ ပြဿနာတွေကို အရင်ရှင်းရပါမယ်။

(ခ) ခြေလှမ်း သုံးလှမ်းနဲ့ ဖော်ဆောင်သင့်ပါတယ်။

**ပထမခြေလှမ်း**။ ၁၉၈၈ ခုနှစ်နောက်ပိုင်းဖွဲ့စည်းခဲ့တဲ့ နိုင်ငံရေးပါတီအားလုံးကို ၎င်းတို့ဆန္ဒရှိပါက တရားဝင်နေရာပြန်ပေးရေး၊ နိုင်ငံရေး အကျဉ်းသားအားလုံး ချွင်းချက်မရှိလွှတ်ပေးရေးနဲ့ ဗိုလ်မှူးအောင်အမှူးပြုတဲ့အဖွဲ့ကို အကြံပေးအဖွဲ့အဖြစ် တရားဝင် အသိအမှတ်ပြုရေး။

**ဒုတိယခြေလှမ်း**။ ၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုအားလုံးနဲ့ တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး တည်ဆောက်ဖို့ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရေး။

**တတိယခြေလှမ်း**။ ၁၉၄၈ မှစ၍ နိုင်ငံရေးအရ ပဋိပက္ခဖြစ်နေသောအင်အားစုများနဲ့ နိုင်ငံရေးအရ စေ့စပ်ဆွေးနွေးရေး။
– ဖြစ်ပါတယ်။

( ၅ )

ကာယကံရှင်များဟာ တိုင်းပြည်အကျိုးကို ရှေ့ရှုပြီး စေ့စပ်ဆွေးနွေးကြမယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့သဘောထားကတော့ –

– ၁၉၉၀ ရွေးကောက်ပွဲကို ပြည်ဖုံးကား မချသင့်ပါ။
– ၁၉၉၀ ခုနှစ်ကလုပ်ခဲ့တဲ့ ရွေးကောက်ပွဲကို အသိအမှတ်ပြုရပါမယ်။ ကလေးကစားသလို မဖြစ်အောင် ဆင်ခြင်သင့်ပါတယ်။
– အသက်ထင်ရှားရှိနေသေးတဲ့ ရွေးကောက်ခံရသူအားလုံး (အားလုံး) ပါတဲ့ လွှတ်တော်ခေါ်သင့်တယ်။

အဲဒီလွှတ်တော်မှာ ကာယကံရှင်နှစ်ဦး စေ့စပ်ထားတဲ့ရလဒ်ကို တင်သွင်းပြီး လွှတ်တော်ရဲ့ဆုံးဖြတ်အတည်ပြုမှုကို ခံယူသင့်ပါတယ်။

ဒါမှသာ ပြည်သူလူထုကို လေးစားရာလဲရောက် တိုင်းပြည်အတွက်လဲ အကျိုးရှိပါလိမ့်မယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ အနေနဲ့ကတော့ ငြိမ်းချမ်းတဲ့၊ ဒီမိုကရေစီရှိတဲ့အခြေခံပေါ်မှာ အမျိုးသားညီညွတ်ရေး တည်ဆောက်ကြ ပြီး ၂၁ ရာစု ကမ္ဘာကြီးမှာ ထိုက်ထိုက်တန်တန် အဆင့်အတန်းရှိတဲ့ဗမာပြည် ဖြစ်စေချင်တာအဓိကပါ။

အဲဒီလုပ်ငန်းအစဉ်မှာ မိမိစွမ်းအားရှိသမျှ ကူညီသွားပါမယ်။

၁၃၆၂ ခုနှစ်၊ တပို့တွဲလဆုတ် ၇ ရက်။
၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်။

# ထုတ်ပြန်ကြေညာချက်

## ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ၊ ပြောရေးဆိုခွင့်ရှိသူ၏
## ထုတ်ပြန်ကြေငြာချက် အမှတ် ၂/၂၀၀၁။

( ၁ ) ဒီကနေ့ နအဖအစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ စကားပြောနေကြတာကို ကျနော်တို့ ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ အောင်မြင်စေချင်တဲ့ဆန္ဒ ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီဆွေးနွေးမှုရဲ့ အဓိကဦးတည်ချက်ဟာ ဒီမိုကရေစီရရှိရေးနဲ့ ဆက်နေလို့ပါပဲ။ ဒါကို ကျနော်တို့ အခုလိုအရှင်းလင်းဆုံး အနက်ဖွင့်ချင်ပါတယ်။

စစ်အုပ်စုအာဏာရှင်စနစ်ရှိနေရင် ဒီမိုကရေစီမရှိနိုင်ပါဘူး။ ဒီမိုကရေစီမရှိဘူးဆိုရင် ပထမဆုံး အဖိနှိပ်ခံရမှာနဲ့ အဖိနှိပ်အခံရဆုံးဟာ ဗမာပြည်ကွန်မြူနစ်ပါတီအပါ လက်ဝဲအင်အားစုတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီကို ကျနော်တို့ တကယ်လိုချင်ပါတယ်။ နအဖအစိုးရနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ လက်ရှိစကားပြောနေကြတာဟာ ဒီမိုကရေစီကို တဆင့်တိုးမြှင့်တင်မယ်လို့ ကျနော်တို့ ထင်မြင်ယူဆပါတယ်။

လက်ဝဲအင်အားစုတွေဟာ ရဲရဲတွေးချင်၊ ရဲရဲရေးချင်၊ ရဲရဲဝေဖန်ချင်ပါတယ်။ ရေလိုက်ငါးလိုက် မလုပ်ချင်ပါဘူး။ ပန်းပြားပင် ပေါ်လစီ မကျင့်သုံးလိုဘူး။ စစ်အာဏာရှင်တွေ မင်းမူတဲ့ ခေတ်တလျှောက်လုံးမှာ လက်ဝဲအင်အားစုတွေဟာ အများဆုံးအဖိနှိပ်ခံရသူတွေ ဖြစ်ပါတယ်။ ဗမာပြည်ရဲ့ဒီမိုကရေစီအရေးတော်ကို အပြတ်သားဆုံးကာကွယ်နေတာဟာလဲ ဒီအင်အားစုတွေပါပဲ။

( ၂ ) နှစ်ဘက်စေ့စပ်ဆွေးနွေးကြတယ်ဆိုရင် အပေးအယူတွေရှိကြရစမြဲပါ။ ကိုယ်ကပဲ အားလုံးယူချင်ပြီး နည်းနည်းမှ မပေးချင်ရင် ဘာမှဖြစ်မြောက်လာမယ် မဟုတ်ပါဘူး။

အပေးအယူရှိကြရမယ်လို့ ဗမာပြည်ကွန်မြူနစ်ပါတီက ယူဆပါတယ်။ ဘာပေးလို့ ဘာယူကြရမယ်ဆိုတာတော့ ကာယကံရှင်တွေ ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

ကျနော်တို့ရဲ့အမြင်မှာ ၉၀ခုနှစ်ရွေးကောက်ပွဲရလဒ်ကိစ္စနဲ့ အခြေခံဥပဒေကိစ္စတို့ဟာ အခရာဖြစ်လိမ့်မယ်လို့ ယူဆပါတယ်။ ကျနော်တို့အနေနဲ့ အထူးလိုလားတာကတော့ ပြည်သူလူထုရဲ့စိတ်ဓာတ်ကို ပျက်ပြားစေတာမျိုး မဖြစ်စေဖို့ပါပဲ။ လူထုသာ စိတ်ဓာတ်ပျက်ပြား သွားရင် စစ်အစိုးရက လိုလိုချင်ချင် အာဏာလွှဲပေးမယ့်ပါတီကိုပဲ မဲပေးလိုက်တာ အေးပါတယ်လို့ ဖြစ်သွားပါလိမ့်မယ်။

ဒါမျိုးမဖြစ်နိုင်ဘူးလို့ မဆိုနိုင်ပါဘူး။ မဆလ တခေတ်လုံးလုပ်ခဲ့တဲ့ ဆန္ဒခံယူပွဲတွေနဲ့ ရွေးကောက်ပွဲဆိုတာတွေကိုပဲကြည့်ပါ။

( ၃ ) ဗမာပြည်ကွန်မြူနစ်ပါတီက ခြေလှမ်းသုံးရပ်ပေါ်လစီကို ချမှတ်လိုက်တာဟာ ဗမာပြည်ရှိ နိုင်ငံရေးအင်အားစုနဲ့ လူပုဂ္ဂိုလ်အားလုံး မိမိတို့အရေးကို မိမိတို့ကိုယ်တိုင် ပြောပိုင်ဆိုပိုင်ခွင့် ရှိကြစေချင်လို့ ဖြစ်ပါတယ်။

ဒီအထဲက ပထမခြေလှမ်းကို မြန်မြန်ပြီးမြောက်စေချင်ပါတယ်။ အကြောင်းက ဒီမိုကရေစီရေးအခြေခံကို ပထမခြေလှမ်းကစပြီး ချမှတ်ရမှာမို့ ဖြစ်ပါတယ်။

ဒုတိယခြေလှမ်းမှာ ပါဝင်ကြရမယ့် ငြိမ်းအဖွဲ့တွေဟာ ဒေသန္တရနိုင်ငံရေးအင်အားစုတွေချည်းပဲ ဖြစ်ပါတယ်။ သူတို့မှာလဲ ပြောစရာ ဆိုစရာတွေ အများကြီး ရှိနေပါတယ်။ အထူးသဖြင့် သူတို့ဟာ စစ်မှန်တဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး၊ မိမိတို့အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘဝ မြှင့်တင်ရေးနဲ့ လူမှုတရားမျှတမှု ရရှိရေးတို့ကို လိုလားကြပါတယ်။ နှစ်ပေါင်းများစွာ အသက်သွေးချွေးပေးပြီး ရယူထားကြရတဲ့ အောင်သီး အောင်ပွင့်တွေကို သူတို့ထိန်းသိမ်းထားလိုကြတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီဟာ သူတို့ရဲ့ဆန္ဒနဲ့ လိုလားချက်တွေကို ပြတ်ပြတ်သားသား စာနာထောက်ခံပါတယ်။

တတိယခြေလှမ်းကျမှသာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ ပါဝင်လာမှာ ဖြစ်ပါတယ်။ ကျနော်တို့ အလောမကြီးပါ။ တည်ငြိမ်အေးဆေးစွာ စောင့်နိုင်ပါတယ်။ အားလုံးအတွက် ရလဒ်ကောင်းကိုပဲ မျှော်လင့်ပါတယ်။ ။

၁၃၆၃ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်။
၂၀၀၁ ခုနှစ်၊ မေ ၁၇ရက်။

# ထုတ်ပြန်ကြေညာချက်

## ထိုင်းဗမာအရေးနှင့်ပတ်သက်၍ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏ ထုတ်ပြန်ကြေညာချက် ၃/၂၀၀၁

ထိုင်းနှင့်ဗမာအရေးကို စစ်ဖြစ်တော့မလောက် ပြောနေကြသည်။ ထိုအရေးနှင့်ပတ်သက်၍ ကျွန်တော်တို့အမြင်နှင့် သဘောထားမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ဤအရေးကို စိတ်ဝင်စားသော တိုင်းပြည်အချို့ ရှိပါသည်။ ကာယကံရှင်နှစ်ဦးသာ ဆုံးဖြတ်ပြဿနာန်းနေသည် မဟုတ်ပါ။ ထို့ကြောင့် ဤအရေးကို ဘက်ပေါင်းစုံမှ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရမည်ဟု မြင်ပါသည်။

ပထမဆုံး ကာယကံရှင်နှစ်ဦးကို သုံးသပ်လျှင် ဗမာပြည်စစ်အစိုးရသည် ဘက်ပေါင်းစုံ အကျပ်အတည်း တွေ့နေပါသည်။ သော့ချက်ကျသော နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရန် NLD ခေါင်းဆောင်နှင့် အတွင်းကျိတ်စကားပြောပွဲ လုပ်နေပါသည်။ အားလုံးက မျှော်တလင့်လင့် စောင့်နေပါသည်။ လတချို့ကြာသည်အထိ ဘာအဖြေမှမထွက်ဘဲ ဖြစ်နေသောအခါ ပြည်သူအားလုံးက စိတ်မရှည်ကြတော့ပါ။ စိတ်မရှည်သည့်အထဲတွင် နိုင်ငံတော်စစ်တပ်မှ တပ်မှူးတပ်သားများ၊ " ငြိမ်းအဖွဲ့" ဆိုသည်များပင် ပါပါသည်။ "စကားပြောပွဲ" မှ အဖြေအတိအကျ မထွက်နိုင်သောအခါ စစ်အုပ်စုက ရှော်ဗင်ဝါဒ (ကမူးရှူးထိုးလူမျိုးရေးဝါဒ) ဖြင့် ပြည်သူလူထုကို မှိုင်းတိုက်လာပါသည်။ လူထု၏အာရုံကို ထိုင်းဗမာအရေးအပေါ်ရောက်အောင် လမ်းလွှဲပေးပါသည်။

ဤသို့ ဗမာပြည်စစ်အစိုးရက လုပ်နေသလို ထိုင်းအစိုးရကလည်း လုပ်ပါသည်။ ထိုင်းအစိုးရ၏ အကျပ်အတည်းမှာ တမျိုးဖြစ်ပါသည်။ စီးပွားရေးနာလန်မထူသေးခင် နောက်ထပ်စီးပွားရေးကပ် ကြုံမလိုဖြစ်ခြင်းက အခြေခံပါသည်။ ထိုင်းတွင် ဒီမိုကရေစီ အရပ်သားအစိုးရ အကျပ်တွေ့လျှင် စစ်တပ်အာဏာသိမ်းပွဲ ဖြစ်တတ်ပါသည်။ ဒါကို ကြောက်ရခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုင်းအစိုးရသည် တာဝန်ထမ်းဆောင်ဆဲ စစ်ဗိုလ်များ (စစ်အုပ်စုသစ်) ကို ရှော်ဗင်ဝါဒစကားများ ပြောခွင့်ပြုပြီး တဖက်မှလည်း စစ်တပ်မှထွက်ကာ နိုင်ငံရေးပါတီထောင်နေသော စစ်အုပ်စုဟောင်းများကို စစ်အုပ်စုသစ်အား အရှိန်သတ်ပေးစေသည်။ အခုအထိတော့ အလုပ်ဖြစ်နေပါသည်။

ထိုင်း–ဗမာ အစိုးရများက ထိုသို့လုပ်နေသဖြင့် နယ်စပ်တွင် ကြားခံထားပြီးတိုက်သော တိုက်ပွဲများ၊ ထိတွေ့ပွန်းရှမှုကလေးများ ဖြစ်နေသည်။ ဤသို့သော အခြေအနေသည် အတန်ကြာဖြစ်နေမည်ဟု မှန်းဆရပါသည်။

၂။ ထိုင်း – ဗမာ ကာယကံရှင်နှစ်ဦးအပြင် တတိယအင်အားစုတခုလည်း ရှိပါသည်။ ထိုသူမှာ ကိုယ့်ကိုယ်ကိုခန့်ထားသော 'ကမ္ဘာ့ပုလိပ်ကြီး' အမေရိကန် ဖြစ်ပါသည်။ သူ၏စိတ်ဝင်စားမှုကတမျိုး ဖြစ်ပါသည်။ အမေရိကန်ဦးဆောင်သော ကမ္ဘာ့စနစ်သစ် (တနည်း) ဝင်ရိုးတခုတည်းရှိသော ကမ္ဘာ့စနစ်သစ်ကို ထူထောင်ရန်အတွက် ထိုင်း ဗမာ အရေးတွင် အတင်းပါဝင်လိုခြင်း ဖြစ်ပါသည်။

စစ်အေးလွန်ကာလအတွက် အများလက်ခံထားသော ကမ္ဘာ့စနစ် မရှိသေးပါ။ ဝင်ရိုးတခုတည်းစနစ်နှင့် ဝင်ရိုးအများစနစ် လွန်ဆွဲနေဆဲ ဖြစ်ပါသည်။

အားလုံးသိသည့်အတိုင်း ဝင်ရိုးအများရှိသည့် ကမ္ဘာ့စနစ်ကို တရုတ်ပြည်က လိုလားပါသည်။

ဝင်ရိုးတခုစနစ်နှင့် ဝင်ရိုးအများစနစ် လွန်ပွဲမှာ ပြင်းထန်လာစရာ ရှိပါသည်။ ထိုလွန်ပွဲတွင် ကြားညပ်ခံရလျှင် တိုင်းပြည်နစ်နာနိုင်ပါသည်။

ထိုင်း–ဗမာ အရေး ယခုအတိုင်း ကြာရှည်ဖြစ်နေစေလျှင် ကြားညပ်ခံရစရာ ရှိပါသည်။ အမေရိကန်နှင့် စစ်အေးကာလတလျှောက်လုံး နီးစပ်ခဲ့သောထိုင်းအဖို့ အကြောင်းမဟုတ်သော်လည်း ဗမာပြည်အဖို့ အလွန်နစ်နာနိုင်ပါသည်။ တိုင်းပြည်ပြိုကွဲကျဆုံးမည့် အန္တရာယ်ပင် ရှိပါသည်။

ထို့ကြောင့် ထိုင်း–ဗမာ အရေးကို မကျယ်ပြန့်စေသင့်ပါ။ ငြိမ်းချမ်းသောနည်းဖြင့် ဖြေရှင်းသင့်ပါသည်။ ဤသို့ဖြေရှင်းနိုင်သည့် အဖွဲ့ အစည်းနှင့် လမ်းကြောင်းလည်းရှိနေပြီး ဖြစ်ပါသည်။ ( ဤလအတွင်းမှာပင် ကုလသမဂ္ဂမူးယစ်ဆေးဝါး ထိန်းချုပ်ရေးအစီအစဉ် ( UNDCP ) နှင့် ဒေသခွဲအတွင်း မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ ၆ နိုင်ငံအစည်းအဝေး ရန်ကုန်မြို့တွင် ကျင်းပခဲ့ပြီး ဖြစ်သည်။ )

အမေရိကန်သည် သူ့အကြိုက်ကမ္ဘာ့စနစ်သစ်ကို ဘုရှ် (အကြီး) နှင့် ကလင်တန်တို့လက်ထက်ကလည်း ဖော်ဆောင်ရန် ကြိုးစားဖူးပါသည်။ သို့သော် သူတို့လုပ်နည်းက ယခု ဘုရှ် (အငယ် ) ကဲ့သို့ ငါတကောကောသည့်နည်း မဟုတ်ပါ။

ယခုမှု ဘုရှ် (အငယ် ) ၏ ငါတကောကောမှုကြောင့် အမျိုးသား ဒုံးလက်နက်အန္တရာယ်ကာကွယ်ရေး ( NMD )ပြဿနာ၊ ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးပြဿနာစသော ပြဿနာများတွင် အတိုက်အခံပြုမှုများ ကြုံနေပါသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့များအတွင်း အမေရိကန်ကို ဆန့်ကျင်သည့် မဲဆန္ဒပေးမှုများပင် ပေါ်ပါသည်။ အမေရိကန် နိုင်ငံရေးသမားများက နားကိုက်လျှင် ပါးကိုက်မည်တကဲကဲ ဖြစ်နေပါသည်။

ငြိမ်နေခဲ့သော အာရပ် အစ္စရေးကိစ္စ ပြင်းထန်ကြမ်းတမ်းလာပါသည်။

ထိုင်း–ဗမာ အရေးတွင် အမေရိကန်ပါလာပါက ပြဿနာ ကြီးသည်ထက် ကြီးလာမည်ဖြစ်၍ ကာယကံရှင်နှစ်ဦးက ကြားလူ အဝင်မခံဘဲ ဤကိစ္စကို ပြေလည်အောင် လုပ်သင့်ပါသည်။

ဗမာပြည်တွင် ဗမာပြည်ပြည်သူများဟာ ဒီအခြေအနေကို လုံးဝဆန့်ကျင်ပါသည်။ ထို့ကြောင့် ပြည်သူကို ကိုယ်စားပြုသည့် ပြည်ချစ် ဒီမိုကရေစီအစိုးရတရပ် ပေါ်လာလျှင် ဤကိစ္စကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည် ဖြစ်ပါသည်။

၃။ ယခု နှစ်ဘက်အကြောင်းပြနေသည့် ကိစ္စမှာ မူးယစ်ဆေးဝါးကိစ္စ ဖြစ်ပါသည်။ မူးယစ်ဆေးဝါးနယ်ကျော်မှု ကိစ္စမျှဖြင့် စစ်ဖြစ်စရာ မလိုပါ။ တောင်အမေရိက၊ အလယ်အမေရိက၊ မြောက်အမေရိကတို့တွင်လည်း မူးယစ်ဆေးဝါးနယ်ကျော်ခြင်းများ ရှိပါသည်။ သူတို့ စစ်မဖြစ်ကြပါ။ အမေရိကန်ကလည်း ဖွပေးဆွပေးခြင်း မလုပ်ပါ။

အာရှတွင် အရှေ့တောင်အာရှတွင် ဘာကြောင့် ဖွပေးဆွပေးနေသည်ကို စဉ်းစားသင့်ပါသည်။ အမေရိကန်ကြိုက် ကမ္ဘာ့စနစ်ချမှတ်ရေးတွင် အဟန့်အတားဖြစ်နေသည့် ASEAN ရှိ၍ ဖြစ်ပါသည်။ ကွန်မြူနစ်တရုတ်ပြည်ရှိ၍ ဖြစ်ပါသည်။

၄။ တိုင်းပြည်တိုင်းတွင် အမျိုးသားအကျိုးစီးပွား ရှိပါသည်။ အမျိုးသားအကျိုးစီးပွားကို ပြဋ္ဌာန်းပိုင်ခွင့်ရှိသူမှာ အစိုးရဖြစ်ပါသည်။ အစိုးရက အာဏာသိမ်းစစ်အုပ်စု ဖြစ်နေသောအခါ စစ်အုပ်စု၏ အကျိုးစီးပွားကို အမျိုးသားအကျိုးစီးပွားအဖြစ် လုပ်ပစ်ပါသည်။ စစ်အုပ်စုအကျိုးစီးပွားကို "အမျိုးသားအကျိုးစီးပွား" လုပ်နေသမျှ ဗမာပြည်တွင် တိုင်းပြည်ပြိုကွဲကျဆုံးမည့်အန္တရာယ် ရှိနေပါလိမ့်မည်။

ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တန်းတူသွေးစည်းသော ပြည်ထောင်စုစစ်စစ် ထူထောင်ရေးသည် ယနေ့ကာလ ဗမာပြည်၏ အမျိုးသားအကျိုးစီးပွား ဖြစ်သည်ဟု ယူဆပါသည်။ မူးယစ်ဆေးဝါးပြဿနာကို အထက်ပါ အမျိုးသားအကျိုးစီးပွား၏အောက်တွင် အလွယ်တကူ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါသည်။ "ထိုင်း ဗမာ စစ်ပွဲ" ဖြင့် ဖြေရှင်းရမည့်ကိစ္စ မဟုတ်ပါ။

၅။ ထိုင်းရောဗမာပါ ကိုယ့်လက်နက် ကိုယ်ထုတ်လုပ်ပြီး စစ်တိုက်နိုင်သည် မဟုတ်ပါ။ စစ်တိုက်မည်ဆိုလျှင် အမှီရှာရပါသည်။ နိုင်ငံချင်းစစ်ကို ပြည်တွင်းစစ်လို ရှိသည့်လက်နက်နှင့် မတိုက်နိုင်ပါ။

အမှီရှာလျှင် ထိုင်းအတွက်အဆင်သင့် ဖြစ်ပါသည်။ ဗမာပြည်အတွက် ခက်ပါသည်။ မိတ်ဆွေနှစ်နိုင်ငံ စစ်တိုက်မည်ကို တရုတ်ပြည်က လိုလားမည်မဟုတ်သလို အာဆီယံနိုင်ငံချင်း စစ်ခင်းသည့်အရေးတွင် အာဆီယံနိုင်ငံများက လက်နက်ပွဲစားလုပ်လိုမည်လည်း မဟုတ်ပါ။ ပါကစ္စတန်ကို မှီခိုလိမ့်မည်ဟု တချို့က ရေလာမြောင်းပေး ထင်ကြေးပေးနေပါသည်။ ဤသို့ဖြစ်ရန် ဖြစ်နိုင်ခြေ အလွန်နည်းပါသည်။ အိမ်နီးချင်း အနောက်ဘက်က အိန္ဒိယကို ရန်စသလို သူတို့စစ်အုပ်စု မလုပ်ဝံ့ပါ။

ကျွန်တော်တို့အမြင်မှာ ထိုင်းဗမာ နှစ်ဘက်အစိုးရတို့သည် ပါးစပ်စစ်၊ (ဘုရင့်နောင် – နရာဆဝမ် ) ကြေးရုပ်ချင်းစစ်၊ ကြားခံထားပြီးတိုက်သော စစ်ပွဲကလေးများဖြင့်သာ ရေရှည် (သူတို့ ပြည်တွင်းနိုင်ငံရေး လိုအပ်ချက်အရ ) စခန်းသွားနေမည်ဟု ယူဆပါသည်။

၆။ စစ်နှုတ်ခမ်းလျှောက်သည့် ကိစ္စမျိုးသည် အန္တရာယ်ကြီးပါသည်။ မူလစီစဉ်ညွှန်ကြားသူများ၏လက်မှ လွတ်ထွက်သွားတတ်ပါသည်။ နှုတ်လွန်ရာက ခြေကျွံလက်ကျွံ ဖြစ်တတ်ပါသည်။ ထိုသို့ဖြစ်ခဲ့သော် ရှော်ဗင်ဝါဒီ စစ်အုပ်စုကို အမြန်ဖြုတ်ချရပါမည်။ နိုင်ငံတော် စစ်တပ်တွင်းမှ ပြည်ချစ် တပ်မှူးတပ်သားများ၏ ကိုယ်စားလှယ်များပါဝင်သော ပြည်ချစ်ဒီမိုကရေစီညွန့်ပေါင်းအစိုးရဖြင့် အစားထိုးရပါမည်။ ထိုအစိုးရက စစ်ရပ်စဲရေး၊ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေး ပြန်လည်ထူထောင်ရန် အမြန်စီစဉ်ဆောင်ရွက်ရပါမည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည် ကျရာအခန်းမှ တက်ကြွစွာ ပါဝင်ပါမည်။

၇။ စိုးရိမ်ရသည်မှာ ထိုင်းစစ်တပ်မှ ရှော်ဗင်ဝါဒီများ အာဏာရလာမည့်အရေး ဖြစ်ပါသည်။ ဗမာပြည်တွင် ရှော်ဗင်ဝါဒီတို့ အာဏာရနေပြီး ဖြစ်ပါသည်။ စစ်တိုက်လိုလျှင် ထတိုက်နိုင်ပါသည်။ ရဟတ်ယာဉ်ပျက်ကျရာတွင် ပါသွားသော ဗိုလ်တင်ဦးအပါအဝင် စစ်ဗိုလ်များသည် ထိုင်းနှင့် စစ်တိုက်ရလျှင် ကျင့်သုံးသင့်သည့် စစ်သေနင်္ဗျူဟာ နည်းပရိယာယ်များရှာကြံရန် ကွင်းဆင်းလေ့လာရေး ခရီးထွက်ခြင်းဟု သတင်းတခုက ဆိုပါသည်။ အတည်ပြုချက် မပေးနိုင်သောသတင်း ဖြစ်ပါသည်။ နိုင်ငံတော်စရိတ်ဖြင့် လူစုံပျော်ပွဲစားထွက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဗမာ ရှော်ဗင်ဝါဒီတို့မှာ အာဏာရဖြစ်၍ စစ်တိုက်ချင်လျှင် လွယ်သည်ဟု ပြောလိုရင်း ဖြစ်ပါသည်။ သို့သော် ထတိုက်၍မဖြစ်သောအချက်က စစ်တိုက်ရန် လက်နက်ခဲယမ်းရေသောက်မြစ် မရှိခြင်း ဖြစ်ပါသည်။ ထိုင်းရှော်ဗင်ဝါဒီတို့က လက်နက်ခဲယမ်းရေသောက်မြစ် ရှိပါသည်။ အာဏာမရှိပါ။ သူတို့သာအာဏာရှိလျှင် စစ်ဖြစ်နိုင်ခြေ များသွားပါလိမ့်မည်။

ထိုင်း၏ သမိုင်းအတွေ့အကြုံအရဆိုလျှင် စစ်အာဏာသိမ်းမှုကို အမေရိကန်က မီးစိမ်းပြမှ လုပ်ဖြစ်ပါသည်။ အာဏာသိမ်းပြီးလျှင်လည်း အမေရိကန်ကြိုက် SEATO လုပ်ပါသည်။ ဗီယက်နမ်စစ်ထဲ ဝင်တိုက်ပါသည်။

စစ်အေးလွန်ခေတ်တွင် "ဒီမိုကရေစီရှေ့ဆောင်ကြီး" က မီးစိမ်းပြဖို့ ခက်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့က ပါးစပ်စစ်၊ ကြေး ရုပ်ချင်းစစ်၊ နယ်စပ်ထိတွေ့ပွန်းရှမှုကလေးများသာ ဖြစ်နေလိမ့်မည်ဟု တွက်ဆခြင်း ဖြစ်ပါသည်။

၈။ တစည ဥက္ကဌမှ နအဖဥက္ကဌထံ လျှို့ဝှက်တင်ပြချက်တခု ပို့လိုက်သည်ကို ဖတ်ရပါသည်။ စစ်အုပ်စုဟောင်းမှ စစ်အုပ်စုသစ်ကို အကြံပေးခြင်း ဖြစ်သည်။ "လျှို့ဝှက်" ဆိုသော်လည်း တပြည်လုံးသိစေချင်ဟန် တူပါသည်။

"ရွှေးကောက်ပွဲသစ်" ကိစ္စအပြင် မှန်တာတွေပြောမိ၍ ရာထူးမှအထုတ်ခံလိုက်ရသည့် ဗိုလ်မှူးချုပ်ဇော်ထွန်း အကြောင်း ဖော်ပြပြီး 'သူ့လိုလူ' တွေ ထပ်ပေါ်ပေါက်လာလျှင် တပ်ကိုထိန်းဖို့ခက်မည့်အကြောင်းလည်း ပါသည်။

ခက်သည်မှာ "ရှေ့လူတွေမလုပ်နိုင်ခဲ့တာတွေ တို့လက်ထက်ကျမှ လုပ်နိုင်သည်" ဟု စစ်အုပ်စုသစ် အထင်မှားနေခြင်း ဖြစ်သည်။ ၁၉၈၉ ခုနှစ် အဖြစ်အပျက်သည် သူတို့တော်၍မဟုတ်၊ စစ်အေးလွန်ကာလ၏ကောင်းကျိုးကို သူတို့ခံစားလိုက်ရခြင်းသာ ဖြစ်သည်။ သို့သော် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း ကာလသည် ၈၉ – ၉၀ ခုနှစ် အခြေအနေနှင့် မတူတော့ပါ။ အရာရာသည် ပြောင်းလဲနေပါပြီ။ စစ်အုပ်စုသစ် ကိုယ့်ကိုယ်ကိုအထင်ကြီးပြီး စွတ်လုပ်လိုက်လျှင် တိုင်းပြည်ဒုက္ခတွေ့ပါလိမ့်မည်။

ထို့ကြောင့် စစ်အုပ်စုဟောင်းအနေနှင့် ထိုင်း – ဗမာကိစ္စကို အကြံပေးစေချင်ပါသည်။ ဗိုလ်မှူးချုပ်ဇော်ထွန်းကိစ္စက ပြည်တွင်းရေးကိစ္စ၊ ထိုင်း – ဗမာ အရေးအခင်းက နိုင်ငံချင်းကိစ္စ၊ နိုင်ငံခြားရေးပြဿနာဖြစ်၍ မတူပါ။ တိုင်းပြည်ပြိုကွဲသွားနိုင်ပါသည်။ ဤတကြိမ် တချက်မှားလျှင် ရာစုနှစ်နှင့်ချီ၍ ခံရပါမည်။ ကျွန်တော်တို့ ပြည်ချစ်ဝါဒီများအနေနှင့် ဤအားစမ်းပွဲတွင် ကြားညှပ်ခံ၍ မဖြစ်ပါ။

"တိုင်းပြည်အတွက် နောက်ဆုံးအကျိုးပြုသည့်အနေနှင့် နအဖ – ဒီချုပ် တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်အောင် ဩဇာ သုံးပေးပါ" ဟု ဦးနေဝင်းထံ ဗမာပြည်ကွန်မြူနစ်ပါတီသည် မေတ္တာရပ်ခံခဲ့ဖူးပါသည်။ ယခုကိစ္စတွင်လည်း ဗိုလ်သာကျော်၊ ဗိုလ်ထွန်းတင်တို့ပါထွက်ပြီး ချင့်ချင့်ချိန်ချိန်လုပ်ကြဖို့ စစ်အုပ်စုသစ်ကို အကြံပြုစေချင်ပါသည်။

၉။ တိုင်းပြည်နှင့် ပြည်သူထက် မွန်မြတ်သောအရာ မရှိပါ။ တိုင်းပြည်နှင့် ပြည်သူ့အကျိုးစီးပွားကို ကာကွယ်ရန် ကြံဆရသမျှကို တင်ပြခြင်း ဖြစ်ပါသည်။ ဝေဖန်အကြံပြုချက်များကို ကြိုဆိုပါသည်။

၁၃၆၃ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက်။
၂၀၀၁ ခုနှစ်၊ မေလ ၁၅ ရက်။

**..........ကျွန်တော်တို့တိုင်းပြည်ကို ပြင်ပစိတ်ဝင်စားသူတွေ ကလဲ များလာပါတယ်။**

**( ထုတ်ပြန်ကြေညာချက် ၁ / ၂၀၀၁ မှ )**

# ထုတ်ပြန်ကြေညာချက်

အမြင်ဆိုင်ရာ ကိစ္စများနှင့်ပတ်သက်ပြီး ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူ၏
ထုတ်ပြန်ကြေညာချက် ၄/၂၀၀၁

(၁) – ပါတီတိုင်း၊ အဖွဲ့တိုင်းမှာ သီးခြားရပ်တည်ချက် အမြင်နဲ့သဘောထားများ ရှိကြလိမ့်မယ်။ အားလုံး မတူနိုင်ပါဘူး။ မတူလို့ ဆန့်ကျင်စရာ မလိုသလို၊ တူနေလို့လည်း စိုးရိမ်စရာမရှိပါ။ "ဗမာပြည်နိုင်ငံရေး ရှေ့တဆင့်တိုးရေးသာ အဓိက" ပါ။

– ၁၉၆၀ ရွေးကောက်ပွဲကို စစ်အုပ်စုက ချက်ချင်းအသိအမှတ်ပြုပါတယ်။ စစ်တန်းလျား ပြန်ပါတယ်။ နောက် ၂ နှစ်နေတော့ အာဏာသိမ်းပြီး အခြေခံဥပဒေကို ဖျက်သိမ်းပါတယ်။ ဘယ်အင်အားကြီး နိုင်ငံကမှလည်း အပြစ်မပြောပါ။ အဲဒီတုန်းက စစ်တပ်အာဏာသိမ်းတာကို အားပေးတဲ့ခေတ်ပါ။ ဒေါင်ဖန်မင်း၊ လုံနော၊ ဆူဟာတို၊ ပီနိုရှေးတို့ အာဏာသိမ်းအောင်ပဲ မြှောက်ပေးနေတဲ့ခေတ်ပါ။

– ၁၉၉၀ ရွေးကောက်ပွဲကိုကျတော့ အခုထိ ကတိတွေဖျက်ပြီးထားပါတယ်။ ဒီတခါ စစ်တန်းလျားပြန်ရင် အာဏာပလ္လင်ဆီ ပြန်လာဖို့ ခက်တဲ့ခေတ်ဖြစ်လို့ ဒီလောက်ခေါင်းမာနေတာပါပဲ။ အင်ဒိုနီးရှား အတွေ့အကြုံကို သူတို့သတိပြုမိပါတယ်။ ဒါကြောင့် အခုအခြေအနေမှာ သူတို့ကို စစ်တန်းလျားပြန်အောင် လုပ်တာမှန်သမျှ ကျနော်တို့ထောက်ခံပါတယ်။

(၂) စစ်တန်းလျား ပြန်အောင်လုပ်တဲ့နည်းနှစ်ခု ရှိပါတယ်။

– ထိပ်တိုက်ရင်ဆိုင်တဲ့ တော်လှန်ရေးနည်း။

– ဈေးစပ်ဖြေရှင်းတဲ့နည်း။

ပထမနည်းက လွတ်လပ်ရေးတခေတ်လုံး ပြည်သူတွေအပေါ် ရစ်ပတ်ချည်နှောင်ထားတဲ့ နှောင်ကြိုးအားလုံးကို တချီတည်းနဲ့ ဖောက်ခွဲဖြတ်တောက်ပစ်တဲ့နည်းပါ။ စစ်အုပ်စုချည်း ချည်ထားတဲ့နှောင်ကြိုး မဟုတ်ပါ။ ဖဆပလ အစိုးရလည်း ချည်ထားတာပါ။ ချုပ်ချယ်တဲ့ ဥပဒေပုဒ်မတွေက အင်္ဂလိပ်တွေချည်ခဲ့တာပါ။

ဒုတိယနည်းက နှောင်ကြိုးကို တရစ်ချင်းဖြေတဲ့နည်းပါ။ အခု အဲဒီနည်း လုပ်နေပါတယ်။ ၈၈ က အခုထိ ရစ်ထားတာတွေ ဖြေရပါမယ်။ ဒါကြောင့် ကာယကံရှင်တွေလုပ်တာကို ဗမာပြည်ကွန်မြူနစ်ပါတီက အားပေးနေပါတယ်။

(၃) အခုတလော အနောက်အုပ်စုရဲ့ အာဘော်တခု တွေ့ပါတယ်။ "နအဖနဲ့ ဒေါ်အောင်ဆန်းစုကြည် စကားပြောပွဲအချိန် တနှစ်ကြာလို့မှ ထူးခြားသိသာတဲ့ အဖြေမထွက်ရင် နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ရှည်ကြတော့မှာ မဟုတ်ဘူး" ဆိုတဲ့ လှန့်ချည်ပေးသံ ဖြစ်တယ်။ သူတို့ စိတ်မရှည်ကြတော့ပါ။ အနှစ် ၅၀ ကျော်ကြာ ဖြေရှင်းနေရတဲ့ ပြဿနာဖြစ်လို့ ကျွန်တော်တို့အနေနဲ့ကတော့ စိတ်ရှည်ပါတယ်။

(၄) ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီရေးအတွက် ကတိတွေအများကြီး ပေးထားသူပါ။ သူ့နိုင်ငံရေးရပ်တည်ချက်ကို ဖျက်မယ့်သူမဟုတ်၊ သူ့ဖခင်လိုပဲ မူအပေါ်ကြံ့ကြံ့ခိုင်ရပ်တည်မယ်လို့ ယုံပါတယ်။

(၅) သုံးပွင့်ဆိုင်မဟုတ်လို့ ဘဝင်မကျသူတွေ ရှိပါတယ်။ သုံးပွင့်ဆိုင်ဖို့ အချိန်မကျသေးဘူးလို့ ထင်ပါတယ်။

၁၉၄၇ ခု ပင်လုံညီလာခံဟာ သုံးပွင့်ဆိုင်ပါ။

– ပြည်မ၊ တောင်တန်း နှစ်ဒေသစလုံးမှာ အာဏာရှိနေတဲ့ အင်္ဂလိပ်၊

– ပြည်မမှာ အာဏာတစိတ်တပိုင်းရနေတဲ့ ဖဆပလ ဗိုလ်အောင်ဆန်း၊

– တောင်တန်းဒေသမှာ အာဏာရှိတဲ့ စော်ဘွား၊ ဒူးဝါး၊ တောင်ပိုင်စသည် အာဏာရှိသူတွေချည်းပါတဲ့ သုံးပွင့်ဆိုင်ပဲ။

နောက်ပြီး အင်္ဂလိပ်က မုချထွက်သွားရတော့မှာ – ဖဆပလ က တက်လာတော့မှာ –

ဗိုလ်အောင်ဆန်းအိတ်ထဲမှာ နိုင်ဖဲပါသွားတယ်။ သမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ပြည်နယ်ဆိုင်ရာဝန်ကြီး ရာထူးတွေ ပေးနိုင်တယ်။ သူကျဆုံးလို့ သူကိုယ်တိုင် မပေးရပေမယ့်၊ ဗိုလ်အောင်ဆန်းကတိကို ဦးနုက အကောင်အထည်ဖော်ခဲ့တာပဲ မဟုတ်လား။

အခုသုံးပွင့်ဆိုင်လုပ်ရင် အာဏာရှိသူက နအဖ၊ ကျန်တာတွေက အာဏာမဲ့တွေချည်းပဲမို့၊ စကားပြော"ဆိုင်"– "နိုင်ငံရေး လေထန်ကုန်း" ပဲ ဖြစ်မယ်။ ဇာတ်သိမ်းကောင်းမှာ မဟုတ်။ "မဖြစ်နိုင်တာတွေ ပြောနေကြလို့ အပြီးအပိုင် ဆွေးနွေးပွဲဖျက်သိမ်းလိုက်တယ်" ဆိုတာ စစ်အုပ်စု လုပ်နေကျပဲ။ ကျွန်တော်တို့သဘောထားက အချိန်ကျရင် သုံးပွင့်ဆိုင် လုပ်ကိုလုပ်ရမယ်။ တန်းတူသွေးစည်းတဲ့ ပြည်ထောင်စုပေါ်ရမယ်။

(၆) ဆွေးနွေးပွဲဖျက်သိမ်းတာ လုပ်လာရင် လုပ်တဲ့သူက စတုတ္ထစစ်အုပ်စုပဲ ဖြစ်လိမ့်မယ်လို့ တွက်တယ်။ သူတို့စစ်တပ်ထဲမှာ "ခိန်လွင်" လိုလူ

အာဏာလောဘသမား အများကြီး။ "မျိုးချစ်တပ်မှူးဟောင်း" လိုလူတွေကလည်း ပိုတောင်များတယ်။ နိုင်ငံရေး မတည်ငြိမ်မှုကြီး ဖြစ်လာမှာပဲ။

"စေ့စပ်ဆွေးနွေးပွဲ အပြီးအပိုင်ဖျက်သိမ်းလိုက်တယ်" လို့ ကြေညာတဲ့အချိန်ဟာ အမိဗမာပြည်ကို ချည်နှောင်ထားတဲ့ ကြိုးတွေကို တော်လှန်ရေးနည်းနဲ့ ဖောက်ခွဲဖြတ်တောက်ပစ်ဖို့ လမ်းသာရှိတော့တယ်လို့ သတ်မှတ်ရမယ့်အချိန်ပဲလို့ ဗမာပြည်ကွန်မြူနစ်ပါတီက ယူဆတယ်။ အဲဒီအလားအလာအတွက်လည်း ပြင်ဆင်မှု ရှိရပါမယ်။

၁၃၆၃ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်။
၂၀၀၁ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်။

နှစ်ဘက်စေ့စပ်ဆွေးနွေးကြတယ်ဆိုရင် အပေးအယူတွေ ရှိကြရစမြဲပါ။ ကိုယ်ကပဲ အားလုံးယူချင်ပြီး နည်းနည်းမှ မပေးချင်ရင် ဘာမှ ဖြစ်မြောက်လာမယ် မဟုတ်ပါဘူး။

(ထုတ်ပြန်ကြေညာချက် ၂/၂၀၀၁ မှ)

## သဝဏ်လွှာ

### တရုတ်ပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် အနှစ် ၈၀ မြောက် အထိမ်းအမှတ်နေ့အတွက် ဗမာပြည်ကွန်မြူနစ်ပါတီမှ ပေးပို့သည့်သဝဏ်လွှာ

သို့
ဗဟိုကော်မတီ
တရုတ်ပြည်ကွန်မြူနစ်ပါတီ။
ပီကင်း။

အကြောင်းအရာ။ ။ တရုတ်ပြည်ကွန်မြူနစ်ပါတီ တည်ထောင်သည့် အနှစ် ၈၀ မြောက် အထိမ်းအမှတ်နေ့အတွက်
ဗမာပြည်ကွန်မြူနစ်ပါတီမှ သဝဏ်လွှာပေးပို့ခြင်း။

ချစ်စွာသောရဲဘော်တို့

ယခုနှစ်ဇူလိုင်လ ၁ ရက်နေ့တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီသည် သက်တမ်းအားဖြင့် အနှစ် ၈၀ ပြည့်မြောက်ပေပြီ။ တရုတ်ပြည် ကွန်မြူနစ်ပါတီ၏ သမိုင်းသည် ကြီးမြတ်ဂုဏ်ပြောင်သည့်သမိုင်း ဖြစ်ပေသည်။

ပါတီတည်ထောင်ပြီး ၂၈ နှစ်ကြာကာလအတွင်းတွင် ရဲဘော်မော်စီတုန်းအမှူးပြုသော ပါတီ ပထမမျိုးဆက် ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်ကွန်မြူနစ်ပါတီဝင်များသည် မကြုံစဖူးသော ကိုယ်ကျိုးစွန့်လွှတ်မှု၊ အနစ်နာခံမှုများဖြင့်လည်းကောင်း၊ ဆင်းရဲပင်ပန်းမှုမကြောက်၊ အသက်စွန့်လွှတ်ရမှာမကြောက်သည့် မကြုံစဖူးသော ပစ္စည်းမဲ့လူတန်းစား၏ တော်လှန်ရေးစိတ်ဓာတ်ဖြင့်လည်းကောင်း တော်လှန်ရေးခရီးတွင် အကောက်အကွေ့ အတက်အဆင်းများကို ဖြတ်သန်းပြီး သမိုင်းတွင်သည့် အောင်ပွဲများကို ဆွတ်ခူးရရှိခဲ့ကြသည်။ အနှစ်သဘောအရဆိုသော် မာ့က်စ်လီနင်ဝါဒ၏ အခြေခံမူများနှင့် တရုတ်ပြည်၏ အခိုင်အမာလက်တွေ့ကို မှန်ကန်စွာပေါင်းစပ်နိုင်ခြင်းကြောင့် ဒီမိုကရေစီသစ်တော်လှန်ရေးတွင် အောင်ပွဲများရရှိကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကို ထူထောင်နိုင်ခဲ့ကြသည်။ ဤအခြေခံပေါ်တွင် ဆိုရှယ်လစ်စနစ်၏ အခြေခံအုတ်မြစ် ကိုလည်း အောင်မြင်စွာချမှတ်နိုင်ခဲ့ကြသည်။

ရဲဘော်တိန့်ရှောင်ဖင် အမှူးပြုသော ပါတီ၏ ဒုတိယမျိုးဆက်ခေါင်းဆောင်မှုသည် ဆိုရှယ်လစ်တော်လှန်ရေးနှင့် ဆိုရှယ်လစ်တည်ဆောက်ရေး ကာလအတွင်းတွင်ရရှိခဲ့သော ပါတီ၏အတွေ့အကြုံနှင့် သင်ခန်းစာများကို ပြန်လည်သုံးသပ်ကာ တရုတ်ပြည်၏ အခိုင်အမာထူးခြားချက်များနှင့် ကိုက်ညီသော ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး လမ်းစဉ်ပေါ်လစီများကို ချမှတ်ကျင့်သုံးနိုင်ခြင်းကြောင့်လည်းကောင်း၊ ရဲဘော်ကျန်းဇီမင်း အမှူးပြုသော ပါတီတတိယမျိုးဆက် ခေါင်းဆောင်မှုသည် မာ့က်စ် လီနင်ဝါဒ၊ မော်စီတုန်းအတွေးအခေါ်၊ တိန့်ရှောင်ဖင်သဘောတရား အထူးသဖြင့် တိန့်ရှောင်ဖင်သဘောတရားကို လမ်းညွှန်အဖြစ်ထားပြီး၊ ဤလမ်းစဉ်ပေါ်လစီများအတိုင်း ဆက်လက်ကျင့်သုံးနိုင်ခြင်းကြောင့်လည်းကောင်း လွန်ခဲ့သည့်အနှစ်နှစ်ဆယ်အတွင်းတွင် တရုတ်ပြည်၏ စီးပွားရေးနှင့် နိုင်ငံတော်၏အင်အားမှာ အံ့မခန်းတိုးတက်လာခဲ့သည်။ ပြည်သူလူထု၏ နေထိုင်မှုဘဝအဆင့်အတန်းမှာ အလွန်သိသာထင်ရှားစွာ တိုးတက်ကောင်းမွန်လာခဲ့သည်။ တရုတ်ပြည်၏ နိုင်ငံတကာ့ဂုဏ်သိက္ခာသည်လည်း ကြီးမားစွာမြင့်တက်လာခဲ့ပေသည်။ တရုတ်ပြည်၏ မျက်နှာသွင်ပြင်ကို အံ့သြလောက်အောင် ပြောင်းလဲသွားစေခဲ့ပေသည်။ ဤဘက်ပေါင်းစုံ အောင်ပွဲများက တိုတောင်းသောကာလအတွင်းမှာပင်လျှင် ဆိုရှယ်လစ်စနစ်၏ သာလွန်မှုနှင့်စွမ်းပကားကို ထင်ရှားစွာ ဖော်ထုတ်ပြသနိုင်ခဲ့ရာ ကျွန်တော်တို့အပါအဝင် ကမ္ဘာ့လုပ်သားပြည်သူများအား နှစ်ထောင်းအားရ ဖြစ်စေခဲ့ပေသည်။ ဤအောင်ပွဲများအတွက် တရုတ်ပြည်ကွန်မြူနစ်ပါတီခေါင်းဆောင်မှုနှင့် ပါတီဝင်ထုတရပ်လုံးအားလည်းကောင်း၊ တရုတ်ပြည်ရှိ လူမျိုးစုံပြည်သူလူထုတရပ်လုံးအားလည်းကောင်း ကျွန်တော်တို့ပါတီအနေနှင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုအပ်ပါသည်။

ဆိုရှယ်လစ်တည်ဆောက်ရေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ရရှိခဲ့သောအောင်ပွဲများသည်

သမိုင်းအဓိပ္ပာယ်ရှိရုံသာမက နိုင်ငံတကာ့အဓိပ္ပာယ်လည်း ဆောင်ပေသည်။ လူမှုစီးပွားရေးစနစ်တရပ်အနေနှင့် အရင်းရှင်စနစ်ထက်သာလွန်သော ဆိုရှယ်လစ်စနစ်သည် သမိုင်းအကွေ့အကောက်များကို ဖြတ်သန်းရမည်မှာ မရှောင်လွှဲနိုင်စေကာမူ အတိတ်၊ ပစ္စုပ္ပန်ကာလများတွင်သာမက အနာဂတ်ကာလတွင်လည်း ဖြစ်ပေါ်တိုးပွား လာမည်ကိုလည်းကောင်း၊ တိုင်းပြည်တပြည် သို့မဟုတ် အချို့တွင်သာမက တိုင်းပြည်အများအပြားတွင် မုချပေါ်ထွန်း လာဦးမည်ကိုလည်းကောင်း ရည်ညွှန်းဖော်ပြနေပေသည်။

၁၉၈၉ ခုနှစ်နှင့် ၁၉၉၁ ခုနှစ်ကာလအတွင်း အရှေ့ဥရောပ ပြည်သူ့ဒီမိုကရေစီ နိုင်ငံများနှင့် ဆိုဗီယက် ယူနီယံသည် ပြိုလဲခဲ့စေကာမူ တရုတ်ပြည်ရှိ ဆိုရှယ်လစ်စနစ်သည်ကား တည်တံ့ပြီး ခိုင်မြဲခဲ့ပေသည်။ ဤတွင် ကျွန်တော်တို့သည် သမိုင်းအတွေ့အကြုံနှင့် သင်ခန်းစာများကို ဘယ်သောအခါမျှ မေ့ပျောက်၍မဖြစ်ပေ။

ဆိုဗီယက်ယူနီယံ ကွန်မြူနစ်ပါတီ ခေါင်းဆောင်မှုသည် မာ့က်စ်လီနင်ဝါဒ အခြေခံမူများကို စွန့်ပစ်ခဲ့ကြသည်။ နေရှင်ပြုပြင်ရေးလက္ခဏာဆောင်သော "ပွင့်လင်းရေး" နှင့် "အဆောက်အအုံပြုပြင်ရေး" ကို ချမှတ်ကျင့်သုံးခဲ့ကြသည်။ ပြည်တွင်းတွင် ဓနရှင်လစ်ဘရယ်ဝါဒ အုံကြွမှုသည် အနှံ့အပြန့်ဖြစ်လာကာ ပြည်ပမှနောင့်ယှက်သွေးထိုး လှုံ့ဆော်မှုများနှင့် ရောယှက်ပြီး နိုင်ငံရေးတည်ငြိမ်မှုသည် ဆုံးရှုံးလက်လွှတ်ခဲ့ရသည်။ နိုင်ငံရေးအာဏာသည်လည်း ပြိုကျခဲ့ရပေသည်။

ဤသည်နှင့် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်စွာပင် တရုတ်ပြည်ကွန်မြူနစ်ပါတီသည် မာ့က်စ်လီနင်ဝါဒ အခြေခံ မူများကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ခဲ့သည်။ "ဆိုရှယ်လစ်လမ်းကြောင်း၊ ပြည်သူ့ဒီမိုကရေစီ အာဏာရှင်စနစ်၊ ကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်မှု၊ မာ့က်စ်လီနင်ဝါဒ – မော်စီတုန်းအတွေးအခေါ်" ဟူသော အခြေခံမူကြီး ၄ ရပ်ကို စွဲစွဲမြဲမြဲဆုပ်ကိုင် ကျင့်သုံးခဲ့သည်။ ဤအခြေခံပေါ်တွင် ပြုပြင်ရေးနှင့် ပြည်ပသို့ တံခါးဖွင့်ရေးပေါ်လစီကို အကောင်အထည် ဖော်ခဲ့သည်။ ယင်းပေါ်လစီကို အကောင်အထည်ဖော်သည့် ဖြစ်စဉ်တလျှောက်လုံးတွင် ဓနရှင်လစ်ဘရယ်ဝါဒကို ဆန့်ကျင်တိုက်ဖျက်ပြီး နိုင်ငံရေးတည်ငြိမ်မှုနှင့် ပြည်တွင်းညီညွတ်မှုကို ထိန်းသိမ်းတည်ဆောက်ခဲ့သည်။ ဤသို့ ဆိုရှယ်လစ်တည်ဆောက်ရေးကာလတွင် မာ့က်စ်လီနင်ဝါဒ အခြေခံမူများနှင့် တရုတ်ပြည်၏ အခိုင်အမာလက်တွေ့ကို မှန်ကန်စွာပေါင်းစပ်ကျင့်သုံးနိုင်ခြင်းကြောင့် တရုတ်ပြည်တွင် ဆိုရှယ်လစ်စနစ်သည် ဆိုဗီယက်ယူနီယံကဲ့သို့ ပြိုကွဲသွားခြင်းမရှိဘဲ တည်တံ့ခိုင်မြဲခဲ့ပေသည်။ အောင်ပွဲများကို ဆက်တိုက်ရရှိခဲ့ပေသည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီက ချမှတ်ခဲ့သော ၂၁ ရာစုအလယ်တွင် ရောက်ရှိရမည့် ရည်မှန်းချက်ပန်းတိုင်များကို အကောင်အထည် ဖော်နိုင်ပါက ဆိုရှယ်လစ်စနစ်၏ သာလွန်ချက်ကို ဆတက်ထမ်းပိုး အလွန်ထင်ရှားစွာ သက်သေထူပြနိုင်မည် ဖြစ်ပေသည်။ ဤလာမည့် အောင်ပွဲများသည် တရုတ်ပြည်အတွက်သာမက ကမ္ဘာ့ဆိုရှယ်လစ်အရေးတော်ပုံအတွက် အလွန် အရေးကြီးသောအခန်းမှ ပါဝင်ပေလိမ့်မည်။ တရုတ်ပြည်ကွန်မြူနစ်ပါတီသည် ဤကြီးလေးသော လုပ်ငန်းတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်လိမ့်မည်ဟု ကျွန်တော်တို့ လုံးဝယုံကြည် ပေသည်။

၎င်းအပြင် ယနေ့ကမ္ဘာတွင် ဗိုလ်ကျစိုးမိုးရေးဝါဒသည် ဆက်လက်တည်ရှိနေပြီး လက်ကျန်အင်အားလွန် နိုင်ငံကြီးဖြစ်သည့် အမေရိကန်သည် နေရာအနှံ့ ပုံသဏ္ဍာန်တမျိုးမဟုတ်တမျိုးနှင့် ဆက်လက်ကျူးကျော် ဗိုလ်ကျ နေသည်ကို တွေ့ရသည်။ ယခုနှစ် ဧပြီလဆန်းတွင် ဖြစ်ပွားခဲ့သော တိုက်လေယာဉ်မှုးဝမ်ဝေ ကျဆုံးခဲ့ရသည့် 'အရေးအခင်း'သည် ထင်ရှားသည့် သာဓကတရပ် ဖြစ်ပါ၍ ဤကိစ္စကို တရုတ်ပြည်အနေနှင့် တည်ကြည်ခိုင်မာ ပြတ်သားစွာ ရပ်တည်ဖြေရှင်းနေသည်ကို ကျွန်တော်တို့ ကြိုဆိုပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ အနေနှင့်လည်း ဗိုလ်ကျစိုးမိုးရေးဝါဒကို ခုခံတိုက်ပွဲဆင်သွားမည်သာ ဖြစ်သည်။

လက်ရှိဗမာပြည်၏ အခြေအနေတွင်မူ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး ဟူသော အရေးကိစ္စများသည် အပြန်အလှန်ဆက်စပ်နေပြီး အပြန်အလှန် အကျိုးပြုနေသော ပြဿနာကြီး ၃ ရပ် ဖြစ်သည်။ ပြည်သူလူထုအကျိုးအတွက် ဂရုတစိုက် အပြည့်အဝ ဖြေရှင်းပေးရန် အပူတပြင်းတောင်းဆိုနေသော လုပ်ငန်းတာဝန်ကြီးများလည်း ဖြစ်သည်။ ကျွန်တော်တို့ပါတီသည် ဤပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် နှစ်ရှည်လများ အစဉ်တစိုက် ကြိုးပမ်းအားထုတ်ခဲ့ပေသည်။ ယခုလည်းဆက်လက်၍ အခြားသော ပြည်ချစ်အင်အားစု များနှင့်အတူ တစည်းတလုံးတည်းပူးပေါင်း၍ အင်တိုက်အားတိုက် လုံးပန်းအားထုတ်သွားပါမည်။

လက်ရှိဗမာပြည်တွင် ငြိမ်းချမ်းပြီး ဒီမိုကရေစီရှိရုံသာမက အမျိုးသားညီညွတ်ရေး တည်ဆောက်နိုင်မှ သာလျှင် နိုင်ငံရေးနှင့် လူမှုရေးအရ တည်ငြိမ်သောပတ်ဝန်းကျင်တရပ်ကို ဖန်တီးနိုင်ပေလိမ့်မည်။ နိုင်ငံရေးနှင့် လူမှုရေး အရ တည်ငြိမ်မှုရှိမှသာလျှင် စီးပွားရေးလုပ်ငန်းကို အောင်မြင်အောင် ဖိဖိစီးစီးဇောက်ချ ဆောင်ရွက်နိုင်ပေလိမ့်မည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသာလျှင် တိုင်းပြည်၏ ဘက်ပေါင်းစုံအင်အား ကြီးထွားလာပြီး ပြည်သူလူထု၏ နေထိုင်မှု ဘဝ အဆင့်အတန်းမြင့်တက်လာအောင် စွမ်းဆောင်နိုင်ပေလိမ့်မည်။ ဤသို့လုပ်ခြင်းဖြင့်သာလျှင် ၂၁ ရာစု ကမ္ဘာကြီးတွင် ထိုက်တန်သောအဆင့်အတန်းရှိသည့် ဗမာပြည်သစ်ကို တည်ဆောက်နိုင်လိမ့်မည်ဟု ကျွန်တော်တို့ စွဲစွဲမြဲမြဲယုံကြည်ပေသည်။ ဤလုပ်ငန်းတာဝန်များကို အောင်မြင်အောင်ထမ်းဆောင်ရာတွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် တတပ်တအားအနေနှင့် စွမ်းအားရှိသမျှ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ပေသည်။

မာ့က်စ်လီနင်ဝါဒ အဓွန့်ရှည်ပါစေ။

တရုတ်ပြည်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

ကျွန်တော်တို့ပါတီနှစ်ရပ်၊ ပြည်သူနှစ်ရပ်၏ ချစ်ကြည်သွေးစည်းညီညွတ်မှု အဓွန့်ရှည်ပါစေ။

၂၀၀၁ ခုနှစ်၊ ဇွန်လ၊ ၁ ရက်။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

ဝင်ရိုးတခုစနစ်နှင့် ဝင်ရိုးအများစနစ် လွန်ပွဲမှာ ပြင်းထန်လာစရာ ရှိပါသည်။ ထိုလွန်ပွဲတွင် ကြားညပ်ခံရလျှင် တိုင်းပြည် နစ်နာနိုင်ပါသည်။
( ထုတ်ပြန်ကြေညာချက် ၃/၂၀၀၁)

## ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ကိုးကြိမ်မြောက် ပြည်လုံးဆိုင်ရာကွန်ဂရက်သို့ ပေးပို့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ဂုဏ်ပြုသဝဏ်လွှာ

သို့ ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁၀ ရက်။

သဘာပတိအဖွဲ့
ကိုးကြိမ်မြောက် ပြည်လုံးဆိုင်ရာကွန်ဂရက်
ဗီယက်နမ် ကွန်မြူနစ်ပါတီ။

မှ
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်တို့

ယခုလိုဂုဏ်ရောင်ပြောင်ပြီး မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော အခါသမယတွင် ရဲဘော်တို့နှင့်တကွ ကွန်ဂရက်ကိုယ်စားလှယ်အပေါင်းအား ကျွန်တော်တို့သည် ပါတီဝင်ထုတရပ်လုံးကိုယ်စား ပစ္စည်းမဲ့နှုတ်ခွန်းဆက်သခြင်း ပြုလုပ်လိုက်ပါသည်။ ဤကွန်ဂရက်သည် အောင်မြင်မှုရရှိပြီး ၂၁ ရာစုအတွင်းတွင် ဗီယက်နမ်ဒီမိုကရက်တစ် သမ္မတနိုင်ငံအတွက် ပိုမိုများပြားသော အောင်မြင်မှုများရရှိရန် စီမံကိန်းများ ချမှတ်သွားနိုင်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ဂုဏ်ရောင်ပြောင်သော ပါတီတရပ်ဖြစ်ပြီး နယ်ချဲ့စနစ်နှင့် ဗိုလ်ကျလွှမ်းမိုးရေးဝါဒတို့ကို ပုံစံမျိုးစုံဖြင့် တိုက်ပွဲဆင်နွှဲနေသော ကမ္ဘာ့ပြည်သူများက အားရဖွယ် မီးရှူးတန်ဆောင်သဖွယ် သဘောထားကြပေသည်။ ရဲဘော်ဟိုချီမင်း ဆိုခဲ့သည့်အတိုင်း ဗီယက်နမ်ပါတီနှင့် ပြည်သူတို့သည် "မိမိတို့ကိုယ်မိမိ လွတ်မြောက်စေရေးအတွက် မိမိအင်အားကို အသုံးပြုခဲ့ကြပါသည်။" တချိန်တည်းတွင် ကမ္ဘာ့အင်အားအကြီးဆုံးနှင့် အမောက်မာဆုံး ကျူးကျော်သူကို သူတို့သည် မေ့မရနိုင်သောသင်ခန်းစာများ သင်ကြားပေးခဲ့ကြသည့်အတွက် ကမ္ဘာ့ပြည်သူများ ဝမ်းမြောက်အားရခဲ့ကြရပါသည်။ ရဲဘော်ဟိုချီမင်း၏ လမ်းညွှန်မှုအတိုင်း ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ပြည်သူတို့သာ တိုက်ပွဲမဝင်ခဲ့ပါက အမေရိကန်နယ်ချဲ့နှင့် ဆီတိုးအဖွဲ့တို့သည် အရှေ့တောင်အာရှနိုင်ငံများမှ လူမျိုးစုံပြည်သူတို့အပေါ် ဆက်လက်ဗိုလ်ကျ အနိုင်ကျင့်နေကြပေမည်။ ဒေသအတွင်း စစ်ပွဲများ တပွဲပြီးတပွဲ ဆင်နွှဲနေကြမည်ဖြစ်သည်။

သို့ရာတွင် ကျွန်တော်တို့သည် ကမ္ဘာ့တဦးတည်းသော မဟာအင်အားကြီး၏ လျှို့ဝှက်အကြံအစည်များကို လျစ်လျူပြုထားခြင်းအားဖြင့် မိမိကိုယ်မိမိ သတိလက်လွတ် မဖြစ်သွားစေရန် အထူးအလေးထားရပါမည်။

ဆိုဗီယက်ယူနီယံနှင့် အခြားအရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ ပြိုကျပြီးနောက်တွင် ကမ္ဘာပေါ်ရှိ ပြည်သူများနှင့် ပစ္စည်းမဲ့များသည် ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံအပေါ်တွင်လည်း အာရုံစိုက်အလေးထားလာကြပါသည်။ မကြုံစဖူးရက်စက်ကြမ်းကြုတ်သောစစ်ပွဲက ဖော်ထုတ်ခဲ့သော အပြိုအပျက်များနှင့် ဗုံးကျင်းများ ဗရပွကြားမှ ပေါ်ထွန်းလာသော နိုင်ငံတနိုင်ငံအနေဖြင့် မည်ကဲ့သို့ သူတို့၏တိုင်းပြည်ကို တည်ဆောက်ပြီး တိုးတက်မှုလမ်းကြောင်းကို ရှာဖွေသွားမည်ဆိုသည်ကို ကမ္ဘာ့ပြည်သူများနှင့် ပစ္စည်းမဲ့များက ကြည့်မြင်လိုကြပါသည်။ ကမ္ဘာ့ဆိုရှယ်လစ်စနစ်သည် ခက်ခဲကြမ်းတမ်းသော စမ်းသပ်မှုများကို တွေ့ကြုံနေရသည့်အချိန်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ပြည်သူတို့သည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ချစ်မြတ်နိုးပြီး ဆိုရှယ်လစ်စနစ်အပေါ်တွင် ယုံကြည်မှုထားရှိကြသော ကမ္ဘာ့ပြည်သူများအတွက် ယခင်ကအတိုင်း အားရတက်ကြွဖွယ် ဆက်လက်ရပ်တည်သွားမည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ပြည်သူတို့သည် ဆိုရှယ်လစ်စနစ်သို့ ဖြစ်ပေါ်တိုးပွားသွားရေး အတွက် ကူးပြောင်းရေးလမ်းကြောင်းကို ရှာဖွေရာတွင် ခြေလှမ်းတလှမ်းချင်း ရှာဖွေစမ်းသပ်သည့်ဖြစ်စဉ်ကို ဖြတ်သန်းနေရသည်ကို ကျွန်တော်တို့ သတိမူမိပါသည်။ မာ့က်စ်ဝါဒ လီနင်ဝါဒနှင့် ဟိုချီမင်းအတွေးအခေါ်တို့တွင် အခြေခံသည့် ဆိုရှယ်လစ်စနစ်နှင့် အမျိုးသားလွတ်လပ်ရေးတို့၏ ရည်မှန်းချက်ကို ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ပြည်သူတို့သည် အောင်မြင်စွာ အကောင်အထည်ဖော် နိုင်လိမ့်မည်ဟု ကျွန်တော်တို့ ယုံကြည်ပါသည်။ ပြုပြင်ရေးကို စွဲမြဲစွာလုပ်ရင်း စက်မှုထွန်းကားရေးနှင့် ခေတ်မီရေးတို့ကို မဆုတ်မနစ်လုပ်ဆောင် တွန်းတင်သွားခြင်းဖြင့် ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗီယက်နမ်ပြည်သူတို့သည် ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ရေးနှင့် အမိနိုင်ငံ ကာကွယ်ရေးတို့တွင် တိုးတက်မှုများ ရရှိအောင်မြင်နိုင်မည် ဖြစ်ပါသည်။

ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီအကြား မျိုးဆက်ဟောင်းခေါင်းဆောင်များ ထုဆစ် ပုံသွင်းခဲ့သော ဆယ်စုနှစ်ချီ သက်တမ်းကြာခဲ့ပြီဖြစ်သည့် ညီအစ်ကိုပါတီဆက်ဆံရေးကို ကျွန်တော်တို့ အစဉ်အမြဲ တန်ဖိုးထားထိန်းသိမ်းသွားမည် ဖြစ်သည်။ ယခုရာစုနှစ် အကူးတွင် ဤဆက်ဆံရေးသည် ပိုမိုခိုင်မာတောင့်တင်း လာမည်ဟုလည်း ကျွန်တော်တို့ ယုံကြည်ပါသည်။ ညီအစ်ကိုပါတီများ၏ အောင်မြင်မှုများကို ဆည်းပူးသွားရန်နှင့် ကျွန်တော်တို့တော်လှန်ရေး၏ အခိုင်အမာအခြေအနေများတွင် သိပ္ပံနည်းကျစွာ အသုံးချသွားရန် ကျွန်တော်တို့ ပိုင်းဖြတ် ထားပါသည်။

စစ်အာဏာရှင်များ၏ ရက်စက်ကြမ်းကြုတ်သော ဖိနှိပ်မှုများကို ကျွန်တော်တို့ပါတီနှင့် ကျွန်တော်တို့ ပြည်သူများသည် သဏ္ဍာန်မျိုးစုံဖြင့် ဆန့်ကျင်တိုက်ပွဲဝင်နေကြပါသည်။ မျက်မှောက်ကာလတွင် ဆန့်ကျင်တိုက်ပွဲ ဝင်နေသော အင်အားစုများအနေဖြင့် အသာစီးရနေပြီဟု မဆိုနိုင်သော်လည်း စစ်အာဏာရှင်များသည် လမ်းဆုံး ရောက်နေကြောင်း ဝန်ခံနေရသည်ကို ကမ္ဘာက တွေ့မြင်နေရပြီဖြစ်သည်။

နယ်ချဲ့များကို ဆန့်ကျင်ခြင်းအားဖြင့်လည်းကောင်း၊ စစ်အစိုးရကို ခိုင်ကျည်စွာ တိုက်ပွဲဝင်ခြင်းအားဖြင့် လည်းကောင်း ကျွန်တော်တို့သည် နိုင်ငံတကာ့ ကွန်မြူနစ်လှုပ်ရှားမှုကို အကျိုးပြုသွားမည် ဖြစ်ပါသည်။

မာ့က်စ်ဝါဒ လီနင်ဝါဒ အဓွန့်ရှည်ပါစေ။
ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဗမာပြည်ကွန်မြူနစ်ပါတီအကြား ညီအစ်ကိုဆက်ဆံရေး အဓွန့်ရှည်ပါစေ။
ဗီယက်နမ်ကွန်မြူနစ်ပါတီ အဓွန့်ရှည်ပါစေ။

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ။

# UCP - CPSU ၏ ၃၂ ကြိမ်မြောက် အထူးကွန်ဂရက်သို့ ပေးပို့သည့် ဗမာပြည်ကွန်မြူနစ်ပါတီ၏ သဝဏ်လွှာ

သို့ ၂၀၀၁ခုနှစ်၊ ဇူလိုင်လ၊ ၂၀ ရက်

သဘာပတိအဖွဲ့
၃၂ ကြိမ်မြောက်အထူးကွန်ဂရက်
UCP - CPSU
မော်စကို၊ ရုရှားပြည်။

မှ

ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည် ကွန်မြူနစ်ပါတီ
ဗမာပြည်။

အကြောင်းအရာ။ ။ ဂုဏ်ပြုသဝဏ်လွှာပေးပို့ခြင်း။

ချစ်လှစွာသောရဲဘော်တို့

ကျွန်တော်တို့၏ ပါတီဝင်ထုတရပ်လုံးကိုယ်စား ရဲဘော်တို့ကို ချီးကျူးဂုဏ်ပြုလိုပါသည်။ ဤကွန်ဂရက် လုံးဝအောင်မြင်ပါစေကြောင်းလည်း ဆန္ဒပြုလိုက်ပါသည်။

ကျန်ရှိနေသေးသော ဆိုရှယ်လစ်နိုင်ငံများ၊ ဆင်းရဲသောနိုင်ငံများ၊ လက်ဝဲအင်အားစုများနှင့် ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူများအပေါ်တွင် အရင်းရှင်ကမ္ဘာ့လွှမ်းခြုံရေးက အလုံးစုံသော ရက်စက်ကြမ်းကြုတ်သည့် တိုက်ပွဲကို ဆင်နွှဲနေသော အခါသမယတွင် နိုင်ငံတကာကွန်မြူနစ်လှုပ်ရှားမှုသည် ပြန်လည်နာလန်ထူလာရန် အတွက် များစွာအားထုတ်လုံးပန်း တိုက်ပွဲဝင်သွားရပေမည်။ ဤအချိန်မျိုးတွင် ကွန်မြူနစ်ပါတီတရပ်၏ အောင်မြင်မှု သို့မဟုတ် ဆုံးရှုံးမှုသည် ကျန်ညီအစ်ကို ပါတီများအပေါ်တွင် တူညီသောအကျိုးသက်မှု ရှိပေသည်။ ယင်းနောက်ခံ အကြောင်းအချက်ကြောင့် ပစ္စည်းမဲ့အဖွဲ့အစည်းများ အထူးသဖြင့် ပါတီကြီးများ၏ ကွန်ဂရက်များကို ကမ္ဘာ့ပစ္စည်းမဲ့များသည် မျှော်လင့်ချက်များဖြင့် စောင့်ကြည့်နေလေ့ရှိပါသည်။ ကျွန်တော်တို့သည်လည်း ခြွင်းချက်မဟုတ်ပါ။

နိုင်ငံတကာ့အရင်းနှင့် နယ်ချဲ့စနစ်တို့၏ နည်းပရိယာယ်သည် အလွန်ရိုးစင်းလှပေသည်။ သူတို့ မနှစ်မြို့သော နိုင်ငံအားလုံးကို ဖြိုခွဲပစ်ခြင်းဖြင့် အားနည်းသွားစေရန်နှင့် တကမ္ဘာလုံးကို အရင်းရှင်စနစ် ပြုရေးသို့သွားရာ သူတို့၏လမ်းကြောင်းတွင် ရပ်တည်ဟန့်တားနေသော လက်ဝဲပါတီများကို အားနည်းသွား စေရန် သို့မဟုတ် ဖြစ်နိုင်ပါက ချေမှုန်းပစ်ရန်တို့ ဖြစ်ပါသည်။ မျက်မှောက်အချိန်တွင် အလွန်အမင်း အားကြီး နေသဖြင့် သူတို့၏ရည်မှန်းချက်များ သို့မဟုတ် ယင်းတို့ကို အကောင်အထည်ဖော်ရန် နည်းလမ်းများကို သူတို့ ဖုံးကွယ်ထားရန် မလိုကြပါ။ လက်ရှိအချိန်တွင် သူတို့သည် အင်အားကြီးမားနေပြီး ကျွန်တော်တို့ အားနည်း နေသည်ကို ကျွန်တော်တို့အားလုံး ဝန်ခံကြရပါမည်။

ရုရှားပြည်သူတို့အပေါ် ရုရှားကွန်မြူနစ်တို့၏လူကြိုက်များမှုနှင့် သြဇာကြီးထွားလာနေခြင်းသည် ကမ္ဘာ့လက်ဝဲ အင်အားစုများနှင့် ပြည်သူများအတွက် အစဉ်အမြဲ အားပေးမှုကြီးပင် ဖြစ်ပါသည်။ ရုရှား နိုင်ငံသည် အောက်တိုဘာတော်လှန်ရေး မွေးဖွားခဲ့သောနေရာဖြစ်ပြီး ထိုတော်လှန်ရေး၏ ကြီးမားပြင်းထန်သော စွမ်းအင်အားမာန်တို့က ကျွန်တော်တို့အတွက် မာ့က်စ်ဝါဒ၊ လီနင်ဝါဒကို ဆောင်ကြဉ်းပေးခဲ့ရုံမကဘဲ နယ်ချဲ့ ထမ်းပိုးအောက်မှလည်း လွတ်မြောက်စေခဲ့သည်ကို မည်သည့်အခါမျှ မေ့သွားမည်မဟုတ်ပေ။ ရဲဘော်လီနင်နှင့် ရဲဘော်စတာလင်တို့က သူတို့၏ သူမတူသည့်စွမ်းရည်များကို ကျင့်သုံးခဲ့သောနိုင်ငံ၏ မိုးကောင်းကင်တွင်

အလံနီသည် ထာဝရလွင့်မြူးနေသည်ကို ကျွန်တော်တို့ မြင်လိုကြသည်မှာ သဘာဝကျပါသည်။

UCP - CPSU ၏ လက်ရှိကွန်ဂရက်သည် အဖွဲ့အစည်း အင်အားတောင့်တင်းရေးနှင့် ရုရှားပြည် ပစ္စည်းမဲ့လုပ်ရှားမှု အားမာန်ဟုန်အပြည့်ဖြင့် ပြန်လည်ရှင်သန်လာရေးကို ပိုမိုအကျိုးပြုနိုင်လိမ့်မည်ဟု ကျွန်တော်တို့ မျှော်လင့်ပါသည်။ ရုရှားပြည်တွင် ကွန်မြူနစ်လှုပ်ရှားမှုသည် ဖြစ်နိုင်သမျှသော စွမ်းအင်အရှိန်ဖြင့် ဖွံ့ဖြိုးကြီးထွားလာရေးနှင့် နယ်ချဲ့တို့နှင့် ဗျူရိုကရက်အရင်းရှင်တို့၏ ထမ်းပိုးအောက်မှ ရုရှားပြည်သူတို့ လွတ်မြောက်ရေးကို ကျွန်တော်တို့သည် ကမ္ဘာပေါ်ရှိအခြားပစ္စည်းမဲ့ တိုက်ပွဲဝင်သူများနည်းတူ တွေ့မြင်လိုပါသည်။

UCP - CPSU အဓွန့်ရှည်ပါစေ။

UCP - CPSU နှင့် ဗမာပြည်ကွန်မြူနစ်ပါတီအကြား ညီအစ်ကိုဆက်ဆံရေး အဓွန့်ရှည်ပါစေ။

မာ့က်စ်ဝါဒ လီနင်ဝါဒ အဓွန့်ရှည်ပါစေ။

ကွန်မြူနစ်တို့၏ နှုတ်ခွန်းဆက်သခြင်းဖြင့်
ဗဟိုစည်းရုံးရေးကော်မတီ
ဗမာပြည်ကွန်မြူနစ်ပါတီ

သက္ကရာဇ် ၂၀၀၀ – ၂၀၀၁ အခုခေတ်ဟာ စစ်အေးလွန်ခေတ်၊ အမေရိကန် တဦးတည်း ဗိုလ်ကျလွှမ်းမိုးချင်နေတဲ့ခေတ်ပါ။
( ထုတ်ပြန်ကြေညာချက် ၁/၂၀၀၁ )

# တစည ဥက္ကဋ္ဌ ဗိုလ်သာကျော်သို့ အိတ်ဖွင့်ပေးစာ

၁၃၊ ၁၀၊ ၂၀၀၀ ရက်စွဲတပ်ထားသည့် ဗိုလ်သန်းရွှေ (နအဖ ဥက္ကဋ္ဌ) ထံသို့ ဗိုလ်သာကျော် (တစည ဥက္ကဋ္ဌ) မှ ပေးစာကို ဖတ်ရပါသည်။ လျှို့ဝှက်ဟု သတ်မှတ်ထားသော်လည်း မလျှို့ဝှက်လိုကြောင်း သိသာပါသည်။ တစညပါတီ ထွက်လာသင့်ပြီဟု ကျွန်တော်တို့ ပြောခဲ့သည်မှာ ကြာပါပြီ။ ယခုထွက်လာသဖြင့် ကြိုဆိုပါသည်။

ထွက်လာသည့်ရက်စွဲကို ကြည့်သောအခါ နအဖနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ "စကားပြောပွဲ" စသည့်အချိန်နှင့် တိုက်ဆိုင်နေသည်ကို တွေ့ရပါသည်။ ရေးထားသည့်အာဘော်ကို ကြည့်သောအခါလည်း "လိပ်ပြာမသန့်"၊ "သမိုင်းတရားခံ" အဖြစ်မခံနိုင်ဟု ဆိုထားသဖြင့် ဤ "စကားပြောပွဲ" ဖြစ်စေရန် သူတို့လည်းတွန်းဆော်ပေးနေပါသည်ဟု တိုင်းပြည်သို့ အသိပေးလိုဟန် ရှိပါသည်။ ကျွန်တော်တို့သည် ဗိုလ်နေဝင်းထံသို့ မသေမီတိုင်းပြည်အတွက် ကောင်းမှုတခုတော့ လုပ်သွားစေချင်ကြောင်း စာရေးဖူးပါသည်။ နအဖနှင့် NLD စေ့စပ်ဆွေးနွေးပွဲ ဖြစ်မြောက်အောင် သူ၏အရှိန်အဝါကိုသုံးပြီး သူ့တပည့်သားမြေးများကို တွန်းပေးပါက တိုင်းပြည်အတွက် ကောင်းမှုတခုပြုခြင်းဟု ကျွန်တော်တို့ယူဆမည်ဖြစ်ကြောင်း စာရေးခြင်း ဖြစ်ပါသည်။

ယခုလည်း တစညတွင်းမှ တပ်မှူးကြီး (ဟောင်း) များသို့ အောက်ပါအတိုင်း အကြံပေးလိုပါသည်။ တစည အနေနှင့် တပ်မတော်ပြိုကွဲမည်ကို စိုးရိမ်နေကြောင်း အထင်အရှား တွေ့ရပါသည်။ NLD နှင့် တစည ကွဲနေခြင်းသည် တပ်မတော်ပြိုကွဲခြင်း၏ ပြယုပ်ဟု ဆိုထားပါသည်။ ကျွန်တော်တို့ သဘောတူပါသည်။ ၄၈ – ၄၉ ကလည်း ဤသို့ပင် ပြိုကွဲဖူးပါသည်။ ထိုကိစ္စကိုတော့ တစညက ထည့်မပြောပါ။ ဗိုလ်နေဝင်း အလိုမကျဖြစ်မှာကို စိုးရိမ်၍ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့ နားလည်ပါသည်။

တစညက ဗိုလ်ဇော်ထွန်းလိုလူတွေ နအဖထဲမှ ထပ်မံပေါ်ထွက်လာမည်ကို စိုးရိမ်နေကြောင်း အထင်အရှား တွေ့ရပါသည်။ စိုးရိမ်ထိုက်ပါသည်။

နအဖ စစ်အုပ်စုမှာ အခြောက်တိုက် ဘဝင်မြင့်နေပါသည်။ ဗိုလ်သာကျော်တို့လည်း တွေ့မိလိမ့်မည်ထင်ပါသည်။ ရှေ့ကစစ်အုပ်စုဟောင်းများ မလုပ်နိုင်ခဲ့တာတွေ သူတို့လုပ်နိုင်သည်ဟု အထင်ရောက်ပြီး ဘဝင်မြင့်ကြခြင်း ဖြစ်ပါသည်။ စစ်အေးခေတ် ကုန်ဆုံးခြင်းဆိုသော အကြောင်းအချက်ကို သူတို့ထည့်မတွက်ကြပါ။

ထိုသို့ ထည့်မတွက်သောကြောင့် စစ်အေးလွန်ခေတ်၏ အကျိုးကျေးဇူး ယာယီခံစားရခြင်းကို အဟုတ်ကြီး ထင်နေပြီး စစ်အေးလွန်ခေတ်ကပေးလာမည့် အန္တရာယ်ကို မမြင်နိုင်ကြတော့ပါ။

၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ခြင်းသည် ပြည်တွင်းရေးသက်သက် ဖြစ်ပါသည်။ ထိုငြင်းပယ်ခြင်း၏ အကျိုးဆက်အဖြစ် နိုင်ငံတကာ့ခွင်တွင် အထီးကျန်ဖြစ်ရပါသည်။ နောက်ဆုံးတွင် ဗိုလ်ဇော်ထွန်းလို ပုဂ္ဂိုလ်မျိုးပေါ်ရပါသည်။

ယခုမူ ပြည်ပရေး (ထိုင်းနှင့် ပါးစပ်စစ်တိုက်ခြင်း) ကို လုပ်လာပါသည်။ ဤဘဝင်မြင့်လုပ်ရပ်ကြောင့် တိုင်းပြည် ဒုက္ခတွေ့ပါလိမ့်မည်။ တစညပါတီ အစိုးရိမ်ဆုံးဖြစ်သော တပ်မတော်ပြိုကွဲရေးနှင့် ရပ်နေမည့်ကိစ္စ မဟုတ်ပါ။ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်ကြီးပါ ကပ်ပါလာပါလိမ့်မည်။

တစည ဥက္ကဋ္ဌ ဗိုလ်သာကျော်အပါအဝင် ဗိုလ်ထွန်းတင်စသော တစညခေါင်းဆောင်စုသည် ခေတ်အမျိုးမျိုးကို ဖြတ်သန်းဖူးကြပါသည်။ တချက်မှားရုံဖြင့် တိုင်းပြည်မည်သည့်ဘဝ ကျရောက်နိုင်သည်ကို သိကြပါသည်။ ထို့ကြောင့် လက်ရှိ စစ်အုပ်စုကို အချိန်မီ ပြုပြင်ပေးကြပါရန် တိုက်တွန်းအပ်ပါကြောင်း။

(ကျွန်တော်တို့ ပြောရေးဆိုခွင့်ရှိသူ၏ ထိုင်း– ဗမာ အရေးနှင့်ပတ်သက်သည့် ထုတ်ပြန်ချက် ပူးတွဲပေးလိုက်ပါသည်။)

ကျန်းမာ၍ တိုင်းပြည်အကျိုး သည်ပိုးနိုင်ကြစေကြောင်း ဆုမွန်ကောင်းတောင်းပါသည်။

ဗမာပြည်ကွန်မြူနစ်ပါတီတွင်းမှ<br>
သင်တို့၏တိုက်ဖော်တိုက်ဖက်ဟောင်းများ။

# တော်လှန်ရေးနှင့် လုပ်ကြံရေး

( ၁ )

တော်လှန်ရေးနှင့် လုပ်ကြံရေးတွင် အရေးကြီးသောတူညီမှုတခု ရှိပါသည်။ ၎င်းမှာ ဘုံရန်သူအပေါ် မုန်းတီးမှုတွင် တူညီခြင်း ဖြစ်ပါသည်။ လီနင်၏ အစ်ကိုသည် လုပ်ကြံရေးသမား ဖြစ်သည်။ သူသည် ဇာစနစ်က ဇာမိသားစုကို ဖန်တီးထားခြင်းကို မသိ။ စနစ်ကို မမြင် ဇာမိသားစုကိုသာ အသေအလဲ မုန်းသည်။ လုပ်ကြံရန် ကြိုးစားသည်။ နောက်ဆုံး မိပြီး သေဒဏ်ကျခံရသည်။ ဇာစနစ် ရှိနေလျှင် ဇာတယောက်သေက နောက်ဇာတယောက် ပေါ်လာမည်။ နောက်ဇာက ရှေ့ဇာထက်တောင် ဆိုးချင်ဆိုးမည်။ ဗိုလ်အောင်ဆန်း လုပ်ကြံခံရပြီး ဦးစောတက်လာလျှင် မည်သို့ ဖြစ်မည်နည်း၊ တခါ ဖဆပလထဲမှ နောက်တက်သူသည် ပိုကောင်းလာသလော – ပိုဆိုးသွားသလော – စဉ်းစားကြည့်ပါ။

စနစ်ကိုမမြင် လူကိုမြင်သောသူသည် မည်သည့်အခါမျှ နိုင်ငံရေးတည်ငြိမ်မှုမရှိ၊ အခုတမျိုး တော်ကြာတမျိုး၊ အတော်ဗလောင်းဗလဲနိုင်သည်။ တရုတ်ပြည်မှ ဝမ်ကျင်ဝေ့ကိုကြည့်။ သူသည်မန်ချူးမင်းဆက်ကို မုန်းသည်၊ လုပ်ကြံသည်၊ နေ့ချင်းညချင်း တပြည်လုံးကျော်ကြားသွားသည်။ နောက်ကေအမ်တီ လက်ဝဲဂိုဏ်း ဖြစ်လာသည်။ ချန်ကေရှိတ်၏ လက်ယာဂိုဏ်းကိုမုန်း၍ “လက်ဝဲ” လုပ်ခြင်း ဖြစ်သည်။ နောက်တော့ ဖက်ဆစ်ဂျပန်၏ ရုပ်သေးထိပ်သီးဖြစ်ပြီး ဇာတ်သိမ်းသည်။ မန်ချူးမင်းဆက် ဆန့်ကျင်ရေး “သူရဲကောင်း” အဖြစ်မှ၊ အမျိုးသားသစ္စာဖောက်အဖြစ်သို့ တစတစပြောင်းသွားခြင်း ဖြစ်သည်။ ဘာ့ကြောင့် ဤသို့ဖြစ်သနည်း။

သူသည်စနစ်ကိုမမြင်၊ လူကို မြင်သည်။ စနစ်ကို မမုန်း၊ လူကိုမုန်းသည်။ ပထမ မန်ချူးမင်းဆက်ကို မုန်းသည်။ နောက် ချန်ကေရှိတ်ကို မုန်းသည်။ ချန်ကေရှိတ်က လက်ယာဂိုဏ်း ဖြစ်နေစဉ် မုန်းသည်မှာ ကိစ္စမရှိ။ သူက “လက်ဝဲဂိုဏ်း” ဖြစ်ရုံမျှသာ။ ချန်ကေရှိတ်က ဂျပန်ဆန့်ကျင်နေသောအခါ မုန်းတော့ သူ ဂျပန်နှင့် ပေါင်းတော့သည်။

လုပ်ကြံရေးကား တောင်ကျချောင်းနှင့် တူသည်။ တော်လှန်ရေးကား ဧရာဝတီမြစ်ကြီးနှင့် တူသည်။ တောင်ကျချောင်းသည် မိုးသည်းသည်းရွာပြီဆိုလျှင် အလွန်ရေစီးမြန်သည်။ အရှိန်အဟုန်လည်း ပြင်းသည်။ ကျောက်တုံးကြီးများကိုပင် တိုက်ချသွားသည်။ သူ့ရှေ့ရောက်နေလျှင် မည်သည့်အရာမျှ မခံနိုင်။ အသံကလည်း မြည်ဟီးလှသည်။ အသည်းငယ်သူများအတွက် လိပ်ပြာလွင့်မတတ် ခံစားသွားနိုင်သည်။

သို့သော် မိုးမရွာလျှင်ကား ရေလည်း မရှိ၊ ဒေါသမာန်ဟုန်လည်း မရှိ၊ ခြောက်သယောင်းသွားတော့သည်။ သို့သော် သူ့ဆီမှ စီးဆင်းသည့်ရေကား မြစ်ကြီးအတွင်းသို့ ရောက်ပါသည်။

မြစ်ကြီးကား တော်လှန်ရေး ဒီရေနိမ့်ကာလနှင့်တူသည့် နွေရာသီ ကာလမျိုးတွင်ပင်လျှင် အရှိန်မပျက် စီးဆင်းမြဲ။ နွေရာသီတွင် ရေနည်းပြီး သောင်ထွန်းလျှင် ထွန်းနေလိမ့်မည်၊ ပင်မရေစီးကြောင်းကား စီးမြဲပင်။ နောက်ဆုံး တော်လှန်ရေးအောင်ပွဲဟူသော ပင်လယ်သို့ကား အနှေးအမြန် ရောက်လိမ့်မည်။

( ၂ )

တော်လှန်ရေးနှင့် လုပ်ကြံရေးသည် အဘိဓမ္မာချင်းပင်မတူ – ကွဲလွဲသည်။ တခုက ရုပ်ဝါဒကို၊ တခုက စိတ်ဝါဒကို အခြေခံသည်။ စဉ်းစားတွေးခေါ်ရာတွင်လည်း တခုက တော်လှန်ရေး အကောင်းမြင်ဝါဒအရ စဉ်းစားသည်။ တခုက အဆိုးမြင်အခြေခံပြီး ကမ္ဘာ့ရှုထိုး စဉ်းစားသည်။ သမိုင်းအမြင်ချင်းလည်း မတူကြပါ။ ကွန်မြူနစ်များက ပြည်သူလူထုသာ သမိုင်းဖန်တီးသူများဟုမြင်ပြီး၊ သူတို့က တဦးချင်းသူရဲကောင်းများက ဖန်တီးသည်ဟု မြင်ပါသည်။ လုပ်ဟန်ချင်းလည်း ခြားနားပါသည်။ တခုက သိပ္ပံနည်းကျ လက်တွေ့ဝါဒအရ လုပ်သည်။ တခုက လက်တွေ့အလုပ်ဖြစ်ရေး ပဓာနဝါဒဖြစ်သည်။

အဘိဓမ္မာချင်း မည်မျှပင် ကွဲပြားပါစေ ကွန်မြူနစ်များက လုပ်ကြံရေးကို နားလည်ပါသည်၊ စာနာပါသည်၊ ကိုယ်ချင်းစာသည်ဟုပင် ပြောနိုင်ပါသည်။

ဒီမိုကရေစီ တော်လှန်ရေး ရေစုန်မျောမလို ဖြစ်နေသည်ကို သူတို့မကြိုက်သလို ကွန်မြူနစ်များလည်း မကြိုက်ပါ။ “မျက်စိလည်လေ ဆွမ်းဆန်ရလေ” ဖြစ်နေသူများကို

ကွန်မြူနစ်များရော သူတို့ပါ မြင်နေကြပါသည်။ “မျက်စိလည်နေသူများ” မှာလည်း တချို့က အစစ်အမှန် မျက်စိလည်နေတာဖြစ်၍ တချို့ကဆွမ်းဆန်ရဖို့ မျက်စိလည်ဟန်ဆောင်နေခြင်း ဖြစ်နိုင်ပါသည်။ ဤသို့ဖြစ်နေသည့် အခြေအနေကို မကြိုက်တာချင်းလည်း တူကြပါသည်။

လမ်းဆုံးလျှင် ရွာတွေ့မည် မှန်သော်လည်း ကိုယ်ရောက်ချင်သည့်ရွာ မရောက်မှာကို မြင်ပုံချင်းလည်း တူကြပါသည်။

သို့သော်မြင်ပုံချင်း မည်သို့ပင်တူစေ – လုပ်ပုံချင်းကား ပြဒါးတလမ်း သံတလမ်း ဖြစ်ပါသည်။

( ၃ )

ထိုင်းတွင် သံရုံးစီးသည့်ကိစ္စ ပေါ်စဉ်က ကွန်မြူနစ်များက ထိုရဲဘော်များကို အပြစ်မပြောခဲ့ပါ။ စာနာမှုပြခဲ့ပါသည်။ သို့သော် လမ်းမှားနေသည်ကိုတော့ တာဝန်အရ ထောက်ပြခဲ့ပါသည်။

တနှစ်ကုန် တနှစ်ဆန်း ပရိဂျက်တင်၊ ငွေထုတ်၊ တခုခုလုပ် ဤသံသရာတွင် မျောပါနေသူတချို့ကို သူတို့ မကျေနပ်ပါ။ ပရိဂျက်အရ လုပ်သည့်အလုပ်တွေကလည်း မည်မည်ရရ အောင်မြင်မှုမရဖြစ်လေ၊ မကျေနပ်မှုက အစိုင်အခဲကြီးလာလေဖြစ်ပြီး အလုပ်တခုကို မည်မည်ရရဖြစ်အောင် လုပ်လိုက်တော့သည်။

လုပ်ကြံရေးသည် လူထုကို အားကိုးစရာမလို တကိုယ်တော်လုပ်၍ ရသည်။ သို့မဟုတ် လူတစု စုပြီးလုပ်၍ရသည်။ မြန်မြန်လည်း အလုပ်ဖြစ်ပါသည်။ ကြာကြာ လုပ်နေလျှင်လည်း မရပါ၊ ပေါက်ကြားသွားမည်။

၁၃၀၀ ပြည့်အရေးတော်ပုံ ဆုံးရှုံးစဉ်ကလည်း နေသူရိန် (မဟာဆွေ) ၏ မကြောက်တရားမှာ တိုးတက်သူ လူငယ်ကြိုက် ဖြစ်ခဲ့သည်။ သူ့စာများက လုပ်ကြံရေးကိုပဲ ညွှန်းသည်။ သို့သော် ထိုစဉ်ကလူငယ်တွေမှာ စစ်အတွေ့အကြုံမရှိ၊ စစ်ဗဟုသုတတောင် မရှိခဲ့ပါ။ ယခုပြန်စဉ်းစားလျှင် ရယ်စရာများ ဖြစ်နေသည်။ လက်ပစ်ဗုံးကို အနုမြူလက်နက်လောက် အထင်ရောက်နေသော အရေးအသားများ ဖြစ်နေလို့ – –ပါ။

ဒုတိယကမ္ဘာစစ် ဖြတ်သန်းပြီးသောအခါ တိုးတက်သူလူငယ်များ မပြောနှင့် ကျေးလက်လူထုသည်ပင် သေနတ်အမျိုးမျိုးကို ပစ်တတ်ပြီး လက်ပစ်ဗုံးဖြင့် သမင်အုပ်ကို ပစ်သောခေတ် ရောက်နေပြီ။

ထိုင်းမှရဲဘော်များသည် လက်နက်ရှာရ မခက်ပါ။ ထို့ကြောင့် ၁၃၀၀ ပြည့် အရေးတော်ပုံ ဒီရေကျတွင် လုပ်ကြံရေးဝါဒက စိတ်ကူးသာကူးနိုင်သော်လည်း ယခုမူ လုပ်ချင်လျှင် လွယ်နေပါပြီ။

ကွန်မြူနစ်များသည် လုပ်ကြံရေး လုပ်ဖို့ မည်သည့်အခါကမျှ စိတ်မကူးခဲ့ပါ။ လုပ်ချင်လျှင် သခင်နု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ ဗိုလ်နေဝင်းအစ စစ်အုပ်စုဝင်ဗိုလ်များကို လုပ်ကြံနိုင်ပါသည်။ သူတို့၏လူယုံ အနီးကပ် ကိုယ်ရံတော်လုပ်ခဲ့သည့် ဗိုလ်များ၊ တပ်သားများ ကွန်မြူနစ်ပါတီထဲတွင် အများအပြား ရှိခဲ့ပါသည်။

ကွန်မြူနစ်များတွင် ရန်သူကို မုန်းသည့်ဒီဂရီ ပိုလျှင်သာ ပိုမည်၊ မလျော့ပါ။ ကောန်းသေလည်း ငစွေပေါ်မည်ကိုသိ၍ လုပ်ကြံရေးကို စိတ်မကူးခဲ့ခြင်းဖြစ်ပါသည်။

လုပ်ကြံရေး၏ သားကောင်များ အဖြစ် ကွန်မြူနစ်များ ခံခဲ့ရသည်မှာ များလှပါသည်။ ကိုသိန်းဖေနှင့်အတူ အိန္ဒိယသို့ သွားခဲ့သော သခင်တင်ရွှေ (ကျောက်ဆည်) မှ အစ သခင်သန်းထွန်းအဆုံး လုပ်ကြံခံခဲ့ရပါသည်။

ဗိုလ်သိန်း၊ ဗိုလ်အာဇာဝက စသူ စသူများလည်း တနည်းတဖုံ လုပ်ကြံခံရခြင်းပင် ဖြစ်ပါသည်။

( ၄ )

လုပ်ကြံရေးကြောင့်ရသည့် အကျိုးဆက်များကိုလည်း ကွန်မြူနစ်များကြည့်ပါသည်။ သမိုင်းတွင်ကြုံခဲ့ရပေါင်း များပါပြီ။ ပဒေသရာဇ်မင်းပြောင်းမင်းလွဲ အကျိုးဆက်များကို ထည့်တွက်လျှင်လည်း ရပါသည်။ သို့သော် ထည့်မတွက်တော့ပါ။

လွတ်လပ်ရေး တိုက်ပွဲခေတ် လုပ်ကြံရေးများ၏ အကျိုးဆက်ကိုသာ ပြောပါမည်။ ဒုတိယ ကမ္ဘာစစ်အပြီး ရောက်လာသော အင်္ဂလိပ်နယ်ချဲ့သမားသည် လုပ်ကြံရေးကို သွယ်ဝိုက်၍သော်လည်းကောင်း၊ အတိအလင်းသော်လည်းကောင်း အားပေးပါသည်။ ဖဆပလ – ကွန်မြူနစ် အကွဲကာလက လုပ်ကြံသတ်ဖြတ်ခံရသော ကွန်မြူနစ်များ မနည်းပါ။ တပြည်လုံးအနှံ့ ခံခဲ့ရပါသည်။ မည်သည့်အခါကမျှလည်း တရားခံဖော်ထုတ်ဖမ်းဆီးခြင်း အင်္ဂလိပ်က မလုပ်ပါ။ အမှုအခင်းဟုပင် သဘောထားပုံ မပေါ်ပါ။

ဦးစောနှင့် လုပ်ကြံသူများကို မည်သူမြှောက်ပေးခဲ့၍ မည်သူတွေ လုပ်ခဲ့သနည်း၊ သမိုင်းကိုမီခဲ့သူအတွင်းလူများ သိကြ ပါသည်။ ဦးစောကို လုပ်ကြံရေးလမ်း လိုက်လာ အောင် မည်သူတွေ လုပ်ခဲ့ပါသနည်း။ မလုပ်ဖြစ် လုပ်ဖြစ်အောင် အင်္ဂလိပ် အာဏာပိုင်များက လက်နက်ထုတ်ပေး၊ မြှောက်ပေးပါသည်။ အင်္ဂလိပ်များသည် လုပ်ကြံမည့် အကြံအစည် သာမက နေ့ရက်ကိုပင် သိနေ ဟန် ရှိပါသည်။

လုပ်ကြံမှုလည်းပြီးရော လူထု၏ ဒေါသကို လမ်းလွှဲလိုက်ရန် ဦးစောကိုဖမ်း၊ ဦးနုကိုအာဏာအပ် လုပ်ခဲ့သည်။ လူထု၏ ဒေါသကို လမ်းလွှဲပေးခဲ့သည်။ ဦးစောကို စတေးလိုက်ခြင်းဖြင့် နှုတ်ပိတ်လိုက်သလိုလည်း ဖြစ်သွားသည်။

လုပ်ကြံမှု၏ အကျိုးဆက်ကော ကောင်းခဲ့ပါ၏လော။ ဦးနု၏အားနည်းချက်ကို ချက်ယူ၍ ဆိုရှယ်လစ်များ ထင်ရာစိုင်း နိုင်ခဲ့သည်။ ဗိုလ်အောင်ဆန်းရှိစဉ်က သူတို့ ငြိမ်ဝပ်နေသလောက် – မရှိတော့ မောက်မာ သောင်းကျန်းတော့သည်။ အကျိုးဆက်က ပြည်တွင်းစစ် ဖြစ်ခဲ့သည်။ ဗိုလ်အောင်ဆန်း ရှိစဉ်က မတို့ဝံ့ မထိဝံ့သော ပြည်သူ့ရဲဘော် အဖွဲ့ကို တောထဲမောင်းပို့ခဲ့သည်။ သူတို့ ဆိုရှယ်လစ်ထဲက ဆိုရှယ်လစ်များကိုပင် အပြင် ရောက်အောင် လုပ်ခဲ့သည်။

ဗိုလ်နေဝင်း အာဏာသိမ်းဝံ့ခြင်း သည်ပင် လုပ်ကြံရေး၏အကျိုးဆက် ဖြစ်တော့သည်။ အစိုးရစစ်တပ်တွင်းတွင် ဗိုလ်နေဝင်း၏ တပည့်သားမြေးများသာ ကျန်အောင် ဆိုရှယ်လစ်များ ပေါ်လစီချ၍လုပ်ခဲ့သည်။ ဆိုရှယ်လစ်မဟုတ်လျှင် တပ်၏ထိပ်ပိုင်းတွင် မည်သူများနေ၍ ရသေးသနည်း။

နှစ်ပေါင်းများစွာ တလက်ကိုင်တပ် ဖြစ်နေသော စစ်တပ်ကိုမပြုပြင်ဘဲ မည်သည့် အရာမျှ အောင်မြင်နိုင်မည် မဟုတ်ပါ။ စစ်အုပ်စုဝင်တယောက်ကို လုပ်ကြံရုံဖြင့် စစ်တပ် ပြုပြင်ပြီး ဖြစ်သွားမည် မဟုတ်ပါ။

လူထုဆန္ဒပြပွဲဖြင့် ( ၈၈ ခုနှစ်) က လုပ်ခဲ့သည်။ ( ၉၀) ခုနှစ်က ရွေးကောက်ပွဲဖြင့် လုပ်ခဲ့သည်။ အောင်မြင်မှု မရခဲ့ပါ။ ဒီမိုကရေစီ

တော်လှန်ရေး အောင်မြင်မှုမှာ စစ်တပ်ပြုပြင် ရေး မလုပ်ဘဲ မရနိုင်ကြောင်း ထင်ရှားနေပါပြီ။

တလက်ကိုင်စစ်တပ်ကို မပြုပြင်ဘဲ မည်သည့်အရာမျှ မရနိုင်ကြောင်း သိသာနေပါပြီ။ ဤသည်မှာ ဗိုလ်အောင်ဆန်း လုပ်ကြံခံရခြင်း၏ အကျိုးဆက်များ ဖြစ်ပါသည်။

ယခုတော့ ဗိုလ်အောင်ဆန်း ဟူသော နတ်နေဂိုဏ်းပင် အချိုင်ခံနေရပြီ မဟုတ်လော။ ဦးစောစခဲ့သော လုပ်ကြံရေး၏ အကျိုးဆက်ကား ဦးစောမျှော်မှန်းခဲ့သော အလုပ်ကို ဗိုလ်နေဝင်းနှင့် ကုမ္ပဏီက ဆက်လက်လုပ်ဆောင်နေခြင်းပင် ဖြစ်တော့ သည်။

( ၅ )

ကွန်မြူနစ်နှင့်လုပ်ကြံရေးတွင် သမိုင်းကြောင်းဆက်စပ်မှု ရှိနေပါသည်။ အိန္ဒိယမှ လုပ်ကြံရေးဝါဒီ အများအပြား ကွန်မြူနစ် ဖြစ်လာကြပါသည်။ နယ်ချဲ့ကိုမုန်းပြီး တိုင်းပြည်ချစ်စိတ်ကို အခြေခံကြခြင်းဖြစ်၍ ဆက်စပ်နေခြင်း ဖြစ်ပါသည်။

ဗမာပြည် ကွန်မြူနစ်ပါတီ ထူထောင်စဉ်က ဘင်္ဂလားရဲဘော်များ၏ အခန်းကြီးပါသည်။ ၁၉၃၉ မှ ၄၂ ထိ ပါတီဝင် အများအပြားမှာ ဘင်္ဂလားရဲဘော်များ ဖြစ်ပါသည်။ ရဲဘော်ဂိုရှယ်သည် ပါတီထောင်ခဲ့သည့်သူတဦး ဖြစ်ပါသည်။ (ပါတီ၏ငွေရတု ၂၅ နှစ်မြောက်နေ့ သခင်သန်းထွန်း၏ မိန့်ခွန်းတွင် ရဲဘော်ဂိုရှယ်ကို ထောပနာ ပြုခဲ့ပါသည်။)

ဘင်္ဂါလီပါတီဝင်ရဲဘော်တချို့ (ဆရာရာဂျန် စသည်) မှာ နဂိုက ဘင်္ဂလားလုပ်ကြံရေး ဂိုဏ်းဝင်များ ဖြစ်ပါသည်။ ဗမာပါတီဝင် ရဲဘော်များတွင်လည်း နဂါးနက်ဂိုဏ်းဝင်ဟောင်းများ ပါပါသည် (မြင်းခြံ ကိုကိုကြီး စသူများ)။

လုပ်ကြံရေးဝါဒကား ကွန်မြူနစ်ဝါဒထက် စောစွာပေါ်ခဲ့သောဝါဒ ဖြစ်ပါသည်။ ရန်သူကို မခံချင်စိတ်၊ မုန်းတီးစိတ်တွင် မြစ်ဖျား ခံထားသောဝါဒဖြစ်၍ ချစ်သူမုန်းသူရှိနေသော ခေတ်တိုင်းတွင် ရှိနေမည့်ဝါဒ ဖြစ်ပါသည်။ သက်ဆိုးရှည်သည့်ဝါဒ ဖြစ်ပါသည်။ ချစ်သူ မုန်းသူကလည်း အပြောင်းအလဲရှိတတ်တော့ ဒီနေ့ချစ်သူက နောက်နေ့မုန်းသူ ဖြစ်နေတတ်ပါသည်။ အပြောင်းအလဲ များတတ်ပါသည်။ သို့သော် မုန်းတီးမှုတခုတည်းဖြင့် တော်လှန်ရေးကိုတော့ လုပ်၍မရပါ။ လုပ်ကြံရေးသာ လုပ်၍ ရပါမည်။ မည်သည့်လုပ်ကြံရေးမျှလည်း စနစ်ပြောင်းအောင် မလုပ်နိုင်ခဲ့ပါ။

၃၊ ၁၁၊ ၂၀၀၀။

"စေ့စပ်ဆွေးနွေးပွဲ အပြီးအပိုင်ဖျက်သိမ်းလိုက်တယ်" လို့ ကြေညာတဲ့အချိန်ဟာ အမိဗမာပြည်ကို ချည်နှောင်ထားတဲ့ကြိုးတွေကို တော်လှန်ရေးနည်းနဲ့ ဖောက်ခွဲဖြတ်တောက်ပစ်ဖို့ လမ်းသာရှိတော့တယ်။

( ထုတ်ပြန်ကြေညာချက် ၄/၂၀၀၁ )

# urmvr;ûca7;u o , , vmr ,

# Eiia7; tus;qu

တခါက ဒီနေစကြာဝဠာကြီးထဲမှာ ကမ္ဘာရွာဆိုတဲ့ နာမည် အင်မတန်လှတဲ့ ရွာကြီးတရွာရှိသတဲ့။ ဒီရွာကြီးနဲ့ ပတ်သက်ပြီး နတ်သမီးပုံပြင်တခုသဖွယ် ပြောဆိုကြတာတွေကလဲ တယ်များဆိုပဲ။ ဒီမှာ ခေတ်မီနည်းပညာအမျိုးမျိုးကြောင့် မကြာတော့တဲ့ကာလမှာ ရွှေပဒေသာ၊ ငွေပဒေသာပင်တွေ ပေါက်လာတော့မလောက် ရေးသားကြတာ တွေလဲ မနည်းဘူးတဲ့လေ။ ဒါတွေကြောင့်မို့လဲ လူတဦးဟာ ဒီရွာကြီးကို အလွန်ကို စိတ်ဝင်စားသွားပြီး ဒီရွာကြီးနဲ့ ပတ်သက်တဲ့ အချက်အလက်တွေ သုတေသနပြုကြည့်တဲ့အခါ အခုလို တွေ့ရသတဲ့။ ဥပမာ ဒီကမ္ဘာရွာကြီးမှာ လူ၁၀၀ နေထိုင်တယ်လို့ပဲ ဆိုကြပါစို့။

ဒီရွာကြီးရဲ့ ကုန်ထုတ်လုပ်မှုဟာ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်အတွင်း ဆယ်ဆတောင် တိုးလာတယ်တဲ့။ တယ်ဟုတ်ပါလားနော်။ ဒါပေမဲ့ သုဆက်တွေ့ရှိရတာတွေကတော့ စိတ်မချမ်းမြေ့စရာတွေချည့်လို့ ဆိုရမလို ဖြစ်နေပါတယ်။ ဒီရွာကြီးမှာ လူ၅၀ ဟာ ထမင်းမဝကြဘူးတဲ့။ နောက်ပြီး ၂၅ဦးဟာလဲ သောက်ရေသန့်သန့် မသောက်ကြရဘူးဆိုပဲ။ နာမည်လှတဲ့ ဒီကမ္ဘာရွာမှာ လူ၂၀ ဟာ စာမတတ်ကြတဲ့အပြင် လူ ၈၀ ဟာ လူချင်းတူ သူချင်းမျှတဲ့အိမ်ယာနဲ့ မနေကြရဘူးဆိုတာလဲ တွေ့ရတယ်လေ။ ဒီကရွာသား တဝက်ကျော်တို့ရဲ့ တနေ့တနေ့ဝင်ငွေဟာ ဒေါ်လာ၁ဝက်တောင် မရှိရာကြဘူး။ အချမ်းသာဆုံးလူ ၆ ယောက်ကတော့ တရွာလုံးပိုင် ခနရဲ့ ၅၉% ကို ပိုင်ဆိုင်ထားကြတယ်။ ပိုထူးခြားတာက သူတို့အားလုံးဟာ အမေရိကန်လူမျိုးတွေချည့် ဖြစ်နေတာပါပဲ။

ဆက်ပြောရရင် ဒီရွာကြီးမှာ အရင်းအနှီးလက်ပြောင်းလက်လွှဲတွေဟာ တနေ့ကို ဒေါ်လာသန်းပေါင်း နှစ်သန်းနှုန်းလောက်နဲ့ စီးဆင်းနေပါတယ်။ ဒါကြောင့်လဲ အပြောင်းအလဲတွေက များပြားပါဘိပေါ့။ အဲ–ရွာကြီးရဲ့ ချောင်ကျကျတနေရာမှာတော့ ဘေးပတ်ဝန်းကျင်မှာ အရင်းအနှီး စီးဆင်းမှုတွေရဲ့ ဂယက်ကြောင့် ခနိမိုးတွေ တဖျပ်ဖျပ်လွင့်၊ ဝါးတိုင်တွေတအိအိနဲ့ ယိမ်းထိုးနေတဲ့ တဲကလေးတလုံး ရှိနေပါတယ်။ အဲဒါ ကျနော်တို့ရဲ့ စစ်အုပ်စုလက်အောက်က ဗမာနိုင်ငံပါပဲ။ ဒီလိုအချိန်မျိုးမှာ အဲဒီတဲကလေးကို အပိုင်စီးချုပ်ကိုင်ထားသူများဟာ အမျိုးသားရေးစကားလုံးတွေ၊ နယ်ချဲ့ဆန့်ကျင်ရေးစကားလုံးတွေကို လေတလုံးမိုးတလုံး အော်ဟစ်ရင်း ကျရောက်လာတော့မယ့် အန္တရာယ်ကို အန်တုဟန်ဆောင်နေပါတယ်။ အိမ်ထဲက တခြားလူတွေနဲ့ ပတ်ဝန်းကျင်ကတော့ မျက်စိကန်း တစ္ဆေမကြောက်လုပ်နေတဲ့ သူတို့အတွက် စိုးရိမ်ပူပန်နေကြတာပေါ့။

အဲဒီတဲကလေးရဲ့ အပြင်ဘက်မှာ လှုပ်ရှားသွားလာနေတဲ့ ငွေစီးကြောင်းကြီးကို စိုးပိုင်ထားသူများရဲ့ ခနအတိုင်းအတာကို အခုလို ဖော်ပြလိုက်ရင် သဘောပေါက်သွားမယ် ထင်ပါတယ်။ ၁၉၉၈ ခုနှစ်အကုန်က သူတို့ရဲ့အခန်းကဏ္ဍကို တကမ္ဘာလုံးနဲ့ နှိုင်းစာလိုက်ရင် ထုတ်လုပ်မှု စုစုပေါင်းတန်ဘိုးမှာ ၄၀%၊ ကုန်သွယ်မှုမှာ ၆၀%၊ နည်းပညာကုန်သွယ်မှုမှာ ၆၀–၇၀%နဲ့ ပြည်ပမှတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှာ ၉၀% ရှိပါတယ်။ ဗမာပြည်တပြည်လုံးရဲ့ ထုတ်လုပ်မှု စုစုပေါင်းတန်ဘိုးဟာ အဲဒီကွန်ဂလိုမာရိတ်ခေါ် ရောမကုမ္ပဏီကြီးတွေအထဲက သာမန်ကုမ္ပဏီကြီးတခုရဲ့ ထုတ်လုပ်မှု စုစုပေါင်းတန်ဖိုးလောက်သာ ရှိတယ်လေ။

## လွှမ်းခြုံခံနေရပြီလား

“ကျနော်တို့နိုင်ငံမှာ အင်တာနက်တောင်မှ ကျယ်ကျယ်ပြန့်ပြန့်သုံးလို့မရသေးတာ၊ ကမ္ဘာလွှမ်းခြုံရေးဆိုတာ ဘယ်ကလာဖြစ်ပေါ်လာမှာလဲ” လို့ မေးကောင်းမေးလာပါလိမ့်မယ်။ ဒီမှာရှင်းစရာရှိလာတာက ကမ္ဘာလွှမ်းခြုံရေးဆိုတာရဲ့ အဓိကလက္ခဏာဟာ အင်တာနက် မဟုတ်ဘူး၊ သတင်းဆက်သွယ်ရေးစနစ်ဟာ နည်းနာအခန်းကသာ ပါပါတယ်။ တကယ်အဓိကကျတာ၊ အဆုံးအဖြတ်ပေးတာက အားနေတဲ့ အရင်းအနှီးတွေ ရောမအတိုင်းအတာနဲ့ စီးမျောနေခြင်း ဖြစ်တယ်။ အဲဒီအရင်းအနှီးတွေဟာ နိုင်ငံတံခါးတွေကို အတင်းရိုက်ချိုး ဖွင့်ခိုင်းနေကြရုံမက နိုင်ငံတွေကို အမိန့်ပေးစပြုနေပြီဆိုတဲ့ အချက်ပါပဲ။

ဒီအရင်းအနှီးတွေကို ပိုင်ဆိုင်သူတွေဟာ အမေရိကန်နိုင်ငံက အများဆုံးဖြစ်တဲ့ နိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေနဲ့ ဘဏ်လုပ်ငန်းကြီးတွေဖြစ်ပြီး သူတို့အတွက် အကာအကွယ်ပေး၊ လုပ်ငန်းတွင်ကျယ်အောင် လုပ်ပေးနေတာတွေကတော့ ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တို့လို အဆောက်အအုံတွေ ဖြစ်ပါတယ်။ ဒါကြောင့် ဗမာပြည်မှာလဲ ကမ္ဘာလွှမ်းခြုံရေးရဲ့ ပဏာမလို့ပဲပြောပြော၊ အကြိုလို့ပဲဆိုဆို အဲဒီကော်ပိုရေးရှင်းကြီးတွေရဲ့ အရင်းအနှီးတွေနဲ့ ကမ္ဘာ့ဘဏ်စတာတို့ရဲ့ ခြေရာလက်ရာတွေကတော့ အခြေချခြယ်လှယ်စ ပြုနေပါပြီ။ လောလောဆယ်မှာတော့ အများဆုံးဝင်ရောက်နေတာဟာ အိမ်နီးနားချင်းနိုင်ငံတွေကလို့ ပြောနိုင်ပါတယ်။

ဒါပေမဲ့ ဒါတွေဟာ နောင်လာလတ္တံ့တွေနဲ့ နှိုင်းစာလိုက်ရင် ဘာမှမပြောပလောက်ပါဘူး။ ဒါကို နအဖစစ်အစိုးရလဲ သိပါတယ်။ ဒါကြောင့် သူတို့ဟာ အမေရိကန်–အင်္ဂလိပ်စတာတွေကို ဆန့်ကျင်တဲ့စကားတွေ ပါးစပ်ကလှိုင်လှိုင်ပြောနေပေမယ့် အဲဒီ "နယ်ချဲ့ကြီးတွေ" ရဲ့အိတ်ထဲမှာ အောင်ဆုပန်ထိလက်မှတ်ရှိနေတဲ့အတွက် အမြဲတကွက်ချန် ပြောနေကြပါတယ်။ ဒီနေ့ဗမာပြည်ရဲ့ သမိုင်းအကွေ့အချိုးဟာ ဗမာပြည်အုပ်စိုးသူလူတန်းစားနဲ့ ဒီနိုင်ငံလွှန်ကော်ပိုရေးရှင်းကြီးတွေရဲ့ ဇာတ်ပေါင်းခန်းလို ဖြစ်လာနေတာ တွေ့ရပါတယ်။

ဗမာပြည်အရေးကို ဖြေရှင်းရာမှာ ဗမာပြည်ကစစ်အုပ်စုနဲ့ အနောက်နိုင်ငံကြီးတွေဟာ ဗမာပြည်ပြည်သူတွေကို ဘေးဖယ်ပြီး သူတို့ချင်းလက်ဝါးရိုက်ဖြေရှင်းဖို့ ကြိုးစားနေကြတာဟာ ဒါကြောင့်ပဲ ဖြစ်ပါတယ်။

ဝါရှင်တန်ဟာ အာဏာရှင်တွေအုပ်စိုးတဲ့ တခြားနိုင်ငံတွေထဲကိုတော့ အမေရိကန်အရင်းအနှီးတွေ အကန့်အသတ်မရှိစီးဝင်စေပြီး ဗမာပြည်လိုနိုင်ငံကိုမှ ဘာဖြစ်လို့နိုင်ငံရေးအချက်အလက်တွေကို တောင်းဆိုနေရတာလဲ ဆိုတာဟာလဲ စဉ်းစားစရာအချက်တချက်ပါ။ အကြောင်းက "ဒီမိုကရေစီသူရဲကောင်းကြီး" အမေရိကန်အဖို့ ဒီနေ့ကမ္ဘာမှာ သူ့ရဲ့ "ဒီမိုကရေစီအကျိုးဆောင်ရွက်မှု" တွေကို ထင်ရှားစေတဲ့ "ခွင်" တချို့ လိုပါတယ်။ အဲဒီအတွက် တရုတ်ပြည်ဘေးမှာကပ်နေတဲ့ ဗမာပြည်ဟာ 'မောင်ရှင်' ဖြစ်သွားရတာပါ။

## ကိုလိုနီလက်သစ်?

ကမ္ဘာလွှမ်းခြုံရေးဟာ အင်မတန်ခေတ်နောက်ကျနေတဲ့ ဗမာပြည်လိုနိုင်ငံတွေကို အရင်းအနှီးတွေ၊ နည်းပညာတွေ၊ သိပ္ပံပစ္စည်းတွေ၊ နောက်ပြီး အလုပ်အကိုင်တွေ သယ်ဆောင်လာမှာဖြစ်ပါတယ်။ ဒါတွေကို တတိယကမ္ဘာနိုင်ငံတွေဟာ အရိုးမျှားတယ်၊ ချေးခါးတယ် မလုပ်ဘဲ ကိုယ့်အတွက် ရသလောက်ယူကြရမှာပါ။ ဒါပေမဲ့ ကမ္ဘာလွှမ်းခြုံရေးက သယ်လာတာမှာ တခြားဟာတွေ ရှိနေပါသေးတယ်ဆိုတာကို မေ့လို့မဖြစ်ပါဘူး။

"ကမ္ဘာလွှမ်းခြုံရေးဆိုတာ အမေရိကန်လွှမ်းမိုးမှုကို စကားတမျိုးနဲ့ လှည့်ပြောတာပါပဲ။" (Globalization is only another word for U.S. domination) ဒါဟာအမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်ဂျာ ပြောတဲ့စကား ဖြစ်ပါတယ်။ ကာယကံရှင်က ဒီလိုပြောနေလျက်နဲ့တောင်မှ အခုအခါ ဒီကမ္ဘာလွှမ်းခြုံရေးဆိုတာ နယ်ချဲ့စိုးမိုးမှုနဲ့ ဘာမှမပတ်သက်သယောင် ပြောနေတာတွေ ကြားနေ၊ ဖတ်နေကြရပါတယ်။ တချို့ကဆိုရင် ကမ္ဘာလွှမ်းခြုံရေးဟာ လူအားလုံး၊ နိုင်ငံအားလုံးအတွက်တူညီတဲ့ အခွင့်အရေးတွေကို သယ်ဆောင်လာပေးတယ်။ အဖြစ်ရှိတဲ့လူ ယူထားလိုက်ကြ ဆိုတာမျိုး ပြောကြပါတယ်။

ကမ္ဘာ့သမိုင်းရဲ့အင်အား ချိန်ခွင်လျှာ အပြောင်းအလဲရှိတိုင်းမှာ ကိုလိုနီနယ်ပယ်၊ ဒါမှမဟုတ် ဩဇာလွှမ်းမိုးရာနယ်ပယ်တွေ လုယက်ကြ၊ ထိန်းညှိကြတာဟာ အစဉ်အလာတခုပါ။ အခုစစ်အေးလွန်ကာလမှာတော့ တဦးတည်းသော အင်အားလွှန်နိုင်ငံကြီး ဖြစ်နေတဲ့ အမေရိကန်ဟာ ကမ္ဘာ့အခင်းအကျင်းသစ်တခု အတည်မဖြစ်မီ အရင်က ဆိုဗီယက်ရဲ့ ဩဇာလွှမ်းမိုးရာနယ်မြေတွေကိုသာမက တခြားရနိုင်သမျှနိုင်ငံတွေကို သူ့ဩဇာခံနယ်မြေဖြစ်အောင် သိမ်းယူနေပါတယ်။ ဒါကြောင့် ဒီနေ့ကာလကို ဩဇာခံနယ်ပယ် ပြန်လည်ခွဲဝေတဲ့ (လုယက်တဲ့?) ကာလတခုလို့ပြောရင် ရပါတယ်။ ထူးခြားတာက ဒီတခါ နယ်မြေခွဲဝေမှုမှာ စစ်အင်အားကို မသုံးတော့ဘဲ (ယူဂိုစလပ်ကို အနိုင်ကျင့်တဲ့ကိစ္စမျိုးက လွဲရင်ပေါ့) ရောမအရင်းအနှီးတွေနဲ့ ဝင်သိမ်းပိုက်နေတာ ဖြစ်ပါတယ်။ ကမ္ဘာလွှမ်းခြုံရေးဟာ ဒီဖြစ်စဉ်ရဲ့ အဓိကအခန်းက ပါသူတဦးလို့ဆိုရင် မမှားပါဘူး။ ဒါကို မနည်းလှတဲ့ ကွန်မြူနစ်မဟုတ်သူပညာရှင်တွေက ***အမေရိကန်အင်ပါယာ*** တခုတည်ဆောက်တာပဲလို့ ထောက်ပြကြပါတယ်။ တချို့ကတော့ ***အသစ်တဖန်ကိုလိုနီပြုလုပ်မှု*** လို့လဲ ဆိုကြပါတယ်။ တကယ်တော့ အမေရိကန်ရဲ့အရင်းအနှီးတွေဟာ အများဆုံးနဲ့ အရွေ့ပြောင်းရ အလွယ်ဆုံးဖြစ်ရုံမက ကမ္ဘာ့ချောင်ကြိုချောင်ကြားအထိ စစ်အင်အားနဲ့ ခြံရံပို့ပေးတာလဲ ဒီအရင်းပဲရှိတယ်လို့ ဆိုရမှာပါ။

ဒီကမ္ဘာလွှမ်းခြုံရေးမှာ အကျိုးတကယ်ခံစားရသူနဲ့ အကျိုးယုတ်သူဆိုတာ တကယ်တည်ရှိနေတာပါ။ ကမ္ဘာ့အတိုင်းအတာအရလဲ ရှိတယ်၊ တနိုင်ငံချင်း အတိုင်းအတာအရလဲ ရှိပါတယ်။ အရင်းအနှီးတွေဟာ ဒွေးရောယှက်တင် စီးဆင်းနေတယ် ဆိုပေမယ့် တကယ်စာရင်းချုပ်လိုက်တော့ အကျိုးခံစားရမှုဟာ အင်မတန်မှ ကွာလှတာ တွေ့ရပါတယ်။ ဒီဆောင်းပါးဟာ ကမ္ဘာလွှမ်းခြုံရေးနဲ့ စီးပွားရေးအကြောင်းမဟုတ်တဲ့အတွက် ကိန်းဂဏန်းတွေ မဖော်ပြတော့ပါဘူး။ တခုပဲ ထောက်ပြချင်ပါတယ်။ အဲဒါကတော့ အခုအခါ ခေတ်စားနေတဲ့ "သမိုင်း၏နိဂုံး"၊ "တတိယလှိုင်း"၊ "အိုင်တီခေတ်" စတဲ့ သဘောတရားအယူအဆတွေကို တင်သူတွေအားလုံးဟာ ဒီကမ္ဘာလွှမ်းခြုံရေးမှာ မဖွံ့ဖြိုးတဲ့နိုင်ငံတွေရဲ့ စီးပွားရေးကျဆင်းမှုကို အကြောင်းပြုပြီး အများဆုံး အကျိုးအမြတ်ခံစားရတဲ့ အနောက်နိုင်ငံကြီးတွေက ပုဂ္ဂိုလ်တွေဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။

ဒီနေရာမှာ တခုပြောချင်ပါတယ်။ ဆိုရှယ်လစ်စနစ်နဲ့မတူ၊ အရင်းရှင်စနစ်မှာ သဘောတရားဆရာလဲ မရှိ၊ သဘောတရားလဲ မရှိလို့ ပြောလေ့ရှိကြပါတယ်။ ဒါဟာ အဓိပ္ပာယ်တခုအရ မှန်ပါတယ်။ ဒါဖြင့် မျက်မှောက်အခါ အရင်ဆိုဗီယက်နဲ့ သူ့ပတ်ဝန်းကျင်က နိုင်ငံတွေ အသွေးအရောင်ပြောင်းပြီးတဲ့နောက်မှာမှ အခုလို သဘောတရားဆရာတွေ၊ သဘောတရားတွေ ပေါ်ပေါက်လာတာဟာ ဘာကြောင့်ပါလဲ။ အကြောင်းရင်းတခုက ဆိုရှယ်လစ်စနစ်အပေါ် သံသယဖြစ်လာသူတွေအတွက် သဘောတရား ကွက်လပ်ကို အလုအယက်ဝင် အစား

ထိုးတာ ဖြစ်ပါတယ်။ နောက်တကြောင်းကတော့ ကမ္ဘာ့လွှမ်းခြုံရေးနဲ့အတူ အရင်းရှင် စနစ်ဟာ ကမ္ဘာပေါ်မှာ သူ့စနစ်တခုတည်း ဖြစ်ဖို့အတွက် ဘက်ပေါင်းစုံပြင်ဆင်တဲ့အထဲက ဘက်တဖက်လို့ ပြောနိုင်ပါတယ်။ မာ့က်စ်ဝါဒရဲ့ သဘောတရားအင်အားကို သဘောပေါက်သွားလို့ အတုမြင် အတတ်သင်တာလို့ ပြောရင်လဲ ရပါတယ်၊

## ကမ္ဘာ့လွှမ်းခြုံရေးနဲ့နိုင်ငံ့အချုပ်အခြာ

ကမ္ဘာ့လွှမ်းခြုံရေးမှာ အထက်စီးကနေတဲ့နိုင်ငံတွေရဲ့ သဘောတရားအရဆိုရင် နိုင်ငံဆိုတာဟာ ဈေးကွက်သာဖြစ်ပြီး အဲဒီနိုင်ငံတွေက နိုင်ငံသားတွေဟာ စားသုံးသူတွေသာ ဖြစ်ပါတယ်။ ဈေးကွက်ဆိုတာမှာ တံတိုင်းမကာရ၊ သံဆူးကြိုးမဝိုင်းရလို့ သူတို့က ဆိုထားတယ် မဟုတ်လား။ သူတို့ရဲ့အရင်းအနှီးများအတွက် နယ်နိမိတ် အကန့်အသတ် မရှိရဘူးလို့ ဆိုနေတာဟာ အဲဒီနိုင်ငံတွေရဲ့ အချုပ်အခြာအာဏာပိုင်မှုကို စိန်ခေါ်နေတာလို ဖြစ်နေသမို့ အခုအခါ ကမ္ဘာ့လွှမ်းခြုံရေးနဲ့ ပတ်သက်ပြီးပြောကြတိုင်း ဒီကိစ္စကိုထိပ်မှာတင်ပြီး ပြောနေကြတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အလွယ်ဆုံးဥပမာပြရရင် နာဖတာ (N.A.F.T.A.) ခေါ်မြောက်အမေရိကတိုက် လွတ်လပ်တဲ့ကုန်သွယ်မှုစာချုပ်အဖွဲ့ရဲ့ နည်းဥပဒေ အခန်း (၁၁) ထဲက သတ်မှတ်ချက်တခုကိုကြည့်ရင် သိနိုင်ပါတယ်။ အဲဒါက အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ မက္ကဆီကိုနိုင်ငံတို့မှာ ရင်းနှီးမြှုပ်နှံကြတဲ့ နိုင်ငံခြားကအရင်းအနှီးများအနေနဲ့ သက်ဆိုင်ရာအစိုးရရဲ့ ဆုံးဖြတ်ချက်တခုခုကြောင့် လုပ်ငန်းမှာနစ်နာ ဆုံးရှုံးမှုရှိရင် အဲဒီအစိုးရကို လျော်ကြေးတောင်းနိုင်တယ် ဆိုတာပါပဲ။ ဒါဟာ သူတို့ချင်းတောင်မှ မခံမရပ်နိုင်ဖြစ်လာလို့ ပြောဆိုလာ ကြတဲ့ ပြဿနာဖြစ်ပါတယ်။

ကိုယ့်မှာ ငွေလဲမရှိ၊ နည်းပညာလဲမပိုင်ဆိုင်လို့ သူတို့ ဆီက ရင်းနှီးမြှုပ်နှံမှုကိုသာ လည်တဆန့်ဆန့်မျှော်နေရတဲ့ ဆင်းရဲတဲ့ နိုင်ငံတွေဟာ အဲဒီအရင်းအနှီးတွေ ဝင်လာဖို့ အတွက် ကော်ဇောနီတွေ ခင်းပေးကြရာမှာ ပထမဆုံး လုပ်ပေးရတာကတော့ ရင်းနှီးမြှုပ်နှံမှုအတွက် "ကောင်းမွန်တဲ့ အခြေအနေ"တွေ ဖန်တီးပေးရတာပါပဲ။ ဆိုလိုတာက ကိုယ့် နိုင်ငံသားကိုတောင်မှ မပေးတဲ့ အခွင့်ထူးတွေ ပေးရတာပါ။ အဲဒီအတွက် ဘီလ်ဥပဒေသစ်တွေ ပြဋ္ဌာန်းပေးရတာ ရှိသလို၊ တည်ဆဲဥပဒေတွေကို ဖျက်ပေးရတာလဲ မနည်းပါဘူး။

ဗမာပြည်မှာတော့ ဒီလိုအဖြစ်အပျက်တွေ အခုကိုပဲ မနည်းတော့ဘူး မဟုတ်ပါလား။ နအဖစစ်အုပ်စုဟာ အဲဒီပြည်ပက အရင်းရှင်ကြီးတွေကိုယ်စား သူတို့ကရှေ့ကထွက် လူမိုက်လုပ်ပြီး လူထုကိုခြိမ်းခြောက်ဟိန်းဟောက်နေတာကိုလဲ သတိပြုသင့်ပါတယ်။ တခြားနိုင်ငံတွေနဲ့မတူတာကတော့ ကျနော်တို့နိုင်ငံမှာ အစိုးရဆိုတာက အဲဒီလုပ်ငန်းရှင်တွေ၊ ကုန်သည်တွေကို မြန်မာ နိုင်ငံသားမှတ်ပုံတင်ကိုပါ ထုတ်ပေးနေတာပါပဲ။ သဘောထားကြီးရာမှာတော့ ရှာမှရှားပါ။

လောလောဆယ်ကာလမှာ နအဖတို့ဟာ အင်္ဂလိပ်ကို ကိုယ့်နိုင်ငံအပေါ်ကျူးကျော်သိမ်းပိုက်ခဲ့သူအဖြစ် "ခါးခါးသီးသီး" ပြောဆို တိုက်ခိုက်နေတာတွေ မကြာခဏ တွေ့ရပါတယ်။ ဒါပေမဲ့ အင်္ဂလိပ်လိုပဲ ကိုယ့်နိုင်ငံကို ကျွန်ပြုခဲ့သူတဦးဖြစ်တဲ့ ဂျပန်ကိုတော့ တခွန်းမှ လှန်မပြောဝံ့ဘူး ဆိုတာလဲ သတိမပြုမိဘဲ မနေပါဘူး။ ဗမာပြည်မှာ ပထမမျိုးဆက်စစ်အုပ်စုမှအစ နောက်ဆုံး လက်ရှိမျိုးဆက်အထိ ဂျပန်အရင်းရှင်တွေကို 'အာရိခတ္တော'နေကြရလေတော့ သူ့ကျွန်မခံပြီဇာတ်ကားရိုက်တဲ့ စစ်အစိုးရဟာ ဂျပန်ဖက်ဆစ်တော်လှန်ရေးအကြောင်း ရေဒီယိုဇာတ်လမ်းလေး တောင် မလွှင့်ဝံ့ရှာဘူးပေါ့။ နောင်မှာ ကမ္ဘာ့လွှမ်းခြုံရေးအရ အင်္ဂလိပ် အမေရိကန် အရင်းအနှီးတွေ လှိမ့်ဝင်လာပြီးရင် ဗိုလ်နေဝင်း မောင့်ဘက်တန်ကို "လေးစား" ခဲ့ပုံမျိုးတွေ အများကြီး ထပ်တွေ့ရမှာ သေချာနေပါတယ်။

## ကမ္ဘာ့လွှမ်းခြုံရေးနဲ့ဒီမိုကရေစီ

ဒီမိုကရေစီတဲ့လို့ ဆိုလိုက်ရင် ကျနော်တို့ ဗမာပြည်သားများဟာ ချက်ခြင်းဆိုသလို ခေါင်းထောင်ကြည့်လေ့ရှိကြပါတယ်။ ဒီပြဿနာမှာ အင်မတန်မှ အကဲဆတ်တယ်လို့ ဆိုရမယ်ထင်ပါတယ်။ ဒီနေ့ကျနော်တို့နိုင်ငံမှာက ကမ္ဘာ့လွှမ်းခြုံရေးကသယ်လာတဲ့ အကျိုးကျေးဇူးတွေလဲ မခံစားရ၊ ဒီမိုကရေစီလဲ မူးလို့မှရှူစရာမရှိ ဖြစ်နေလေတော့ ဒီနှစ်ခုရဲ့ ဆက်စပ်မှုကို ဘယ်လိုနားလည်မလဲဆိုတာ မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။ ဒီမိုကရေစီရှိမှ ပြည်ပကအရင်းအနှီးနဲ့ အတတ်ပညာတွေလှိမ့်ဝင်လာမှာလား၊ ပြည်ပကအရင်းအနှီးတွေ အများအပြားဝင်ရောက်လာပြီးမှ ဒီမိုကရေစီရှိမှာလား၊ ဒီနှစ်ခုဟာ တွဲရက်သား တစုံလား၊ လှည့်ပတ်တွေးချင်စရာတွေ ဖြစ်နေပါတယ်။ သဏ္ဍာန်လောဂျစ်ထဲမှာ အဖြေမရှာဘဲ လက်တွေ့အဖြစ်အပျက်တွေထဲမှာ အဖြေရှာကြရအောင်ပါ။

ဒီနေ့တတိယကမ္ဘာနိုင်ငံတွေမှာ အနောက်နိုင်ငံကြီးတွေရဲ့ အရင်းအနှီးတွေ ဒလဟောလှိမ့်ဝင်နေတာ လူတိုင်းအသိပါ။ လှိမ့်မဝင်တာ ဆိုလို့ အမေရိကန်က သပိတ်မှောက်ခိုင်းတာခံနေရတဲ့ နိုင်ငံလေး အနည်းငယ်သာ ကျန်ပါတယ်။ နည်းပညာစီးဝင်မှု ဆိုတာဟာလဲ အမေရိကန် ဦးစီးတဲ့ အနောက်နိုင်ငံကြီးတွေရဲ့ နိုင်ငံရေးစဉ်းစားချက်အတိုင်း စီးဝင်ခဲ့၊ စီးဝင်နေတာ ဖြစ်ပါတယ်။ သူတို့ရဲ့ တကမ္ဘာလုံးလွှမ်းမိုးရေး နည်းဗျူဟာနဲ့ အညီ အရင်းအနှီးနဲ့ နည်းပညာတို့ကို ဖြန့်ခွဲလွှတ်နေတယ်လို့ဆိုရင် လွန်မယ်မထင်ပါဘူး။

ကောင်းပြီ။ ကမ္ဘာ့လွှမ်းခြုံရေးကနေ တခြားနိုင်ငံတွေကို တင်ပို့တဲ့အထဲမှာ ဒီမိုကရေစီပါရဲ့လား။

အင်ဒိုနီးရှား ဆူဟာတိုကအစ ပီရူးက ဖူဂျီမိုရီအဆုံး ကမ္ဘာတပတ်ရှိ အာဏာရှင်တွေဟာ ဒီကမ္ဘာ့လွှမ်းခြုံရေး လှိုင်းလုံးကြီးထဲမှာ အနောက် အရင်းရှင်ကြီးတွေနဲ့ လက်ဝါးရိုက်ကြပြီး မိမိတို့နိုင်ငံက ပြည်သူလူထုတွေကို နှိပ်စက်၊ ကျိုကျိုတက် ချမ်းသာခဲ့ကြတာ မဟုတ်ပါလား။ အရင်းရှင်ကြီးတွေဟာ အမြတ်အစွန်းကို ခွေးကိုက်လို့ပဲရရ၊ တုတ်နဲ့ပစ်လို့ပဲရရ၊ ခြံဝင်နွားပါဖို့ပဲလို့ သဘောထားကြတာပါ။ အာဏာရှင်က တဆင့်ရရ၊ ရွေးကောက်တင်မြှောက်ခံရသူဆီက တဆင့်ရရ၊ အမြတ်အစွန်းတွေ ရဖို့ပဲလို့ အောက်မေ့တာပါ။

ဒါပေမဲ့ သူတို့အကျိုးကို လာထိခိုက်လို့ ကိုယ်မွေးတဲ့မျောက်ကို အပြတ်ရှင်းပစ်တဲ့ သာဓကတွေလဲ မနည်းပါဘူး။ အခုအခါမှာ အမေရိကန်က လူဆိုးစာရင်းသွင်းထားတဲ့ အီရတ်က ဆာဒမ်ဟူစိန်၊ ပနားမားက နိုရီးယေးဂါး စသူတို့ဟာ သူတို့ရဲ့ "အပြစ်" ကြောင့် ဆိုတာထက် အမေရိကန်ကို အာခံလို့ အခုလို အရေးယူခံရတာလို့ဆိုရင် ပိုမှန်ပါလိမ့်မယ်။ နဂိုက ဒီလူတွေဟာ အိမ်ဖြူတော်ရဲ့ အတွင်းစည်းထဲကလူတွေပါ။

သူတို့ပြည်တွင်းမှာ မပြတ်ပေါ်ပေါက်နေတဲ့ ကမ္ဘာလွှမ်းခြုံရေးကိုဆန့်ကျင်တဲ့ လူထုဆန္ဒပြပွဲကြီးတွေကို နှိပ်ကွပ်နေတာကိုပဲ ကြည့်ပါ။ တခါပြီးတခါ ပိုပိုရက်စက်လာပါတယ်။ နောက်ဆုံးအီတလီနိုင်ငံ၊ ဂျီနိုအာဆန္ဒပြမှုတွေမှာ သေရသူ (အသတ်ခံရသူ) ကို ရဲက သေနတ်နဲ့ နှစ်ချက်တိတိ ကပ်ပစ်ခဲ့တာ ဖြစ်ရုံမက သေချာအောင် သူ့အလောင်းပေါ်မှာ မော်တော်ကားနဲ့နှစ်ခေါက် ဖြတ်မောင်းခဲ့ပါသေးတယ်။

သူတို့ ဒီလိုလုပ်ပြတာဟာ သူတို့နိုင်ငံတွင်းက ပြည်သူလူထုကို ခြိမ်းခြောက်တာသာဖြစ်ရုံမက တခြားနိုင်ငံကအစိုးရတွေကိုပါ စံပြ လုပ်ပြနေတာ ဖြစ်ပါတယ်။

အဲဒီ ဒီမိုကရေစီ ဘိုးအေကြီးများကတောင် ဒီလောက်ရက်စက်ရင် နအဖလိုစစ်အာဏာရှင်အစိုးရဟာ ဘယ်လိုနေပါ့မလဲ။ နိုင်ငံထဲကို ကမ္ဘာလွှမ်းခြုံရေး ဝင်ရောက်မှု နက်ရှိုင်းတာနဲ့အမျှ သူတို့ရဲ့အကျိုးစီးပွားဟာ များသထက်များလာမှာမို့ အဲဒါတွေကို ကာကွယ်ရာမှာ ပိုလို့သာ ရက်စက်တော့မှာပါ။

ကမ္ဘာလွှမ်းခြုံရေး တွင်ကျယ်နေပြီဖြစ်တဲ့ တတိယကမ္ဘာနိုင်ငံတွေမှာ မြင်တွေ့နေရတဲ့ နိယာမတခုကတော့ အလုပ်သမားသမဂ္ဂ တွေရဲ့အခန်း မှေးမှိန်သွားတာပါပဲ။ အခွင့်ကောင်းကို လက်မလွတ်စေနဲ့လို့ ယူဆထားကြတဲ့ ဒီနိုင်ငံတွေက အုပ်စိုးသူတွေဟာ ပြည်ပက အရင်းအနှီးနဲ့ တခြား အခွင့်အရေးတွေ လှိမ့်ဝင်လာနိုင်ဖို့အတွက် အလျှော့ပေးမှု အမျိုးမျိုးကို အပြိုင်အဆိုင်ဆိုရမလောက် လုပ်ခဲ့ကြပါတယ်။ ဒီအထဲမှာ အလုပ်သမားတွေ ရဲ့ မကျေနပ်မှုတွေ ခေါင်းမထောင်ရေးဆိုတာကိုပါ နှစ်ဘက်နားလည်ပြီးသဘောမျိုး အာမခံထားလေ့ ရှိကြပါတယ်။ အရင်းရှင်ကြီးများရဲ့ လုပ်ငန်းမျိုးစုံမှာ လုပ်ကိုင်နေကြသူတွေဟာ လုပ်ငန်းခွင်အခြေအနေ ဘယ်လိုပဲဆိုးဆိုး၊ အလုပ်သမားအခွင့်အရေးတွေ ဘယ်လောက်ပဲ ဆုံးရှုံးနေနေ၊ အစိုးရတွေဟာ အရင်းရှင်တွေဘက်ကသာ အပြတ်လိုက်နေကြပါပြီ။ မဆလအစိုးရက အလုပ်သမားတွေကို တိုင်းရင်းသားအရင်းရှင်တွေနဲ့ ရန်တိုက်ပေးရာမှာ အဓိကအကျဆုံး ဖြစ်ခဲ့တဲ့ "၁၉၆၄ခုနှစ် အလုပ်သမားရပိုင်ခွင့်ဥပဒေ"ဆိုတာ အခုအခါပြောသံတောင်မကြားရတော့ပါဘူး။ ဗမာပြည်လိုပဲ ခါတော်မီဆိုရှယ်လစ် ကြွေးကြော်သံတွေ ဟစ်ခဲ့ကြတဲ့ တခြားနိုင်ငံတွေဟာလဲ အခုအခါဈေးကွက်စီးပွားရေးလို့ ခါတော်မီအော်နေကြ



**နိုင်ငံတော်အကြမ်းဖက်ဝါဒ?**

ပြီးခဲ့သည့်ဇွန်လအတွင်းက အီတလီနိုင်ငံ ဂျီနိုအာမြို့တွင် G-8 ထိပ်သီးညီလာခံအား ဆန့်ကျင်ဆန္ဒပြသူများကို ရဲက နှိမ်နင်းရာတွင် သေဆုံးရသူ၏အလောင်း။ ဤအချို ရဲတို့၏ အကြမ်းဖက်မှုကို တိုးတက်သည့် စာနယ်ဇင်းများက "နိုင်ငံတော် အကြမ်းဖက်ဝါဒ" ဟု အမည်ပေးခဲ့ကြသည်။

ပြန်ပြီး အလုပ်သမားတွေကို "ဆူပူသူတွေ"လို့ သမုတ်နေကြပြန်ပါပြီ။ မဆလပါတီဝင်ဟောင်းတွေဖြစ်ကြတဲ့ နအဖခေါင်းဆောင်တွေဟာ အခုအခါ ရန်ကုန်မှာ မကြာခဏပေါ်ပေါက်နေတဲ့ နိုင်ငံခြားသားပိုင် အထည်စက်ရုံအလုပ်သမားများရဲ့ ဆန္ဒပြမှုလို ကိစ္စတွေကို နှိပ်ကွပ်ပစ်ရုံမက သတင်းမှောင်ချလို့တောင် ထားပါတယ်။ နောင်မှာ အလုပ်သမားတွေ ( လယ်ယာကို စွန့်ခွာလာရတဲ့ လယ်သမားတွေအပါ ) ရဲ့ ဘဝဟာ ဟင်းရွက်ကန်စွန်းလိုပဲ ရောင်းဝယ်ခံရတဲ့ ကုန်စည်တွေအဖြစ် ပိုထင်ရှားလာရုံမက ကျွန်တွေလိုလေလံတင် မခံရရုံတမယ် ဖြစ်လာတော့မှာပါ။ သူတို့ရဲ့ဘဝကို ကာကွယ်ဖို့အတွက် နအဖက အလုပ်သမားသမဂ္ဂတွေ ဖွဲ့ခွင့်ပေးမတဲ့လား။

ကမ္ဘာလွှမ်းခြုံရေးကြောင့်မို့ လယ်ယာလုပ်ငန်းမှာပြဿနာတွေ တက်နေတာလဲ လူတိုင်းအသိပါ။ လယ်ယာမြေတွေမှာ တခြားလုပ်ငန်းနဲ့ အဆောက်အဦတွေဆောက်လုပ်တာကအစ ဓာတ်မြေသြဇာနဲ့မျိုးတို့အတွက် ပြည်ပကကုမ္ပဏီကြီးတွေအပေါ် အမြဲမှီခိုရတာစတဲ့ပြဿနာတွေ အများကြီးပါ။ ဗမာပြည်မှာတော့ နအဖအာဏာရှင်တွေဟာ အခုကတည်းက လယ်သမားတွေဆီက မြေတွေကို ထင်သလိုသိမ်းယူပြီး သူတို့နဲ့ ပန်းရသူတွေကို ပေးပစ်နေရုံမက သီးထွက် ရောင်းချမှု၊ အထူးသဖြင့် ပြည်ပကိုရောင်းချမှု မှာ အပြတ်လက်ဝါးကြီးအုပ်ထားပါတယ်။ နောင်မှာ ကမ္ဘာလွှမ်းခြုံရေး ထွန်းကားလာရင် နအဖနဲ့ တောင်သူလယ်သမားတွေအကြားမှာ ပဋိပက္ခဟာ ပိုပြင်းထန်လာမှာ မုချပါ။ ဒီလို အခါမှာ တောင်သူလယ်သမားတွေဘက်ကလဲ စည်းစည်းလုံးလုံးနဲ့ ရင်ဆိုင်နိုင်အောင် သမဂ္ဂတွေ တည်ရှိနေပါ့မလား၊

ကမ္ဘာလွှမ်းခြုံရေးအောက်မှာ တကမ္ဘာ လုံးလိုလို သမဂ္ဂအသီးသီးရဲ့အခန်းကဏ္ဍတွေ မှေးမှိန်ကုန်တယ်ဆိုရင် အခုထက်ထိ နှစ်ပေါင်း လေးဆယ်နီးပါး သမဂ္ဂတွေတည်ထောင်ခွင့် မရခဲ့တဲ့ ဗမာနိုင်ငံမှာ ဘယ်လိုဖြစ်လာမလဲ။

## ပြည်တွင်းနိုင်ငံရေး

၁၉၄၈ခုနှစ်နောက်ပိုင်း ဗမာပြည်အုပ်စိုးသူလူတန်းစား အဆက်ဆက်ဟာ သူတို့ရဲ့ဗျူရိုကရက်လူတန်းစား အရင်းအနှီးများ ဖွံ့ဖြိုးတိုးတက်ရေးကိုသာ ဆောင်ရွက်ကြတာချည့် ဖြစ်ပါတယ်။ မင်းပြောင်းမင်းလွဲလုပ်တိုင်း ကိုယ့်အသိုင်းအဝိုင်းထဲကလူတွေနဲ့ ဗျူရိုကရက် အရင်းအနှီးကို ထူထောင်နေရတာမို့ ပြည်သူတွေခံစားနိုင်တဲ့ နိုင်ငံတော်ရဲ့ အရင်းအနှီးနဲ့ အမျိုးသားဓနရှင်များရဲ့ အရင်းအနှီး ဆိုတာတို့ဟာ ထောင်တက် လာတယ်လို့ကို မရှိခဲ့ပါဘူး။ ရှင်းအောင်ထပ် ပြောရရင် ဒီနိုင်ငံမှာ အုပ်စိုးသူစစ်အုပ်စုကို ကပ်ရင်ကပ်၊ မကပ်ရင် စီးပွားရေး မဖြစ်ထွန်းနိုင်ဘူးဆိုတဲ့ အခြေအနေ ရောက်အောင် တမင်ဖန်တီးထားပါတယ်။ နဝတ – နအဖတို့ရဲ့ သက်တမ်းတလျှောက်မှာ မြန်မာ့ဦးပိုင်လီမိတက် ထူထောင်တာလို ကိစ္စကအစ သူတို့ရဲ့ စီးပွားရေး၊ နိုင်ငံရေး လုပ်ဆောင်ချက် မှန်သမျှမှာ ဒီရည်ရွယ်ချက်ကို အထင်းသား တွေ့နေရပါတယ်။



*ဂျီနိုအာထိပ်သီးညီလာခံကိုဆန့်ကျင်ဆန္ဒပြနေကြသူတွေ*

အမျိုးသားဓနရှင်တွေ အထဲကတော့ ကံကောင်းလို့ ဖားလောင်းငါးဖြစ်တယ်ဆိုတာမျိုး ပြောရလောက်အောင် တဦးတလေ ထွန်းကားလာတာတောင် မတွေ့ရပါဘူး။ ဒီနေ့အခါမှာ ဆန်လုပ်သည်ဖြစ်စေ၊ ကျောက်စိမ်းလုပ်သည်ဖြစ်စေ၊ ဟော်တယ်ဖွင့်သည်ဖြစ်စေ၊ စက်ရုံထောင်သည်ဖြစ်စေ၊ နောက်ဆုံး ဘိန်းဖြူလုပ်သည်ဖြစ်ဦးတော့ စစ်အုပ်စုနဲ့ မပတ်သက်ရင် မထွန်းကားနိုင်တဲ့ အခြေအနေမျိုးကို ရောက်နေပါပြီ။ တချိန်ထဲမှာ ပြည်ပကလာပြီး ရင်းနှီးမြှုပ်နှံမယ်ဖြစ်စေ၊ ကုန်သွယ်ရေးလုပ်မယ်ဖြစ်စေ၊ သူတို့နဲ့အရင် ရွှေလမ်းငွေလမ်း ဖောက်ရတာပါ။ နိုင်ငံခြားသားများကလဲ ဘယ်ကိစ္စမှာ ဘယ်စစ်ဗိုလ်ကို ဘယ်လောက်ပေးရမယ်ဆိုတာကို နောကျေနေကြပါတယ်။ ဒါကြောင့်နယ်ချဲ့သမားနဲ့ပြည်တွင်းက ဗျူရိုကရက်အရင်းရှင်ဆိုတာ ဘဝရေစက်ပါလေသည့်နှယ် နီးစပ်ကြတာပါ။

အခုကမ္ဘာ့လွှမ်းခြုံရေးဆိုတာ ဖြစ်လာတော့ နိုင်ငံတွေအတွင်းမှာ တကယ်တမ်း အကျိုးခံစားရသူဟာ အဲဒီဗျူရိုကရက်အရင်းရှင်လူတန်းစားပဲ ဖြစ်ပါတယ်။ ဒါကြောင့်လဲ ကမ္ဘာ့လွှမ်းခြုံရေးကြောင့် နိုင်ငံတခုအတွင်းမှာ ဆင်းရဲချမ်းသာကွာဟမှု ပိုမိုကြီးမားရတယ်လို့ ဖြစ်လာတာပါ။ တဆက်ထဲမှာ အဲဒီလို စားခွက်လုစရာများလေ ဗျူရိုကရက်အရင်းရှင် လူတန်းစားအတွင်း အာဏာအတွက် ပဋိပက္ခတွေများလေ ဖြစ်လာတာပါပဲ။ အာဏာသက်တမ်းမှ ဆယ်နှစ်မရှိချင်သေးဘူး၊ ဗိုလ်ထွန်းကြည်– ဗိုလ်မြင့်အောင်တို့ ပြုတ်ကုန်ကြတာ၊ ဗိုလ်တင်ဦးဆန်းကြယ်စွာ လေယာဉ်ပျက်ကျတာ စတာတို့ဟာ ဒါကြောင့်ပဲ ဖြစ်ပါတယ်။ သူတို့အကြားမှာ နိုင်ငံရေးအရ အမြင်မတူလို့ လုံးဝမဟုတ်ပါဘူး။

နောင်မှာ ဒီလိုဂိုဏ်းဂဏတိုက်ပွဲတွေရဲ့ နောက်ကွယ်မှာ ကွန်ဂလိုမာရိတ်ကြီးတွေရဲ့ ခြေရာလက်ရာတွေ ပါလာတယ်ဆိုရင် ဘာမှအံ့သြစရာ မရှိပါဘူး။ ။

**တလက်ကိုင်စစ်တပ်ကို မပြုပြင်ဘဲ မည်သည့်အရာမျှ မရနိုင်။**
( တော်လှန်ရေးနှင့် လုပ်ကြံရေး ဆောင်းပါးမှ )

# သတိရှိသင့်သည့်

# ဂျပန်ဗမာ ဆက်ဆံရေး

အမေရိကန် သူလျှိုလေယာဉ် အရေးအခင်းနဲ့ ပတ်သက်ပြီး တရုတ်နဲ့ အမေရိကန်တို့ ပြဿနာ အတော်တက်ခဲ့ကြပါတယ်။ ဒါရဲ့ နောက်ဆက်တွဲသတင်းများကလည်း တဖွဲဖွဲပေါ်ထွက်နေခဲ့တာပါ။ ဒါကြောင့် ဒီအရေးအခင်းနဲ့ မရှေးမနှောင်း ဖြစ်ပွားခဲ့တဲ့ 'အမေရိကန်စစ်သင်္ဘောက ဂျပန်အစိုးရကို အသိမပေးဘဲ ဂျပန့်ရေပိုင်နက်တွင်း ဝင်ရောက်လာတဲ့သတင်း' ဟာ ခပ်မှိန်မှိန်ဖြစ်သွားခဲ့ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ဂျပန်အစိုးရက အတော်စိတ်ဆိုးမာန်ဆိုး ဖြစ်သွားပုံရပေမယ့် တရားဝင်အားဖြင့်တော့ 'အမေရိကန် စစ်သင်္ဘောများ ဂျပန်ရေပိုင်နက်တွင်း ဝင်မည်ဆိုပါက ဂျပန်အစိုးရအား ကြိုတင်အသိပေးသင့်ပါသည်။ သို့မှသာ ဂျပန်ပြည်အနေဖြင့် အမေရိကန် စစ်သင်္ဘောအတွက် အထောက်အကူဖြစ်အောင် ကူညီဆောင်ရွက်နိုင်ပါလိမ့်မည်' ဆိုတာလောက်ပဲ ပြောခဲ့တာပါ။ အမေရိကန် စစ်လေယာဉ်၊ စစ်သင်္ဘောတွေ အရှေ့တလွှားခြေရှုပ်မှုကို ဂျပန်က ကန့်ကွက်လိုက်တာ မဟုတ်ပါဘူး။ သူ့အချုပ်အခြာအာဏာကို အမေရိကန်က ပြောင်ပြောင်တင်းတင်း မထီမဲ့မြင်ပြုလိုက်ရင် သူ့ဂုဏ်သိက္ခာအကြီးအကျယ်ထိခိုက်မှာမို့ ဒါလောက်ကလေးတော့ ပြောထားမှဆိုပြီး ပြောရတာပါ။ နောက်ပြီး သူ့အခန်းကဏ္ဍနဲ့ဆိုင်တဲ့ ရည်မှန်းချက်ကို အနှောင့်အယှက် မဖြစ်စေချင်တဲ့ သဘောလည်း ပါပုံရပါတယ်။ အမေရိကန်က ကမ္ဘာကို ဗိုလ်ကျလွှမ်းမိုးဖို့ ကြိုးပမ်းနေတဲ့အချိန်မှာ ဂျပန်ကလည်း ဒေသအတွင်း ခေါင်းဆောင်မှုအခန်းမှာ ထိပ်ပိုင်းက ပါချင်ပါတယ်။ ကမ္ဘာမှာ (ဒါမှမဟုတ်) ကုလသမဂ္ဂမှာလည်း ကြီး (၁) တကြီး ဖြစ်ချင်နေပါတယ်။ သူ့အခန်းကဏ္ဍနဲ့ ပတ်သက်တဲ့ ရည်ရွယ်ချက်ဆိုတာ ဒါကိုပြောတာပါ။

ဒီသတင်းကို လေ့လာရင် အမေရိကန်နဲ့ ဂျပန်တို့ရဲ့ ဆက်ဆံရေးသဘောကို သိနိုင်သလို ဂျပန်ရဲ့ သူ့အခန်းကဏ္ဍ ထူဆောက်မှုကို ရိပ်စားမိနိုင်ပါတယ်။

ဂျပန်နဲ့စပ်လျဉ်းတဲ့ နောက်ထပ်ကိစ္စတရပ်လည်း ရှိပါသေးတယ်။ တရုတ်ဝန်ကြီးချုပ် ကျူရုံကျိ (Zhu Rongji) ဂျပန်ကို အလည်သွားစဉ်က "စစ်အတွင်း ဂျပန်ဖက်ဆစ်ဝါဒက တရုတ်ပြည်အား အတော်ဒုက္ခပေးခဲ့ပါသည်။ အလားတူ ဂျပန်ပြည်သူများလည်း ဒုက္ခရောက်ခဲ့ကြရသည်။ ထို့ကြောင့် ဤကိစ္စအတွက် ဂျပန်ပြည်သူများတွင် အပြစ်မရှိပါ" ဆိုတဲ့သဘောမျိုး ပြောခဲ့ပါတယ်။ ဂျပန်အစိုးရ ခေါင်းဆောင်ပိုင်းက အတော်လေး သဘောခွေ့ခဲ့ကြပြီး တရုတ်သမ္မတထက် ဝန်ကြီးချုပ်ကပိုပြီး သဘောထားမှန်သယောင်ယောင် ချီးကျူးခန်းဖွင့်ခဲ့ကြပါတယ်။ အမှန်တော့ တရုတ်ပြည်ရဲ့ ရပ်တည်ချက်ကို ဘယ်သူကကိုယ်စားပြုပြောသည် ဖြစ်ပါစေ တသဘောတည်းလို့ ယူဆရမှာပါ။ ဝန်ကြီးချုပ်အနေနဲ့လည်း ဂျပန်ပြည်ရဲ့ အတိတ်ကာလ ဖက်ဆစ်ဝါဒကို လျစ်လျူရှုလိုက်တာမဟုတ်ဘဲ ဖက်ဆစ်ဝါဒ ဆန့်ကျင်ရေးအတွက် ဂျပန်ပြည်သူများကိုပါ စည်းရုံးလိုက်တဲ့ သဘော ဖြစ်ပုံရပါတယ်။

စစ်အတွင်း အရှေ့အာရှတိုင်းပြည်အများအပြားတို့အား ဂျပန်ဖက်ဆစ်ဝါဒက အကြီးအကျယ် ဒုက္ခပေးခဲ့တာတွေဟာ မေ့ရက်နိုင်စရာ မရှိသလို သက်ဆိုင်ရာတိုင်းပြည်များကလည်း မမေ့နိုင်ကြပါ။ အတိတ်ကာလ ဂျပန်ဖက်ဆစ်အစိုးရဟာ သက်ဆိုင်ရာ တိုင်းပြည်များကို ကျူးကျော်သိမ်းပိုက်ခဲ့ရုံမျှမက တပြည်လုံးမှ ပြည်သူများကို ရက်ရက်စက်စက် ညှဉ်းပန်းသတ်ဖြတ်မှုများ လုပ်ခဲ့ပါတယ်။ တချို့တိုင်းပြည်တွေမှာဆိုရင် အလောင်းတောင်လိုပုံအောင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့တာပါ။ တရုတ်ပြည် နန်ကင်းမြို့မှာဆိုရင် အသတ်ခံရသူအရေအတွက် နှစ်သိန်းမှသုံးသိန်းကြား ရှိခဲ့ပါတယ်။ အသတ်ခံရသူအရေအတွက်သာ ကွာချင်ကွာမယ် ဂျပန်ကျူးကျော် သိမ်းပိုက်ခဲ့ရာတိုင်းပြည်တွေမှာ ဒီအဖြစ်မျိုးကြုံရတာချည်းပါပဲ။

ဒါကြောင့် အတိတ်ကာလတုန်းက သူ့ကြောင့် သက်ဆိုင်ရာနိုင်ငံများမှ ပြည်သူတွေ အသက်ဆုံးရှုံးမှု၊ သက်ဆိုင်ရာ အမျိုးသားတို့ရဲ့ အမျိုးသားဂုဏ်သိက္ခာ ညှိုးနွမ်းခဲ့ရမှု၊ တိုင်းပြည်ရဲ့ သယံဇာတနဲ့ ဥစ္စာစီးပွား ပျက်စီးခဲ့ရမှုတို့အတွက် ဂျပန်ပြည်အနေနဲ့ ဝမ်းနည်းစာနာကြောင်း ဖော်ပြရပါတယ်။ ဝန်ချတောင်းပန်မှုများ ပြုရပါတယ်။ ဒါပေမဲ့

စစ်အပြီးတက်လာကြတဲ့ ဂျပန်အစိုးရ အဆက်ဆက်ဟာ ဒီလိုဝန်ချတောင်းပန်မှုများ လုပ်ရာမှာ တသဘောတည်း မဟုတ်ခဲ့ပါ။ တသမတ်တည်း တည်တည်ငြိမ်ငြိမ် ရှိခဲ့တာ မဟုတ်ပါ။ လိုက်လှဲစာနာမှု မလုံလောက်ဘူး လို့ ပြောရပါမယ်။ ဂျပန်ဖက်ဆစ်ဝါဒ ပြန်လည်ခေါင်းထောင်ထ လာချင်တဲ့အချိန်မျိုးဆို ပိုဆိုးတတ်ပါတယ်။ စစ်အတွင်း ဂျပန်ဖက်ဆစ်ဝါဒက ကျူးလွန်ခဲ့တဲ့ ပြစ်မှုများကို ဖုံးကွယ်တာတောင် လုပ်ပါတယ်။ သမိုင်းကို အဖြစ်မှန်မဟုတ်တဲ့ ကွဲလွဲတဲ့အချက်များနဲ့ လိမ်ညာဖုံးကွယ်ရေးပါတယ်။ ပြောပါတယ်။

ခုတလော ဂျပန်ကျောင်းများ အတွက် ပြဋ္ဌာန်းစာအုပ်များမှာ စစ်အတွင်းက ၎င်းအချက်အလက်များနဲ့ ပတ်သက်လို့ လိမ်ညာလွဲမှား ရေးသားထားတာကို သက်ဆိုင်ရာ တိုင်းပြည် အစိုးရတချို့က မကျေနပ်ကြဘူး။ ဆန့်ကျင်ကန့်ကွက်ကြပါတယ်။ တရုတ်၊ မြောက်ကိုရီးယား တိုင်းပြည်တို့က သာ မကျေနပ်ကြတာ မဟုတ်ပါ။ အရင်းရှင်မှီခိုရေး တိုင်းပြည်တပြည်ဖြစ်တဲ့ တောင်ကိုရီးယားလို တိုင်းပြည်မျိုးကတောင် ကန့်ကွက်ပါတယ်။ တောင်ကိုရီးယားဟာ ဂျပန်နိုင်ငံဆိုင်ရာ ၎င်းရဲ့သံအမတ်ကို ပြန်လည်ရုပ်သိမ်း ခေါ်ယူလိုက်တဲ့အထိ သူ့ရဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက်မှု သဘောထားကို ဖော်ပြလိုက်ပါတယ်။

ဒီလိုအချိန်မှာ ဗမာပြည် စစ်အစိုးရကကော ဘယ်လိုဖော်ပြပါသလဲ။ ကန့်ကွက်ဖို့ နေနေသာသာ ဒီဂျပန်ပြည်ရဲ့နည်းနာကိုယူပြီး "မူလတန်း" ကျောင်းသုံးစာအုပ်တွေမှာ ထိုင်းလူမျိုးတို့ကို နှိမ့်ချစော်ကားတဲ့ အပိုဒ်များ ဖြည့်ရေးပြီး သင်ကြားစေပါတယ်။ ခါတော်မီ ဂျပန်နောက်လိုက် လုပ်လိုက်ခြင်းလို့ ဆိုရမှာပါ။

ဂျပန်ကျောင်းသုံးစာအုပ် ပြဋ္ဌာန်းစာကို အတိတ်ကာလ ဂျပန်ဖက်ဆစ်ဝါဒရဲ့ ကျူးကျော်မှုကိုခံရတဲ့ အာရှနိုင်ငံတချို့က ကန့်ကွက်နေချိန်မှာ – ဂျပန်ဖက်ဆစ်ဝါဒရဲ့ ကျူးကျော်စော်ကားမှုခံခဲ့ရတဲ့ နိုင်ငံတခုဖြစ်တဲ့ ဗမာပြည်မှာတော့ ဗမာ – ဂျပန် ယဉ်ကျေးမှု ဖလှယ်ရေးဆိုင်ရာ ရုပ်မြင်သံကြား အစီအစဉ်များနဲ့ ယဉ်ကျေးမှုပဒေသာကပွဲများကို တခမ်းတနားကျင်းပပေးနေတာ တွေ့ရပါတယ်။ ဗမာ – ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး ရုပ်မြင်သံကြား တင်ဆက်မှု အစီအစဉ် ဆိုတာကလည်း ကတိုက်ကရိုက် ဖုတ်ပူမီးတိုက် ထလုပ်ရတာဖြစ်လို့ ကပျက်ကချော်နိုင်ပါတယ်။ ရုပ်ရှင်သရုပ်ဆောင်များကို ရုပ်ရှင်ကောင်စီမှ အမိန့်နဲ့ခေါ်ယူ ခိုင်းစေတာမို့လည်း သရုပ်ဆောင်များဘက်မှ ကျေနပ်မှု မရှိကြောင်း တစွန်းတစ ဖော်ပြခဲ့ကြပါတယ်။ ပဒေသာကပွဲဆိုတာကလည်း ဗမာရော ဂျပန်ပါ အာရှတိုက်သားချည်းဖြစ်တာမို့ ယဉ်ကျေးမှုအခြေခံချင်း နီးစပ်မှု၊ တူညီမှုများ ရှိတာကို ပြသဖော်ကျူးချင်တဲ့ သဘော ရှိပါတယ်။ အာရှတိုက်သားဝါဒကို ဖော်ကျူးလိုတဲ့ သဘောများလား မသိပါ။

ဒီအစီအစဉ်တွေကို ဗမာ – ဂျပန် ချစ်ကြည်ရေးအသင်းက ဦးစီးခဲ့တာပါ။ နအဖ ပြည်ထဲရေးဝန်ကြီးက ဒီအသင်းရဲ့ဥက္ကဋ္ဌ ဖြစ်ပါတယ်။ "နေရာတကာ – ပါလေရာ" ဖြစ်တဲ့ ဗိုလ်ခင်ညွန့်က ဒီအသင်းရဲ့ နာယကပါ။ (ဒီအသင်းမှာ ဒီပုဂ္ဂိုလ်မျိုးတွေ ဦးစီးနေခြင်း ဆိုတာကိုကပဲ နအဖ အနေနဲ့ ဂျပန်အစိုးရနဲ့ ဆက်ဆံရေးအပေါ် အလေးထားကြောင်း ဖော်ပြနေပါတယ်။)

ဗမာပြည်က ဒီဗမာ – ဂျပန် ယဉ်ကျေးမှုပဒေသာကပွဲကို ဂျပန်ရိုးရာဗုံများ တီးခတ်ဖွင့်လှစ်ခဲ့တာပါ။

ဒီအစီအစဉ်တွေကို ဒီအချိန်မှာ ဘာကြောင့်အခုလို ဖုတ်ပူမီးတိုက် ထလုပ်ရပါသလဲ။

ဒီအစီအစဉ်တွေ မတိုင်မီကလေးမှာ နအဖနဲ့ ဂျပန်တို့အကြား အဖုအထစ်ကလေးတချို့ ပေါ်ခဲ့ပါတယ်။ ရန်ကုန်ဆေးရုံကြီး အရေးပေါ် ကုသရေးဌာနအတွက် ဂျပန်က ဒေါ်လာ ၃ သန်း ကူညီဖို့ သဘောတူခဲ့ပြီးသားပါ။ ဒါပေမဲ့ ၂၀၀၀ ခုနှစ် စက်တင်ဘာလအတွင်း ဒေါ်အောင်ဆန်းစုကြည်အား ဖမ်းဆီး အိမ်ချုပ်ထားခဲ့တာကို သဘောမကျလို့ ဖိအားပေးတဲ့အနေနဲ့ ဂျပန်က အဲဒီအကူအညီကို လုံးဝဖြတ်တောက်ပစ်မယ်လို့ ပြောလာပါတယ်။ နအဖဘက်က အတော်စိတ်ဆိုးသွားပုံရပြီး ဖြတ်ချင်ဖြတ်လို့ ပြောတဲ့အထိ ဖြစ်ခဲ့တယ်။ နောက်ဆုံးမှာ ဂျပန်က ဒေါ်လာ ၂ သန်း ဖြတ်တောက်ပစ်လိုက်ပြီး ဒေါ်လာ ၁ သန်းသာ ပေးတော့ကြောင်း ကြားသိရတယ်။

ဗမာပြည် လွတ်လပ်ရေးရအပြီး တက်လာတဲ့ အစိုးရအဆက်ဆက်ကို ဂျပန်က စီးပွားရေးကူညီငွေတွေ ပုံစံမျိုးစုံနဲ့ ပေးလာခဲ့တာပါ။ စစ်လျော်ကြေးသဏ္ဍာန်နဲ့ ပေးခဲ့တာ ရှိသလို၊ ချေးငွေအကူအညီ၊ ချေးငွေမဟုတ်တဲ့ ဖွံ့ဖြိုးရေး (အိုဒီအေ) အကူအညီ – စတဲ့ သဏ္ဍာန်နဲ့ ပေးတာတွေလည်း ရှိခဲ့ပါတယ်။ ဂျပန်နိုင်ငံကရော တခြားနိုင်ငံတွေကပါ ကူညီငွေများ ရရှိခဲ့ပေမယ့်လည်း ဗမာပြည်မှာ ဖွံ့ဖြိုးတိုးတက်လာခြင်း မရှိပါ။ သယံဇာတ အရင်းအမြစ်တွေ ကြွယ်ဝတဲ့နိုင်ငံဖြစ်ပါလျက်က ဆင်းရဲမွဲတေတဲ့နိုင်ငံ ဖြစ်သွားတဲ့အခါမှာ – ဂျပန်အစိုးရက မဆလစစ်အစိုးရကို စီးပွားရေး တံခါးဖွင့်ဖို့ ဖိအားပေးလာပါတယ်။ (ဒေသအတွင်း ဂျပန်အစိုးရရဲ့ ခေါင်းဆောင်မှု ရယူနည်းမှာ ဒီလိုယန်းငွေဆိုင်ရာ သံတမန်ဆက်ဆံရေးနဲ့ သက်ဆိုင်ရာနိုင်ငံအစိုးရကို နဖားကြိုးထိုးဖို့ ကြိုးစားခြင်း ဖြစ်ပါတယ်။)

ဒီအချိန်မှာပဲ ရှစ်လေးလုံး အရေးအခင်းကြီး ပေါ်ပေါက်လာခဲ့ပြီးနောက် ဗမာပြည် အာဏာဇာတ်ခုံပေါ်မှာ စစ်ဝတ်စုံဝတ်ထားတဲ့ သရုပ်ဆောင်မျက်နှာသစ်များ တက်လာတယ်။ ဒါပေမဲ့ ဇာတ်ကွက်ကျောရိုးကတော့ ပြောင်းလဲမသွားပါ။ နောက်လာတဲ့ မောင်ပုလဲ ဒိုင်းဝန်ထက်ကဲတဲ့ အဖြစ်မျိုးပါပဲ။

နအဖ တက်လာချိန် စစ်အေးလွန်ခေတ်မှာ ဂျပန်အနေနဲ့ အကူအညီများကို လွတ်လွတ်လပ်လပ် ပေးမရတော့ပါ။ အမေရိကန်နဲ့ အိုင်အမ်အက်ဖ် ( IMF ) တို့ အလိုမကျ မဖြစ်အောင် သတိပြုနေရတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု နိုင်ငံများက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးအတွက်ဆိုပြီး ဗမာပြည်အား ဖိအားပေးနေချိန်မှာ ဂျပန်ကလည်း စည်းကိုက်ဝါးကိုက် ဟန်ချက်ညီညီ ကပြဖို့ လိုအပ်လာပါတယ်။ စည်းဘောင်ကျော်ပြီး စိတ်ထင်သလို နအဖအား အကူအညီ ပေးလို့ မရတော့ပါ။ တဖက်မှာ ၎င်းနဲ့ တရုတ်နိုင်ငံတို့ရဲ့ ဆက်ဆံရေးကို ထိပါးနှောင့်ယှက်မှု မဖြစ်အောင် သတိထားနေရပုံလည်း ပေါ်ပါတယ်။ ဒါကြောင့် နည်းပညာဆိုင်ရာ အကူအညီ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ စတဲ့ပုံသဏ္ဍာန်တွေနဲ့ ပြောင်းလဲကူညီလာရတယ်။ ပုံစံကတော့မျိုးစုံလို့ ဆိုရမှာပါ။ မြန်မာနိုင်ငံ စာတတ်မြောက်ရေး အထောက်အကူပြု ပင်မဌာနအဆောက်အဦကအစ ပန်းဂျုံစိုက်ပျိုးရေး အကူအညီနဲ့ အမိုက်သိမ်းကား ပေးခြင်းအထိ ပါဝင်ပါတယ်။

ဘီလူးချောင်း ရေအားလျှပ်စစ်

စီမံကိန်းဟာ ဂျပန်က စစ်လျော်ကြေးအဖြစ်နဲ့ တည်ဆောက်ပေးထားခဲ့တာပါ။ အခုအခါမှာ ၎င်းရေအားလျှပ်စစ်စက်ရုံဟာ စက်ပစ္စည်း အဟောင်းများ လဲလှယ်တပ်ဆင်ဖို့ လိုအပ်တဲ့ အခြေအနေ ရောက်နေပါပြီ။ မူလက ဂျပန် အစိုးရက ဒီစက်ရုံပြုပြင်ရေး အကူအညီ ပေးပါမယ်လို့ ကတိပြုခဲ့ပေမယ့်လည်း နအဖနဲ့ ၎င်းတို့အကြား အဖုအထစ်တချို့ ပေါ်လာချိန်မှာ ဒီအကူအညီပေးရေး ကိစ္စကို ထစ်ထားလိုက်ပါတယ်။

ဗမာ – ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး ရုပ်မြင်သံကြားတင်ဆက်မှုနဲ့ ပဒေသာကပွဲများ ပြီးလျှင်ပြီးချင်းမှာပဲ ဂျပန်အစိုးရက ဘီလူးချောင်း ရေအားလျှပ်စစ်စက်ရုံ ပြုပြင်မွမ်းမံရေးအတွက် အမေရိကန်ဒေါ်လာ ၂၈ သန်းခွဲပေးမယ်လို့ ချက်ချင်းထပြောလိုက်ပါတယ်။ အရင်လျာထားခဲ့တဲ့ ငွေကြေးပမာဏထက် သုံးဆနီးပါး ပိုများလာတာကိုလည်း သတိပြုရမှာပါ။

ဒါလောက်တင်မကသေး၊ နောင်မှာလည်း ဂျပန်အစိုးရဘက်မှ ဗမာပြည်အား အကူအညီများ ဆက်လက်ပေးသွားဦးမယ်လို့ ဆိုလိုက်ပါသေးတယ်။ ၂၀၀၁ ခုနှစ်မှာ ဂျပန်အနေနဲ့ နိုင်ငံခြားတိုင်းပြည်များသို့ ကူညီထောက်ပံ့နေတဲ့ ငွေကြေးများကို လျှော့ချသွားဖို့ ဂျပန်အစိုးရ ဘဏ္ဍာရေးဝန်ကြီးက ကြေညာထားချိန်မှာပဲ ဗမာပြည် အစိုးရအတွက်ကိုတော့ ထောက်ပံ့ကူညီငွေများ တိုးပေးသွားမယ်လို့ ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။

အတိတ်တုန်းက ဂျပန်ဖက်ဆစ်ဝါဒကြောင့် ဗမာပြည် ပြည်သူများ နစ်နာဆုံးရှုံးမှု ဖြစ်ခဲ့ရတဲ့အတိုင်းအတာဟာ မသေးငယ်လှပါ။ ဗမာပြည်အား ကျူးကျော်သိမ်းပိုက်ခဲ့ရုံမျှမက တပြည်လုံးမှ ပြည်ချစ်ပုဂ္ဂိုလ်များနဲ့ ပြည်သူများအား ရက်ရက်စက်စက် ညှဉ်းဆဲသတ်ဖြတ်မှု အမြောက်အမြား ပြုလုပ်ခဲ့ပါတယ်။ တပြည်လုံးနေရာဒေသအသီးသီးမှ ပြည်သူတို့အား ဖမ်းဆီးပြီး အဓမ္မ ချွေးတပ်ဆွဲရာမှာလည်းကောင်း၊ သံဖြူဇရပ် ချွေးတပ်စခန်းမှာသော်လည်းကောင်း ဗမာပြည်က ပြည်သူများ အသက်သွေးချွေး စတေးခဲ့ရ၊ သေကြေဆုံးရှုံးရမှုဟာ နည်းနည်းနောနော မဟုတ်ပါ။ ဂျပန်ဖက်ဆစ်ဝါဒကို တွန်းလှန်တိုက်ခိုက်ရတဲ့ ဖက်ဆစ်တော်လှန်ရေး အတွင်းမှာလည်း တော်လှန်ရေးသမားများ၊ ပြည်သူများ၊ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်များ အသက်ပေါင်းများစွာ စွန့်လွှတ်ပေးလှူ ခဲ့ရပါတယ်။

ဒါပေမဲ့ နအဖဟာ (အရင်းရှင်မှီခိုရေးအစိုးရ ဖြစ်သော်လည်း အတိတ်ကာလ ဂျပန်ဖက်ဆစ်ဝါဒကို ပြင်းပြင်းထန်ထန် ဆန့်ကျင်မှုပြုနေတဲ့ ) တောင်ကိုရီးယားအစိုးရလောက်တောင် အမြော်အမြင်မရှိ၊ မျိုးချစ်စိတ်မရှိလို့ ပြောရပါလိမ့်မယ်။

စစ်အုပ်စုဟာ သမိုင်းဝင် ဖက်ဆစ်တော်လှန်ရေးနေ့ကို ဖယ်ရှားဖျောက်ဖျက်ပြီး တပ်မတော်နေ့နဲ့ အစားထိုးခဲ့ပါတယ်။ ဒီကနေ့ လူလားမြောက် ကြီးပြင်းလာကြတဲ့ လူငယ်အများစုဟာ ဖက်ဆစ်တော်လှန်ရေးနဲ့ ပတ်သက်လို့ ဂဃနဏ သိဖို့မလွယ်တော့ပါ။

နအဖဟာ သမိုင်းအဖြစ်မှန်ဘက်က ရပ်တည်ကာကွယ်မှု မပြုရုံသာမက သူတို့အကျိုးအတွက် သမိုင်းလိမ်ညာမှုပင် လုပ်ခဲ့ပါသေးတယ်။ ဗိုလ်ခင်ညွန့်က ဗမာပြည် လွတ်လပ်ရေး ရရှိခဲ့ခြင်းအတွက် ဂျပန်ကို ကျေးဇူးတင်ပါတယ်လို့တောင် ပြောခဲ့သေးတယ် မဟုတ်ပါလား။

နောက်တဖက်မှာကျ နအဖဟာ အမေရိကန်နဲ့ အနောက်အရင်းရှင်နိုင်ငံတို့ကို ဆန့်ကျင်ပြနေပါတယ်။ ဒီနေရာမှာ နအဖနဲ့ မလေးရှားနိုင်ငံက မဟာသီယာတို့ အတော်ကလေး တူပါတယ်။ မဟာသီယာက အာရှတိုက်ရဲ့ ပင်လယ်ရပ်ခြား အမျိုးသားခေါင်းဆောင်အဖြစ် သူ့ကိုယ်သူ သိဒ္ဓိတင်ဖို့နဲ့ သူ့အာဏာကို ဆက်လက်ထိန်းသိမ်းထားဖို့ အတွက် အနောက်အရင်းရှင် အုပ်စုကို ဆန့်ကျင်တိုက်ခိုက်မှု ပြုနေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ စက်မှုထူထောင်ရေး လုပ်ငန်းများမှာ အနောက်အရင်းရှင် နိုင်ငံများကို အတုခိုး လုပ်ဆောင်ထားတာဖြစ်သလို သူတို့အစိုးရခေါင်းဆောင်ပိုင်းက အာသာဆန္ဒရှိနေကြတဲ့ ငွေကုန်ကြေးကျ အလွန်ကြီးမားလှတဲ့ "မဟာစီမံကိန်း" ကြီးများဟာ အနောက်အရင်းရှင် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ပုံတူကူးချထားတာ ဖြစ်ပါတယ်။ ၎င်းတို့လိုပဲ နအဖကလည်း အနောက်အရင်းရှင် နိုင်ငံတို့ကို မှီခိုချင်ပါလျက်က သူ့အာဏာ သူ့အုပ်ချုပ်မှုကို အနောက်အရင်းရှင် နိုင်ငံတို့က ဆန့်ကျင်နေတာမို့ တုံ့ပြန်ဆန့်ကျင်မှု ပြုနေရတဲ့အဖြစ်ပါ။

နအဖဟာ မဟာသီယာ အစိုးရထက် ပိုဆိုးတဲ့နည်းလမ်းတခုကို ပြုလုပ်ခဲ့ပါတယ်။ အိမ်ရှေ့ပေါက်ကနေ ဓားပြကိုဆဲဆိုကြိမ်းမောင်းပြရင်းက နောက်ဖေးပေါက်ကနေ ဓားပြလက်ထောက်ကို တံခါးဖွင့်ပေးလိုက်ခြင်း ဖြစ်ပါတယ်။

ဂျပန်က ဗမာပြည်ထဲကို ဘက်ပေါင်းစုံ လမ်းအသွယ်သွယ်မှ ဝင်ရောက်ထိုးဖောက်ပါတယ်။ နအဖလက်ခံလို့သာ ဒီလိုထိုးဖောက်မှု လုပ်နိုင်တာပါ။

နာမည်မျိုးစုံခံထားတဲ့ ဂျပန်ပြည်မှ အဖွဲ့အစည်းပေါင်းစုံက (ဗိုလ်ခင်ညွန့်နဲ့ စစ်မဟာဗျူဟာ လေ့လာရေးရုံး အပါအဝင်) နဲ့ တွေ့ဆုံဆွေးနွေးမှုများ လုပ်တာဟာ အဆက်မပြတ် လစဉ်မပျက်ရှိခဲ့ပါတယ်။ ဗမာပြည်၊ ဂျပန်ပြည်တို့မှာ တွေ့သလို တခြားနိုင်ငံများမှာလည်း တွေ့ဆုံပါတယ်။

နအဖရဲ့ စီးပွားရေးကို ဂျပန်က အဖွဲ့အစည်းအမျိုးမျိုးရဲ့ နာမည်ခံပြီး တိုက်ရိုက်လာရောက် အကြံပေးပါတယ်။ ဂျပန်က တိုက်ရိုက်ညွှန်ကြားနေတယ်လို့ မပြောရုံတမယ်ပဲ ကျန်ပါတော့တယ်။ ဗမာပြည်သို့ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ဂျပန်ရဲ့ရင်းနှီးမြှုပ်နှံငွေဟာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံငွေများထဲမှာ အများဆုံးမဟုတ်ပေမယ့်လည်း ဗမာပြည် စီးပွားရေးမှာ သူက ဘက်ပေါင်းစုံကနေ ထိုးဖောက်ထားတာပါ။ မှိုမွေးမြူရေးကအစ၊ မီးသွေးတောင့်လောင်စာအဆုံး ဂျပန်ရဲ့နည်းပညာကို မှီခိုပြီးလုပ်ရတာဖြစ်သလို သူပံ့ပိုးပေးထားတဲ့ သူ့လူများ (ဂျပန်ရော ဗမာတွေပါ) ဗမာပြည် စီးပွားရေး ဘက်အသီးသီးမှာ ရှိနေကြပါတယ်။ ဗမာပြည်မှ လူပုဂ္ဂိုလ်အချို့ကို ဂျပန်ပြည်သို့ ဖိတ်ခေါ်ပြီး မေးမြန်းစုံစမ်းအကဲခတ်၊ အကြံဉာဏ်ရယူမှုများ ပြုပါတယ်။ သူမွေးလို့ရမယ်ထင်ရင် မွေးလိုက်ပါတယ်။ နအဖဘက်ကလည်း ဂျပန်နဲ့ အဆင်ပြေပြေ ဆက်ဆံတတ်တဲ့ လူပုဂ္ဂိုလ်တွေကို ရွေးချယ်စိစစ်ပြီး အသုံးပြုနေတာ ဖြစ်ပါတယ်။ ဒီလိုစီးပွားရေးဘက်မှ ဂျပန်က ထိုးဖောက်နေရုံမက ယဉ်ကျေးမှုဘက်မှ ထိုးဖောက်မှုဟာလည်း အစုံအလင် တပုံတပင်ကြီးမို့ အသေးစိတ် မတင်ပြတော့ပါ။

ဒီလိုထိုးဖောက်မှုတွေကို လမ်းဖွင့်ပေးနေသူက နအဖပဲ ဖြစ်ပါတယ်။ ဖက်ဆစ်ဝါဒဆန့်ကျင်ရေးကို မေ့ထားပြီး (ဒါမှမဟုတ်)

ပိတ်ပင်ထားပြီး ဂျပန်ကို ဖွင့်ပေးနေတာပါ။ အရှေ့အာရှနိုင်ငံတချို့က ဂျပန်နိုင်ငံမှာ စစ်ဝါဒပြန်လည် ခေါင်းထောင်ထလာခြင်း အတွက် စိုးရိမ်မကင်းဖြစ်နေချိန်မှာ နအဖက ဂျပန်အတွက် ရွှေတံခါးကြီး ဖွင့်ပေးထားခြင်း ဖြစ်ပါတယ်။

နအဖအနေနဲ့ ဂျပန်ရဲ့ စစ်ဝါဒကို မစိုးရိမ်တဲ့အတွက် ဒီလိုဖွင့်ပေးတယ်လို့ ဆိုရပါလိမ့်မယ်။

နိုင်ငံခြားသုတေသီတချို့က ဗမာပြည်အပေါ် ဂျပန်ရဲ့ ဩဇာသက်ရောက်မှုကို အတော်ကလေး အလေးထား တွက်ကြပါတယ်။ ဗမာပြည် လွတ်လပ်ရေးရပြီးနောက်ပိုင်း စစ်အစိုးရများတက်လာခြင်းနဲ့ ဖက်ဆစ်ဆန်လာခြင်းတို့အတွက် ဂျပန်ပြည်မှာ တာဝန်မကင်းဘူးလို့ ထင်မြင်ယူဆကြပါတယ်။ ဒါတင်မက ဦးနေဝင်းအစိုးရရဲ့ “အမျိုးသား ဆိုရှယ်လစ်ဝါဒ” ဆိုတာဟာလည်း ဂျပန်ပြည်ကနေ ရရှိလာတယ်လို့ ထင်ကြပါတယ်။ (ဟစ်တလာ ဖက်ဆစ်ဝါဒက ‘အမျိုးသား ဆိုရှယ်လစ်ဝါဒ’ ကို ကြွေးကြော်ခဲ့သလို အတိတ်ကာလ ဂျပန်ဖက်ဆစ် ခေါင်းဆောင်များဟာလည်း ပေါ်ပေါ်ထင်ထင်မဟုတ်ပေမယ့် ‘အမျိုးသား ဆိုရှယ်လစ်ဝါဒ’ ကို တိမ်းညွတ်ခဲ့ဖူးပါတယ်။)

ဂျပန်ဖက်ဆစ် ဝါဒဟာ ဗိုလ်အောင်ဆန်းရဲ့ ဘီအိုင်အေတပ်နဲ့အတူ ဗမာပြည်ထဲကို စတင်ခြေချလာခဲ့တယ်လို့ ပြောရင် မမှန်ကန်ပါဘူး။ ဒီ့အရင်ကတည်းက ဂျပန်ဖက်ဆစ်ဝါဒရဲ့ သူလျှိုများ ဗမာပြည်တွင်းသို့ ထိုးဖောက်ဝင်ရောက်ခဲ့ပြီးသားပါ။ ဒို့ဗမာအစည်းအရုံးထဲက သခင်ရှုမောင် (ဦးနေဝင်း) အပါအဝင် သခင်ဗစိန် – သခင်ထွန်းအုပ်တို့ ဂိုဏ်းဟာ ဂျပန်ကိုလိုလားတဲ့ဂိုဏ်းလို့ လူသိများခဲ့ပါတယ်။ ရဲဘော်သုံးကျိပ် ဂျပန်ပြည်တွင် စစ်ပညာသင်ကြားနေစဉ် ကာလက ဦးနေဝင်းရဲ့ ဂျပန်အပေါ်ထားရှိတဲ့ သဘောထားနဲ့ ဖက်ဆစ်တိမ်းညွတ်မှုကို ဗိုလ်အောင်ဆန်းက အတော်ကလေး ဘဝင်မကျဖြစ်ခဲ့လို့ တပ်မှ ထုတ်ပစ်ရန် စဉ်းစားတဲ့အထိ ဖြစ်ခဲ့ဖူးတယ်လို့ ဆိုပါတယ်။ ဦးနေဝင်းဟာ ဂျပန်ဘုရင့်တပ်မတော်ရဲ့ လျှို့ဝှက်ပုလိပ်တပ်ဖွဲ့ (ကင်ပေတိုင်) က လက်သပ်မွေးထားသူလို့လည်း ပြောကြပါတယ်။

ဦးနေဝင်းဟာ ဂျပန်ဖက်ဆစ်တော်လှန်ရေးထဲ မလွှဲမရှောင်သာ ပါဝင်ခဲ့ရပေမယ့် တိုင်းပြည်လွတ်လပ်ပြီးနောက်ပိုင်းမှာ ဦးနေဝင်းနဲ့ ဂျပန်ခေါင်းဆောင်များ ပုဂ္ဂိုလ်ရေးဆက်ဆံမှု ဆက်လက်ရှိနေခဲ့ပြီး ဦးနေဝင်းအပေါ် ဂျပန်ရဲ့ဩဇာ ဆက်လက်သက်ရောက်မှု ရှိနေဆဲလို့ ခန့်မှန်းကြပါတယ်။ ဒီကနေ့မြင်နေရတာကတော့ ဗမာ – ဂျပန် ဆက်ဆံရေးဟာ မိဘနဲ့သားသမီး ဆက်ဆံရေးလိုပဲ နအဖက ချိုမိုင်မိုင် ကပြလိုက် – စိတ်ကောက်လိုက်လုပ်ပြီး မိဘထံက မုန့်ဖိုးတောင်းနေတဲ့ပုံမျိုးပါ။

မမေ့သင့်တာကတော့ ဒီနေ့ကာလဟာ စစ်အေးလွန်ကာလ၊ ကမ္ဘာ့စနစ်သစ် ပုံစံချမှတ်ဖို့ တာစူနေဆဲကာလ ဖြစ်ပါတယ်။ ကြီး (၁) ကြီး ဖြစ်ချင်နေတဲ့ ဂျပန်က တပည့်မွေးချင်နေသလို ဗမာစစ်အုပ်စုကလည်း ထောက်လှမ်းရေးနည်းနဲ့ ကစားလိုပုံရပါတယ်။

မိမိတိုင်းပြည်ကို အရင်းပြုပြီး တရုတ်နဲ့ အိန္ဒိယအကြား၊ အိန္ဒိယနဲ့ ပါကစ္စတန်အကြား၊ တရုတ်နဲ့ ထိုင်းအကြား၊ အာဆီယံနဲ့ အီးယူအကြား လှုပ်စိလှုပ်စိ နအဖကို မြင်နေရပါတယ်။ နောင်မှာ တရုတ်နဲ့ ဂျပန်အကြား၊ တရုတ်နဲ့ အမေရိကန်အကြား မြင်လာနိုင်ဖွယ်ရှိပါတယ်။ ဒီလိုမလည်ရှုပ်လုပ်ပြီး သပွတ်အူဇာတ် ခင်းနေရင်တော့ တိုင်းပြည်ရဲ့ အနာဂတ်အတွက် စိုးရိမ်စရာပါ။

ဦးနေဝင်း မွေးမြူပြုစုလာခဲ့တဲ့ ဗမာပြည် စစ်အုပ်စုဟာ ဦးနေဝင်းရဲ့ လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်း နေကြတာပါ။ ယနေ့ နအဖအစိုးရက – စစ်အုပ်စု၊ စစ်တပ်နဲ့ စစ်အင်အား ဘက်စုံခိုင်မာတောင့်တင်းရေး၊ သားစဉ်မြေးဆက် ကောင်းစားရေးတို့ကို ခြေလှမ်းရှိရှိ ပြင်ဆင်နေတာဟာ စစ်ဝါဒကို ပုံဖော်နေခြင်း ဖြစ်ပါတယ်။ ဗမာ – ဂျပန် ဆက်ဆံရေးကို လေ့လာသုံးသပ်မယ်ဆိုရင် ဂျပန်စစ်ဝါဒ ပြန်လည်ခေါင်းထောင်လာခြင်းနဲ့ နအဖရဲ့ စစ်ဝါဒကျင့်သုံးမှုတို့ကို ဆက်စပ်ကြည့်ဖို့ မုချလိုအပ်ပါလိမ့်မယ်။

ယခုလို ကတိုက်ကရိုက် ဖုတ်ပူမီးတိုက် ထလုပ်လိုက်ကြတဲ့ – – ဗမာ – ဂျပန် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များဟာ အပေါ်ယံသဏ္ဌာန် (သို့မဟုတ်) အချက်ပြမှုသာ ဖြစ်နိုင်ပါတယ်။ ဂျပန်အစိုးရနဲ့ နအဖတို့ နားလည်မှုတခုခု (သို့မဟုတ်) သဘောတူညီချက်တခုခု ရယူလိုက်ခြင်းက အဓိက အကြောင်းအရာ ဖြစ်ပါလိမ့်မယ်။

နှစ်ဦးနှစ်ဘက်တို့မှာ လျှို့ဝှက်အကြံအစည်များ ရှိနေနိုင်ပါတယ်။ ပြည်သူများအတွက် အကျိုးဆက်ကောင်းစေမယ့် အကြံဉာဏ်များ မဟုတ်နိုင်ပါ။

ဗမာပြည် ပြည်သူများ မျက်ခြည်မပြတ် သတိချပ်စောင့်ကြည့်ရမယ့် ကိစ္စတရပ် ဖြစ်ပါတယ်။

# မာ့က်စ်အကြောင်းမှတ်စုများ

ကားလ်မာ့က်စ်သမီးအီလီယော်နာမာ့က်စ် (Eleoner Marx) ရေးသည်



**(အီလီယော်နာမာ့က်စ်)**

ဂျင်နီနဲ့စေ့စပ်ကြောင်းလမ်းတဲ့အခါမှာ ကားလ်ဟာ ၁၇ နှစ် ရှိပါပြီ။ သူတို့အတွက်လဲ မေတ္တာစစ် မေတ္တာမှန်ဟာ မဖြောင့်ဖြူး မချောမွေ့ ပါဘူး။ မာ့က်စ်ဒီအသက်အရွယ်နဲ့ စေ့စပ်ကြောင်းလမ်းတာကို သူ့ မိဘတွေ ဆန့်ကျင်တာဟာ နားလည်ရ မခက်ပါဘူး။ သူ စေ့စပ်ကြောင်းလမ်းတဲ့အတွက် သူတို့အိမ်အတွင်းမှာ တိုက်ခိုက်ခဲ့တဲ့ မုန်တိုင်းကို ကြည့်ရင် မာ့က်စ်အနေနဲ့ ပဋိပက္ခတွေအကြားက သူ့မေတ္တာကို သူ့ဖခင်လက်ခံအောင် သူရှင်းပြခဲ့ရပုံတွေကို သိနိုင်ပါတယ်။ အဲဒီတုန်းက ဆိုရင် သူဟာတကယ်ကို ပြင်းထန်တဲ့ရိုလင် (Roland)[၁] ပဲလို့ အဖေက ပြောလေ့ရှိပါတယ်။ ဒါပေမဲ့ ပြဿနာဟာ မကြာခင်ပဲ ပြေလည်သွားပြီး သူ့အသက် ၁၈နှစ် ပြည့်တဲ့ကာလ တဝိုက်မှာပဲ သူတို့ စေ့စပ်တာကို အသိအမှတ် ပြုလိုက်ကြပါတယ်။ မာ့က်စ်ဟာသူ့ရဲ့ ဂျင်နီ အလှကို ခုနစ်နှစ် စောင့်ခဲ့ရပါတယ်။ ဒါပေမဲ့ ဂျင်နီကို သိပ်ချစ်တဲ့ ကားလ် အဖို့တော့ ဒီကာလတွေဟာ ကြာလိုက်တာ။

၁၈၄၃ခုနှစ်၊ ဇွန်လ၁၉ရက်နေ့မှာ သူတို့နှစ်ဦး မင်္ဂလာဆောင်ပါတယ်။ ငယ်စဉ်တောင်ကျေးကတည်းက ကစားဖော် ကစားဖက်လဲ ဖြစ်၊ အသက်ငယ်ငယ်နဲ့ အိမ်ထောင်ပြုကြတာလဲဖြစ်တော့ ဒီလင်ဒီမယားဟာ ဘဝတိုက်ပွဲတွေထဲမှာ လက်တွဲမဖြုတ်ခဲ့ကြပါဘူး။

တိုက်ပွဲတွေကလဲ ပြင်းထန်လိုက်တာ။ ဆင်းရဲချို့တဲ့လှတဲ့ နေ့ရက်တွေ၊ ပိုဆိုးတာက ရက်စက်ကြမ်းကြုတ်တဲ့ မယုံသင်္ကာဖြစ်မှု၊ ဆိုးဝါးလှတဲ့ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှု၊ နောက်ပြီး စိမ်းစိမ်းကားကား အဖက်မလုပ်မှု၊ ဒါပေမဲ့ ဒါတွေအားလုံးကို ဖြတ်သန်းရင်းပဲ ရာသက်ပန် ရိုးမြေကျပေါင်းကြမယ့် ဘဝအဖော်မွန်နှစ်ဦးဟာ စိတ်ညစ်တခါ၊ ဝမ်းသာတလှည့်နဲ့ မမိုတ်မသုန် တက်လှမ်းခဲ့ကြပါတယ်။ သေတောင်မှ မခွဲဘူးဆိုတာကို သူတို့နည်းနည်းမှ သံသယမဖြစ်ခဲ့ကြပါဘူး။ တကယ်ကျတော့ သေခြင်းတရားကလဲ သူတို့ကို မခွဲနိုင်ခဲ့ပါဘူး။

မာ့က်စ်ဟာ သူ့တသက်မှာ သူ့ဇနီးကိုချစ်ရုံသာမက စွဲလမ်းမှုတမျိုးနဲ့ စွဲလမ်းနေတာလဲ ဖြစ်ပါတယ်။ အခုကျမရဲ့ ရှေ့မှာရှိတဲ့ စာကို မသိတဲ့လူတွေ ဖတ်ရရင် အသက် ၁၈နှစ် အရွယ် လူငယ်လေး တယောက်က အချစ်စိတ်မွှန်ပြီး ရေးထားတဲ့စာလို့ ထင်ကြမှာပါ။ ဒါပေမဲ့ ဒီစာကို မာ့က်စ်ရေးတဲ့အချိန်ဟာ ၁၈၅၆ ခုနှစ်ဖြစ်ပြီး သူ့ဇနီးဂျင်နီဟာ ကလေးခြောက်ယောက်အမေ ဖြစ်နေပါပြီ။ ၁၈၆၃ ခုနှစ်မှာ သူ့မိခင်ကွယ်လွန်တဲ့အတွက် ထရီယာ(Triers)ကို မာ့က်စ် ပြန်ရောက်နေပြီး သူကဒီလိုရေးခဲ့ပါတယ်။ သူဟာ "ကိုယ့်အဖို့ ရောမရှေးဟောင်း ပစ္စည်းအားလုံးထက် စိတ်ဝင်စားစရာကောင်းတဲ့ ဝက်စ်ဖာလင်း (Westphalens) က အိမ်ကြီးကို နေ့တိုင်းပဲ ဘုရားဖူး သွားသလို သွားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ဒီနေရာဟာ ကြည်နူးဖွယ်ရာ ငယ်စဉ်ဘဝကို ပြန်လည်သတိရစေပြီး တချိန်ကကိုယ့်ရဲ့ အမြတ်နိုးဆုံးအရာ ရှိခဲ့တဲ့နေရာမို့ပဲ။ ကိုယ့်ကိုလူတွေက နေ့တိုင်းပဲ ထရီယာမြို့က 'အချောဆုံးမိန်းကလေး'နဲ့ ကပွဲသဘင်ရဲ့ 'မိဖုရားလေး' အကြောင်း ဝိုင်းမေးကြတယ်လေ။ လူတယောက်အဖို့ ကိုယ့်မိန်းမကို တမြို့လုံးက နှစ်လိုဖွယ် မင်းသမီးလေးအနေနဲ့ တသသဖြစ်နေကြောင်း သိရတာဟာ တယ်လဲကြည်နူးစရာ ကောင်းသကိုး။"

မာ့က်စ်ဟာ သူ့အဖေကို သိပ်သံယောဇဉ်ကြီးပါတယ်။ သူဟာ သူ့အဖေအကြောင်း ပြောရမယ်ဆိုရင် မမောနိုင် မပန်းနိုင်တဲ့ အပြင် ဓာတ်ပုံပေါ်ကာစက သူ့အဖေရဲ့ ဓာတ်ပုံအိုလေးတပုံကို သူအမြဲဆောင်ထားပါတယ်။ ဒါပေမဲ့သူဟာ ဒီပုံကို သူများတွေကို အရမ်းပြလေ့ မရှိပါဘူး။ သူ့အဖေနဲ့ မတူလွန်းလို့တဲ့လေ။ ကျမအထင်တော့ တော်တော်ချောတာပဲ။ မျက်လုံးမျက်ခုံးဟာ သူ့သားအတိုင်းပဲ။ နှုတ်ခမ်းနဲ့မေးပဲ သူ့သားထက် ပိုပျော့ပျောင်းတဲ့သဏ္ဍာန် ဆောင်ပါတယ်။ တကယ့်ဂျူးရုပ်ပါ၊ ဒါပေမဲ့ ချောတဲ့ဂျူး။ မာ့က်စ်ဟာ သူ့ရဲ့ဇနီး



**အိန်ဂယ်လ် မာ့က်စ်**
**မာ့က်စ်ဇနီးနှင့်**
**သမီးနှစ်ဦးပုံ။**

ကွယ်လွန်ပြီးတဲ့ နောက်မှာတော့ ကျန်းမာရေးပြန်ကောင်းရေးဆိုတဲ့ ပင်ပန်းခက်ခဲလှတဲ့ ခရီးရှည်ကြီးကို နှင်ရရှာပါတယ်။

သူက သူ့အလုပ်ကို အဆုံးသတ်သေးချင်တာကိုး။ သူဟာ သူ့ကိုယ်ပေါ်မှာ သူ့အဖေရဲ့ပုံ၊ ကျမအမေရဲ့ ဓာတ်ပုံဟောင်းလေးတပုံနဲ့ (မှန်ဘောင်သေးသေးလေးထဲမှာ) ကျမအမ ဂျင်နီတို့ရဲ့ပုံတွေကို အမြဲဆောင်ထားပါတယ်။ သူကွယ်လွန်တော့ အဲဒီပုံတွေကို သူ့ရင်ဘတ်က အိတ်ထောင်ထဲမှာ တွေ့ကြရပါတယ်။ အိန်ဂယ်လ်က အဲဒါလေးတွေကို သူ့ခေါင်းထဲမှာ ထည့်ပေးလိုက်ပါတယ်။ ။

( *၁၈၉၇ ခုနှစ်* Neue Zeit *ခေတ်သစ်ဂျာနယ် အတွဲ ၁ မှာ ပါရှိတဲ့ ဂျာမန်ဘာသာမူကို အင်္ဂလိပ်လိုမှတဆင့် မြန်မာပြန်ထားခြင်း ဖြစ်သည်။* )

၁။ ၈ ရာစုနှစ်က ရှာလမိန်းဘုရင်စစ်တပ်မှ ရန်သူနှင့်တိုက်ရင်း ကျဆုံးခဲ့သော တပ်မှူးသူရဲကောင်းအကြောင်း ပြဇာတ်ထဲမှ သူရဲကောင်း၏အမည်။

# နိုင်ငံတကာညီလာခံများမှ နောက်ကျော်ကြည့်လိုက်သော်

(သတင်းဆောင်းပါး)

ယခင်ဆိုဗီယက်အုပ်စု အသွေးအရောင် ပြောင်းသွားရာတွင် အနောက်အုပ်စုနှင့် နိုင်ငံတကာမှ အရင်းရှင်ကြီးများ၊ လက်ယာသမားများ လက်ခမောင်း ထခတ်ကြသည်မှာ အံ့သြစရာမရှိပါ။ သူတို့အနေဖြင့် ရာစုနှစ်တခုနှင့် တဝက်မျှ သူတို့အား ခြောက်လှန့်နေသော"တစ္ဆေကြီး" ပျောက်သွားတော့မည်ဟု ယူဆကြဟန်တူပေသည်။ သူတို့နှင့် သူတို့လက်ဝါးကြီးအုပ်ထားသည့် မီဒီယာ ပေါင်းစုံတို့သည် ကွန်မြူနစ်ဝါဒအား ရေစက်ချအမျှဝေရန် ပြင်နေကြကာ သာခုခေါ်မည့်သူကိုသာ ရှာနေကြသည်။ ထို့ကြောင့် သူတို့၏မီဒီယာများတွင် ကွန်မြူနစ် အင်အားစုများ၏ လှုပ်ရှားမှုအကြောင်း လုံးဝနီးပါး မှောင်ချထားကာ ပါတီကြီးများအကြောင်းကိုသာ မကောင်းသတင်း ပေးလျက်နေပေသည်။ မြန်မာပြည်တွင်းမှ နအဖပိုင်မီဒီယာများနှင့် အချို့ပြည်ပမှ "မြန်မာ့ရေးရာပါရဂူ" ဆိုသူတို့သည်လည်း ဗမာပြည်ကွန်မြူနစ်ပါတီဟု အသံကြားလိုက်လျှင်–"ဟင်၊ ဒီပါတီရှိသေးလို့လား" ဟု ခပ်တည်တည်ပြန်၍ မေးခွန်းထုတ်တတ်ကြပေသည်။

သာမန် မီဒီယာကျင့်ဝတ်ကိုမျှ မစောင့်စည်းကြသော ထိုထို၎င်း၎င်း ပုဂ္ဂိုလ်များ၏ ပြောဆိုချက်တို့နှင့် ဆန့်ကျင်စွာပင် အနိုင်နိုင်ငံရှိ ကွန်မြူနစ်ပါတီများနှင့် ကွန်မြူနစ်များသည် တနှစ်တကြိမ်နီးပါး တွေ့ဆုံနှီးနှောပွဲများ၊ ညီလာခံများလုပ်ကာ ပြန်လည်အားယူရှင်သန်စပြုနေပေသည်။ ၎င်းသို့သော လှုပ်ရှားမှုများကို ရေစီးကြောင်းတခုသဖွယ် တွေ့မြင်လာရတော့မည့် ကာလမှာ မဝေးတော့ဟု ယုံကြည်ရပေသည်။

ယခု ၎င်းသတင်းဆောင်းပါးမှာ ဗမာပြည်ကွန်မြူနစ်ပါတီ၏ ကိုယ်စားလှယ် တက်ရောက်ခဲ့သော နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ပြီးခဲ့သည့်နှစ် နိုဝင်ဘာလ ၅ ရက်နေ့မှ ၁၀ရက်နေ့အထိ ကျင်းပခဲ့သော ကွန်ဖရင့်အကြောင်း ဖြစ်သည်။ နီပေါကွန်မြူနစ်ပါတီ ( ယူအင်မ်အယ်လ်) Communist Party of Nepal (Unified Marxist Leninist)မှ ကြီးမှူးကျင်းပသော ၎င်းကွန်ဖရင့်သို့ ကိုရီးယား၊ ဂရိ၊ ဂျာမဏီ၊ တရုတ်၊ ဒိန်းမတ်၊ ပါကစ္စတန်၊ ဖိလိပိုင်၊ ဗမာ၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား၊ သြစတြေးလျား စသည့်နိုင်ငံ ၁၉ နိုင်ငံတို့မှ ကွန်မြူနစ်ပါတီပေါင်း ၂၈ ခုတို့မှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ၊ စုစုပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။

ကမ္ဘာ့ဒေသအသီးသီးမှ တက်ရောက်လာကြသော ပါတီကိုယ်စားလှယ်များနှင့် ပညာရှင်များတွင် မတူသော အတွေ့အကြုံများ ရှိကြသလို မတူသော စဉ်းစားနည်းများနှင့် တင်ပြမှုများကိုလည်း စိတ်ဝင်စားဖွယ်ရာ တွေ့ကြရသည်။ ထို့ပြင်ညီလာခံအပြီးတွင် ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်ကိုလည်း အားရစဖွယ် မြင်တွေ့ခဲ့ရသည်။ ယင်းတို့အနက်မှ အချို့ကို အောက်တွင် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဒိန်းမတ်နိုင်ငံ ကွန်မြူနစ်ပါတီ** ကိုယ်စားလှယ် ရဲဘော်ဘက်တီကယ်ရီဆင်က "ဆိုဗီယက်ယူနီယံပြိုကွဲခြင်းနှင့် ကွန်မြူနစ်ပါတီများ၊ အထူးသဖြင့် ဥရောပပါတီများအပေါ် သက်ရောက်ခဲ့သော အကျိုးဆက်တို့၏ နောက်တွင် နိုင်ငံတကာကွန်မြူနစ် လှုပ်ရှားမှုသည် အခြေအနေသစ်များအောက်တွင် ပြန်လည်ရှင်သန်လာခဲ့ပေသည်။

"၁၉၉၂ခုနှစ် ပြုံယမ်းမြို့တွင် အစပြုခဲ့သည်။ ၎င်းအစည်းအဝေးကြီးတွင် ကွန်မြူနစ်ပါတီများ တွေ့ဆုံကြကာ ကွန်မြူနစ်လှုပ်ရှားမှုနှင့် ဒီမိုကရေစီလှုပ်ရှားမှုတို့နဲ့ ပတ်သက်ပြီး အမြင်တခု ရရှိခဲ့ကြပြီး "ဆိုရှယ်လစ်ဝါဒ မသေဆုံး" ဟူသော ဆုံးဖြတ်ချက်တခုကို ချမှတ်ခဲ့ကြသည်။

"လွန်ခဲ့သော သုံးနှစ်အတွင်း ဂရိကွန်မြူနစ်ပါတီသည်လည်း မှတ်တမ်းတင်ထိုက်သည့် အလုပ်အကျွေးပြုမှုများ ရှိခဲ့သည်။ ယင်းမှာ နိုင်ငံတကာကွန်မြူနစ်နှင့် အလုပ်သမား (ပါတီ) တို့၏ လှုပ်ရှားမှု စုစည်းဆွေးနွေးနိုင်အောင် စီစဉ်ပေးခဲ့ခြင်း ဖြစ်သည်။ ၎င်း "အသေင်ဆွေးနွေးပွဲများ"သည် ကွန်မြူနစ်ပါတီများနှင့် အလုပ်သမားပါတီများအပေါ်၌လည်းကောင်း၊ နယ်ချဲ့စနစ်နှင့် နိုင်ငံလွှန်လက်ဝါးကြီးအုပ်များ အုပ်စီးထားသော ကမ္ဘာ့အခင်းအကျင်းသစ်ဆိုသည်တို့ကို ဆန့်ကျင်သည့် တိုက်ပွဲများအပေါ်၌လည်းကောင်း ကြီးမားစွာ သြဇာသက်ရောက်ခဲ့သည်။

"အသေင် ဆွေးနွေးပွဲများမှာ ကျမတို့ဟာ အရင်းရှင်စနစ်ရဲ့ လက်ရှိအဆင့်ကို ခွဲခြမ်းစိတ်ဖြာခဲ့ကြပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပ ဆိုရှယ်လစ်နိုင်ငံများ ပြိုကွဲခြင်းကိုလည်း ခွဲခြမ်းစိတ်ဖြာခဲ့ကြတယ်။ ကျမတို့ရဲ့ရန်သူက ဘာလုပ်မယ်၊ ဘာလုပ်နိုင်တယ်ဆိုတာကို နားလည်ခဲ့ကြပါတယ်။ ကျမတို့အနေနဲ့ ဘာကိုသတိပြုလို့ ဘာတွေကို ရှောင်ကြဉ်သင့်တယ် ဆိုတာကိုလည်း သဘောပေါက်ခဲ့ကြပါတယ်။ ကျမတို့ရဲ့ တိုက်ပွဲဟာ ဒီမိုကရေစီနဲ့ လူမှုအခွင့်အရေးတွေ ရရှိဖို့ သက်သက်အတွက် ခုခံရေးတိုက်ပွဲဖြစ်မနေသင့်ဘူး။ …………….. ကျမတို့မှာ မတူတဲ့အခြေနေ၊ မတူတဲ့ယဉ်ကျေးမှု၊ မတူတဲ့ အတွေ့အကြုံနဲ့ မတူတဲ့ဖြစ်ပေါ်တိုးတက်မှုအဆင့်တွေ ရှိကြပါတယ်။ ဒါပေမဲ့ တူညီတဲ့ပန်းတိုင် ရှိနေ

ပါတယ်'' ဟု တင်ပြခဲ့သည်။

**အိန္ဒိယပြည် ကွန်မြူနစ်ပါတီ** ကိုယ်စားလှယ်က ဆိုဗီယက်ယူနီယံနှင့် အရှေ့ဥရောပနိုင်ငံများ ပျက်စီးရခြင်းနှင့် ပတ်သက်၍ တင်ပြထားသည်မှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ''နယ်ချဲ့သဘောတရားရေးဆရာများနှင့် ဝါဒဖြန့်ချိရေးသမားတို့သည် ဝမ်းသာအားရ တွန်ကျူးနေကြပြီး ဆိုရှယ်လစ်ဝါဒ နိဂုံးချုပ်ပြီဟု ကြေညာကြသည်။ သူတို့သည် မာ့က်စ်လီနင်ဝါဒ၏ အရေးပါမှုနှင့် ခိုင်မာမှုတို့ကို မေးခွန်းထုတ်ကြပြီး သမိုင်း၏ နိဂုံးကိုရောက်ပြီ၊ ဆိုလိုတာက အရင်းရှင်စနစ်က ထာဝရ စိုးမိုးတော့မည်ဟူ၍ပင် ကြွေးကြော်နေကြပေသည်။

''ခဏ္ဍမန္တူမှနေပြီး ငါတို့ကြေညာကြပါစို့။ ဆိုရှယ်လစ်ဝါဒ ဘယ်သောအခါမျှ မရှုံးနိမ့်နိုင်။ ရှုံးနိမ့်သွားသည်မှာ ဆိုရှယ်လစ်စနစ်၏ တခုသော ပုံစံသာ ဖြစ်၏။ ဤပုံစံကို နောက်ဆုံးလက်ခံခဲ့ကြ သူများသည် ဤပုံစံကို ပြုပြင်ခြင်း၊ ပိုမို ကောင်းမွန်အောင် လုပ်ခြင်းများ ပြုရမည့်အစား သူတို့ကိုယ်တိုင် ဖျက်ဆီးပစ်ခဲ့ကြသည်။ ဆိုရှယ်လစ်စနစ်အပြင် အခြားရွေးစရာမရှိ၊ မာ့က်စ်ဝါဒအပြင် အခြားရွေးစရာ မရှိ ..........။''

ဤကွန်ဖရင့်မှာ ဆိုရှယ်လစ်ဝါဒ အကြောင်း အမြင်နီးနေ့ာဖလှယ်ကြသည့် ကွန်ဖရင့်ဖြစ်သည်နှင့်အညီ ဆိုရှယ်လစ်ဝါဒနှင့် ပတ်သက်ပြီး တင်ပြချက်များမှာ စိတ်ဝင်စားစရာ ကောင်းလှသည်။ ဥပမာ **မလေးရှားနိုင်ငံမှ ရဲဘော်ထျင်ချွာ**၏ အောက်ပါ တင်ပြချက်–

''ပထမအချက်– ဆိုရှယ်လစ်စနစ်နဲ့ ပတ်သက်ပြီး ကျွန်တော်တို့ရဲ့ အထင်ရှားဆုံးနဲ့ စနစ်အကျဆုံးလို့ဆိုရမယ့် သဘောတရားပညာရှင်ကြီး ကားလ်မာ့က်စ်က ဆိုရှယ်လစ်စနစ်ဆိုတာ ဘာပဲရယ်လို့ ဘယ်တုန်းကမျှ အနက်မဖွင့်ခဲ့ပါဘူး။ သူဟာ အရင်းရှင်စနစ်ဆိုတာဘာပဲ၊ အရင်း ဘယ်လိုလည်ပတ်တယ်၊ အရင်းရှင်စနစ် ဖြစ်ပေါ်လာပုံနဲ့ ဖြစ်စဉ်စတာတွေနဲ့ ပတ်သက်လို့ စာအုပ်ကြီးတွေ တအုပ်ပြီးတအုပ် ရေးခဲ့ပါတယ်။ ဒါပေမဲ့ သူက ဆိုရှယ်လစ်စနစ်ဟာ ဘာပဲဆိုတာကိုတော့ အနက်ဖွင့်ဖို့၊ ရှင်းပြဖို့ ဝန်လေးခဲ့ပါတယ်။

''ဒုတိယအချက်– အရင်းရှင်စနစ်ကို နိုင်ငံရေးဘောဂဗေဒအနေနဲ့ အကျယ်အပြန့် ဆွေးနွေးကြပေမယ့် သူဟာ နိုင်ငံရေးလှုပ်ရှားမှုလား ဆိုတာကျတော့ ဝေခွဲရခက်နေကြတုန်းပါ။ အရင်းရှင်စနစ်ရဲ့ နိုင်ငံရေးသဘောတရားဟာ ဘာလဲ၊ အရင်းရှင်စနစ်လှုပ်ရှားမှုရဲ့ သဏ္ဌာန်ဟာ ဘာလဲလို့ မေးကောင်းမေးကြပါလိမ့်မယ်။ ဘယ်သူ့မှာမှ အဖြေမရှိပါဘူး။ ဒီရှုပ်ထွေးတဲ့ ပြဿနာတွေကို အရင်းရှင်တွေကိုယ်တိုင်တောင်မှ ဖြေဖို့ကြိုးစားကြမယ် မထင်ပါဘူး။

''မာ့က်စ်ရဲ့စဉ်းစားနည်းအတိုင်း လိုက်ပြီး စဉ်းစားကြမယ်ဆိုရင် အရင်းရှင်စနစ်ဆိုတာ ဘောဂဗေဒဖွဲ့စည်းမှု သဏ္ဌာန်တခုကို ဖွင့်ဆိုတာသာ ဖြစ်တယ်၊ သူ့ရဲ့သဘောတရား၊ နိုင်ငံရေးနဲ့ ယဉ်ကျေးမှုတို့ဟာ ဒီဖွဲ့စည်းပုံရဲ့ အထက်မှာ ရှိနေပြီး အလွန်ကိုထွေပြားကာ သဏ္ဌာန်တွေလဲများပြား လှပါတယ်။''

**ဗီယက်နမ်ကွန်မြူနစ်ပါတီ** ကလည်း အလားတူပြဿနာမျိုး တင်ပြခဲ့သည်။ ''ဆိုဗီယက်ယူနီယံနဲ့ အရှေ့ဥရောပနိုင်ငံတွေရဲ့ ဆိုရှယ်လစ်စနစ် ပုံစံဟာ မာ့က်စ်အိန်ဂယ်လ်တို့ရဲ့ မျှော်မှန်းချက်တွေကို ဖော်ထုတ်ပြီး လီနင်က တိုးချဲ့ထားတာမှန်ပေမယ့် ဒီပုံစံတွေဟာ အားလုံးအတွက် ပြည့်စုံတဲ့၊ ပြုပြင်လို့မရတဲ့ စံတွေလို့ မဆိုနိုင်ပါဘူး။ ဒါကြောင့်လဲ နိုင်ငံတခု ကျေပျက်တာဟာ သူ့နောက်က တခြားနိုင်ငံတချို့ လိုက်ပါတယ်ဆိုဦးတောင်မှ တကယ့်ဆိုရှယ်လစ်စနစ် ပျက်သုဉ်းသွားပြီလို့ ပြောမရတာပါပဲ။ ............ ............ ဒီနေ့လို လူ့အသိ တိုးတက်နေတာတောင်မှ လူတွေကို အကြီးအကျယ် ထိခိုက်သေကျေစေတဲ့ သဘာဝကပ်အန္တရာယ်ကြီးတွေ ဘယ်လိုဖြစ်တယ်ဆိုတာကို မှန်တိုင်းတွေ၊ လေပွေတွေကြည့်ပြီး ရှင်းပြလို့ မရကြသေးပါဘူး။ ဆိုဗီယက်ယူနီယံ အစရှိတဲ့ နိုင်ငံတွေ ကျဆုံးရတာမှာ ရှင်းပြလို့မရသေးတဲ့ အကြောင်းရင်းတွေ အများကြီး ရှိပါတယ်။''

တက်ရောက်သူ အားလုံးလိုလိုသည် ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသော လူမှုပြဿနာများကို ခွဲခြမ်းစိတ်ဖြာကြသည်ဖြစ်ရာ၊ သဘာဝကျစွာပင် ကမ္ဘာ့လွှမ်းခြုံရေး (globalisation) နှင့် ပတ်သက်၍ ပြောကြသည်မှာ များလည်းများ၊ စုံလည်းစုံလှပေသည်။ ထိုအထဲမှ အချို့ကို အောက်တွင် ဖော်ပြလိုက်ပါသည်။

**အိန္ဒိယကွန်မြူနစ်ပါတီ**– ''နိုင်ငံတကာဘဏ္ဍာအရင်းနှင့် အမေရိကန်နယ်ချဲ့ ခေါင်းဆောင်သော ဂျီ–၇ (G-7) နိုင်ငံများတို့၏ ချုပ်ကိုင်မှုအောက်ရှိ နိုင်ငံတကာ အဖွဲ့အစည်းတို့သည် မဖွံ့ဖြိုးသေးသောနိုင်ငံများအား အချုပ်အခြာအာဏာပိုင်မှု ကင်းမဲ့စေကာ ဤနိုင်ငံများအား သေစေရှင်စေ အဆုံးအဖြတ်ပေးလျက် ရှိပေသည်။ ......... ......... မဖွံ့ဖြိုးသေးသော နိုင်ငံအများအပြားတို့မှ အစိုးရတွေဖိတ်ခေါ်နေ၊ နောက်မှလိုက်နေကြသည့် ဤငွေကုဋေကုဋာမှာ စီးမျောနေသော ငွေပူများသာ ဖြစ်သည်။ မျက်စိတမှိတ်၊ ခလုတ်အနှိပ်တွင် နိုင်ငံတခုထဲမှနေ၍ ပိုမိုစားကျက်ကောင်းသောအခြားနိုင်ငံ တခုထဲသို့ ရောက်ရှိသွားကြသည်။.......... ယင်းသည် ဆာလောင်မွတ်သိပ်၊ အငတ်ကြီးကျနေသော၊ တွေ့သမျှကို ဝါးမျိုပြီး အဆီစုရန်အစဉ် အငမ်းမရဖြစ်နေပေသည်။ ဤသည် အရင်းရှင်စနစ်၏ (ထုတ်လုပ်မှုနှင့်) ကင်းကွာမှုကို ဖော်ပြသည့် အထင်ရှားဆုံး သာဓကဖြစ်သည်။ အသပြာသည်ဥစ္စာနကို ကိုယ်စားမပြု၊ သူ့ကိုယ်သူသာ ကိုယ်စားပြုသည်။ ဤစနစ်သည် သိပ္ပံနှင့် နည်းပညာကိုလည်း အကြီးအကျယ် အလွဲသုံးစား ပြုနေပေသည်။''

ယနေ့ခေတ်အရင်းရှင်စနစ်အား အိန္ဒိယကွန်မြူနစ်ပါတီမှ ရှင်းပြထားပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။ ''ယင်းသည် အရင်းရှင်စနစ်၏ အထွတ်အထိပ်ဖြစ်သည်။ ဆက်သွယ်ရေးနှင့် အိုင်တီ (IT) ခေတ်၏ အရင်းရှင်စနစ်ဖြစ်ပြီး ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီးနောက် မည်သူမျှ မဟန့် တားနိုင်သည့် ထင်တိုင်းကြဲနေသော အရင်းရှင်စနစ်၊ တကမ္ဘာလုံးအပေါ် ဗိုလ်ကျလွှမ်းမိုးနေသည့် အရင်းရှင်စနစ် ဖြစ်သည်။ .......... ...ယင်းသည် သဏ္ဌာန်သစ်နယ်ချဲ့စနစ်ဖြစ်ပြီး လက်နက်သစ်များကို အသုံးပြုကာ ကိုလိုနီနှောင်ကြိုးများကို ရိုက်ချိုးခဲ့ကြသော မဖွံ့ဖြိုးသေးသည့် နိုင်ငံများအား ကိုလိုနီပြန်ပြုလုပ်ရန် လုံးပန်းနေပေသည်။''

**ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီ** ၏ တင်ပြချက်မှာလည်း လေ့လာထိုက်သည်။ ''ပြဿနာက ဒီကမ္ဘာ့လွှမ်းခြုံရေးဆိုတာကို ဘယ်သူတွေက စီမံနေတာလဲ ဆိုတာပဲ ဖြစ်တယ်။.................. ကမ္ဘာ့လွှမ်းခြုံရေးဆိုတာကို လူတန်းစားတွေနဲ့ နိုင်ငံရေး၊

စီးပွားရေး၊ စစ်ရေးအင်အားစုတွေဟာ ကိုယ့်ရှုဒေါင့်၊ ကိုယ့်အကျိုးစီးပွားအပေါ်ပဲ အခြေခံပြီး စဉ်းစားကြတာပါ။ ကမ္ဘာ့လွှမ်းခြုံရေးဟာ ဆင်းရဲတဲ့ တတိယကမ္ဘာနိုင်ငံတွေနဲ့ တနေ့ ဝင်ငွေ တဒေါ်လာတောင် မရှိတဲ့ လူသန်းပေါင်း ၁၅၀၀အတွက် ဖူလုံတဲ့ဘဝ ဆောင်ကြဉ်းမလာပါဘူး။"

ကမ္ဘာ့လွှမ်းခြုံရေးနှင့် ပတ်သက်၍ ပြောကြားကြရာတွင် စိတ်ဝင်စားဖွယ်ရာ တင်ပြကြသည်များအနက် အောက်ပါ အယူအဆမျိုးကိုလည်း တွေ့ရသည်။ "ယနေ့ကာလ ကမ္ဘာ့လွှမ်းခြုံရေးသည် သဏ္ဍာန်အရလည်းကောင်း၊ လက္ခဏာအရလည်းကောင်း မုချမသွေ ဖြတ်သန်းရမည် ဆိုသည့်မျိုး၊ ပြောင်းလဲမရသော ရေစီးကြောင်းဆိုသည့်မျိုး လုံးဝမဟုတ်"(အိန္ဒိယကွန်မြူနစ်ပါတီ) ။ ဤအယူအဆမှာ ယခုအခါ ကမ္ဘာ့အနှံ့ ပေါ်ပေါက်လျက်ရှိသော ကမ္ဘာ့လွှမ်းခြုံရေး ဆန့်ကျင်သည့် လှုပ်ရှားမှုကြီးများမှ အများစု၏ အယူအဆနှင့် တူနေသည်။

ဤကွန်ဖရင့်တွင် အာဏာရ ကွန်မြူနစ်ပါတီကြီးများက မိမိတို့နိုင်ငံနှင့် ပါတီ၏ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး အယူအဆနှင့် အတွေ့အကြုံများကို တင်ပြကြသည်။

**တရုတ်ပြည် ကွန်မြူနစ်ပါတီ**– "ပြုပြင်ပြောင်းလဲရေး လုပ်တယ်ဆိုတာမှာ ကျွန်တော်တို့အနေနဲ့ ပိုမိုကြီးမားတဲ့ အကျိုးအမြတ်ကို ရရှိဖို့အတွက် သဘာဝကျစွာပဲ တန်ဖိုးတချို့ကိုပေးရ၊ စွန့်စားရပါတယ်။ ဥပမာအားဖြင့် ရှေ့တန်းရောက်တဲ့ သိပ္ပံနဲ့နည်းပညာ၊ အုပ်ချုပ်မှုအတတ်ပညာ စတာတွေကို ရရှိဖို့အတွက် နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုကို ဖိတ်ခေါ်တာ၊ ဖက်စပ်လုပ်ငန်းတွေ၊ နိုင်ငံခြားသားချည့်ပိုင်တဲ့ လုပ်ငန်းတွေကို ခွင့်ပြုတာတွေဟာ အကျိုးရှိပါတယ်။ ဒီလုပ်ငန်းတွေက ဖန်တီးလိုက်တဲ့ အစွန်းထွက်တန်ဘိုး တစိတ်တပိုင်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ယူပါလိမ့်မယ်။ ဒါပေမဲ့ နိုင်ငံတော်က ဒီအတွက် အခွန်ငွေကိုရရှိပြီး အလုပ်သမားတွေက လစာရပါလိမ့်မယ်။ကျွန်တော်တို့အနေနဲ့ အချို့သော နည်းပညာနဲ့ အုပ်ချုပ်မှုအတတ်ပညာတို့ကို သင်ယူနိုင်ပြီး နောက်ဆုံးသတင်းနဲ့ ဈေးကွက်တို့ကိုလဲ ရလိုက်ပါမယ်။ တခုလုံးခြုံလိုက်ရင် ဆိုရှယ်လစ်စနစ်အတွက် အကျိုးရှိပါတယ်။ ဒါပေမဲ့ တကယ်လို့ ကျွန်တော်တို့ရဲ့ ရဲဘော်တွေဟာ တော်လှန်ရေးသတိပေ့ါပြီး အရည်အချင်းမရှိဘူးဆိုရင်တော့ ပေးရတဲ့ တန်ဖိုးဟာ သိပ်ကြီးပါလိမ့်မယ်။ အထူးသဖြင့် အနောက်ကရန်လိုသူ အင်အားစုတွေရဲ့ "ငြိမ်းချမ်းစွာ ဖြစ်ပေါ်ပြောင်းလဲမှု" အစီအမံတွေနဲ့ မကောင်းတဲ့ အကျိုးဆက် အမျိုးမျိုးကြောင့် ဖြစ်ပေါ်လာတဲ့ အကျင့်ပျက် ခြစားမှုတွေဟာ ကျွန်တော်တို့ပါတီကို ပိုမိုပြင်းထန်တဲ့ စမ်းသပ်မှုတွေနဲ့ ရင်ဆိုင်ရစေ၊ စွန့်စားမှုတွေ ပိုကြီးစေပါတယ်။ ………… ………… ကျွန်တော်တို့ဟာ တရုတ်ပြည်လက္ခဏာ ဆောင်တဲ့ ဆိုရှယ်လစ်စနစ်ကို တည်ဆောက်နေပါတယ်။ အရင်းရှင်စနစ် ကျင့်သုံးနေတာ မဟုတ်ပါဘူး။ အမှန်ပဲ၊ အရင်းရှင်စနစ်ကို ကျွန်တော်တို့ မကြောက်ပါဘူး။ ဆိုရှယ်လစ်ထုတ်လုပ်မှုနဲ့ ကိုက်ညီပြီး ဆိုရှယ်လစ်တည်ဆောက်ရေးကို အထောက်အကူပြုမယ့် အရင်းရှင် လူ့အဖွဲ့အစည်းအတွင်းက လူသားတွေရဲ့ ရရှိချက်တွေကို အသုံးပြုဖို့ လိုအပ်တဲ့သတ္တိနဲ့ အရည်အချင်းတွေ ကျွန်တော်တို့မှာ ရှိပါတယ်။"

**ဗီယက်နမ် ကွန်မြူနစ်ပါတီ**– "ဗီယက်နမ် ပြည်သူတွေဟာ ပါတီနဲ့အတူ နှစ်ပေါင်း ၇၀ မျှ အတူချီတက်ခဲ့ကြပြီးတဲ့ နောက်မှာ အဖိုးတန်လှတဲ့ အတွေ့အကြုံနှင့် သင်ခန်းစာများ ရရှိခဲ့ကြပါတယ်။ ဒါတွေဟာ ရှေ့ကာလအတွက် လမ်းညွှန်ချက်လဲ ဖြစ်ပါတယ်။ အဲဒါတွေကတော့ အမျိုးသားလွတ်လပ်ရေးနဲ့ မာက်စ်ဝါဒ၊ လီနင်ဝါဒ၊ ဟိုချီမင်းအတွေးအခေါ်ပေါ်မှာ အခြေပြုတဲ့ ဆိုရှယ်လစ်စနစ်ဆိုတဲ့ ရည်မှန်းချက်အပေါ်မှာ ခိုင်မာရမယ်။ ပြည်သူကိုမှီခိုပြီး လက်တွေ့နဲ့ ကိုက်ညီစွာ တီထွင်မှုရှိရှိ လုပ်ရမယ်၊ အသစ်ထွင်းဖောက်မှုတွေ ပြုလုပ်ရမယ်။ နိုင်ငံတော်ရဲ့ အင်အားနဲ့ ခေတ်ရဲ့အင်အားတို့ကို ပေါင်းစပ်ရမယ်။ ပါတီရဲ့ခေါင်းဆောင်မှု အခန်းကို မြှင့်တင်ရေးဟာ ပဓာနကျတယ်။"

**ကိုရီးယားနိုင်ငံအလုပ်သမားပါတီ**– "ဖြစ်ပေါ်တိုးပွားမှု လမ်းကြောင်းမှာ အကွေ့အကောက်တွေ ရှိနိုင်ပေမယ့် သမိုင်းဖြစ်ပေါ်တိုးပွားမှုရဲ့ အဓိကလမ်းကြောင်းဟာ မပြောင်းလဲနိုင်ပါဘူး။ ကမ္ဘာ့ဆိုရှယ်လစ် လှုပ်ရှားမှုဟာ တုံ့ဆိုင်းမှုနဲ့ သဘောတရားရေး ရှုပ်ထွေးမှုတွေကနေ လွတ်မြောက်လာပြီး ပြန်လည်ရှင်သန်ရင်း ဆိုရှယ်လစ်လမ်း လိုက်ကြတဲ့ နိုင်ငံတွေဟာ တိုးတက်မှုလမ်းကြောင်းပေါ်ကို တက်လှမ်းလာကြတယ်။

"တိုးတက်တဲ့ နိုင်ငံရေးပါတီမှန်သမျှရဲ့ လက်ရှိသမိုင်းတာဝန်ကတော့ လွတ်လပ်ရေး၊ ဆိုရှယ်လစ်ရေးနဲ့ ပြည်သူတွေရဲ့အရေးကို ပြတ်ပြတ်သားသား ကာကွယ်ပြီး မှန်မှန်ကန်ကန် ဦးဆောင်သွားဖို့ ဖြစ်ပါတယ်။"

မျက်မှောက်ကာလတွင် မိမိတို့လက်တွေ့လုပ်ကိုင်ရမည့်လုပ်ငန်းနှင့် ပတ်သက်ပြီး ပါတီအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးတို့ တင်ပြကြသည့် အချက်များမှာ လွန်စွာမှ စိတ်ဝင်စားစရာ ကောင်းပါသည်။ ကိုယ့်တိုင်းပြည် လက်တွေ့နှင့်အညီ တင်ပြသော **မလေးရှားမှ ပညာရှင်တဦး**၏ စဉ်းစားနည်းမှာ ဤသို့ဖြစ်ပါသည်။ "မလေးရှားနိုင်ငံက တိုးတက်တဲ့ အင်အားစုတွေဟာ ဒီနိုင်ငံရဲ့ နိုင်ငံရေးစီးပွားရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး ဦးစွာအားဖြင့် ကိုယ့်အင်အားကိုယ်တည်ဆောက်ရေး လုပ်ကြရမယ်။ ဒီလိုပြင်ဆင်မှုဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက်သာမက မိမိတို့ရဲ့ရေရှည် တည်တံ့ခိုင်မြဲရေးအတွက်ပါ အရေးပါလှတယ်။ ဒီမိုကရေစီအပြောင်းအလဲနဲ့ ပတ်သက်တဲ့ ဒေသအသီးသီးရဲ့ အတွေ့အကြုံတွေကို ပေါင်းရုံးသုံးသပ်လိုက်ရင် ဒီမိုကရေစီ(တနည်းအားဖြင့် အာဏာရှင် ဖြုတ်ချမှု) ဟာ အလုပ်သမားပြဿနာတွေ အားလုံးကို ဖြေရှင်းပေးတာ မဟုတ်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ အများကြိုက် ဒီမိုကရေစီဟာ အလုပ်သမားတွေ စည်းရုံးလှုပ်ရှားဖို့နဲ့ မိမိတို့ရဲ့ အရေးတော်ပုံကို ဆက်လက်သယ်ဆောင်ဖို့တို့အတွက် လိုအပ်တဲ့ အခြေအနေတွေ ဖန်တီးပေးပါတယ်။"

ယနေ့ကာလအခြေအနေကို ဖိလိပိုင် ကွန်မြူနစ်ပါတီမှ ရဲဘော်များက ဤသို့ သုံးသပ်ပြထားသည်။ "ကမ္ဘာ့စနစ် အသစ်တဖန် ဖရိုဖရဲဖြစ်မှုဟာ နှစ်ဆယ်ရာစုနှစ်ရဲ့ နောက်ဆုံးဆယ်စုနှစ်မှာ ဖြစ်ပေါ်ခဲ့တာပါ။ ဒီအချိန်ဟာ နယ်ချဲ့သမားတွေက 'ဆိုရှယ်လစ်စနစ် ကျဆုံးမှု' အတွက် အူမြူးချိုကြွနေကြပြီး 'လွတ်လပ်တဲ့ဈေးကွက်နဲ့ ကမ္ဘာ့လွှမ်းခြုံရေး' ဆိုတဲ့ ဆိုင်းဘုတ်တွေအောက်မှာ ပစ္စည်းမဲ့လူတန်းစားနဲ့ အဖိနှိပ်ခံပြည်သူတွေကို တိုးချဲ့သွေးစုပ်နေချိန်ဖြစ်ပါတယ်။ ဥရောပတိုက်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကုန်လွန်ပြီးနောက်



ပြင်သစ်ဘုရင်အုပ်စိုးမှုအား ပြည်သူများက စွဲချက်တင်နေကြစဉ်

ပထမကမ္ဘာစစ်လိုပဲ စစ်ပွဲတွေပြန်ဖြစ်ပွားနေပါတယ်။"

လေးနက်အားတက်ဖွယ် အင်တာနေရှင်နယ်သီချင်းသံဖြင့် အဆုံးသတ်ခဲ့သော ညီလာခံကြီးအကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်သော ဤဆောင်းပါးကို **ဂရိကွန်မြူနစ်ပါတီ**မှ ရဲဘော်အယ်လစ္စန်းဒြားကစ္စ၏ မိန့်ခွန်းပါစာသားများနှင့် နိဂုံးချုပ်လိုက်ပါသည်။

"တန်ပြန်တော်လှန်ရေး အုံကြွမှုတွေဟာ ငါတို့ခေတ်ကာလရဲ့လက္ခဏာကို ပြောင်းလဲစေမှာ မဟုတ်ဘူး။ နိုင်ငံတကာ တော်လှန်ရေး လှုပ်ရှားမှုကြီး နောက်တလှမ်းဆုတ်နေရတဲ့ လက်ရှိကာလဟာ ယာယီသာ ဖြစ်တယ်။ သည်းသန်လာနေတဲ့ လူတန်းစားတိုက်ပွဲတွေနဲ့အတူ ပြန်လည်ရှင်သန်ထကြွတဲ့ ကာလကို ရောက်ရှိလာနေတယ်။၂၁ ရာစုနှစ်ဟာ နိုင်ငံတကာအရင်းရှင်ရဲ့ ထိုးစစ်ကို တော်လှန်တဲ့အင်အားစုတွေက ပြန်လည်အားစုပြီး တွန်းလှန်တဲ့၊ တန်ပြန်တိုက်စစ်ဆင်တဲ့ ခေတ်ကာလ ဖြစ်လိမ့်မယ်။ ငါတို့ရဲ့ ဒီရာစုနှစ်မှာ ကမ္ဘာ့တော်လှန်ရေးလှုပ်ရှားမှုအသစ်နဲ့ လူမှုတော်လှန်ရေး အမြောက်အမြားကို မုချတွေ့ကြရလိမ့်မယ်။"

# မှတ်လောက် သားလောက်

## ဘဝအတွက်တောင်းဆိုချက်

“ငါ့ဘဝမှာ တိုက်ပွဲတွေနဲ့ ပြည့်လျှမ်းနေပါစေ၊” (**ကားလ်မာ့က်စ်**၏ ငယ်ရွယ်စဉ်က ကြွေးကြော်သံ)

“May my life be full of struggles!” **Karl Marx’s** motto when he was young.

## အစိုးရရဲ့တာဝန်

“အစိုးရဆိုတာမှာ ဥစ္စာဓနပိုင်ဆိုင်မှုကို ထိန်းသိမ်းဖို့ကလွဲပြီး တခြားဘာရည်ရွယ်ချက်မှ မရှိဘူး။ ”

(ဗြိတိသျှအဘိဓမ္မာဆရာ **ဂျွန်လော့ခ်**။၁၆၃၂–၁၇၀၄)

“Government has no other end but the preservation of property.” **John Locke** (1632-1704)

## ပြေလည်လိုသောစိတ်

“လက်သီးဆုပ်ထားရင် လက်ဆွဲနှုတ်ဆက်လို့မရဘူး။” (အင်ဒီရာဂန္ဒီ၊ ၁၉၁၇ – ၁၉၈၄)

“You cannot shake hands with a clenched fist.” **Indira Gandhi** (1917-1984)

## သဘာဝပတ်ဝန်းကျင်

ဤမြေကြီးကို ချစ်မြတ်နိုးပါ။ ယင်းမှာ သင့်မိဘက သင့်အား အပြီးပေးထားသောအရာမဟုတ်၊ သင့်နောင်လာနောက်သားများက သင့်အားငှားပေးထားခြင်း ဖြစ်သည်။ ” (ရှေးဟောင်း အမေရိကန်လူနီ စကားပုံ)

“Treat The Earth Well, It Was Not Given To You By Your Parents, It Was Loaned To You By Your Children.” (An ancient American Indian proverb)

## အမေရိကန်လောဂျစ်

“ကျုပ်တို့နဲ့အတူမရပ်တဲ့လူဟာ ကျုပ်တို့ကိုဆန့်ကျင်သူပဲ၊” (၁၉၅၃–၅၉က အမေရိကန် နိုင်ငံခြားရေးဝန်ကြီး လုပ်ခဲ့သူ **ဂျွန်ဖော်စတာဒါးလက်စ်**၊ ၁၈၈၈–၁၉၅၉)

“Those who are not with us are against us.” **John Foster Dulles** (1888-1959)

## ရွေးကောက်ပွဲ

" “ခင်ဗျားက ရွေးကောက်ပွဲနိုင်တယ်၊ ဒါပေမဲ့ မဲရေတော့ ကျုပ်ကနိုင်တယ်၊”(ယခင်နီကာရာဂွာမှ အာဏာရှင် **အနာတာဆီယိုဆိုမိုဇာ** ရဲ့ ရွေးကောက်ပွဲမှာ မဲခိုးသည်ဟု စွပ်စွဲခံရရာတွင် ပြောသောစကား။ ၁၉၂၅–၁၉၈၀)” "

“You won the elections, but I won the count. ” **Anastasio Somoza** (1925–1980), Nicaraguan dictator.

## သံခင်းတမန်ခင်း

" “သံတမန်ကောင်းဆိုတာ အမျိုးသမီးတယောက်ရဲ့မွေးနေ့ကိုသာ မှတ်မိပြီး သူ့အသက်ကို မမှတ်မိသူဖြစ်တယ်”

(အမေရိကန်ကဗျာဆရာ **ရောဘတ်ဖရော့**၊ ၁၈၇၄–၁၉၆၃)

“A diplomat is a man who always remembers a woman’s birthday but never remembers her age. ” **Robert Frost** (1874–1963), U.S. poet.

## ရေပွက်ပမာတသက်လျှာတည်း

“ဗီယက်နမ်တွေကိုပြောလိုက်။ ဒင်းတို့နောက်ကိုဆုတ်ရင်ဆုတ်။ မဆုတ်ရင် ကျောက်ခေတ်ပြန်ရောက်အောင် ဗုံးကြဲပစ်မယ်လို့၊”

(၁၉၆၄ခုနှစ်၊ ဗီယက်နမ်စစ်ပွဲမှာ စစ်ဦးစီးချုပ်လုပ်စဉ်က ဗိုလ်ချုပ်ကားတစ္စလီမေရဲ့ ကြုံးဝါးစကား)

“Tell the Vietnamese they’ve got to draw in their horns or we’re going to bomb them back into the Stone Age.” **General Curtis Lee May.**

## စွန့်လွှတ်ခြင်းရဲ့ အဓိပ္ပာယ်

“တခုခုအတွက် အသက်မစွန့်နိုင်ဘူးဆိုတဲ့လူဟာ လူဖြစ်နေဖို့ မကောင်းဘူး။” (အမေရိကန်လူမည်းခေါင်းဆောင် မာတင်လူသာကင်း။ ၁၉၂၉–၁၉၆၈)

“A man who won’t die for something is not fit to live. ” Martin Luther King, Jr. (1929–1968), U.S. civil rights leader.

## မူလားအကျိုးစီးပွားလား

“နိုင်ငံတွေမှာ အကျိုးစီးပွားပဲရှိတယ်။ မူမရှိဘူး။” (ယခင်အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟင်နရီ **ကစ်စင်းဂါး**၊ ၁၉၂၃–)

“Nations have interests but no principles. ” **Henry Kissenger**( 1923-)

## အမှန်တရား

“ဂယ်လီလီယိုကို ပြစ်ဒဏ်ချမှတ်တဲ့အခါမှာ သူက ‘ကမ္ဘာကြီးဟာ လည်ပတ်နေတုန်းပဲ’ လို့ ကြေညာခဲ့တယ်၊ ဒီနေ့ကျနော်တို့ကွန်မြူနစ်တွေကလဲ သူ့ထက်မလျော့တဲ့ ယုံကြည်မှုမျိုးနဲ့ ကြေညာလိုက်ပါတယ်– ကမ္ဘာကြီးဟာ လည်ပတ်နေတုန်းပဲ၊” (ဘူလ်ဂေးရီးယားနိုင်ငံသား၊ တတိယကွန်မြူနစ်အင်တာနေရှင်နယ်ရဲ့အတွင်းရေးမှူး **ဂျော်ဂျီဒီမီထရော့ဗ်** (၁၈၈၂–၁၉၄၉) ကိုနာဇီများကအမှုဆင်ပြီး ရုံးတင်ရာတွင် ရုံး၌သူပြောကြားသောမိန့်ခွန်း။) ( ဒီမိန့်ခွန်းကို နာဇီခုံရုံးက ဆုံးအောင်ပြောခွင့်မပေးခဲ့ပါဘူး။)

“When Galileo was condemned he declared:”E pur si muove!” No less determined than Galileo we Communists declare today “E pur si muove!” The wheel of history moves on towards the ultimate, inevitable, irrepressible goal of Communism.,,,,,,,,,,,,,,,

**Georgi Dimitrov** (1882-1949)

# မှတ်ချက်မလိုသော စကားများ

## မင်းသမီးရဲ့စကား

“တိုနီဘလဲယားဟာ ကျေးလက်ကို နားမလည်ဘူး။ သူ့မိန်းမကဆို ပိုဆိုးသေးတယ်။””ဘလဲယားရေးဆွဲတဲ့ ဘတ်ဂျက်ဟာ အမှိုက်ပုံလိုပဲ။”

(ဗြိတိသျှမင်းသား အက်ဒဝပ်၏ကြင်ယာ ဆိုဖီသည် ညှော်ခံပွဲတခု၌ ဤစကားများကို ပြောမိသဖြင့် အကြီးအကျယ် ဝေဖန်ခံလိုက်ရသည်။)

( ၂၀၀၁ခု၊ ဧပြီလ၊ တိုင်းမ်မဂ္ဂဇင်းမှ )

## ကိန်းဂဏန်းတချို့

အမေရိကန်နိုင်ငံ အိုဟိုင်းအိုးပြည်နယ် စင်စင်နာတီမြို့တွင် လူမည်းလူငယ်တဦးကို ရဲတွေက ဝိုင်းဖမ်းရင်းပစ်သတ်သည့်ကိစ္စကြောင့် လူမည်းများ၏ဆူပူမှု ဖြစ်ပွားခဲ့ရသည်။ ထိုဆူပူမှုနှင့် ပတ်သက်သော ကိန်းဂဏန်းအချို့မှာ–

သူ့ကိုဝိုင်းဖမ်းတဲ့ ရဲသားဦးရေ ၁၂။

သူ့ကိုပစ်သည့်ကျည် ၁။

၁၉၉၅ခု ကစပြီး ဒီမြို့မှာ ရဲကပစ်သတ်လို့ သေရသူဦးရေ ၁၅။

နယူးယောက်မြို့က အလားတူဖြစ်စဉ်ရဲ့ အဆပေါင်း ၄ ဆကျော်

အသတ်ခံရတဲ့လူတွေထဲမှာ ပါဝင်နေတဲ့ လူမည်းဦးရေ ရာနှုန်း ၁၀၀%

ဒီမြို့မှာရှိတဲ့လူဖြူဦးရေ ၅၇%

( အင်တာနက်သတင်းတပုဒ်မှ )

## ဆောရီးခြင်းတော့မတူပါလေ

*“အမေရိကန်ပြည်ထောင်စုဟာ ပါကစ္စတန်နိုင်ငံရဲ့ မိတ်ဆွေနိုင်ငံပါ။ စီးပွားရေးနဲ့ ကုန်သွယ်ရေးတို့မှာ ရင်းနှီးတဲ့ ဆက်ဆံမှုတွေ ရှိကြပါတယ်။ နို့ပေမဲ့ မူပြဿနာတွေမှာတော့ ကျနော်တို့အနေနဲ့ သူတို့ကို မထောက်ခံနိုင်ပါဘူး။ ဒီကိစ္စမှာ ကျနော်တို့က ‘ဗဲရီးဆောရီး’ လို့ပဲ ပြောရပါမယ်။ ဒါပေမဲ့ ဒီကျနော်တို့ရဲ့ ဗဲရီးဆောရီးဟာ တရုတ်တိုက်လေယာဉ် ပျက်ကျမှုအတွက် အမေရိကန်ကပြောတဲ့ ဗဲရီးဆောရီးနဲ့ မတူပါဘူး။ ကျနော်တို့ပြောတဲ့ ဗဲရီးဆောရီးဟာ လေးလေးနက်နက် ပြောတာပါ။”*

( ကုလသမဂ္ဂလူ့အခွင့်အရေး ညီလာခံတွင် ပြောသော ပါကစ္စတန်ကိုယ်စားလှယ်၏ မိန့်ခွန်းမှ )

## နိပ္ပန်သမိုင်းသစ်

*“ဒုတိယကမ္ဘာစစ်အစပိုင်းတွင် ဥရောပ နှင့် အမေရိကန် မဟာမိတ်တပ်များအား ဂျပန်ကအနိုင်ရခြင်းမှာ ထိုကိုလိုနီပြုခြင်းခံနေရသော နိုင်ငံများအား ရဲစွမ်းသတ္တိရှိစေခဲ့သည်။”*

( အာရှတိုက်မှ နိုင်ငံအမြောက်အမြားက ပြင်းပြင်းထန်ထန် ကန့်ကွက်ပြောဆိုနေကြသော်လည်း နအဖအစိုးရက လုံးဝရေငုံနှုတ်ပိတ်နေသော ဂျပန်နိုင်ငံကျောင်းသုံး သမိုင်းစာအုပ်သစ်ထဲမှ )

## ဝက်ပင်လယ်အော်ရဲ့ကျိန်စာ

၁၉၆၀ခုနှစ်က စီအိုင်အေ၏ အစီအစဉ်အကူအညီဖြင့် ကျူးဘားနိုင်ငံပိုင် ဝက်ပင်လယ်အော်တွင် ကျူးကျော် တိုက်ခိုက်ရင်း မရှုမလှရှုံးနိမ့်ခဲ့သော တပ်သားဟောင်းများအသင်းသည် မိမိတို့၏အသင်းသား နှစ်ဦးအား အသင်းမှ ထုတ်ပစ်လိုက်သည်။

အကြောင်းမှာ *“ဤအသင်းသား ၂ဦး သည် ကျူးဘားနိုင်ငံသို့ သွားလည်သော ကြောင့် ဖြစ်သည်။”*ဟူ၏။

( ၂၀၀၁။ ဧပြီလ။ နယူးစဝိခ်မဂ္ဂဇင်းမှ )

## ကမ္ဘာ့နံပါတ်တစ်၏ဒုက္ခ

အမေရိကန်နိုင်ငံတွင် တိုက်ချင်းပစ်ဒုံးပျံများတွင် တပ်ဆင်ထားသော ညူကလီယာ ထိပ်ဖူးပေါင်းက ၅၄၀၀၊ ခရုဇ် ဒုံးပျံနှင့် ဗုံးကြဲလေယာဉ်များတွင် တပ်ပြီးသယ်ဆောင်နိုင်သော ညူကလီယာဗုံးပေါင်းက ၁၇၅၀၊ နည်းဗျူဟာလက်နက်များတွင် တပ်ဆင်ထားသည်က ၁၆၇၀၊ တပြည်လုံးရှိ ဘန်ကာများအတွင်း ဝှက်ထားသည်က ၁၀၀၀၀ ရှိကြောင်း သိရသောအခါမှာ သမ္မတဘုရှ်က ဤသို့ ပြောထွက်သွားသည်။

*“ကျနော်တို့မှာ ဘာကြောင့်ဒါလောက်အများကြီး ရှိနေရတယ်ဆိုတာ စဉ်းစားလို့မရဘူး။ ဒါတွေ ဘာလုပ်ဖို့လဲ”*။

ထိုအခါတွင် ရီဂင်လက်ထက်မှစ၍ လုံခြုံရေးဂုရုကြီးလုပ်လာသောရစ်ချတ်ပါးလ် (Richard Perle) က ယခုကဲ့သို့ ဖြေလိုက်သည်ဟု နယူးစ်ဝိခ်ဂျာနယ်တွင် ဖော်ပြထားသည်။

*“အမှန်ပြောရမယ်ဆိုရင် ဒီဟာတွေကို ကျနော်တို့က ဘယ်တော့မှ အသုံးပြုမှာ မဟုတ်ဘူး၊ ရုရှားတွေကလဲ အသုံးပြုမှာ မဟုတ်ပါဘူး။”*

## ဖော်လိုက်မယ်တဲ့ဖော်လိုက်မယ်

( ၂၀၀၁ ခု၊ ရိုက်တာသတင်း )

လာဘ်ပေးလာဘ်ယူ လုပ်နေစဉ် ခိုးပြီး ရိုက်ထားသော ဗီဒီယိုတိပ်ခွေများကြောင့် ပြဿနာတက်ကာ အမိနိုင်ငံမှ ထွက်ပြေးရပြီး ဗင်နီဇွဲလားနိုင်ငံမှ ဖမ်းဆီးပြန်ပို့ခဲ့သော ပီရူးနိုင်ငံမှ ထောက်လှမ်းရေး အကြီးအကဲဟောင်း ဗလာဒီမီရိုမွန်တီစီနိုက သူ့အားစစ်ဆေးသော တရားသူကြီးအား ယခုကဲ့သို့ ပြောခဲ့သည်။

*“နောက်ထပ်ဗီဒီယိုတွေ ကြည့်ဦးမလား။ ကျုပ်မှာ အခွေပေါင်း ၃၀၀၀၀ ရှိတယ်။”*

( ရှင်ဟွာသတင်းစဉ်၊ ၂၇–၆–၀၁ )




# အမေရိကန်ရွေးကောက်ပွဲ



# ဘုရှ်ဘယ်လိုနိုင်တယ်

ဇယားတွင် အမေရိကန်နိုင်ငံမှ လုပ်ငန်းရှင်ကြီးများက ရီပတ်ဘလီကင်ပတီ၏ ပြီးခဲ့သည့်ရွေးကောက်ပွဲအတွက် ပေးခဲ့သော လှူဒါန်းသောငွေပမာဏ ( ဒေါ်လာသန်းပေါင်း ) နှင့် ရွေးကောက်ပွဲအတွက်ယင်းလုပ်ငန်းရှင်များ အသုံးပြုသောငွေစုစုပေါင်း၏ ရာခိုင်နှုန်းတို့ကို ဖော်ပြထားသည်။

| လုပ်ငန်းအမျိုးအစား | ဒေါ်လာသန်း | ရာနှုန်း | ပြန်လည်အကျိုးခံစားရမှု |
|---|---|---|---|
| ဆေးလိပ်နှင့်စီးကရက် | ၇.၅၅ | ၈၃ | စီးကရက်ထုတ်လုပ်သူများအပေါ် ဖက်ဒရယ်အစိုးရက စွဲဆိုထားသော အမှုများကို ဖျက်သိမ်းပေးခြင်း။ |
| သစ် | ၃.၂ | ၈၂ | သစ်ထုတ်လုပ်ရေးလမ်းကြောင်းများအား ပိတ်ပင်မှုကို ရုပ်သိမ်းပေးခြင်း။ |
| ရေနံနှင့်ဓာတ်ငွေ့ | ၂၅.၄ | ၇၈ | စက်ရုံများ၏ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှု ကန့်သတ်ချက်အား ပယ်ဖျက်ခြင်း၊ ကျိုတိုသဘောတူညီချက်အား ဘေးချိတ်ခြင်း၊ အာတိတ်ဒေသရှိ ထိန်းသိမ်းထားသောဒေသများတွင် ရေနံတူးဖော်ခွင့်ပြုခြင်း။ |
| ဓာတ်သတ္တု | ၂.၆ | ၇၇ | သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေး စည်းကမ်းသတ်မှတ်ချက်များ ဖျက်သိမ်းပေးခြင်း။ |
| ဘဏ်နှင့်ခရက်ဒစ်ကဒ် | ၂၅.၆ | ၆၀ | ဒေဝါလီခံသွားရသော ခရက်ဒစ်ကဒ်ပိုင်ရှင်များထံမှ ငွေပြန်သိမ်းရာတွင် လွယ်ကူစေသော ဘီလ်ဥပဒေ ပြဌာန်းပေးခြင်း။ |
| ဆေးဝါး | ၁၇.၈ | ၆၈ | လူမှုဖူလုံရေးဥပဒေကို ဈေးနှုန်းမကန့်သတ်ဘဲ ပြုပြင်ပေးခြင်း |
| လေကြောင်းလုပ်ငန်း | ၄.၂ | ၆၁ | သပိတ်များကို ဥပဒေဖြင့် အတားအဆီး ပြုလုပ်ပေးခြင်း၊ ထရပ်စ်ကဲ့သို့ လုပ်ငန်းကြီးများအား ကန့်သတ်သောဥပဒေတို့ကို ပြန်လျှော့ပေးခြင်း |

# နယ်ချဲ့စနစ်သစ်

## မျက်မှောက်ခေတ်အရင်းရှင်စနစ်၏အဆင့်သစ်

မျက်မှောက်ခေတ် အရင်းရှင်စနစ်၏ အဆင့်သစ်

### ၁။ နိဒါန်း

အချို့သော သမိုင်းနှင့်ဘောဂဗေဒ ပညာရှင်များက ၂၀ ရာစုနှစ်ရှိ အရင်းရှင် စနစ် ပြိုကွဲသွားပြီ။ ၂၁ ရာစုနှစ်တွင် လူမှုစီးပွားရေး စနစ်တခု ပေါ်ထွန်းလာလိမ့်မည်။ ယင်းစနစ်ကား ကမ္ဘာ့အရင်းရှင်စနစ် (global capitalism) သို့မဟုတ် အရင်းရှင် စနစ်သစ် (new capitalism) ဖြစ်သည်ဟု ရေးသားပြောဆိုနေကြသည်။ သူတို့က နယ်ချဲ့စနစ်ဟူသော ဝေါဟာရကို မသုံးကြ။ အသိရှိစွာရှောင်ကြခြင်း ဖြစ်ပေမည်။ နယ်ချဲ့စနစ်ဆိုသည်မှာ လူသား သမိုင်းတွင် ကမ္ဘာစစ်ကြီးနှစ်ခုကို ဖန်တီးခဲ့သော စနစ်၊ လူသန်းပေါင်းများစွာ သေကျေခဲ့ရပြီး ဓနဥစ္စာပစ္စည်းများနှင့် လူ့ယဉ်ကျေးမှု အမွေအနှစ်များကို ညက်ညက်ကျေအောင် ဖျက်ဆီးခဲ့သော စနစ်ဖြစ်၍ ၎င်းကိုမှောက်ထေပြီး နောင်အနှစ်တရာတွင် ပေါ်လာမည့်စနစ်မှာ "ယဉ်ကျေးသိမ်မွေ့သည့် ထွန်းလင်း တောက်ပြောင်သည့် အရင်းရှင်စနစ်သစ်" ဖြစ်မည်ဟု ဆိုလိုဟန် တူပေသည်။

လူမှုစီးပွားရေးစနစ် ဖြစ်ပေါ်တိုးတက်မှုမှာ တစိတ်တပိုင်းအနေနှင့် အချို့အချိန်တွင် နောက်ပြန်ဆုတ်ခြင်း၊ ပြိုကွဲသွားခြင်း၊ ပျက်စီးသွားခြင်း ရှိမည်ဖြစ်သော်လည်း တခုလုံးအနေနှင့်ဆိုသော် ကြောင်လိမ်လှေကားသဖွယ်၊ ရေလှိုင်းသဖွယ် ပြုမှုလှုပ်ရှားခြင်း ဖြစ်ပေသည်။ ဖြစ်ပေါ်တိုးတက်ခြင်း ဖြစ်ပေသည်။

လူသားသမိုင်းတွင် ရှေးဘုံစနစ် (Primaeval Communal System) ဦးစွာ ပေါ်ပေါက်ခဲ့သည်။ ထုတ်လုပ်ရေးပစ္စည်းများကို စုပေါင်းပိုင်ဆိုင်ပြီး စုပေါင်းထုတ်လုပ်ကာ အထွက်ပစ္စည်းများကို စုပေါင်းရယူကြသည်။ လူတန်းစားကွဲပြားမှုမရှိသေး၊ လူတန်းစားတိုက်ပွဲလည်း မပေါ်သေး၍ နိုင်ငံတော်နှင့် အစိုးရဆိုသည်မှာလည်း တည်ရှိဖို့ မလိုသေးပေ။ ထုတ်လုပ်ရေး ကိရိယာသည် အလွန်ရိုးတာပြီး အတတ်ပညာလည်း နိမ့်ကျလှသဖြင့် ထုတ်လုပ်ရေးအင်အားစု ဖြစ်ပေါ်တိုးပွားမှုမှာ အလွန်နှေးကွေး နောက်ကျလှသည်။

ကျေးကျွန်စနစ်က ရှေးဘုံစနစ်ကို အစားထိုးခဲ့သည်။ လူတန်းစားကွဲပြားမှု ရှိလာပြီ။ နိုင်ငံတော်လည်းပေါ်ပေါက်ခဲ့ပြီ။ ကျေးပိုင်ကျွန်ပိုင်ရှင်က ကျေးကျွန်များကို သံခြေကျင်းခတ်ကာ အလွန်ရက်စက် ကြမ်းကြုတ်စွာ အလုပ်လုပ်ခိုင်းခဲ့သည်။ ကျေးကျွန်များ၏ "အစွန်းထွက်အလုပ်" (surplus labour) တခုလုံးသာမက "လိုအပ်သောအလုပ်" (necessary labour) ရောမအများပိုင်းကိုပါ အပိုင်စီးခဲ့သည်။ ကျေးကျွန်စနစ်သမိုင်းတွင် သွေးချောင်းစီးခဲ့သော ဖြစ်ရပ်များကို ဘယ်သို့မျှ မေ့ပျောက်နိုင်စရာ မရှိပေ။ မည်သို့ဆိုစေကာမူ ထုတ်လုပ်ရေးအင်အားစု ဖြစ်ပေါ်တိုးပွားမှုတွင် ကျေးကျွန်စနစ်သည် ရှေးဘုံစနစ်နှင့်စာသော် တဆင့်မြင့်တက်လာခြင်း ဖြစ်သည်။ လူမှုစီးပွားရေးစနစ် တဆင့်မြင့်တက်လာခြင်း ဖြစ်သည်။

ပဒေသရာဇ် မြေရှင်စနစ်က ကျေးကျွန်စနစ်ကို အစားထိုးခဲ့သည်။ ပဒေသရာဇ် မြေရှင်က မြေကျွန်များကို ကြာပွတ်ကိုင်ကာ ရက်ရက်စက်စက် ဖိနှိပ်သွေးစုပ်ခဲ့သည်။ အလုပ်သီးစားခ၊ သီးနှံသီးစားခ၊ အသပြာသီးစားခနှင့် စီးပွားရေးဘောင်လွန်သော အခွန်နည်းနာသဏ္ဌာန်များဖြင့် မြေကျွန်များ၏ "အစွန်းထွက်အလုပ်" တခုလုံးနှင့် "လိုအပ်သောအလုပ်" အတော်များများကိုပါသွေးစုပ်ခဲ့သည်။ ပဒေသရာဇ်မြေရှင်စနစ် သမိုင်းတွင် သွေးချင်းချင်းနီခဲ့သော ပုန်ကန်မှုများကို ပြည်ဖုံးကားချ၍ ရမည်မဟုတ်ပေ။ သို့စေကာမူ ထုတ်လုပ်ရေး အင်အားစု ဖြစ်ပေါ်တိုးပွားရာတွင် ပဒေသရာဇ် စနစ်သည် ကျေးကျွန်စနစ်ထက် တဆင့်မြင့် တက်လာခြင်း ဖြစ်သည်။ လူမှုစီးပွားရေးစနစ် တဆင့်မြင့် တက်လာခြင်း ဖြစ်သည်။

ပဒေသရာဇ် မြေရှင်စနစ်နေရာတွင် အရင်းရှင်စနစ်က ဝင်ယူခဲ့သည်။ ကုန်စည်ထုတ်လုပ်ရေးသည် အမြင့်ဆုံးအဆင့်အထိ ဖြစ်ပေါ်တိုးပွားလာပြီး လုပ်အား (labour power) သည် လူ့အဖွဲ့အစည်း အတိုင်းအတာအရ ကုန်စည် (commodity) ဖြစ်လာသောအခါ အရင်းရှင်လူ့အဖွဲ့အစည်း ဖြစ်လာပေသည်။ အရင်းရှင်သည် လုပ်အားပိုင်ရှင်ဖြစ်သဖြင့် အလုပ်သမားများကို ပယ်ပယ်နယ်နယ် သွေးစုပ်နိုင်ခွင့်ရခဲ့သည်။ အလုပ်ချိန်တိုးမြှင့်သည့်နည်းဖြင့် အလုပ်သမားများ၏ "အစွန်းထွက်အလုပ်" ကို ဆန့်ထုတ်လိုက်ပြီး "လိုအပ်သောအလုပ်" ကို လျော့နည်းစေခဲ့သည်။ ဤနည်းဖြင့် "အကြွင်းမဲ့ အစွန်းထွက်တန်ဖိုး" (Absolute Surplus Value) ကို ညှစ်ယူခဲ့သည်။ အလုပ်သမားများက တိုက်ပွဲဆင်ခြင်းကြောင့် ဤနည်းကို ကျင့်သုံးရန်ခက်လာသည့်အခါတွင် အတတ်ပညာ တိုးမြှင့်သည့်နည်းဖြင့် အလုပ်သမားများ၏ "လိုအပ်သောအလုပ်" ကို လျော့နည်းစေပြီး "အစွန်းထွက်အလုပ်" ကို တိုးများစေခဲ့သည်။ ဤနည်းဖြင့် "နှိုင်းယှဉ်ခြင်းအစွန်းထွက် တန်ဖိုး"

(Relative Surplus Value) ကို ညှစ်ယူနိုင်ခဲ့သည်။ အရင်းရှင်စနစ်သမိုင်းတွင် အရင်းရှင်က သံခြေကျင်းနှင့် ကြာပွတ်ကို ကိုင်မထားစေကာမူ၊ ထုတ်လုပ်ရေးပစ္စည်းနှင့် လုပ်အားကို ပိုင်ဆိုင်ထားသဖြင့် ရက်ရက်စက်စက် သွေးစုပ်နိုင်ခွင့်ရခဲ့သည်။ အထွက်ပစ္စည်းများကို အပိုင်စီးနိုင်ခွင့်ရခဲ့သည်။ အရင်းရှင် လူ့အဖွဲ့အစည်းတွင် သွေးချွေးစွန်းခဲ့သော လူတန်းစားတိုက်ပွဲများကား မှတ်တမ်းတင်၍ ကုန်နိုင်မည် မဟုတ်ပေ။ ဤသို့ဖြစ်စေကာမူ ထုတ်လုပ်ရေး အင်အားစု ဖြစ်ပေါ်တိုးပွားမှုတွင် အရင်းရှင်စနစ်သည် ပဒေသရာဇ်စနစ်ထက် တဆင့်မြင့်တက်လာခြင်း ဖြစ်သည်။ ယခင်လူ့မှု စီးပွားရေးစနစ်များနှင့်စာသော် အဘက်ဘက်တွင် အတိုင်းအတာကြီးမားစွာ ဖြစ်ပေါ်တိုးပွားလာခြင်း ဖြစ်သည်။

ထိုနည်းတူ ၂၀ ရာစုနှစ်တွင် ပေါ်ထွက်လာသော နယ်ချဲ့စနစ်သည်လည်းကောင်း၊ မျက်မှောက်တွင် ဖြစ်ပေါ်လာသော နယ်ချဲ့စနစ်သစ်သည်လည်းကောင်း လူမှုစီးပွားရေးစနစ်တွင် ပိုမိုမြင့်မားလာခြင်း ဖြစ်ပေသည်။ ထိုစနစ်များနှင့် ဆန့်ကျင်ပြီး တည်ရှိနေသော ဆိုရှယ်လစ်စနစ်သည် တဆင့်မြင့်သည့် လူမှုစီးပွားရေးစနစ်ကို ကိုယ်စားပြုနေပေသည်။ ဤသို့သော လူသားသမိုင်း ဖြစ်ပေါ်တိုးပွားမှုကို မည်သည့် အင်အားစုကမှ တားဆီးနိုင်မည် မဟုတ်ပေ။ အကြောင်းကား သမိုင်းဖြစ်ပေါ်တိုးပွားမှုတရားနှင့် လျော်ညီသောကြောင့် ဖြစ်ပေသည်။

## ၂။ နယ်ချဲ့အရင်းရှင်စနစ် ဖြတ်သန်းခဲ့သည့်ခရီးစဉ်

အရင်းရှင်စနစ်သည် ၁၈ ရာစုနှစ် ဒုတိယနှစ်ဝက်ပိုင်းမှ စတင်ပြီး ကြီးမားစွာ ဖြစ်ထွန်းလာခဲ့သည်။ ၁၉ ရာစုနှစ် နှစ်တရာအတွင်း ဖွံ့ဖြိုးတိုးတက် ရင့်မှည့်လာခဲ့သည်။ "လွတ်လပ်စွာ ပြိုင်ဆိုင်သည့် အရင်းရှင်စနစ်"၊ "စံတင်အရင်းရှင်စနစ်" ဟု ခေါ်တွင်ခဲ့ သည်။

ကားလ်မာ့က်စ်က အရင်းရှင်စနစ်ကို သဘောတရားအရ၊ သမိုင်းအရ သုံးသပ်ပြီး "လွတ်လပ်စွာပြိုင်ဆိုင်မှုက ထုတ်လုပ်ရေး စုစည်းမှု (concentration of production) ကို ဖြစ်ပေါ်စေသည်။ ယင်းကတဖန် ဖြစ်ပေါ်တိုးပွားမှု တစုံတရာသော အဆင့်သို့ ရောက်သည်တွင် လက်ဝါးကြီးအုပ်မှု (monopoly) ပေါ်ပေါက်စေသည်" ( ဗီအိုင်–လီနင် " နယ်ချဲ့စနစ် – အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့် နှာ ၁၈ ) ဟု ညွှန်ပြခဲ့သည်။ တကယ့်ဖြစ်ရပ်ကလည်း ဤအတိုင်းပင် ဖြစ်လာပေသည်။

၁၈၆၀ – ၇၀ ခုနှစ်များတွင် လွတ်လပ်စွာပြိုင်ဆိုင်မှု (free competition) အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ ထိုစဉ်က လက်ဝါးကြီးအုပ်မှုဟူသည်မှာ မြင်သာထင်သာ မဟုတ်သေး။ ကလလရေကြည်တည်စပင် ရှိသေးသည်။

၁၈၇၃ ခုနှစ်ကပ်ဆိုက်မှု ပေါ်ပေါက်လာပြီးနောက်တွင် လက်ဝါးကြီးအုပ် "ကာတယ်လ်" အဖွဲ့များ တမျော်တခေါ်ကြီး ပေါ်လာပေသည်။ သို့သော် တည်တည်တံ့တံ့ မဟုတ်သေး။ စပ်ကူးမတ်ကူး သဏ္ဍာန်မျှသာ ရှိသေးသည်။

၁၉ ရာစုနှစ်အကုန် စီးပွားရေး ဖွံ့ဖြိုးမှုကာလနှင့် ၁၉၀၀ – ၀၃ ကျပ်တည်းမှုကပ် ပေါ်လာပြီးနောက် လက်ဝါးကြီးအုပ် "ကာတယ်လ်" အဖွဲ့များသည် စီးပွားရေးဘဝ တခုလုံးတွင် အုတ်မြစ်တခု ဖြစ်လာပေသည်။ အရင်းရှင်စနစ်သည် နယ်ချဲ့စနစ်အဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ဥရောပတိုက်အဖို့ ပြောရလျှင် ၂၀ ရာစုနှစ်အစတွင် နယ်ချဲ့စနစ် ဖြစ်တည်လာပေသည်။

ထုတ်လုပ်ရေး စုစည်းမှုကြောင့် လက်ဝါးကြီးအုပ်အဖွဲ့များ ပေါ်ပေါက်လာခြင်းကား နယ်ချဲ့စနစ်၏ ယေဘုယျနှင့် အခြေခံတရား ဖြစ်ပေသည်။ နယ်ချဲ့စနစ်၏ စီးပွားရေး အနှစ်သာရလည်း ဖြစ်ပေသည်။

နယ်ချဲ့စနစ်အဆင့်တွင် ထုတ်လုပ်ရေးသည် အတိုင်းအတာကြီးမားစွာ လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာသည်။ သီးခြားအားဖြင့်ဆိုသော် အတတ်ပညာ တီထွင်မှုနှင့် ဖြစ်ပေါ်တိုးပွားမှုဖြစ်စဉ်သည်လည်း လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာ ပေသည်။ (socialization of production)

ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်စေကာမူ အထွက် ပစ္စည်းများကို ရယူမှုမှာ ပုဂ္ဂလိကလက္ခဏာ ဖြစ်မြဲဖြစ်လျက် ရှိပေသည်။ လူ့အဖွဲ့အစည်း ဆိုင်ရာ ထုတ်လုပ်ရေးပစ္စည်းများ (social means of production) သည်လည်း လူအနည်းစုက ပုဂ္ဂလိကပိုင်ဆိုင်မြဲပင်ဖြစ်သည်။ "လွတ်လပ်စွာ ပြိုင်ဆိုင်မှု" ဟူသော ယေဘုယျဘောင်မှာ ဆက်လက်ရှိစေကာမူ လက်တဆုပ်စာ လက်ဝါးကြီးအုပ် အရင်းရှင်များက ကျန်လူသားတရပ်လုံးအပေါ် စိုးမိုးမှုကား အဆရာမျှမက ပိုမိုကြီးလေးလာပေသည်။ မခံမရပ်နိုင်လောက်အောင် ဝန်ထုပ်ဝန်ပိုးဒဏ်မှာ ပိုမိုကြီးမားလာပေသည်။ ဆင်းရဲချမ်းသာ အစွန်းနှစ်ဘက်ကွာခြားမှုကား ကြာလေကြီးထွားလေ ဖြစ်လာပေသည်။

လက်ဝါးကြီးအုပ်မတိုင်မီ အရင်းရှင်စနစ်တွင် စက်မှုအရင်း (industrial capital ) သည် အဓိကအခန်းမှ ပါခဲ့သည်။ နယ်ချဲ့စနစ်တွင်မူ စက်မှုလက်ဝါးကြီးအုပ် အဖွဲ့များ၏ စက်မှုအရင်းနှင့် ဘဏ်လက်ဝါးကြီးအုပ် အဖွဲ့များ၏ ဘဏ်အရင်း (bank capital ) ပေါင်းစပ်မှုမှ ပေါ်လာသော ဘဏ္ဍာအရင်း (finance capital ) သည် အဓိက ဖြစ်လာသည်။ ၁၉၁၀ ခုနှစ်တွင် အချမ်းသာဆုံး အရင်းရှင်နိုင်ငံများဖြစ်သော အင်္ဂလန်၊ ပြင်သစ်၊ အမေရိကန်နှင့် ဂျာမဏီတို့သည် ကမ္ဘာ့ဘဏ္ဍာအရင်း၏ ၈၀ ရာခိုင်နှုန်းနီးပါးကို ပိုင်ဆိုင်ထားပြီး ကမ္ဘာပေါ်ရှိ ကျန်နိုင်ငံများသည် တနည်းမဟုတ်တနည်းဆိုသလို ဤနိုင်ငံတကာ့ ဘဏ္ဍာအရင်းရှင်နိုင်ငံများ၊ တနည်းဆိုသော် ကမ္ဘာ့ဘဏ္ဍာအရင်း ဒေါက်တိုင်ကြီး ၄ ခု၏ မြီစားများဘဝ၊ အဆွယ်အပွားများဘဝသို့ အနည်းနှင့်အများ ဆိုသလို ဆိုက်ရောက်လာခဲ့ပေသည်။

လွတ်လပ်စွာ ပြိုင်ဆိုင်သည့် အရင်းရှင်စနစ်၏ ထူးခြားချက်တရပ်ကား "ကုန်စည်တင်ပို့မှု" ဖြစ်ပေသည်။ လက်ဝါးကြီးအုပ် အရင်းရှင်စနစ် (ဝါ) နယ်ချဲ့စနစ်တွင်မူကား "အရင်းတင်ပို့မှု"သည် ထူးခြားချက်တရပ် ဖြစ်လာပေသည်။

အရင်းတင်ပို့မှု ဖြစ်နိုင်လာသည့် အချက်ကား ခေတ်နောက်ကျသည့် နိုင်ငံအများအပြားသည် ကမ္ဘာ့အရင်းရှင်စနစ်၏ အပြန်အလှန်ဆက်သွယ်မှု ဘောင်အတွင်းသို့ ဝင်ရောက်လာခြင်းကြောင့် ဖြစ်ပေသည်။ အဓိကမီးရထားလမ်းများကို ဖောက်လုပ်ပြီးခဲ့လေပြီ။ သို့မဟုတ် ဖောက်လုပ်နိုင်ခဲ့လေပြီ။ စက်မှုလုပ်ငန်း ဖြစ်ပေါ်တိုးပွားနိုင်ရန် အခြေခံအကြောင်းအချက်များလည်း ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သည်။

အရင်းတင်ပို့မှုအတွက် လိုအပ်မှုကား ရှေ့တန်းရောက်နေသည့် နိုင်ငံ အချို့တွင်

"အရင်းစုပုံမှု" (accumulation of capital )အလွန်ကြီးမားသော အတိုင်းအတာ သို့ ဆိုက်ရောက်ခဲ့ပြီး "အရင်းအတိုင်းထက်အလွန် ပေါ်များလာခြင်း" (super abundance of capital ) ဖြစ်ပေသည်။ ဤသို့ဖြစ်ရသည့် အကြောင်းမှာ ထိုနိုင်ငံများတွင် လယ်ယာ လုပ်ငန်း၌ ခေတ်နောက်ကျလျက်ရှိခြင်း၊ ပြည်သူလူထုသည် ဆင်းရဲမွဲပြာကျလျက် ရှိခြင်းကြောင့် အမြတ်ရဖို့ အရင်းမြှုပ်နှံနိုင်မည့် အခြေအနေ မပြည့်စုံသောကြောင့် ဖြစ်ပေသည်။

၂၀ ရာစုနှစ်အစပိုင်းတွင် အရင်းတင်ပို့မှုသည် အလွန်ကြီးမားသော အတိုင်းအတာသို့ ရောက်ရှိခဲ့ပေသည်။ ထိုစဉ်က အရင်းတင်ပို့မှုတွင် အဓိကနိုင်ငံများဖြစ်သော ဗြိတိန်၊ ပြင်သစ်၊ ဂျာမဏီတို့သည် အခြေအနေချင်း မတူကြပေ။ ဗြိတိန်က အဓိကအားဖြင့် ၎င်း၏ကိုလိုနီများရှိ စက်မှုလုပ်ငန်း လုပ်ခင်းကိုင်ခင်းများတွင် အရင်းမြှုပ်နှံသည်။ ပြင်သစ်က အဓိကအားဖြင့် ဥရောပတိုက်၊ ရှေးဦးစွာ ရုရှားတွင် ချေးငှားရေးအရင်း မြှုပ်နှံသည်။ ထို့ကြောင့် ဗြိတိန်အား "ကိုလိုနီနယ်ချဲ့စနစ်" (colonial imperialism)၊ ပြင်သစ်အား "ချေးငှားရေးနယ်ချဲ့စနစ်" (usury imperialism) ဟု သမုတ်ခဲ့ကြသည်။ ဂျာမဏီ၏ ပုံစံကား တတိယအမျိုးအစား ဖြစ်ပေသည်။ ဂျာမဏီတွင် ကိုလိုနီအနည်းအကျဉ်းသာရှိ၍ ၎င်း၏အရင်းကို ဥရောပနှင့် အမေရိကတွင် အညီအမျှ ခွဲဝေမြှုပ်နှံပေသည်။

လက်ဝါးကြီးအုပ် အရင်းရှင် အဖွဲ့များဖြစ်သော "ကွန်ဘိုင်း" များ၊ "ကာတယ်လ်" များ၊ "ဆင်ဒီကိတ်" များနှင့် "ထရပ်စ်" တို့က ပထမဦးစွာ ပြည်တွင်းဈေးကွက်ကို ခွဲဝေယူလိုက်ကြသည်။ တိုင်းပြည်တပြည်၏ စက်မှုလုပ်ငန်းကို အပြည့်အဝ နီးပါး ပိုင်ဆိုင်ရယူလိုက်ကြပေသည်။

အရင်းရှင်စနစ်အောက်တွင် ပြည်တွင်းဈေးကွက်ဆိုသည်မှာ နိုင်ငံခြား ဈေးကွက်နှင့် မရှောင်လွှဲသာဘဲ ဆက်စပ်လျက် ရှိပေသည်။ အရင်းရှင်စနစ်သည် ကြာ ရှည်စွာကပင် ကမ္ဘာ့ဈေးကွက်ကို ဖန်တီးခဲ့လေပြီ။ အရင်းတင်ပို့မှု တိုးများလာသည်နှင့်အမျှ လက်ဝါးကြီးအုပ် ကွန်ဘိုင်းကြီးများ၏ နိုင်ငံခြားနှင့် ကိုလိုနီဆက်သွယ်မှုများ၊ "သြဇာ နယ်ပယ်များ" (spheres of influence)ဘက်ပေါင်းစုံ တိုးချဲ့လာသည်နှင့်အမျှ ဤ "ကွန်ဘိုင်း" များအကြား နိုင်ငံတကာ့သဘောတူညီချက် ရဖို့ အခြေအနေ ဖန်တီးလာပေသည်။ နိုင်ငံတကာ့ ကာတယ်လ် ပေါ်ပေါက်ဖို့ အခြေအနေ ဖန်တီးလာပေသည်။

ဤကား ယခင်အဆင့်များနှင့် မနှိုင်းယှဉ်သာအောင် ပိုမိုမြင့်မားသော ကမ္ဘာ့ အတိုင်းအတာအရ ထုတ်လုပ်ရေးနှင့် အရင်းစုစည်းမှုဟူသော အဆင့်သစ်တရပ်သို့ ရောက်ရှိလာခြင်း ဖြစ်ပေသည်။ "လက်ဝါးကြီးအုပ်လွန်အဖွဲ့"များ (super monopoly) ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

၁၉၀၇ ခုနှစ်တွင် ဂျာမဏီ အထွေထွေလျှပ်စစ်ကုမ္ပဏီ (German General Electric Company ) နှင့် အမေရိကန် အထွေထွေလျှပ်စစ်ကုမ္ပဏီ ( American General Electric Company ) တို့ စာချုပ်ချုပ်ပြီး ကမ္ဘာကို ခွဲဝေလိုက်ကြသည်။ သူတို့အကြား ပြိုင်ဆိုင်မှု ရပ်စဲသွားသည်။ အမေရိကန် ထရပ်စ်က အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါကို "ရပြီး"၊ ဂျာမန်ထရပ်စ်က ဂျာမဏီ၊ သြစတြီးယား၊ ရုရှား၊ ဟော်လန်၊ ဒိန်းမတ်၊ ဆွစ်ဇာလန်၊ တူရကီနှင့် ဘော်လ်ကန်ဒေသများကို "ရခဲ့" သည်။ မသတ်မှတ်ရသေးသော စက်မှုလုပ်ငန်းခွဲအသစ်များနှင့် တိုင်းပြည်အသစ်များတွင် "သမီးကုမ္ပဏီများ" ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အထူးလျှို့ဝှက် စာချုပ်များကို ချုပ်ဆိုခဲ့ကြသည်။ နည်းပညာသစ် တီထွင်မှုများနှင့် စမ်းသပ်လုပ်ကိုင်မှုများကို ဖလှယ်ရန်လည်း သဘောတူညီခဲ့ကြသည်။ ဤထရပ်စ်နှင့် ပြိုင်ဆိုင်ရန်ကား ခက်ခဲလှပေသည်။ ဘီလျံများစွာကို အရင်းအဖြစ် ချုပ်ကိုင်ထားသည်။ ကမ္ဘာနှင့် အဝှမ်း ချောင်ကြိုချောင်ကြားမကျန် လုပ်ငန်းခွဲများ၊ အေဂျင်စီများ၊ ကိုယ်စားလှယ်များ၊ အဆက်အသွယ်များ ဖြန့်ကြက်ထားသည်။ သို့စေကာမူ ဖြစ်ပေါ်တိုးပွားမှု တပြေး မညီညာခြင်းကြောင့်လည်းကောင်း၊ စစ်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကြွေးမြီ မဆပ်နိုင်တော့သဖြင့် ကုမ္ပဏီအပ်လိုက်ရခြင်းကြောင့်လည်းကောင်း အင်အားစုအနေအထား ပြောင်းလဲသွားသည် ရှိသော်၊ ၎င်းတို့အကြား ကမ္ဘာကိုပြန်လည် ခွဲဝေရေးမှာ ရှောင်လွှဲ၍ရမည် မဟုတ်ပေ။

ကုန်သွယ်ရေး ရေကြောင်းသွားလာရေးတွင် ဂျာမဏီမှ ဟင်းဘတ် – အမေရိက (Hamburg - America) ကုမ္ပဏီနှင့် နော်ဂျူးချာလွိုက် ( Norddeutscher Lloyd ) ကုမ္ပဏီတို့က အမေရိကမှ နိုင်ငံတကာ့ကုန်သွယ်ရေး ရေကြောင်းကုမ္ပဏီ ( International Mercantile Marine Co) နှင့် စာချုပ်ချုပ်ပြီး ကမ္ဘာကို ခွဲဝေလိုက်ကြသည်။ ဂျာမန်ကုမ္ပဏီများက အင်္ဂလိပ် – အမေရိကန် ရေကြောင်းသွားလာရေး နယ်ပယ်တွင် ဝင်ရောက်ပြိုင်ဆိုင်ကြမည် မဟုတ်ကြောင်း အာမခံရသည်။ မည်သည့် သဘော်ာဆိပ်များက မည်သည့်ဘက်နှင့် သက်ဆိုင်ကြောင်း အတိအကျ သတ်မှတ်ခဲ့သည်။ စာချုပ်သက်တမ်းမှာ အနှစ် နှစ်ဆယ် ဖြစ်ပြီး၊ စစ်ဖြစ်လာခဲ့သော် သဘောတူညီချက် ပယ်ဖျက်ကြောင်း အချက်အလက်ကိုလည်း ထည့်သွင်းသတ်မှတ်ခဲ့ပေသည်။

နိုင်ငံတကာ့ သံလမ်းကာတယ်လ် (International Rail Cartel ) ကို ၁၈၈၄ ခုနှစ် လောက်ကတည်းကပင် ဖွဲ့စည်းခဲ့သည်။ ကာတယ်လ် အဖွဲ့ဝင်များဖြစ်ကြသော ဗြိတိသျှ၊ ဘယ်လ်ဂျီယံနှင့်ဂျာမန် သံလမ်း ထုတ်လုပ်သူများက သက်ဆိုင်ရာ နိုင်ငံများ၏ ပြည်တွင်းဈေးကွက်များတွင် အချင်းချင်း မပြိုင်ဆိုင်ရန် သဘောတူညီကြသည်။ နိုင်ငံခြားဈေးကွက်များကို 'ကိုတာ' သတ်မှတ်ခွဲဝေလိုက်ကြသည်။ ဗြိတိသျှကုမ္ပဏီ နှစ်ခုက နုတ်ထွက်သွားသဖြင့် ၁၈၈၆ ခုနှစ်တွင် ကာတယ်လ်ပျက်စီးသွားပြီးနောက်၊ ၁၉၀၄ ခုနှစ်တွင် အင်္ဂလန်၊ ဂျာမဏီ၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ အမေရိက၊ သြစတြီးယား၊ စပိန်တို့ ပါဝင်ပြီး ပြန်လည်ထူထောင်ခဲ့ပေသည်။

နိုင်ငံတကာ့သွပ်ဆင်ဒီကိတ် ( International Zinc Syndicate) ကို ၁၉၀၉ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဂျာမန်၊ ဘယ်လ် ဂျီယံ၊ ပြင်သစ်၊ စပိန်၊ အင်္ဂလန် အုပ်စုငါးခုက တဦးစီ မည်မျှထုတ်လုပ်ရမည် ဆိုသည်ကို အတိအကျ သတ်မှတ်ခဲ့ကြသည်။ အလားတူ နည်းနာအရ "နိုင်ငံတကာ့ ဒိုင်းနမိုက်ထရပ်စ်" တွင်ပါဝင်ကြသော ဂျာမန်၊ ပြင်သစ်၊ အမေရိကန် ဖောက်ခွဲယမ်း ထုတ်လုပ်သူများကလည်း တကမ္ဘာလုံးကို ခွဲဝေယူလိုက်ကြပြန်သည်။

ဘဏ္ဍာအရင်းက ကြီးစိုးနေသည့် ခေတ်တွင် ပုဂ္ဂလိက လက်ဝါးကြီးအုပ် အဖွဲ့များ ( private monopolies) နှင့် နိုင်ငံတော် လက်ဝါးကြီးအုပ်အဖွဲ့များ (state monopo-

lies) သည် ရောထွေးယှက်တင် ဖြစ်နေပေသည်။ ထိုစဉ်က ဂျာမဏီတွင် ဤပုံစံသည် ပိုမိုထင်ထင်ရှားရှား ဖော်ပြခဲ့သည်။ ပုဂ္ဂလိက လက်ဝါးကြီးအုပ်အဖွဲ့များ စီးပွားပျက်လာသည့်အခါတွင် နိုင်ငံတော် လက်ဝါးကြီးအုပ်အဖွဲ့အဖြစ် ချုပ်ကိုင်မှု ခံလိုက်ပြီး၊ ပြန်နာလန်ထူလာသည့်အခါတွင် ပုဂ္ဂလိကလက်ဝါးကြီးအုပ်အဖွဲ့အဖြစ် ပြန်အသက်သွင်းခြင်းမျိုး လုပ်ခဲ့ကြသည်။ ၁၉၁၁ ခုနှစ်တွင် အမေရိကန် "ထရပ်စ်" ကို လိမ်ညာဖို့နှင့် မိမိလုပ်ငန်းတိုးတက်ဖြစ်ထွန်းဖို့အတွက် ဂျာမဏီ၌ နိုင်ငံတော်ရေနံ လက်ဝါးကြီးအုပ်အဖွဲ့ ပေါ်လာသည့်ဖြစ်ရပ်သည် သာဓကတရပ် ဖြစ်ပေသည်။ တနည်းဆိုရသော် လက်ဝါးကြီးအုပ်အရင်းရှင်ကြီးများအကြား ကမ္ဘာကို စီးပွားရေးအရ ခွဲဝေရေး တိုက်ပွဲတွင် ပုဂ္ဂလိက လက်ဝါးကြီးအုပ်အဖွဲ့များနှင့် နိုင်ငံတော် လက်ဝါးကြီးအုပ်အဖွဲ့များ၏ အနေအထားသည် ဒင်္ဂါးတပြား၏ ခေါင်းနှင့်ပန်းပင် ဖြစ်ပေသည်။ ဤနည်းဖြင့် နိုင်ငံတော် လက်ဝါးကြီးအုပ်အရင်းရှင်စနစ် (state monopoly capitalism ) သည် တစတစ ဖြစ်ထွန်းလာပေသည်။

အရင်းရှင်များက ကမ္ဘာကိုခွဲဝေသည်ဆိုရာ၌ ရောက်ရှိနေသည့် ထုတ်လုပ်ရေးနှင့် အရင်းစုစည်းမှု အတိုင်းအတာက လက်ဝါးကြီးအုပ်အမြတ် ရရှိစေဖို့အတွက် ၎င်းတို့အား တွန်းဆော်ခြင်းကြောင့် ဤနည်းနာကို ကျင့်သုံးခြင်း ဖြစ်ပေသည်။ သူတို့သည် "အရင်း၏ အချိုးအစားအရ" ခွဲဝေကြခြင်း ဖြစ်သည်။ ကုန်စည်ထုတ်လုပ်ရေးနှင့် အရင်းရှင်စနစ်တည်ရှိသည့် အခြေအနေတွင် အခြားခွဲဝေရေးနည်းနာ ဆိုသည်မှာ မရှိနိုင်ပေ။ စီးပွားရေးနှင့် နိုင်ငံရေးဖြစ်ပေါ်တိုးပွားမှု အတိုင်းအတာအလိုက် အင်အားအချိုးအစားသည်လည်း ကွဲပြားခြားနားပေသည်။

နယ်ချဲ့စနစ်အဆင့်တွင် ကမ္ဘာကို စီးပွားရေးအရ ခွဲဝေမှုအပေါ်တွင် အခြေခံ၍ နိုင်ငံရေးအရ ကမ္ဘာကို ခွဲဝေရေးသည် ပေါ်ထွန်းလာပေသည်။ ကမ္ဘာပေါ်တွင်အုပ်စု ၃ ခု ပေါ်လာပေသည်။ ကိုလိုနီပိုင်ရှင်များ၊ ကိုလိုနီများနှင့် ပုံစံအမျိုးမျိုးဖြင့် ဖော်ပြသော မှီခိုနေရသောတိုင်းပြည်များ ဖြစ်ပေသည်။

ကိုလိုနီနိုင်ငံကား နိုင်ငံရေး လွတ်လပ်မှုပင် မရှိသော၊ နယ်ချဲ့နိုင်ငံတခုခုက နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ စစ်ရေးအရ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားသော နိုင်ငံကို ဆိုလိုပေသည်။ နယ်ချဲ့နိုင်ငံများအဖို့ ကိုလိုနီများသည် မြင့်မားသော လက်ဝါးကြီးအုပ်အမြတ် ရရှိရာဒေသ၊ ကုန်ကြမ်းများရရာရေသောက်မြစ်၊ ကုန်ချောများ ရောင်းချရာ ဈေးကွက်၊ လုပ်အားများ ဈေးအပေါဆုံးရရာ နယ်မြေ ဖြစ်ပေသည်။

ကိုလိုနီများကို ပိုင်ဆိုင်မှုသည် လက်ဝါးကြီးအုပ်အဖွဲ့များအား ပြိုင်ဘက်နိုင်ငံများနှင့် ရင်ဆိုင်ရာတွင် အသာစီးရရန် အပြည့်ဝဆုံးအာမခံချက်များ ရရှိစေသဖြင့် လက်ဝါးကြီးအုပ် အရင်းရှင်များက ဤပုံစံကို အလိုလားဆုံး ဖြစ်ပေသည်။

ပုံစံအမျိုးမျိုးဖြင့် မှီခိုနေရသော တိုင်းပြည်များကား နိုင်ငံရေးအရ လွတ်လပ်သည်ဟု အသိအမှတ်ပြုခြင်းခံရပြီး ဘဏ္ဍာရေးအရ၊ သံတမန်ဆက်ဆံရေးအရ မှီခိုနေရသော တိုင်းပြည်များကို ဆိုလိုပေသည်။ မှီခိုနေရသော သဏ္ဍာန်တမျိုးကား ကိုလိုနီတပိုင်း နိုင်ငံ သဏ္ဍာန် ဖြစ်ပေသည်။

ဤသို့ဖြင့် အကြီးဆုံးအရင်းရှင်နိုင်ငံကြီးများအကြား တကမ္ဘာလုံးအား နယ်မြေအရ ခွဲဝေရေးသည် အပြီးသတ်ခဲ့ပေသည်။ ဤအချက်က လယ်ယာနိုင်ငံများကို သာမက စက်မှုလုပ်ငန်းမြင့်မားစွာ ထွန်းကားသော ဒေသများကိုပင် သိမ်းယူဖို့ ကြိုးစားမှုများ ပေါ်လာပေသည်။ မည်သည့်အမျိုးအစားဒေသကိုပင်မဆို သိမ်းပိုက်နိုင်ရန်အတွက် ကမ္ဘာကြီးကို ပြန်လည်ခွဲဝေရန် တွန်းဆော်ပေးနေပေသည်။ ယင်းအချက်ကြောင့် နယ်ချဲ့စနစ်၏ အနှစ်သာရတရပ်ကား ဗိုလ်ကျစိုးမိုးရေးအတွက် အင်အားကြီးနိုင်ငံများအကြား ပြိုင်ဆိုင်မှု ဖြစ်ပေသည်။ နိုင်ငံရေးအရဆိုသော် ယေဘုယျအားဖြင့် နယ်ချဲ့စနစ်သည် အကြမ်းဖက်မှုနှင့် ဖောက်ပြန်မှုဆီသို့ ဦးတည်လှုပ်ရှားခြင်း ဖြစ်ပေသည်။

နယ်ချဲ့စနစ်သည် မွှားလိုသွေးစုပ်သော၊ ပျက်စီးယိုယွင်းနေသော အရင်းရှင်စနစ်ဖြစ်သည်။ ကမ္ဘာတခုလုံးကို ခွဲဝေပြီး လက်အောက်ခံ နိုင်ငံများကို သွေးစုပ်ရာမှ လက်တဆုပ်စာ နိုင်ငံကြီးများက မြင့်မားသည့် လက်ဝါးကြီးအုပ် အမြတ်များကို ရရှိခဲ့ကြသည်။ ဤအမြတ်များကို အသုံးပြုပြီး မိမိတို့၏ အုပ်စိုးသော လူတန်းစားကို ကြွယ်ဝစေသည် သာမက ပစ္စည်းမဲ့လူတန်းစား၏ အထက်လွှာနှင့် အောက်အဆင့် လူတန်းစားများကို လာဘ်ထိုးပေးပြီး နာခံစေခဲ့ပေသည်။ အရင်းရှင်လူတန်းစားအလိုကျ သိမ်းသွင်းနိုင်ခဲ့ပေသည်။

နယ်ချဲ့စနစ်တွင် ပျက်စီးယိုယွင်းနေသော တိမ်းညွတ်မှုက စက်မှုလုပ်ငန်း၏ တစုံတရာသော လုပ်ငန်းခွဲများတွင်လည်းကောင်း၊ တစုံတရာသော နိုင်ငံများတွင်လည်းကောင်း အချို့ကာလများတွင် အသာရရှိခဲ့သည်။ သို့စေကာမူ ဤအချက်က အရင်းရှင်စနစ် လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားခြင်းကို တားဆီးထားခြင်း မပြုပေ။ အကြောင်းကား ဆန့်ကျင်ဘက်တိမ်းညွတ်မှုဖြစ်သော လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားမှုနှင့် အတတ် ပညာတိုးတက်မှုက နယ်ချဲ့စနစ်တွင် စက်မှုလုပ်ငန်း၏ တစုံတရာသော လုပ်ငန်းခွဲများတွင်လည်းကောင်း၊ အရင်းရှင်လူတန်းစား၏ တစုံတရာသော အလွှာတွင်လည်းကောင်း၊ တစုံတရာသော တိုင်းပြည်များတွင်လည်းကောင်း ပထမ တိမ်းညွတ်မှုကို အနည်းနှင့်အများဆိုသလို ဖောက်ဖျက်နေခြင်းကြောင့် ဖြစ်ပေသည်။ တခုလုံးကိုကြည့်လျှင် အရင်းရှင်စနစ်သည် ယခင်ကထက်ပိုမိုလျင်မြန်စွာ ဖြစ်ပေါ်တိုးပွားနေလေသည်။ ဤတိုးတက်မှုသည် ယေဘုယျအားဖြင့် ဖြစ်ပေါ်တိုးပွားမှု တပြေးမညီညာမှုကို ပို၍ပို၍ဖြစ်ပေါ်စေသည်။ ဤဖြစ်ပေါ်တိုးပွားမှု တပြေးမညီညာမှုကတဖန် သီးခြားအားဖြင့် အရင်းအကြွယ်ဝဆုံး နိုင်ငံများတွင် ပျက်စီးယိုယွင်းမှုကို ပေါ်လွင်စေပြန်သည်။

ပထမကမ္ဘာစစ်ဖြစ်ခါနီးအချိန်တွင် ဂျာမဏီ၏ စီးပွားရေးဖြစ်ပေါ်တိုးပွားမှုသည် အင်္ဂလန်နှင့် ပြင်သစ်ထက် ပိုမိုလျင်မြန်သည်။ တဖန် အမေရိကန်က ဂျာမဏီထက် ပိုလျင်မြန်ပြန်သည်။ ယင်းအချက်ကြောင့် အမေရိကန် အရင်းရှင်စနစ်၏ မွှားလိုသွေးစုပ်သော အင်္ဂါရပ်များသည် ထင်ထင်ရှားရှား ပေါ်လွင်ခဲ့ပေသည်။

နယ်ချဲ့စနစ်နှင့် အချောင်ဝါဒ ဖြစ်ပေါ်တိုးပွားမှုသည် ပေါင်းစည်းလျက်ရှိရာ နယ်ချဲ့ဆန့်ကျင်ရေးကို အချောင်ဝါဒ ဆန့်ကျင်ရေးနှင့် မကွဲမကွာပေါင်းစပ်ထားဖို့ လိုပေသည်။

နယ်ချဲ့စနစ်သည် သေပန်းပွင့်နေသော အရင်းရှင်စနစ်လည်း ဖြစ်ပေသည်။ ကူးပြောင်းနေသော အရင်းရှင်စနစ်လည်း မည်ပေသည်။ အရင်းရှင်စနစ်အတွင်းမှ

လက်ဝါးကြီးအုပ်မှု ပေါ်လာသည်။ ဤသည်ပင် ဆိုရှယ်လစ်စနစ်သို့ ကူးပြောင်းနိုင်ရန် အစ ချီချက်ဖြစ်ပေသည်။

နယ်ချဲ့စနစ် အခြေအနေအောက် တွင် တဆင့်မြင့်သော လူမှုစီးပွားရေးစနစ်သို့ ကူးပြောင်းနိုင်ရန် ရုပ်ပိုင်းဆိုင်ရာ တင်ကူး လိုအပ်ချက်များ ပေါ်လာပေတော့သည်။ လုပ်ခင်းကြီးတခုသည် အလွန်ကြီးမားသော အတိုင်းအတာအထိ ကြီးထွားလာသောအခါ အချက်အလက်ပေါင်းစုံကို အတိအကျ တွက် ချက်မှုအပေါ် အခြေခံပြီး လူသန်းဆယ်အချို့ အတွက် လိုအပ်သော အခြေခံကုန်ကြမ်းများ ၏ သုံးပုံနှစ်ပုံ သို့မဟုတ် လေးပုံသုံးပုံကို စီမံကိန်းတကျပေးအပ်နိုင်ရန် စည်းရုံးနိုင် သောအခါ၊ မိုင်ပေါင်းရာထောင်ချီ၍ဝေးသော အသင့်တော်ဆုံး ထုတ်လုပ်ရာနေရာသို့ ယင်း ကုန်ကြမ်းများကို စနစ်တကျ စည်းရုံးမှုရှိရှိ ပို့ဆောင်ပေးနိုင်သောအခါ၊ ကုန်ချောပစ္စည်း အမျိုးအစား အမြောက်အမြားကို ထုတ်လုပ် နိုင်သည်အထိ တခုတည်းသောဗဟိုဌာနက လုပ်ငန်းအဆင့်ဆင့်ကို ညွှန်ကြားစီစဉ်နိုင်သော အခါ၊ စားသုံးသူကုဋေကုဋာအတွက် တခု တည်းသောစီမံကိန်းအရ ဤအထွက်ပစ္စည်း များကို ဖြန့်ချိနိုင်သောအခါ မိမိတို့ မျက်မှောက်တွင် ထုတ်လုပ်ရေး လူ့အဖွဲ့ အစည်း လက္ခဏာဆောင်မှုသည် ထင်ထင် ရှားရှား ပေါ်လာပေတော့သည်။ ပုဂ္ဂလိက စီးပွားရေးနှင့် ပုဂ္ဂလိကပိုင်ဆိုင်မှု ဆက်ဆံရေး ဟူသော အကာဥခွံသည် ထုတ်လုပ်ရေး လူ့ အဖွဲ့အစည်း လက္ခဏာဆောင်မှုဟူသော အတွင်းသရုပ်နှင့် မကိုက်ညီတော့။ ဤအကာ ဥခွံသည် အချိန်အတော်ကြာမျှ ဆက်လက်၍ ယိုယွင်းပျက်စီးနေသည့် အနေအထားဖြင့် တည်ရှိတန်ရာသည်။ သို့သော် သူ့အား မရှောင်မလွှဲသာ ဖယ်ရှားပစ်ရမည်သာ ဖြစ်ပေ သည်။

ဤသို့ဖြင့် နယ်ချဲ့စနစ်ခေတ်တွင် အတိုင်းအတာကြီးမားသော ထုတ်လုပ်ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုသည် ဆိုရှယ်လစ်စနစ်အတွက် ရုပ်ပိုင်းဆိုင်ရာ တင်ကူးလိုအပ်ချက်များကို ဖန်တီးနေပေသည်။ အရင်းရှင်စနစ်ကို ဆိုရှယ်လစ်စနစ်နှင့် အစားထိုးရေးသည် တော်လှန်သောခုန်ကူး ပြောင်းလဲမှု ဖြစ်ပေသည်။ တော်လှန်ရေးနည်း ဖြင့်သာ ဖြစ်ပေါ်နိုင်ပေသည်။ ရုပ်ပိုင်းဆိုင်ရာ အချက်အလက်များကို သာမက ပကတိ ဘာဝနှင့် အတ္တဘာဝအကြောင်းအချက် အများအပြားကိုလည်း လိုအပ်ပေသည်။

နယ်ချဲ့စနစ်သည် ဆိုရှယ်လစ် စနစ်အတွက် နိုင်ငံရေးဆိုင်ရာ တင်ကူး လိုအပ် ချက်များကိုလည်း ဖန်တီးနေပေသည်။ အရင်းရှင်စနစ်၏ ပဋိပက္ခအားလုံးကို အဆုံးစွန် အထိ ဖြစ်ပေါ်တိုးပွားစေလေသည်။ ထုတ်လုပ် ရေး လူ့အဖွဲ့အစည်း လက္ခဏာဆောင်မှုနှင့် ပုဂ္ဂလိကပိုင်ဆိုင်ရယူမှု သဏ္ဍာန်အကြား ပဋိ ပက္ခသည် အခြေခံပဋိပက္ခ ဖြစ်သည်။ ဤ အခြေခံပေါ်တွင် အရင်းရှင်စနစ် ပဋိပက္ခမှန်သမျှ သည် သည်းသန်ပြင်းထန်လာပေသည်။ အရေးအကြီးဆုံး ပဋိပက္ခများကား အလုပ်နှင့် အရင်းအကြား ပဋိပက္ခ၊ မှီခိုနေရသော တိုင်းပြည်များရှိ အဖိနှိပ်ခံပြည်သူများနှင့် နယ်ချဲ့နိုင်ငံများအကြား ပဋိပက္ခ၊ နယ်ချဲ့ နိုင်ငံကြီးများအကြား ပဋိပက္ခတို့ပင်ဖြစ်သည်။ ဤပဋိပက္ခများကို ခွဲခြမ်းစိတ်ဖြာပြီး "နယ်ချဲ့ စနစ်သည် ပစ္စည်းမဲ့လူတန်းစား လူမှု တော်လှန်ရေး၏ အကြိုကာလ ဖြစ်သည်" ( ဗီ–အိုင်–လီနင် နယ်ချဲ့စနစ် အရင်းရှင်စနစ်၏ အမြင့်ဆုံးအဆင့် နှာ ၁၀ ) ဟု လီနင်က သိပ္ပံနည်းကျစွာ ဖော်ထုတ်ခဲ့ပေသည်။

## နိုင်ငံတော် လက်ဝါးကြီးအုပ်အရင်းရှင်စနစ်

ပထမကမ္ဘာစစ်ကာလ (၁၉၁၄ – ၁၈ ) တွင် နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်း ရှင်စနစ်၏ ပထမလှိုင်းလုံး ပေါ်ပေါက်ခဲ့သည်။ ဤသည်ရှောင်တခင် ယာယီအချင်းအရာ မဟုတ်ပေ။ သမိုင်းအရ ပကတိဘာဝကျပြီး မရှောင်မလွှဲသာ ပေါ်ပေါက်ရမည့် ဖြစ်စဉ်၏ အစိတ်အပိုင်းသာလျှင်ဖြစ်၍ စစ်ကပိုမိုလျင်မြန် စေခြင်းသာ ဖြစ်ပေသည်။ ၁၉၁၇ ခုနှစ်လောက် တွင် နယ်ချဲ့စနစ်နှင့်ပတ်သက်၍ "ဤခေတ် ကာလသည် အတိုင်းအတာ ကြီးမားသော လက်ဝါးကြီးအုပ်အဖွဲ့များ ပေါ်ပေါက်လာသည့် ခေတ်ကာလမျှ သာမက လက်ဝါးကြီးအုပ် အရင်းရှင်စနစ်က နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် အဖြစ်သို့ တိုးတက်ဖြစ်ပေါ် လာသော ခေတ်ကာလ ဖြစ်သည်" ( ဗီ – အိုင်–လီနင် လက်ရွေးစဉ်ကျမ်း အတွဲ ၂၊ အပိုင်း၁၊ နှာ ၂၃၁ ) ဟု လီနင်က တိုးချဲ့ ရှင်းပြခဲ့ပေသည်။ ကမ္ဘာစစ်များနှင့် စီးပွားရေး ကျပ်တည်းမှုကပ်များသည်လည်းကောင်း၊ စစ်ရေးဆန်မှုနှင့် နိုင်ငံရေးအုံကြွမှုများသည် လည်းကောင်း လက်ဝါးကြီးအုပ် အရင်းရှင် စနစ်ကို နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင် စနစ်အဖြစ်သို့ ပြောင်းလဲစေရာတွင် လျင်မြန် စေခဲ့ပေသည်။

၁၉၂၉ – ၃၃ ခုနှစ်တွင် ဖြစ်ပွား သော ကမ္ဘာ့စီးပွားရေး ကျပ်တည်းမှုကပ်သည် နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားရာတွင် အရေးကြီးသော အစိတ် အပိုင်းတရပ်ဖြစ်သည်။ စီးပွားရေးကျပ်တည်းမှု ကပ်ဒဏ် မခံရအောင် နည်းနာအမြောက် အမြားဖြင့် အစိုးရက အရင်းရှင်ကြီးများအား အကာအကွယ်ပေးလေသည်။ အရင်းရှင် စီးပွားရေးကို "ချုပ်ကိုင်" ပေးခဲ့သည်။ စီးပွားရေးတွင် "စီမံကိန်းများ" ဖြင့် လုပ်ကိုင် စေခဲ့သည်။ လက်ဝါးကြီးအုပ် အရင်းရှင်များ သည် ပြည်သူများ၏ ကုန်ကျစရိတ်ဖြင့် ချမ်းသာကြွယ်ဝလာပေသည်။ နိုင်ငံတော်က လမ်းများဖောက်ပေးသည့်နည်းဖြင့် လက်ဝါး ကြီးအုပ် အရင်းရှင်များ၏ သယ်ယူပို့ဆောင် ရေးတွင် ကုန်ကျရမည့် စရိတ်စကများကို လျော့နည်းစေခဲ့သည်။ လျှပ်စစ်ဓာတ်အားပေး ရုံများ ဆောက်ပေးခြင်းဖြင့် သူတို့ကုန်ကျရမည့် ငွေကို သက်သာစေခဲ့သည်။ နိုင်ငံတော်က လက်ဝါးကြီးအုပ် အဖွဲ့များထံမှ ရောင်းမထွက် သည့် ကုန်ပစ္စည်းများကို ဝယ်ယူ၍ ဂိုဒေါင်များ ထဲတွင် သိုလှောင်ထားခဲ့သည်။ သို့တည်း မဟုတ် အလွယ်တကူပင် ဖျက်ဆီးပစ်ခဲ့သည်။ ထိုသို့သောကုန်ပစ္စည်းများကို နိုင်ငံခြားတွင် ဈေးချ၍ရောင်းနိုင်ရန် လက်ဝါးကြီးအုပ် အရင်းရှင်များအား ချေးငွေများနှင့် အမတော် ကြေးများ ပေးခဲ့သည်။ ဤလုပ်နည်းကို နိုင်ငံ ခြားတွင် ဈေးချ၍ရောင်းခြင်း (**dumping** ) ဟု ခေါ်လေသည်။

ဖက်ဆစ်ဂျာမဏီတွင် ဘဏ္ဍာ အရင်းရှင်ကြီးများနှင့် နိုင်ငံတော်၏ ပူးပေါင်းမှု သည် အထွတ်အထိပ်သို့ ရောက်ခဲ့သည်။ အရင်းရှင်ကြီးများသည် မိမိတို့၏ လုပ်ခင်း များတွင် နိုင်ငံတော်ကိုယ်စား ဆောင်ရွက်နိုင် ပေသည်။ နိုင်ငံတော် အဖွဲ့အစည်းများတွင် အရင်းရှင်ကြီးများ၏ ကိုယ်စားလှယ်များ ပါဝင်ပြီး စီးပွားရေး လုပ်ငန်းခွဲများကို အုပ်ချုပ် လေသည်။ သူတို့က လက်ဝါးကြီးအုပ် အဖွဲ့များထံတွင် အော်ဒါမှာယူသည်။ ဈေးနှုန်းများသတ်မှတ်သည်။ ကုန်ကြမ်းများ

ခွဲဝေပေးသည်။ နိုင်ငံတော်သည် တဆင့်တိုး၍ "အရင်းဗဟိုတွင် စုစည်းရေး" အတွက် အသုံးတော်ခံသည့် ကိရိယာ ဖြစ်လာပေသည်။ လွှတ်တော်တွင် ဥပဒေများပြု၍ အစုစပ်ကုမ္ပဏီငယ် အားလုံးကို ဖျက်သိမ်းပြီး လက်ဝါးကြီးအုပ်အဖွဲ့များထဲတွင် ပူးပေါင်းပါဝင်စေသည်။ ဖက်ဆစ်နိုင်ငံတော်က ပစ္စည်းမဲ့လူတန်းစား၏ ခုခံမှုကို အကြမ်းဖက်နှိပ်ကွပ်ပြီး အလုပ်သမားသမဂ္ဂများနှင့် နိုင်ငံရေးပါတီများကို ဖျက်သိမ်းပစ်ခဲ့သည်။ ဤတွင် နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သည် ၎င်း၏ လုယက်ဖျက်ဆီးသည့် လက္ခဏာကို အပြည့်အဝ ဖော်ပြခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်သည် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်မှ နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အဖြစ်သို့ ကူးပြောင်းရာတွင် ပိုမိုလျင်မြန်စေခဲ့သည်။ ထိုအချိန်မှစတင်၍ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သည် နယ်ချဲ့နိုင်ငံကြီးများ တွင် ဖြစ်ထွန်းခဲ့ပြီး ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံ မှန်သမျှတွင် မတူသည့်အတိုင်းအတာအရ အမြစ်တွယ်ခဲ့ပေသည်။

မည်သည့်နယ်ချဲ့နိုင်ငံတွင်မဆို နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သည် စီးပွားရေးလုပ်ငန်းခွဲအားလုံးကို ပြောင်းလဲပစ်ခြင်း မဟုတ်ပေ။ ၎င်းနှင့် ဘေးချင်းယှဉ်၍ လက်ဝါးကြီးအုပ်မဟုတ်သော အလယ်အလတ်နှင့်အငယ်စား လုပ်ခင်းကိုင်ခင်းများသည် ဆက်လက်တည်ရှိနေပေသည်။ အနည်းနှင့်အများဆိုသလို မြို့နေနှင့်ကျေးလက်နေရှင်ပေါက်စများနှင့် အရင်းရှင်စနစ်မတိုင်မီက သွေးစုပ်မှုသဏ္ဌာန် အကြွင်းအကျန်များသည်လည်း ဆက်လက်ကျန်ရှိနေပေသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဖြစ်ပေါ်တိုးပွားခဲ့သော နိုင်ငံတော်နှင့် လက်ဝါးကြီးအုပ်အဖွဲ့များ၏ ပူးပေါင်းမှုသည် စစ်ပြီးသည့်နောက်လည်း အဆုံးမသတ်နိုင်ရုံသာမက နိုင်ငံတော်လက်ဝါးကြီးအုပ် အဆောက်အအုံအသစ်၏ အခြေခံအင်္ဂါရပ် ဖြစ်လာပေသည်။ စီးပွားရေးကို စစ်ရေးဆန်စေသည့် အဆောက်အအုံသည် ငြိမ်းချမ်းသောကာလရှိ နိုင်ငံတော်ယန္တရားတွင် မရှိမဖြစ်သည့် အစိတ်အပိုင်းဖြစ်လာပေသည်။ ကမ္ဘာစစ်နှစ်ခု၏ အကျိုးဆက် အနေဖြင့် နယ်ချဲ့နိုင်ငံများရှိ စီးပွားရေးအချက်အချာ နေရာများကို စစ်ရေးလက်ဝါးကြီးအုပ် အဖွဲ့များက ချုပ်ကိုင်ထားပေသည်။

နိုင်ငံတော်အာဏာကို ပိုမိုထိရောက်စွာ အသုံးချနိုင်ရန်အတွက် ဘဏ္ဍာအရင်းရှင်ကြီးများသည် မိမိတို့ကိုယ်တိုင် ဝန်ကြီးများ၊ အရေးကြီးသောဌာန ခေါင်းဆောင်များ၊ သံအမတ်များ၊ အရာရှိကြီးများအဖြစ်ဖြင့် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ နိုင်ငံတော်ယန္တရားနှင့် လက်ဝါးကြီးအုပ်အဖွဲ့များ ချိတ်ဆက်လုပ်မှုမှာ အလွန်နီးကပ်လှသဖြင့် သူတို့အကြား နယ်နိမိတ်စည်းကြောင်း ခွဲခြားဖို့ပင် မလွယ်ကူတော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့ပေသည်။ နိုင်ငံတော်သည် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများ၏ အရေးကိစ္စကို စီမံခန့်ခွဲရသည့် ကော်မတီအဖြစ်သို့ ပြောင်းလဲခဲ့ပေသည်။

နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်အောက်တွင် ပြိုင်ဆိုင်မှုသဏ္ဌာန်အသစ် ဖြစ်ပေါ်လာပေသည်။ ပြည်သူများ၏ ဥစ္စာဓနကို လုယက်ရေးနှင့် နိုင်ငံတော်အဆောက်အအုံရှိ အရေးကြီးသောဌာနများကို ချုပ်ကိုင်နိုင်ခွင့် ရရှိရေးအတွက် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများအကြား တိုက်ပွဲများပေါ်လာခြင်း ဖြစ်ပေသည်။ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်က အများဆိုင်ရာ ရန်ပုံငွေ အလွဲသုံးစားလုပ်မှုကို တရားဝင် ဖြစ်စေခဲ့ပေသည်။

နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်သို့ ကူးပြောင်းရာတွင် နိုင်ငံတော်ပိုင်သဏ္ဌာန်သည် တစုံတရာသော အတိုင်းအတာအရ တိုးများလာပေသည်။ သီးခြားအားဖြင့်ဆိုရလျှင် အလိုအလျောက် လည်ပတ်မှု၊ လျှပ်စစ်ဓာတ်အင်အား၊ အနုမြူအင်အားတို့နှင့် ပတ်သက်သော ခေတ်မီအတတ်ပညာ လျင်မြန်စွာ တိုးတက်လာမှုကလည်း နိုင်ငံတော်ပိုင်လုပ်ခင်းများ တိုးများလာမှုကို တွန်းဆော်ပေးလေသည်။ စခါစတွင် အရင်းမြုပ်နှံမှု အထူးကြီးမားစွာလိုအပ်သော စက်မှုလုပ်ငန်းခွဲ အသစ်များကို ထူထောင်ရာတွင် လက်ဝါးကြီးအုပ်အရင်းရှင်များက နိုင်ငံတော်အပေါ် ဝန်ထုပ်ဝန်ပိုး လွှဲပေးလိုက်ပေသည်။ ဤလုပ်ခင်းများကို ဆောက်လုပ်ရာတွင်လည်းကောင်း၊ စက်ကိရိယာ တပ်ဆင်ရာတွင်လည်းကောင်း သူတို့က ကန်ထရိုက်တာများ အခန်းမှ ပါဝင်ကြသည်။ ဤနည်းဖြင့် အရဲစွန့်လုပ်ရန်မလိုတော့ဘဲ အမြတ်များများရဖို့ အာမခံချက် ရရှိခဲ့ပေသည်။ နိုင်ငံတော်ပိုင်တိုးလာသည့် အခြားအကြောင်း တရပ်ကား စစ်လက်နက်ထုတ်လုပ်သည့် စက်ရုံအသစ်များနှင့် ၎င်းနှင့်ဆက်စပ်နေသည့် စက်မှုလုပ်ငန်းခွဲများကို ထူထောင်ခြင်း ဖြစ်ပေသည်။ ဤစက်ရုံများ တည်ဆောက်ပြီးနောက် လက်ဝါးကြီးအုပ် အရင်းရှင်ကြီးများအား ငှားရမ်းလုပ်ကိုင်စေခဲ့ပေသည်။

နိုင်ငံတော်နှင့်ပုဂ္ဂလိက ဖက်စပ်သဏ္ဌာန်အမျိုးမျိုးလည်း ပေါ်ပေါက်ခဲ့သည်။ အီတလီနှင့် အနောက်ဂျာမဏီတွင် စီးပွားရေးလုပ်ငန်းခွဲအမျိုးမျိုးရှိ ကုမ္ပဏီ အမြောက်အမြားတွင် နိုင်ငံတော်က အစုရှယ်ယာ အများအပြား ပိုင်ဆိုင်ခဲ့ပေသည်။

နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၏ အင်္ဂါလက္ခဏာတရပ်ကား အလုပ်သမားများနှင့် အလုပ်ရှင်များအကြားရှိ ပဋိပက္ခများတွင် နိုင်ငံတော်က တက်တက်ကြွကြွ ပါဝင်စွက်ဖက်ခြင်း ဖြစ်သည်။ မကျေမနပ်ဖြစ်နေသော အလုပ်သမားများကို အကြမ်းဖက်ပြီး နှိမ်နင်းခြင်း ဖြစ်သည်။ အလုပ်သမားများက သပိတ်မှောက်ပြီး အရေးဆို လာသည့်အခါတွင် လက်ဝါးကြီးအုပ် အရင်းရှင်များ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရန်အတွက် အစိုးရက ဝင်ရောက်စွက်ဖက်၍ ဖိအားပေးလေသည်။ နိုင်ငံတော်၏ တရားဥပဒေများနှင့် အမိန့်ဒီကရီများ ဥပမာ အမေရိကတွင်သတ်မှတ်ထားသော "တဖ့်ဟာတလေဥပဒေ" ( Taft - Hartley Act ) ဆိုပါက အလုပ်သမားသမဂ္ဂများက သပိတ်မှောက်ရန်နှင့် အခြားလှုပ်ရှားမှုများလုပ်ရန် အလွန်ခက်ခဲစေခဲ့ပေသည်။ ထို့ပြင် နေထိုင်မှုစရိတ် ကြီးမြင့်နေချိန်တွင် "လုပ်ခများကိုခဲထားသည့်" အစိုးရ၏ ပေါ်လစီသည် လုပ်သားပြည်သူများကို ပိုမိုသွေးစုပ်နိုင်ရန် လက်ဝါးကြီးအုပ် အရင်းရှင်များအား အထောက်အကူ ပြုပေးခဲ့ပေသည်။

စစ်ပြီးခေတ်တွင် အင်္ဂါရပ်တခုကား နိုင်ငံတော် လက်ဝါးကြီးအုပ်အဖွဲ့များ၏ နိုင်ငံတကာ့နယ်ပယ်အတွင်း ဆောင်ရွက်ချက်များ ဖြစ်ပေသည်။ လက်ဝါးကြီးအုပ် အရင်းရှင်များက နိုင်ငံခြားသို့ ကုန်စည်များတင်ပို့ရာတွင် နိုင်ငံတော်က ငွေထောက်ပံ့ရသည်။ ပုဂ္ဂလိကတင်ပို့ရာတွင်လည်း ချေးငွေများကို နိုင်ငံတော်က တာဝန်ယူ၍ ပေးချေရသည်။ ပုဂ္ဂလိက

ကော်ပိုရေးရှင်းများက အရဲစွန့်၍မလုပ်ရဲသော စက်မှုလုပ်ငန်းခွဲများနှင့် တိုင်းပြည်များသို့ အရင်းတင်ပို့မှုကို နိုင်ငံတော်ကပင် တာဝန်ယူ ဆောင်ရွက်ပေးရ ပေသည်။

အရင်းရှင် "ပူးပေါင်းရေး" ပေါ်လစီ (policy of capitalist integration) ကား နိုင်ငံတကာ့နယ်ပယ်တွင် အရှင်းလင်းဆုံး ဖော်ပြသော နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ်၏ တိမ်းညွှတ်မှုများ ဖြစ်ပေသည်။ ဤပေါ်လစီအရ အတိုင်းအတာ အလွန်ကြီးမားသော နိုင်ငံတကာ့ လက်ဝါးကြီးအုပ် အဖွဲ့များဖြစ်သည့် ဥရောပ ကျောက်မီးသွေးနှင့် သံမဏိအုပ်စု (European Coal and Steel Community)၊ ဥရောပအနုမြူအင်အားအဖွဲ့ (European Atomic Energy Association)၊ အနောက်ဂျာမဏီ၊ ပြင်သစ်၊ အီတလီ၊ ဘယ်လ်ဂျီယံ၊ ဟော်လန်နှင့်လူဇင်းဘတ်တို့ စတင်ပါဝင်သော ဥရောပစီးပွားရေးအုပ်စု ( European Economic Community) သို့မဟုတ် "ဘုံဈေး" (Common Market) နှင့် ဗြိတိန်ခေါင်းဆောင်သော အခြားအနောက် ဥရောပနိုင်ငံအချို့ ပါဝင်သော ဥရောပ လွတ်လပ်စွာ ရောင်းဝယ်ရေးအဖွဲ့ (European Free Trade Association) တို့ ပေါ်လာပေသည်။

"အရင်းရှင်ပူးပေါင်းရေး" (capitalist integration) သည် "ပုဂ္ဂလိက လက်ဝါးကြီးအုပ် နိုင်ငံတကာ့ကာတယ်လ်များ" ၏ ဖြစ်ရိုးဖြစ်စဉ်နှင့် ခြားနားပေသည်။ ၎င်းသည်အစိုးရများအကြား သဘောတူညီချက်၏ အကျိုးဆက်ဖြစ်ပေသည်။ အစိုးရများက အင်အားအကြီးမားဆုံး လက်ဝါးကြီးအုပ်အဖွဲ့များ၏ အကျိုးစီးပွားနှင့် ရည်ရွယ်ချက်များကို အားပေးထောက်ခံပေသည်။ အနောက်ဥရောပရှိ ဘဏ္ဍာအရင်းရှင်ကြီးများ၏ စီးပွားရေးနှင့်နိုင်ငံရေး ရည်မှန်းတွက်ဆမှုများသည် "ပူးပေါင်းရေး" ပေါ်လစီတွင် ထင်ဟပ်ပြလျက်ရှိသည်။ တိုင်းပြည်အသီးသီး၏ဈေးကွက်များကို "ဘုံဈေး" အဖြစ် ပူးပေါင်းလိုက်ခြင်းနှင့် အကောက်ခွန် အတားအဆီးများကို ဖျက်သိမ်းလိုက်ခြင်း သို့မဟုတ် လျော့နည်းသွားစေခြင်းဖြင့် အတိုင်းအတာကြီးမားသော လက်ဝါးကြီးအုပ် အဖွဲ့များသည် မိမိတို့၏ကြီးစိုးမှု နယ်နိမိတ်ကို တိုးချဲ့ကြသည်။ ဈေးကွက်များနှင့် အရင်းမြှုပ်နှံရာ နယ်ပယ်ကို ကျယ်ပြန့်လာစေသည်။ လက်ဝါးကြီးအုပ်သွေးစုပ်မှု ဒေသကို တိုးချဲ့လိုက်ပြီး အလုပ်သမားလူတန်းစား၏ တောင်းဆိုချက်များကို ပူးပေါင်းတွန်းလှန်ကြပေသည်။ "ဘုံဈေး" ဆိုသည်မှာ "ထရပ်စ်များ ဖြင့်ပြီးသော ဥရောပ" ဖြစ်ပေသည်။ အကြီးမားဆုံး လက်ဝါးကြီးအုပ်အဖွဲ့များအကြား ဈေးကွက်ခွဲဝေသည့် မျက်မှောက်ကာလ သဏ္ဍာန် ဖြစ်ပေသည်။

နိုင်ငံတကာ့ နိုင်ငံတော်လက်ဝါးကြီးအုပ်အဖွဲ့များသည် ဆိုရှယ်လစ် နိုင်ငံများကို ဦးတည်ဆန့်ကျင်ရန် ရည်ရွယ်ထားသော ခြိမ်းခြောက်တိုက်ခိုက်ရေး အုပ်စုများ၏ စီးပွားရေးအခြေခံ ဖြစ်ပေသည်။ အလုပ်သမားလူတန်းစားနှင့် ဒီမိုကရေစီ လှုပ်ရှားမှုကို နှိမ်နင်းရန်နှင့် ကိုလိုနီဝါဒသစ်ပေါ်လစီကို အကောင်အထည်ဖော်ရန် ဖွဲ့တည်ထားသော နယ်ချဲ့မဟာမိတ်အဖွဲ့ ဖြစ်ပေသည်။ အရင်းရှင် "ပူးပေါင်းရေး" ကို သွေးထိုးလှုံ့ဆော်သူကား အမေရိကန်နယ်ချဲ့သမား ဖြစ်ပေသည်။ သူက အနောက်နိုင်ငံများရှိ ဖောက်ပြန်ရေး အင်အားစုမှန်သမျှကို စုစည်းခိုင်မာစေရန် ရည်ရွယ်ပေသည်။ "ပူးပေါင်းထားသော" ဥရောပကို ၎င်း၏ကျူးကျော်ရေးပေါ်လစီအရ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထား ပေသည်။ ဤနည်းဖြင့် အရင်းရှင်လောကတွင် ၎င်း၏ခေါင်းဆောင်မှု အဆင့်နေရာကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပေသည်။

လက်ဝါးကြီးအုပ် အရင်းရှင်စနစ်မှ နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင်စနစ် အဖြစ်သို့ ဖြစ်ပေါ်တိုးပွားမှုသည် တဆင့်မြင့်သော လူမှုစီးပွားရေးစနစ်တရပ် ဖြစ်ပေါ်လာစေရန်အတွက် ပြီးပြည့်စုံသော ရုပ်ပိုင်းဆိုင်ရာ အကြောင်းအချက်များကို ဖန်တီးလိုက်ခြင်း ဖြစ်ပေသည်။

လီနင်က ဤသို့ရေးခဲ့သည်။ ***"နိုင်ငံတော် လက်ဝါးကြီးအုပ် အရင်းရှင်စနစ်ဟူသည် ဆိုရှယ်လစ်စနစ်အတွက် ပြီးပြည့်စုံသော ရုပ်ပိုင်းဆိုင်ရာပြင်ဆင်မှု ဖြစ်သည်။ ဆိုရှယ်လစ်စနစ်၏ အဝင်တံခါးပေါက် ဖြစ်သည်။ သမိုင်းလှေကားတွင် လှေကားထစ်တခုဖြစ်၍ ၎င်းလှေကားထစ်နှင့် ဆိုရှယ်လစ်စနစ်ဟုခေါ်သော လှေကားထစ်အကြားတွင် ကြားလှေကားထစ်များ မရှိတော့ပေ။"*** (ဗီအိုင်–လီနင် လက်ရွေးစဉ်ကျမ်း အတွဲ ၂၊ အပိုင်း၁၊ နှာ ၁၅၈)

**၃ ။ နယ်ချဲ့စနစ်သစ်၏ အခြေခံအုတ်မြစ် ၂ ခု။**

### (က) ကမ္ဘာ့အသွင်ဆောင်ရေး ( globalisation )

**နယ်ချဲ့စနစ်သစ်၏ အကြိုကာလ**

ဤကာလတွင်အမေရိက၊ ဂျာမဏီ၊ ဗြိတိန်၊ ဂျပန်၊ ပြင်သစ်စသော နယ်ချဲ့နိုင်ငံများတွင် ထုတ်လုပ်ရေးစုစည်းမှုသည် မကြုံစဖူး ကြီးမားခဲ့သည်။

ဥပမာ ၁၉၇၆ ခုနှစ်တွင် အကြီးဆုံး အမေရိကန် ကော်ပိုရေးရှင်း ၅၀၀ တွင် အလုပ်သမား ၁၇ သန်းနီးပါး ရှိခဲ့သည်။ အမေရိကရှိ အလုပ်သမားဦးရေ၏ ၂၀ ရာခိုင်နှုန်း ကျော်မျှ ဖြစ်ပေသည်။ ဤကော်ပိုရေးရှင်းများက ကုန်ပစ္စည်း ၆၆ ရာခိုင်နှုန်းကို ရောင်းချခဲ့သည်။

၁၉၁၆ ခုနှစ်က အရင်းရှင်ကမ္ဘာတွင် "ပြည်ထောင်စု သံမဏိကော်ပိုရေးရှင်း" ( United States Steel Corporation) ဟုခေါ်သော အမေရိကန်ကုမ္ပဏီ တခုမျှသာရှိပြီး ၎င်း၏အစုစပ်အရင်းသည် ဒေါ်လာ ၁ ဘီလျံကျော်မျှသာ ရှိသည်။ ၁၉၇၆ ခုနှစ်တွင်ကား ဘီလျံနှင့်ချီပြီး အရင်းမြှုပ်နှံသော ကုမ္ပဏီပေါင်းမှာ ၃၅၀ ခန့် ဖြစ်လာပေသည်။

၁၉၇၅ ခုတွင် လက်ဝါးကြီးအုပ်လွန် မော်တော်ကားထရပ်စ် "ဂျင်နရယ် မော်တော် ကော်ပိုရေးရှင်း" ( General Motors Corporation ) တွင် အရင်းဒေါ်လာ ၂၂ ဘီလျံ ကျော်မျှရှိပြီး အလုပ်သမား ၈ သိန်းနီးပါးမျှ ရှိသည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြား နိုင်ငံများရှိ ရေနံစက်မှုလုပ်ငန်းကို လက်ဝါးကြီးအုပ်ထားသော "နယူးဂျာစီစတင်းဒတ်ရေနံ" လက်ဝါးကြီးအုပ်အဖွဲ့တွင် အလုပ်သမား ၇ သိန်းကျော် ရှိပေသည်။ မော်တော်ကား စက်မှုလုပ်ငန်းတွင် လက်ဝါးကြီးအုပ်အဖွဲ့ ၃ ခုက ဤလုပ်ငန်းခွဲရှိ ထုတ်လုပ်ရေး ၉၀ ရာခိုင်နှုန်း ကျော်ကို ချုပ်ကိုင်ထားသည်။ ကုမ္ပဏီကြီး ၄ ခုက လေကြောင်းသွားလာရေးတွင် ၆၅%၊ သံမဏိစက်မှုလုပ်ငန်း ထုတ်လုပ်ရေးတွင် ၄၇% ကို ချုပ်ကိုင်ထားပေသည်။

အခြားနယ်ချဲ့နိုင်ငံများတွင်လည်း ဤနည်းနှင်နှင်ပင် ဖြစ်သည်။ ဂျာမန် ပြည်ထောင်စုသမ္မတနိုင်ငံတွင် လုပ်ခင်းစုစုပေါင်း၏ ၁၃% က ထုတ်လုပ်ရေး၏ ၅၀% ခန့်နှင့် တိုင်းပြည်ရှိလုပ်အား၏ ၄၀% ကို စုစည်း

ချုပ်ကိုင်ထားသည်။ ဗြိတိန်တွင် လက်ဝါးကြီးအုပ် အဖွဲ့ ၅၀ က အရာရာကို ကြီးစိုးထားသည်။ ဗြိတိသျှ သံမဏိကော်ပိုရေးရှင်း (British Steel Corporation) က တိုင်းပြည်၏ သံမဏိထုတ်လုပ်ရေး ၉၀% ကျော်ကို ချုပ်ကိုင်ထားပေသည်။ ပြင်သစ်တွင် ကုမ္ပဏီကြီး ၂ ခု ကသံမဏိထုတ်လုပ်ရေး ၃/၄ ကို စုစည်းချုပ်ကိုင်ထားသည်။ လက်ဝါးကြီးအုပ်အဖွဲ့ ၄ ခုက မော်တော်ကားထုတ်လုပ်ရေး တခုလုံးကို ပိုင်ဆိုင်ပြီး အခြားအဖွဲ့ ၄ ခုက ရေနံအထွက်ပစ္စည်း ထုတ်လုပ်ရေးတခုလုံးကို ချုပ်ကိုင်ထားပေသည်။ ဂျပန်တွင် သံ သတ္တုကုမ္ပဏီကြီး ၄ ခုက သံစိမ်းအားလုံးနှင့် သံမဏိ ၃/၄ ကျော်ကို ထုတ်လုပ်ပြီး၊ ကုမ္ပဏီ ၈ ခုက သံမဟုတ်သော သတ္တုလုပ်ငန်းတွင် လုပ်ကိုင်ခဲ့သည်။

ဤတိုင်းပြည်များရှိ အသေးစားနှင့် အလတ်စားလုပ်ခင်းများသည် လက်ဝါးကြီးအုပ်အဖွဲ့များအပေါ်တွင် တိုက်ရိုက်မှီခိုနေရသည်။ သူတို့သည် လက်ဝါးကြီးအုပ်အဖွဲ့များထံမှ အော်ဒါများရပြီး လုပ်ငန်းလုပ်ကိုင်ကြသည်။ ချေးငွေများ၊ ကုန်ကြမ်းများနှင့် အတတ်ပညာများကိုလည်း ရရှိခဲ့ကြသည်။ လက်တွေ့အားဖြင့် လက်ဝါးကြီးအုပ် အဖွဲ့များ၏ နောက်မြီးဆွဲများ ဖြစ်လာပေသည်။

အထက်တွင်ဆိုခဲ့သော နယ်ချဲ့နိုင်ငံများတွင် နိုင်ငံတော်လက်ဝါးကြီးအုပ် အရင်းရှင် အစိတ်အပိုင်းသည် စုစုပေါင်း ထုတ်လုပ်ရေး၏ ၂၀% မှ ၃၀% ခန့်ရှိပေသည်။

ထုတ်လုပ်ရေးနှင့် အရင်းစုစည်းမှုသည် အလွန်ကြီးမားသော အတိုင်း အတာသို့ ရောက်ရှိနေသည့် အခြေအနေတွင် လုပ်သားပြည်သူများကို သွေးစုပ်ရန်အတွက် အခြားသဏ္ဌာန်များလည်း ပေါ်လာပေသည်။ ဤသည်ကား အမျိုးသားပေါင်းစုံ ကုမ္ပဏီများ (multinational companies) များ ဖြစ်ပေသည်။ ဤကုမ္ပဏီများနှင့် နိုင်ငံတော်အကြား အလွန်နီးကပ်သောဆက်သွယ်မှုများရှိပြီး အပြန်အလှန်မှီခိုနေကြသည်။ ပြည်တွင်းနှင့် နိုင်ငံတကာ့အတိုင်းအတာအရ သွေးစုပ်ခြယ်လှယ်ရာတွင် နိုင်ငံတော်အစိုးရသည် ဤကုမ္ပဏီများ၏ အသုံးတော်ခံကိရိယာများဖြစ်ပေသည်။ ဤကုမ္ပဏီတခုချင်းပင်လျှင် စီးပွားရေးအင်အားတွင် ကြီးမားလှသည်။ ဥပမာဆိုရလျှင် အမေရိကရှိ အင်အားကြီး အမ်အင်စီတခုဖြစ်သော "ဂျင်နရယ်မော်တော်ကော်ပိုရေးရှင်း" ၏ ထုတ်လုပ်ရေးသည် ဟော်လန်၊ ဘယ်လ်ဂျီယံနှင့် ဆွစ်ဇာလန်တို့၏ စုစုပေါင်း စက်မှုလုပ်ငန်း ထုတ်လုပ်ရေးထက် သာလွန်ပေသည်။ အချုပ်ဆိုရသော် ဤကုမ္ပဏီများသည် နယ်ချဲ့စနစ်၏ တွန်းအားများ ဖြစ်ပေသည်။ ၎င်းအားတိုးချဲ့သည့် အဓိကသဏ္ဌာန်တရပ် ဖြစ်သည်။ ကိုလိုနီစနစ်သစ်၏ ဒေါက်တိုင်များဖြစ်ပြီး ဤကုမ္ပဏီများ ကျက်စားရာ တိုင်းပြည်များ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်ရေးကို အန္တရာယ်ပြုနေပေသည်။

ဘဏ္ဍာအရင်း၏စုစည်းမှုနှင့် ဗဟိုချုပ်ကိုင်မှုရေချိန်သည် အလွန်မြင့်မားပြီး ဘဏ္ဍာအရင်းအုပ်စုများက နယ်ချဲ့နိုင်ငံများကို စိုးမိုးထားပေသည်။ အမေရိကတွင် ရော့ခ်ဖဲလား၊ မော်ဂင်၊ ဂျူးပွန့်၊ မဲလွန်၊ ဖို့ဒ်၊ ချီကာဂို၊ တက်ဆပ်စ်၊ ကာလီဖိုးနီးယားနှင့် အခြားအုပ်စုများကလည်းကောင်း၊ ဗြိတိန်တွင် ရော့သ်ချိုင်း၊ ဘဲရင်း၊ ဆယ်မြူရယ် အုပ်စုများကလည်းကောင်း၊ ဂျာမဏီတွင် ကရုပ်၊ ဆီးမင်း၊ မင်နက်စ်မင်း၊ သိုင်ဆင်၊ ဂါလင် စသည့်အုပ်စုများကလည်းကောင်း၊ အီတလီတွင် ဖီးယက်၊ အယ်လ်ဖာ– ရိုမီယို၊ မွန်တယ်ဒီဆင်၊ အော်လီဗယ်တီစသည့် အုပ်စုများကလည်းကောင်း၊ ပြင်သစ်တွင် အိမ်ထောင်စုကြီးများကလည်းကောင်း အသီးသီးချုပ်ကိုင်ထားပေသည်။

နယ်ချဲ့စနစ်၏ စီးပွားရေး အင်္ဂါရပ်တခုဖြစ်သော အရင်းတင်ပို့မှုသည် တဆင့်တိုးဖြစ်ပေါ်တိုးပွားခဲ့သည်။ အကြီးမားဆုံး အရင်းတင်ပို့သည့် နိုင်ငံများကား အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ ဖက်ဒရယ်ဂျာမန်သမ္မတနိုင်ငံ၊ ဗြိတိန်၊ ပြင်သစ်တို့ ဖြစ်ပေသည်။ ယင်းနိုင်ငံများအနက် အမေရိကန် ပြည်ထောင်စုသည် အင်အားလွန်နိုင်ငံ ဖြစ်သဖြင့် ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက် ၎င်း၏တိုက်ရိုက်အရင်း မြှုပ်နှံမှုသည် ဖွံ့ဖြိုးပြီးအရင်းရှင်နိုင်ငံကြီးများ အပါအဝင် ကမ္ဘာအရပ်ရပ်သို့ ပျံ့နှံ့ပြီး အရင်းမြှုပ်နှံသည့် အရှိန်သည် လျင်မြန်လှပေသည်။ ၁၉၄၆ ခုနှစ်တွင် ၇.၂ ဘီလျံ ဒေါ်လာရှိရာမှ ၁၉၅၀ ခုတွင် ၁၁ .၂ ဘီလျံ ဒေါ်လာ ဖြစ်လာသည်။ ၁၉၆၄ ခုနှစ်တွင် ၄၄ . ၃ ဘီလျံသို့ ရောက်ရှိပြီး ၁၉၇၇ ခုတွင် ဘီလျံဒေါ်လာ ၆၀ ကျော် ဖြစ်ခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်ပြီးသည့်နောက် ကမ္ဘာတွင် အင်အားအချိုးအစား အရင်းခံမှ ပြောင်းလဲလာသည်တွင် နယ်ချဲ့နိုင်ငံများသည် ကိုလိုနီစနစ်ဟောင်းအစား ကိုလိုနီ စနစ်သစ်ကို ကျင့်သုံးလာပေသည်။ အကြီးမားဆုံး ကိုလိုနီစနစ်သစ် ကျင့်သုံးသည့်နိုင်ငံမှာ အမေရိကန်ပြည်ထောင်စု ဖြစ်ပေသည်။ ၁၉၇၃ – ၁၉၇၅ ခုအတွင်း အမေရိက က ယခင်ကိုလိုနီ၊ ကိုလိုနီတပိုင်းနှင့် မှီခိုနေရသောတိုင်းပြည်များတွင် မြှုပ်နှံသော အစိုးရနှင့် ပုဂ္ဂလိကအရင်းသည် ၎င်းဒေသများတွင် မြှုပ်နှံသော အရင်းစုစုပေါင်း၏ ၃၆% ခန့် ရှိပေသည်။

၁၉၇၀ ခုနှစ်အလယ်ကာလသည် နယ်ချဲ့စနစ် အဆင့်သစ်တခုသို့စတင် ကူးပြောင်းနေသည့်ကာလ ဖြစ်ပေသည်။ ၁၉၅၀ – ၇၀ ခုနှစ်ကာလတွင် ပေါ်ပေါက်လာသည့် သတင်းနည်းပညာ တော်လှန်ရေးသည် ကူးပြောင်းမှုကို လျင်မြန်စေလေသည်။

**စီးပွားရေးကမ္ဘာ့အသွင်ဆောင်ရေး**
**( Economic Globalization)**

ကမ္ဘာ့အသွင်ဆောင်ရေး ( Globalization ) နှင့် သတင်းနည်းပညာတော်လှန်ရေး ( Information Technological Revolution) သည် အမေရိကန်ဦးဆောင်သော နယ်ချဲ့စနစ်သစ်၏ အခြေခံအုတ်မြစ် ၂ ခု ဖြစ်ပေသည်။

ဤတွင်နယ်ချဲ့စနစ်ဟောင်း ပြိုကွဲသွားပြီး လူမှုစီးပွားရေးစနစ်သစ် ပေါ်လာခြင်းမဟုတ်။ စီးပွားရေးကမ္ဘာ့အသွင်ဆောင်ရေးနှင့် တတိယအကြိမ် အတတ်ပညာ တော်လှန်ရေးဖြစ်သော သတင်းနည်းပညာတော်လှန်ရေး အခြေခံပေါ်တွင် နယ်ချဲ့စနစ်သစ်သည် မျက်မှောက်ခေတ် အရင်းရှင်စနစ်၏ အဆင့်သစ်အဖြစ်ဖြင့် အရှိန်အဟုန် လျင်မြန်စွာ ဖြစ်ပေါ်တိုးပွားလာခြင်း ဖြစ်ပေသည်။ နယ်ချဲ့စနစ်၏ အနှစ်သာရနှင့် အခြေခံ အင်္ဂါရပ်များ မပြောင်းလဲသည်သာမက ဆက်လက်၍ ဘက်ပေါင်းစုံမှ မြင့်မားစွာ တိုးတက်ဖြစ်ထွန်းလာခြင်း ဖြစ်ပေသည်။ အခိုင်အမာအခြေအနေပြောင်းလဲလာသည်နှင့်အမျှ ဖြစ်ပေါ်တိုးပွားမှုတရားနှင့် လျော်ညီစွာ နည်းနာသဏ္ဌာန်များ ပြောင်းလဲလာခြင်း ဖြစ်ပေသည်။

လွန်ခဲ့သည့်ဆယ်စုနှစ် (၁၉၉၀ – ၂၀၀၀) တွင် "စီးပွားရေး ကမ္ဘာ့အသွင်ဆောင်ရေး" လှိုင်းလုံးတခုသည် တားဆီး၍မရသည့် အရှိန်အဟုန်ဖြင့် တကမ္ဘာလုံးကို လွှမ်းခြုံသွား

သည်။ "ကမ္ဘာ့အသွင်ဆောင်ရေး" သည် မျက်မှောက်ကမ္ဘာ့စီးပွားရေးတွင် အဓိက အင်္ဂါရပ် ဖြစ်လာပေသည်။

"ကမ္ဘာ့အသွင်ဆောင်ရေး" ဦး တည်ချက်သည် အနာဂတ် ကမ္ဘာ့စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုစသည်တို့ ဖြစ်ပေါ်တိုးပွား ရာတွင် နက်ရှိုင်းစွာသြဇာသက်ပေလိမ့်မည်။

မာ့က်စ်ဝါဒ အမြင်အရဆိုသော် အရင်းရှင်စနစ်သည် စတင်ပေါ်ပေါက်လာ ကတည်းက ထုတ်လုပ်ရေးကို နိုင်ငံတကာ့ ထုတ်လုပ်ရေးအဖြစ်သို့လည်းကောင်း၊ ဈေးကွက်ကို နိုင်ငံတကာ့ဈေးကွက် အဖြစ်သို့လည်းကောင်း ပြောင်းလဲစေရန် တွန်း ဆော်ပေးလေသည်။

မာ့က်စ်က " ကွန်မြူနစ်ပါတီကြေ ညာစာတမ်း " တွင် ဤသို့ တင်ပြခဲ့သည်။

" ခေတ်မီ စက်မှုလုပ်ငန်းသည် ကမ္ဘာ့ဈေးကွက်ကို ထူထောင်ခဲ့လေပြီ။ ယင်း အတွက် အမေရိကကို ရှာဖွေတွေ့ရှိမှုက လမ်းခင်းပေးခဲ့သည်။ ဤဈေးကွက်က ကုန် သွယ်ရေးကိုလည်းကောင်း၊ ရေကြောင်းသွား လာရေးကိုလည်းကောင်း၊ ကုန်းကြောင်း ဆက်သွယ်ရေးကိုလည်းကောင်း ကြီးမားစွာ ဖြစ်ပေါ်တိုးပွားစေခဲ့သည်။ ဤဖြစ်ပေါ် တိုးပွား မှုကတဖန် စက်မှုလုပ်ငန်းတိုးချဲ့မှုကို ပြန်လည် သြဇာသက်ခဲ့သည်။ စက်မှုလုပ်ငန်း၊ ကုန်သွယ် ရေးလုပ်ငန်း၊ ရေကြောင်းသွားလာရေးနှင့် မီးရထားများကို တိုးချဲ့လာသည်နှင့်အမျှ အရင်းရှင်လူတန်းစားသည် ဖြစ်ပေါ်တိုးပွား လာသည်။ ၎င်း၏အရင်း တိုးများလာသည်။ အလယ်ခေတ်ဆီက ဆင်းသက်လာသော လူတန်းစား မှန်သမျှကို နောက်တန်းသို့ တွန်းပို့ခဲ့လေသည်။ " (မာ့က်စ်–အိန်ဂယ် လက်ရွေးစဉ်ကျမ်း အတွဲ (၁) နှာ ၃၅ )

ခေတ်မီစက်မှုလုပ်ငန်းနှင့် ကမ္ဘာ့ ဈေးကွက်ကို ထူထောင်ပြီးနောက် အရင်းရှင် လူတန်းစားသည် နိုင်ငံရေးအာဏာကို သိမ်းပိုက်နိုင်ခဲ့ပေသည်။

" ထုတ်လုပ်ရေးကို အဆက်မပြတ် တော်လှန်ရေးဆန်အောင်လုပ်ခြင်း၊ လူ့အဖွဲ့ အစည်း အကြောင်းအချက် မှန်သမျှကို မရပ် မနား မငြိမ်မသက် ဖြစ်စေခြင်း၊ ထာဝရ အားဖြင့် မသေချာမရေရာမှုနှင့် လှုံ့ဆော်မှုတို့ ကား ယခင်ခေတ်ကာလများနှင့် အရင်းရှင် ခေတ်ကာလကို မတူခြားနား ထူးခြားစေ လေသည်။

________ ၎င်း၏ အထွက်ပစ္စည်းများအတွက် အဆက်မပြတ် ဈေးကွက်တိုးချဲ့ရန် လိုအပ်မှုက အရင်းရှင်လူတန်းစားအား ကမ္ဘာ့မြေပြင် တဝှမ်းလုံးသို့ အပြေးအလွှား ရောက်ရှိစေလေ သည်။ နေရာတကာတိုင်းတွင် အသိုက်ချစေ သည်။ နေရာတကာတိုင်းတွင် အခြေချစေ သည်။ နေရာတကာတိုင်းတွင် အဆက် အသွယ်များကို ဖြန့်ကြက်စေသည်။

ကမ္ဘာ့ဈေးကွက်ကို အသုံးချခြင်း အားဖြင့် အရင်းရှင်လူတန်းစားသည် နိုင်ငံတိုင်း ရှိ ထုတ်လုပ်ရေးနှင့် စားသုံးရေးကို ကမ္ဘာ့ လက္ခဏာ ဆောင်စေလေသည်။ ...... အမျိုးသားစက်မှုလုပ်ငန်းအဟောင်း မှန်သမျှ ဖျက်ဆီးခြင်း ခံခဲ့ရသည်။ ( ဝါ ) နေ့စဉ်နှင့်အမျှ ဖျက်ဆီးခြင်း ခံနေရသည်။ စက်မှုလုပ်ငန်း အသစ်များ၏ ဖယ်ထုတ်ခြင်းကို ခံကြရသည်။ ...... ယင်းစက်မှုလုပ်ငန်းများကား ပြည်တွင်းရှိ ကုန်ကြမ်းများကို အချောကိုင်တော့သည် မဟုတ်။ ဝေးလံသောဒေသများမှ ကုန်ကြမ်း များကို အသုံးချခြင်း ဖြစ်သည်။ ယင်းစက်မှု လုပ်ငန်းများ၏ အထွက်ပစ္စည်းများကို ပြည်တွင်းမှာသာမက ကမ္ဘာ့နေရာတကာ တိုင်းတွင် စားသုံးကြသည်။ ပြည်တွင်းထွက် ပစ္စည်းများနှင့် ရောင့်ရဲ တင်းတိမ်နိုင်တော့သည် မဟုတ်။ နိုင်ငံရပ်ခြားမှ အထွက်ပစ္စည်းများဖြင့် လိုအပ်မှုအသစ်ကို ဖြည့်တင်းကြတော့သည်။ ဒေသဟောင်းနှင့် အမျိုးသားသီးခြား ကင်းကွာ မှု မိမိဘာသာ လုံလောက်နေမှုဆိုသည့် အစား အရပ်ရှစ်မျက်နှာစလုံး အပြန်အလှန် ဆက် သွယ်လာကြသည်။ ကမ္ဘာနှင့်အဝှမ်း အမျိုး သားများ အပြန်အလှန် မှီခိုလာကြသည်။ ရုပ်ဝတ္ထုအရသာမက အသိပညာထုတ်လုပ် ရေး အရလည်း ဤနည်းနှင်နှင် ဖြစ်လာသည်။ အမျိုးသားတခုခြင်း၏ အသိပညာဖန်တီးမှု များသည် ဘုံပစ္စည်း ဖြစ်လာပေသည်။ အမျိုးသားအရ တဖက်သတ်ကျမှုနှင့် ကျဉ်း မြောင်းမှုများကား ကြာလေကြာလေ အခြေ အနေနှင့် ကိုက်ညီခြင်း မဖြစ်တော့။ အမျိုးသား ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာပေအမြောက် အများအတွင်းမှ ကမ္ဘာ့စာပေတရပ်သည် ပေါ်ထွန်း လာပေသည်။

ထုတ်လုပ်ရေးကိရိယာအားလုံး လျင်မြန်စွာ တိုးတက်ကောင်းမွန်စေခြင်းဖြင့် လည်းကောင်း၊ ဆက်သွယ်ရေးနည်းနာများ အင်တိုက်အားတိုက် လွယ်ကူချောမော လာ စေခြင်းဖြင့်လည်းကောင်း အရင်းရှင်လူတန်း စားသည် အမျိုးသားအားလုံး အရိုင်းစိုင်းဆုံး အမျိုးသားများကိုပင်မကျန် ယဉ်ကျေးမှု နယ်ပယ်အတွင်း ဆွဲသွင်းခဲ့ပေသည်။ " (မာ့က်စ် – အိန်ဂယ် လက်ရွေးစဉ်ကျမ်း အတွဲ (၁ ) နှာ၃၇ – ၃၈)

အရင်းရှင်စနစ်ပေါ်ပေါက်လာပြီး သည့်နောက် စီးပွားရေးကမ္ဘာ့အသွင်ဆောင် ရေး ( **economic globalization** ) အပါ အဝင် ကမ္ဘာ့အသွင်ဆောင်ရေး တခုလုံး ( **globalization** ) မည်သို့မည်ပုံ ပေါ်ပေါက် လာသည်ကို ယခုခေတ် အခေါ်အဝေါ်အသုံး အနှုန်းနှင့် မဟုတ်စေကာမူ မာ့က်စ်သည် အလွန်ရှင်းလင်း နက်ရှိုင်းစွာ သုံးသပ်ခဲ့ပြီး ဖြစ်ပေသည်။

လီနင်က အရင်းရှင်စနစ်၏ အမြင့် ဆုံးအဆင့်၊ နယ်ချဲ့စနစ်ကို ဘက်ပေါင်းစုံမှ ခွဲခြမ်း စိတ်ဖြာပြီး မာ့က်စ်၏သုံးသပ်ချက်ကို ဖြစ်ပေါ် တိုးပွားခဲ့ပေသည်။ အမျိုးသားပြဿနာတွင် တည်ရှိနေသော သမိုင်းဆိုင်ရာ တိမ်းညွှတ်မှု များကို ဤသို့ရှင်းပြခဲ့သည်။

" ဖြစ်ပေါ်တိုးပွားနေသော အရင်း ရှင် စနစ်တွင် အမျိုးသားဆိုင်ရာ ပြဿနာ၌ သမိုင်းဆိုင်ရာ တိမ်းညွှတ်မှုနှစ်ခု ရှိသည်။ ပထမ တိမ်းညွှတ်မှုကား အမျိုးသားဆိုင်ရာ ဘဝနှင့် အမျိုးသားလှုပ်ရှားမှုများ နိုးကြားထကြွ လာခြင်း ဖြစ်သည်။ အမျိုးသား ဖိနှိပ်မှု မှန်သမျှကို ဆန့်ကျင်တိုက်ဖျက်ပြီး အမျိုးသား နိုင်ငံတော်များကို ထူထောင်ခြင်း ဖြစ်သည်။

ဒုတိယတိမ်းညွှတ်မှုကား သဏ္ဍာန် အမျိုးမျိုးဖြင့် နိုင်ငံတကာ့ အပြန်အလှန် ဆက် သွယ်မှု ဖြစ်ပေါ်တိုးပွားလာပြီး တိုးတက် များပြားလာခြင်း၊ အမျိုးသားအရ ကန့်သတ် ချုပ်နှောင်မှုများ ပြိုကွဲသွားခြင်း၊ အရင်း နိုင်ငံ တကာ့ အတိုင်းအတာအရ တညီတညွတ် တည်း စုစည်းလာခြင်း၊ ယေဘုယျအားဖြင့် စီးပွားရေးဘဝ၊ နိုင်ငံရေး၊ သိပ္ပံပညာ အစ ရှိသည်တို့တွင်လည်း နိုင်ငံတကာ့ အတိုင်း အတာအရ တညီတညွတ်တည်း စုစည်း လာခြင်း ဖြစ်ပေသည်။ " ( လီနင် စုပေါင်းကျမ်း အတွဲ (၂၀ ) နှာ ၂၇ )

ဤသမိုင်းဆိုင်ရာ တိမ်းညွှတ်မှု နှစ်ခုစလုံးသည် အရင်းရှင်စနစ်၏ ပကတိ ဘာဝတရားများကို ကိုယ်စားပြုပြီး ဖော်ပြနေ

ပေသည်။ ပထမတိမ်းညွတ်မှုသည် ယေဘုယျ သဘောအရလည်းကောင်း၊ တိုင်းပြည် တခုခြင်းတွင်လည်းကောင်း အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွားမှု အစောပိုင်းအဆင့်များ၌ လွှမ်းမိုးသည့်အခန်းမှ ပါဝင်ပေသည်။ ဒုတိယ တိမ်းညွတ်မှုကား အရင်းရှင်စနစ် ရင့်မှည့် လာသောအဆင့် ( ဝါ ) နယ်ချဲ့စနစ် အဆင့် တွင် ပေါ်လွင်ထင်ရှားစွာ ဖော်ပြပေသည်။

သို့ဖြစ်၍ စီးပွားရေးကမ္ဘာ့ အသွင်ဆောင်မှု (economic globalization) သည်လည်းကောင်း၊ ကမ္ဘာ့အသွင် ဆောင်မှု ( globalization ) တခုလုံးသည် လည်းကောင်း အရင်းရှင်စနစ် ဖြစ်ပေါ်တိုးပွား မှုတွင် ဒုတိယသမိုင်းဆိုင်ရာ တိမ်းညွတ်မှု သင်္ကေတန်များ ဖြစ်ပေသည်။

လက်တွေ့အရကြည့်လျှင် "စီးပွား ရေး ကမ္ဘာ့အသွင်ဆောင်ရေး" ဆိုသည်မှာ ဖြစ်စဉ်တခုဖြစ်ပြီး ဤဖြစ်စဉ်မှတဆင့် ဈေးကွက်နှင့် ထုတ်လုပ်ရေးတွင် တိုင်းပြည်များ အကြား အပြန်အလှန် မှီခိုမှုမှာ တနေ့တခြား တိုးများလာပေသည်။ တိုင်းပြည်တပြည်၏ ဘောင်ကိုကျော်၍ အလုပ်၊ အရင်း၊ ကုန်စည်၊ ဝန်ဆောင်မှု၊ အတတ်ပညာနှင့် သတင်း ဖြန့်ချိရေး လည်ပတ်မှုကို တွန်းဆော်ပေး လေသည်။ ထုတ်လုပ်ရာတွင်လိုအပ်သော အစိတ်အပိုင်း အသီးသီးနှင့် ကုန်ကြမ်း ပစ္စည်းများအား အကျိုးသက်ရောက်မှုရှိပြီး အကောင်းဆုံးအသုံးချနိုင်ရန် အထောက် အကူပြုပေသည်။ ကမ္ဘာ့အထွက်နှုန်း တိုးပွား ရေးနှင့် စီးပွားရေးအဆောက်အအုံ ထိန်းညှိ ရေးကို ကြီးမားစွာသြဇာသက်စေသဖြင့် စီးပွားရေး ကမ္ဘာ့အသွင်ဆောင်ရေးသည် တိုင်းပြည်များအကြား စီးပွားရေးအရ ပိုမိုကြီးမားစွာ အပြန်အလှန်အမှီသဟဲပြုမှုကို ဖြစ်ပေါ်စေလေသည်။

"စီးပွားရေး ကမ္ဘာ့အသွင်ဆောင် ရေး" သည် ထုတ်လုပ်ရေးနည်းနာနှင့် တိုးတက်မှုနည်းနာများ ဖြစ်ပေါ်တိုးပွား ပြောင်းလဲမှုမှ မရှောင်မလွှဲသာ ပေါ်လာသည့် အကျိုးဆက် ဖြစ်ပေသည်။ စီးပွားရေး ကမ္ဘာ့ အသွင်ဆောင်ရေး လျင်မြန်စွာ ဖြစ်ပေါ်တိုးပွား ရာတွင် အခိုင်အမာအကြောင်းအချက်များ ရှိပေသည်။ စစ်အေးပြီးဆုံးသွားသည့် နောက်ပိုင်းတွင် စီးပွားရေး ဖြစ်ပေါ်တိုးပွား လာမှုက ဈေးကွက်တိုးချဲ့လာစေသည်။ အထွက်နှုန်း မြင့်တက်လာစေသည်။ နိုင်ငံ တကာ့ အလုပ်ခွဲဝေမှုကို အထောက်အကူ ဖြစ်စေပြီး ကုန်ကြမ်းပစ္စည်းများ၊ အထွက် ပစ္စည်းများနှင့် အရင်းများကို လျင်မြန်စွာနှင့် အတိုင်းအတာကြီးမားစွာ လည်ပတ်လာစေ သည်။ တချိန်တည်းတွင် ခေတ်မီအတတ် ပညာနည်းနာများအား ရှာဖွေတွေ့ရှိချက် များက အလုပ်ခွဲဝေမှုကို မြှင့်တင်ပေးပြီး ထုတ်လုပ်ရေးအစိတ်အပိုင်းများ လည်ပတ်မှုကို ချောမောပြေပြစ်စေပေသည်။ နိုင်ငံတကာ့ လက်ဝါးကြီးအုပ်အဖွဲ့များဖြစ်သော "အမျိုး သားလွန်ကုမ္ပဏီများ" (Transnational Companies) နှင့် နိုင်ငံတကာ့ စီးပွားရေး အဖွဲ့အစည်းများက လုပ်ငန်းဘက်အသီးသီးကို ချုပ်ကိုင်ထားပေသည်။

နှစ်ဘက်ချွန်ဓားသဖွယ်ဖြစ်သော "စီးပွားရေးကမ္ဘာ့အသွင်ဆောင်ရေး" သည် ကမ္ဘာ့စီးပွားရေးတွင် ကောင်းကျိုးဆိုးကျိုး နှစ်ဘက်စလုံးကို ဆောင်ကြဉ်းလာသည်။ တဖက်တွင် လွန်ခဲ့သည့်နှစ်အချို့အတွင်း ကမ္ဘာ့စီးပွားရေးသည် တည်တည်ငြိမ်ငြိမ် တိုးတက်ခဲ့သည်။ သွင်းကုန် သို့မဟုတ် ပို့ကုန် အခွန်အကောက်အတားအဆီးများနှင့် အခြား အတားအဆီးများ လျော့နည်းသွားခြင်း ကြောင့် ကမ္ဘာ့ကုန်သွယ်ရေးသည် ကြီးမားစွာ တိုးတက်လာသည်။ နိုင်ငံတကာ့ တိုက်ရိုက် အရင်း မြှုပ်နှံမှုတိုးများလာခြင်းကြောင့် တိုင်းပြည်အသီးသီးတွင် ထုတ်လုပ်ရေး မြင့် တက်လာစေသည်။ စီးပွားရေး ကမ္ဘာ့အသွင် ဆောင်ရေး လှိုင်းလုံးနှင့်အတူ ခေတ်မီအတတ် ပညာ အထူးသဖြင့် သတင်းနည်းပညာ လျင်မြန်စွာပျံ့နှံ့လာသည်။

အခြားတဖက်တွင်ကား နယ်ချဲ့ စနစ်သစ် တည်ရှိနေသည့် အခြေအနေတွင် အရင်း၊ အတတ်ပညာနှင့် ဈေးကွက်စသည် တို့တွင် အသာစီးရထားသော ဖွံ့ဖြိုးပြီး နိုင်ငံများသည် လက်ဝါးကြီးအုပ်အမြတ်များကို ရရှိသွားပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံများကား မပြော ပလောက်သောအမြတ် အနည်းအကျဉ်း ကိုသာ ရရှိလေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံ အချို့မှာ ဖွံ့ဖြိုးပြီးနိုင်ငံများထက် များစွာနောက်ကျ ကျန်ရစ်နေပေသည်။ ပိုမိုဆိုးဝါးသည်ကား ဖွံ့ဖြိုးပြီးနိုင်ငံအချို့သည် ကမ္ဘာ့အသွင်ဆောင် မှုကို အသုံးချကာ အခြားနိုင်ငံများ၏ အချုပ် အခြာအာဏာပိုင်ဆိုင်မှုကို ချိုးဖောက်ကြ သည်။ ယဉ်ကျေးမှုနှင့် အစဉ်အလာ အမွေ အနှစ်များကို ထိပါးကြသည်။ အခြားနိုင်ငံ များ၏ စီးပွားရေးနှင့် လူ့အဖွဲ့အစည်း တည်ငြိမ် မှုကို ဖျက်ဆီးနေကြပေသည်။

မျက်မှောက်အခြေအနေ (သက္က ရာဇ် ၂၀၀၀) တွင် ကမ္ဘာပေါ်ရှိ ကော်ပို ရေးရှင်းကြီး ၅၀၀ က ကမ္ဘာ့အထွက်ပစ္စည်း စုစုပေါင်းတန်ဖိုး ၃၃ ％ နှင့် ကမ္ဘာ့ကုန် သွယ်ရေး၏ ၇၅ ％ ကို ချုပ်ကိုင်ထားသည်။

မကြာမီအချိန်တွင် ကော်ပိုရေးရှင်း ကြီး ၁၂ ခုက ကမ္ဘာ့စားနပ်ရိက္ခာ ထုတ်လုပ် ရေးလုပ်ငန်းတခုလုံးကို ချုပ်ကိုင်နိုင်လိမ့်မည်ဟု တွက်ဆကြပေသည်။

"ကမ္ဘာ့အသွင်ဆောင်ရေး" လေထု သည် မျက်မှောက်ကုန်သွယ်ရေးလောက ဘက်အသီးသီးတွင် ပျံ့နှံ့လျက်ရှိသည်။ ဘဏ်၊ လေကြောင်းသွားလာရေး ကော်ပိုရေးရှင်း၊ ငွေချေးငှားရေး ကော်ပိုရေးရှင်း၊ စတော့ ဈေးကွက်နှင့် လက်လီမိသားစု ဆိုင်ကြီးများ သည် ဖြစ်နိုင်သည့်နည်းဖြင့် ကမ္ဘာ့အသွင် ဆောင်ရေးကို ဖော်ဆောင်နေကြသည်။ ဥပမာ အမေရိကန်တွင် ဒေါ်လာသန်းပေါင်း ၇၀,၀၀၀ ထက်မနည်းသော တန်ဖိုးရှိသည့် ကော်ပိုရေး ရှင်းများ၏ ပူးပေါင်းမှုသည် လစဉ်ရှိနေပေသည်။ ၁၉၉၉ ခုနှစ် ဇူလိုင်လမှ ၂၀၀၀ ခုနှစ် ဧပြီလ အတွင်း တကြိမ်လျှင် ဒေါ်လာသန်းပေါင်း ၁၀,၀၀၀ အထက်တန်ဖိုးရှိသည့် ကော်ပိုရေး ရှင်းများ၏ ပူးပေါင်းမှုသည် လစဉ်ရှိနေပေသည်။

"အင်တာနက်" ကလည်း ဤ ဖြစ်စဉ်လျင်မြန်အောင် တွန်းဆော်ပေးနေ လေသည်။ စီးပွားရေး ကမ္ဘာ့အသွင်ဆောင်ရေး တွင် တကယ့်တွန်းအားတရပ်ကား "အင်တာ နက်အသပြာ" ပေါ်လာခြင်း ဖြစ်ပေသည်။ ကမ္ဘာ့အသပြာဈေးကွက်တွင် ယခုအချိန်၌ နေ့စဉ်ဖလှယ်သည့် အသပြာတန်ဖိုးသည် အမေရိကန်ဒေါ်လာ ဘီလျံ ၁၀၀၀ ထက် ကျော်လွန်ပေသည်။

"အင်တာနက် စီးပွားရေး" ( Internet Economy ) အတွင်းတွင် ငွေကိုင်သူ၊ ဘဏ်၊ ကော်ပိုရေးရှင်း၊ ပုဂ္ဂလိကလုပ်ခင်ရှင်နှင့် ကုန်သည်များ မည်သူမဆို ကြွက် ( mouse) ကို နှိပ်လိုက်ရုံနှင့် ကမ္ဘာ့တနေရာမှ အခြား တနေရာသို့ ငွေအထပ်လိုက် အပုံလိုက် ပြောင်းရွှေ့ရောက်ရှိလာပေသည်။ အချက် အလက်ဟူသမျှ အင်တာနက်မှတဆင့်

အလွယ်တကူ လည်ပတ်ရောက်ရှိလာသဖြင့် ယနေ့အချိန်တွင် ကမ္ဘာပေါ်တွင် မည်သည့် နေရာတွင် နေသူပင်ဖြစ်စေ အသိပညာကို အလွယ်တကူရရှိ ဖလှယ်နိုင်ပေသည်။ ဤတွင် ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုကား ပထမ အမေရိကတွင်၊ သည့်နောက် အခြား ကမ္ဘာအရပ်ရပ်တွင် စီးပွားရေးနှင့် အထွက်နှုန်း တိုးတက်မှု ပေါက်ကွဲလာခြင်း ဖြစ်ပေသည်။

"အင်တာနက်" အသုံးပြုမှုသည် လွှမ်းမိုးလာသည့် အချင်းအရာ ဖြစ်လာသည်နှင့်အမျှ ထုတ်လုပ်ရေးတွင် အစဉ်အလာ အစိတ်အပိုင်းများဖြစ်သော "အရင်း" နှင့် "ကျွမ်းကျင်သည့်လုပ်အား" သည် စီးပွားရေး အင်အားကို အဆုံးအဖြတ်ပေးသည့် အစိတ်အပိုင်းများမဟုတ်တော့ဘဲ စီးပွားရေးတွင် ငုပ်လျှိုးနေသည့် အင်အားသည် သတင်းအချက်အလက်ကို ချုပ်ကိုင်အသုံးပြုနိုင်သည့် စွမ်းရည်နှင့် ပို၍ပို၍ ဆက်စပ်လာပေသည်။

စစ်ပြီးခေတ်အများပိုင်း ကာလတွင် အမေရိကန်၏ အတတ်ပညာကို အသုံးလည်းပြု၊ မိမိ၏ဖန်တီးတီထွင်မှုများနှင့်လည်း ပေါင်းစပ်နိုင်သဖြင့် အနောက်ဥရောပနှင့် ဂျပန်သည် တဖြည်းဖြည်းအမေရိကကို မှီလာပေသည်။ ၁၉၇၀ ခုနှစ်တွင် အမေရိက၏ တဦးချင်းဝင်ငွေသည် အခြားအဓိက ဖွံ့ဖြိုးပြီး နိုင်ငံကြီးများမှာထက် ၃၁ % မြင့်ရာမှ ၁၉၉၁ ခုနှစ်တွင် ကွာခြားချက်မှာ ၁၀ % မျှသာ ရှိခဲ့ပေသည်။ အင်တာနက်ခေတ်အတွင်း ၁၉၉၉ ခုနှစ်တွင်ကား ကွာခြားချက်သည် ၂၂ % ကျော်မျှ ဖြစ်လာပြန်ပေသည်။ အင်တာနက် ပေါ်လာခြင်းကြောင့် ဘဏ်လုပ်ငန်း၊ ပညာရေး၊ ညှိနှိုင်းရေး၊ လက်လီရောင်းဝယ်ရေးစသည့် ဝန်ဆောင်လုပ်ငန်းအမျိုးမျိုး လုပ်ဆောင်ရန် များစွာ လွယ်ကူသွားပေသည်။

၁၈ ရာစုနှစ် အလယ်ပိုင်းတွင် ပေါ်ပေါက်ခဲ့သော ပထမစက်မှုတော်လှန်ရေးက ဗြိတိန်အား အဓိကစက်မှုလုပ်ငန်းနိုင်ငံကြီး အဖြစ်သို့ ရောက်ရှိစေခဲ့ပြီး ၁၉ ရာစုနှစ် နောက်ပိုင်း ၂၀ ရာစုနှစ်အစပိုင်းတွင် ပေါ်ပေါက်သည့် ဒုတိယစက်မှုတော်လှန်ရေးက အမေရိကအား အဓိကစက်မှုလုပ်ငန်းနိုင်ငံကြီးအဖြစ် ဗြိတိန်နေရာတွင် အစားထိုးခဲ့သည်။ တစိတ်တပိုင်းအကြောင်းကား အမေရိကက တီထွင်ဖန်တီးမှုအသစ်များကို ပိုမိုလျင်မြန်စွာ ဖော်ဆောင်နိုင်ခြင်းကြောင့် ဖြစ်ပေသည်။ အမေရိကသည် လက်ရှိအချိန်တွင် အင်တာနက်ကို လွှမ်းမိုးထားဆဲ ဖြစ်သည်။ ကွန်ပျူတာနှင့် တဦးချင်းဆက်သွယ်မှုတွင် တဝက်ကျော်နှင့် အင်တာနက်ကုန်သွယ်ရေးတွင် လေးပုံသုံးပုံကို ဆုပ်ကိုင်ထားပေသည်။

"အင်တာနက်" က တီထွင်ဖန်တီးမှုနှုန်းကို လျင်မြန်စေပြီး ကုန်ကျစရိတ်ကို လျော့နည်းစေသည့်အပြင် ကမ္ဘာ့ကုန်သွယ်ရေးကို တိုးပွားစေလေသည်။ "အင်တာနက်ကုန်သွယ်ရေး" ကို အသုံးပြုခြင်းကြောင့် ၁၉၉၈ ခုနှစ်တွင် ကမ္ဘာ့အတိုင်းအတာအရ ကုန်ကျစရိတ်ကို ၁၇ ဘီလျံဒေါ်လာမျှ ချွေတာနိုင်ခဲ့ပြီး ၂၀၀၂ ခုနှစ်တွင် ၁.၂၅ ထရီလီယံဒေါ်လာ ချွေတာနိုင်လိမ့်မည်ဟု တွက်ဆကြပေသည်။ ဤတွင် အမေရိကန်ကုမ္ပဏီများက အကျိုးအမြတ် တဝက်ကို ရရှိလိမ့်မည်ဟု ခန့်မှန်းကြလေသည်။

အချိန်တစုံတရာ ဖြတ်သန်းပြီးသည့်နောက် အင်တာနက်စီးပွားရေးတွင် အမေရိကက ပထမဆုံးနှင့်အများဆုံး အကျိုးအမြတ်ရရှိနေသည့် အနေအထားသည် ပြောင်းလဲသွားလိမ့်မည်ဟု တွက်ချက်ကြသည်။ အကြောင်းကား နောင် ၅ နှစ်အကြာတွင် ဥရောပတွင် အင်တာနက် တဦးချင်းဆက်သွယ်မှု အိမ်ထောင်ဦးရေသည် ၃ ဆကျော် တိုးလာပြီး အာရှပစိဖိတ်ဒေသတွင် အင်တာနက်အသုံးပြုသူဦးရေသည် လာမည့် ၂ နှစ်တွင် အနည်းဆုံးနှစ်ဆကျော် တိုးလာမည်ဟု ကြိုတင်ခန့်မှန်းနေကြ၍ ဖြစ်ပေသည်။

ဘောဂဗေဒ ပညာရှင်အချို့က "ကမ္ဘာ့အသွင်ဆောင်ရေး" သည် ကိစ္စကောင်းဖြစ်သည်။ ငါတို့ ပိုချမ်းသာလာလိမ့်မည်၊ ပျော်ရွှင်ဖွယ်ရာနေ့ရက်များကို ကြုံတွေ့ကြရလိမ့်မည်၊ ကမ္ဘာနှင့်အဝှမ်းလည်ပတ်ပြီး ချမ်းမြေ့သာယာသည့်ဘဝကို ခံစားကြရလိမ့်မည်စသဖြင့် ထင်မှတ်ကြသည်။ အခြားပညာရှင်အများအပြားကမူ သံသယရှိကြသည်။ "ကမ္ဘာ့အသွင်ဆောင်ရေး" သည် တကယ်တန်း ကိစ္စကောင်းဖြစ်သည်ဆိုပါက အဘယ့်ကြောင့် နိုင်ငံတကာ့ စီးပွားရေးသည် မကြာခဏ ကမောက်ကမဖြစ်နေရပါသနည်းဟု မေးခွန်းထုတ်ကြသည်။

ဘဏ္ဍာရေး လုပ်ငန်းရှင်ကြီးတဦးဖြစ်သူ "ဂျော့ဆောရော့စ်" ( George Soros) က သူ၏စာအုပ် "ကမ္ဘာ့အရင်းရှင်စနစ်၏ ကပ်ဆိုက်မှု" ( The Crisis of Global Capitalism ) တွင် ကမ္ဘာ့ဘဏ္ဍာရေးစနစ်သည် လုံးဝပြိုကျမည့် အနေအထားတွင်ရှိကြောင်း နိုင်ငံတကာ့ အတိုင်းအတာအရ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြုပြင်ရေးများကသာလျှင် ၎င်းကိုတားဆီးနိုင်မည်ဖြစ်ကြောင်း သတိပေးထားပေသည်။ သူက အာရှဘဏ္ဍာရေးကပ်ဆိုက်မှုကို ရည်ညွှန်း ပြောဆိုခဲ့သည်။

၁၉၉၇ ခု၊ ဇူလိုင်လတွင် ဘဏ္ဍာရေးကပ်ဆိုက်မှုသည် "ထိုင်း" တွင် စခဲ့သည်။ သည့်နောက် မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုရီးယားစသည့်နိုင်ငံများသို့ လျင်မြန်စွာ ပျံ့နှံ့သွားသည်။ အကဲဖြတ်သူတချို့က ဤသို့ဖြစ်ရခြင်းသည် ဤနိုင်ငံများက အရင်းရှင်စနစ်၏ ပုံပန်းမကျသော သို့မဟုတ် မရင့်မှည့်သောသဏ္ဍာန်ပေါ်တွင် အမှီသဟဲပြုနေခြင်းကြောင့်ဖြစ်သည်ဟု စောဒကတက်ကြသည်။ ယခင်က "အာရှစံပြ" ( Asia model ) များဟု ၎င်းတို့ကို ချီးမြှောက်ခေါ်ရာမှ ယခုသော် "မိတ်ရင်းဆွေရင်း အရင်းရှင်စနစ်" ( crony capitalism) ဟု ကင်ပွန်းတပ်ကြပြန်သည်။ ဤကပ်ဆိုက်မှုကို အာရှလက္ခဏာဆောင်သည့် ကပ်ဆိုက်မှုသက်သက်အဖြစ် သတ်မှတ်ပြောဆိုခြင်းသည် အပြည့်အဝ မှန်ကန်ခြင်း မရှိပေ။ ဤကပ်ဆိုက်မှုသည် လက်တင်အမေရိကနှင့် အရှေ့ဥရောပသို့ ပြန့်သွားခဲ့သည်။ အနောက်ဥရောပနှင့် အမေရိကန် ပြည်ထောင်စု၏ ဘဏ္ဍာရေးဈေးကွက်များနှင့် စီးပွားရေးများကိုပါ ထိခိုက်ခဲ့သည်။ ဤနည်းဖြင့် ၁၉၉၇ ခုနှစ်တွင် နိုင်ငံတကာ့ ဘဏ္ဍာရေးကပ်ဆိုက်မှုသည် အထွတ်အထိပ်သို့ ရောက်ရှိခဲ့သည်။

၁၉၉၇ ခု၊ ဇွန်လနှင့် ၁၉၉၈ ခု၊ ဩဂုတ်လအကြားတွင် "ထိုင်း" ဘတ်ငွေမှာ ၄၂ %၊ "ထိုင်း" စတော့ဈေးကွက်တွင် ၅၉% အသီးသီး ကျဆင်းခဲ့သည်။ ပြည်တွင်းသုံးငွေ တန်ဖိုးထိုးဆင်းသွားသည့်အခါ ပြည်တွင်းငွေချေးသူများ၏ ငွေအဝင်အထွက် စာရင်းရှင်းတမ်းသည် အခြေအနေဆိုးဝါးသွားပေသည်။ နိုင်ငံခြားမှ အရင်းမြှုပ်နှံသူများကလည်း ကျဆင်းနေသောဈေးကွက်များကို စွန့်ခွာသွားကြသည်။ ထိုင်း၊ ကိုရီးယားနှင့် အင်ဒိုနီးရှားတို့က နိုင်ငံတကာ့ငွေကြေးရန်ပုံငွေအဖွဲ့ ( IMF) ထံ အကူအညီတောင်းကြသည်။ သို့သော်

၎င်း၏အစီအစဉ်သည်လည်း အရာမရောက်ခဲ့ပေ။

ဤတွင် ၁၉၉၇ ခုနှစ်ကပ်ဆိုက်မှု၌ လတ်တလောအကြောင်းရင်းသည် ပြည်တွင်းတွင်သုံးစွဲသည့်ငွေကြေး၏ မတည်ငြိမ်မှုမှ အစချီသော်လည်း အဓိကအကြောင်းကား ကမ္ဘာ့ဘဏ္ဍာရေးစနစ်ပင်ကိုယ်တွင် စွဲကပ်နေသည့် ရောဂါများကြောင့် ဖြစ်ပေသည်။ အရေးကြီးသော အကြောင်းများကား –

(၁) ထုတ်လုပ်ရေး ဖြစ်စဉ်တွင် ပါဝင်သော အရင်းသဏ္ဍာန် ၃ ခု ( အသပြာ အရင်း money capital၊ ထုတ်လုပ်ရေး အရင်း productive capital၊ ကုန်စည်အရင်း commodity capital ) ၏လှည့်လည် ရေးသည် "အတိုး" ပွားစေသောအရင်း (interest - bearing capital ) ၏ လှည့်လည်ရေးနှင့် မတူပေ။ ချေးငှားရေးအရင်း၊ ဘဏ်အရင်း စသည်တို့တွင် သီးခြားလှုပ်ရှားမှု ဖြစ်စဉ်နှင့် သီးခြားလှုပ်ရှားမှုတရားများ ရှိပေသည်။ လုံလောက်သည့် ထိန်းချုပ်မှု မရှိသဖြင့် နိုင်ငံတကာ့ဘဏ္ဍာရေး ဈေးကွက်များသည် မတည်ငြိမ်ပေ။ ဤဈေးကွက်များ၏ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော အပြောင်းအလဲများ၏ ဒဏ်ကို ခံရပါက ပြည်တွင်းဘဏ္ဍာရေး ဈေးကွက်များသည် ပို၍မတည်မငြိမ် ဖြစ်လာပေသည်။

(၂) မျက်မှောက် အခြေအနေတွင် စီးပွားရေးကမ္ဘာ့အသွင်ဆောင်ရေးနှင့် သတင်းနည်းပညာတော်လှန်ရေး ဖြစ်ထွန်းနေသော အချိန်တွင် နိုင်ငံတကာ့ အတိုင်းအတာအရ ထုတ်လုပ်ရေးနှင့် အရင်းစုစည်းမှုသည် လည်းကောင်း ထုတ်လုပ်ရေးနှင့်အရင်း ဗဟိုချုပ်ကိုင်မှုသည်လည်းကောင်း အဆမတန် ကြီးထွားလာပေသည်။ ယနေ့ကမ္ဘာတွင် လှည့်လည်နေသော အသပြာအရင်းသည် စုစုပေါင်းအရင်းတန်ဖိုး၏ ၄၀ % ခန့်ရှိပေသည်။ ဤအခြေအနေတွင် အမေရိကန် ဦးဆောင်သော နယ်ချဲ့စနစ်သစ်သည် ၎င်း၏လက်ရုံးနှစ်ဘက်ဖြစ်သော နိုင်ငံတကာ့ငွေကြေးရန်ပုံငွေ အဖွဲ့နှင့် ကမ္ဘာ့ဘဏ်ကို ဆုပ်ကိုင်ပြီး အသပြာဈေးကွက်ကို ခြယ်လှယ်နေပေသည်။ မိမိအတွက်အကျိုးရှိမည့် နေရာများတွင် အချက်အလက်အရ ငွေပံ့ပိုးပြီး အကျိုးရှိမည် မထင်သည့် နေရာများတွင် ဆုတ်ဆိုင်းထားခြင်းဖြင့် အကျပ်အတည်းမှာ ပို၍ကြီးလာပေသည်။

(၃) ဥရောပဒေါ်လာ (ယူရိုငွေကြေး) ပေါ်လာသည့်အချိန်တွင် အဓိကငွေကြေး အုပ်စုသည်သုံးခု ဖြစ်လာပေသည်။ ဂျပန်ယန်းငွေမှာ အပြောင်းအလဲဖြစ်ပြီး မတည်ငြိမ်သော အနေအထားတွင်ရှိသဖြင့် ယာယီ၎င်းကို မစဉ်းစားဘဲ ချန်လှပ်ထားကြသည်။ ဤသို့ဆိုလျှင် စတာလင်ငွေသည် ဥရောပဒေါ်လာနှင့် အမေရိကန်ဒေါ်လာ အကြားတွင် မသက်မသာ မျောနေသည်ကို တွေ့ရပေသည်။ ယခင်အချိန်များတွင် အဓိကငွေကြေးအုပ်စုများ အတိုက်အခိုက်ဖြစ်မှုကြောင့် စတော့နှင့် ဘွန်းလက်မှတ်ဈေးကွက်များတွင် ရပ်ဆိုင်းသွားခြင်းများ ရှိခဲ့ပေသည်။ ဒေါ်လာတန်ဖိုး မြင့်တက်မှုသည် အာရှဘဏ္ဍာရေး ကပ်ဆိုက်မှုတွင် လတ်တလောအကြောင်း ဖြစ်ခဲ့ပေသည်။ ငွေကြေးစနစ် မည်သို့ဖြစ်စေကာမူ အပြစ်အနာအဆာများကား ရှောင်လွှဲ၍ မရနိုင်ပေ။ လှုပ်ရှားပြောင်းလဲနေသော ငွေကြေးဖလှယ်ရေးနှုန်းများ ( fluctuating currency rates) သည် ဦးတည်ချက်နောက်လိုက်ပြီး ဈေးကစားမှုကြောင့် ပင်ကိုယ်အားဖြင့်ပင်လျှင် မတည်ငြိမ်ပေ။ အချိန်ကြာမြင့်လာသည်နှင့်အမျှ ဈေးကစားမှုက ကြီးထွားလာသည်တွင် မတည်ငြိမ်မှုသည်လည်း တဖြည်းဖြည်းကြီးမားလာပေသည်။ သတ်မှတ်ထားသော ဖလှယ်ရေးနှုန်း ( fixed exchange- rate) များကား အန္တရာယ်ရှိပေသည်။ အကြောင်းကား ငွေကြေးတန်ဖိုး ကျဆင်းမှုများသည် ရုတ်တရက်ကြီးမားသော ဆုံးရှုံးမှုများ ပေါ်ပေါက်စေနိုင်သောကြောင့် ဖြစ်ပေသည်။ အာရှဘဏ္ဍာရေး ကပ်ဆိုက်မှုသည် သာဓကတရပ်ပင် ဖြစ်သည်။

အရင်းရှင် စနစ်အောက်တွင် ထာဝရလက္ခဏာဆောင်ပြီး ပြီးပြည့်စုံသည့် ဖြေရှင်းနည်းများ မရှိပေ။ ပြည်တွင်းနှင့် နိုင်ငံတကာ့ဘဏ္ဍာရေးဈေးကွက်များသည် ပင်ကိုယ်အားဖြင့်ပင် မတည်ငြိမ်ပေ။ ၎င်းတို့သည် ကြီးကြပ်မှုနှင့် ထိန်းညှိမှု လိုအပ်ပေသည်။

ကမ္ဘာနှင့်အဝှမ်း "ကမ္ဘာ့အသွင်ဆောင်ရေး" လေထုအောက်တွင် ကော်ပိုရေးရှင်းများ ပူးပေါင်းမှုကြောင့် လုပ်သားများ ဆင်းရဲဒုက္ခရောက်ကြရသည်။ ယခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖြစ်ပေါ်တိုးပွားမှု အစည်းအဝေး၌ အစိုးရများနှင့် မပတ်သက်သည့် အဖွဲ့အစည်းများ (non - governmental organizations) က စုပေါင်းတင်ပြသည့် အစီရင်ခံစာတစောင်တွင် ဤသို့ရေးခဲ့သည်။ "ကော်ပိုရေးရှင်းများ၏ 'ကမ္ဘာ့အသွင်ဆောင်ရေး' လုပ်ရပ်သည် အလုပ်ရှိသူများအား မရေရာသောဘဝသို့ ပို့ဆောင်နေလေသည်။ အတည်တကျ မဟုတ်သည့် လုပ်ခင်းများရှိ ကိုယ်ခန္ဓာအားနည်းပြီး ရောဂါရှိသော လုပ်သားများကား အလုပ်မှ ထုတ်ပစ်ခြင်း ခံကြရသည်။ ဤသို့သော တိမ်းညွတ်မှုသည် လျင်မြန်စွာ ပျံ့နှံ့လာပေသည်။"

များစွာသော အလှူဒါနပြု အသင်းအပင်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းများက "ကမ္ဘာ့အသွင်ဆောင်ရေး" သည် လုပ်ခများနိမ့်ကျလာမှု၊ ကမ္ဘာကြီး ပူနွေးလာမှု၊ သစ်ပင်များပြုန်းပြီး ရေတိုက်စား ခံရမှု၊ လူမှုဝန်ဆောင်လုပ်ငန်းများ လျော့နည်းလာမှုနှင့် ဆင်းရဲဒုက္ခရောက်ခြင်း တိုးများလာမှု၏ အဓိကတရားခံဖြစ်သည်ဟု ခိုင်မာစွာ ယုံကြည်နေကြပေသည်။ "တီအင်စီ" ( TNC ) များက ထုတ်လုပ်ရေးလုပ်ငန်းကို ဖွံ့ဖြိုးပြီးနိုင်ငံများမှ ရွှေ့ပြောင်းသွားခြင်းကား အခြား မဟုတ်၊ လုပ်ခကိုနှိမ့်ချဖို့နှင့် အလုပ်သမားများ အား ရှုံ့ရှာစရာကောင်းသည့် လုပ်ခွင်အခြေ အနေအောက်တွင် အလုပ်လုပ်ခိုင်းဖို့ ဖိအား ပေးခြင်း ဖြစ်သည်ဟု ၎င်းတို့က ပြောကြပေ သည်။

### ယဉ်ကျေးမှု ကမ္ဘာ့အသွင်ဆောင်ရေး ( Cultural Globalisation )

အမေရိကန် ယဉ်ကျေးမှု – ရုပ်ရှင်၊ ဂီတ၊ ရုပ်မြင်သံကြား – သည် ကမ္ဘာတွင် လွှမ်းမိုးနေပေသည်။ ၁၉၉၇ ခုနှစ်တွင် တကမ္ဘာလုံး၌ ပြသခဲ့သော အမေရိကန် ရုပ်ရှင်ကားများမှ ရရှိသည့်ဝင်ငွေသည် အမေရိကန်ဒေါ်လာ သန်း ၃၀,၀၀၀ ကျော်ပေသည်။ 'တိုက်တင်းနစ်' (Titanic) ကား တကားတည်း ကပင်လျှင် အမေရိကန်ဒေါ်လာ သန်း ၁,၈၀၀ အမြတ်ရခဲ့သည်။

'ဟောလီးဝုဒ်၏ အလုံအရင်းနှင့် ထိုးနှက်မှုကြောင့် ဒေသအသီးသီးရှိ ဖျော်ဖြေရေး လုပ်ငန်းများသည် ခြောက်ခန်းကုန်ကြသည်။ 'မက္ကစီကို' တွင် ယခင်ကနှစ်စဉ်နှစ်တိုင်း ရုပ်ရှင်ကား ၁၀၀ ကျော်မျှ ပြသရပြီး ကြည့်ရှုသူများလည်း များပြားခဲ့သည်။ ယခုသော်ကား တနှစ်လျှင် ရုပ်ရှင်ကား ၁၀ ကားပင်

မပြနိုင်တော့ပေ။

'နယူးဒေလီ' မှ 'ဝါဆော' နှင့် 'ရီယိုဒီဂျနေးရိုး' အထိ နိုက်ကီ (Nike)၊ ဆိုနီ စသော ကမ္ဘာသုံးပစ္စည်းများသည် လူ့အဖွဲ့ အစည်းတွင် ခံစားချက်အသစ်တရပ် ဖြစ်လာပေသည်။ နိုင်ငံခြားယဉ်ကျေးမှု ချဉ်းနင်းဝင်ရောက်မှုက ဒေသခံယဉ်ကျေးမှုနှင့် အမျိုးသားယဉ်ကျေးမှုကို တိုက်စားနေပေသည်။ ယဉ်ကျေးမှုမျိုးစုံ ပြိုင်တူတည်ရှိရေးကို အန္တရာယ်ပြုနေပေသည်။ "ကမ္ဘာ့အသွင်ဆောင်ရေး" လိုင်းအောက်တွင် တန်ပြန်ရေစီးကြောင်းများလည်း မရှိသည်မဟုတ်ပေ။ ဥပမာ 'ဘရာဇီး' ရုပ်မြင်သံကြား အစီအစဉ်က ပေါ်တူဂီတွင် ထိုးဖောက်ခဲ့သည်။ 'လေ့စ်အိန်ဂျယ်လိစ်' တွင် လက်တင်အမေရိက၏ ထူးခြားသည့်အင်္ဂါရပ်များမှာ တနေ့တခြား သိသာထင်ရှားလာသည်။ သို့သော် ဤအချင်းအရာများကား တခုချင်းအရာမျှသာ ဖြစ်ပေသည်။

ယဉ်ကျေးမှု ကမ္ဘာ့အသွင်ဆောင်ရေး၏ အဓိကတွန်းအားတရပ်ကား အနောက်ကမ္ဘာတွင် "ကမ္ဘာ့အသွင်ဆောင်သည့် မြို့ကြီးများ" အများအပြား ပေါ်လာခြင်း ဖြစ်ပေသည်။ သို့သော် လူဦးရေတသန်းအထက် မြို့သစ်များသည် ကမ္ဘာ့အရှေ့ခြမ်းနှင့် အာဖရိက၊ လက်တင်အမေရိကတို့တွင်လည်း မကြာခဏ မြင်တွေ့နေရပေသည်။ ၁၉၉၅ ခုနှစ်တွင် လူဦးရေ ၅ သန်းကျော်ရှိသည့်မြို့ ၃၈ မြို့ရှိသည်။ ၂၀၁၅ ခုနှစ်တွင် ၇၁ မြို့ အထိ တိုးလာပြီး အကြီးဆုံးမြို့ကြီး ၁၀ မြို့အနက် ၉ မြို့သည် အာရှ၊ လက်တင်အမေရိကနှင့် အာဖရိကတွင် ရှိလိမ့်မည်ဟု ခန့်မှန်းကြပေသည်။ ၎င်းတို့သည် ပင်မစမ်းရေတံခွန် ဖြစ်လာပြီး ၎င်းတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ရုပ်ရှင်နှင့် ဖျော်ဖြေမှုတို့ကို အနောက်ကမ္ဘာသို့ ပြန်လည်ပေးပို့လိမ့်မည်ဟု တွက်ဆကြပေသည်။

**(ခ) သတင်းနည်းပညာတော်လှန်ရေး (Information Technological Revolution) နှင့် အသိပညာ စီးပွားရေး (Knowledge Economy)**

အနာဂတ်သမိုင်းပညာရှင်များက မျက်မှောက်သမိုင်းကာလသည် သမိုင်းချိန်ခွင်လျှာပေါ်တွင် အဆုံးအဖြတ်ပေးသည့် အခန်းမှ ပါသည်ဟု ဆိုကောင်းဆိုကြလိမ့်မည်။ အကြောင်းကား ဤကာလအတွင်းတွင် အရေးပါသည့် တီထွင်စမ်းသပ်မှုများနှင့် အသစ်ရှာဖွေတွေ့ရှိချက်များ အမြောက်အမြား ပေါ်လာခြင်းကြောင့် ဖြစ်ပေသည်။ ဥပမာ ဆိုရသော် "ကွန်ပျူတာ" ခေတ်သို့ ရောက်ခဲ့သည်။ "အင်တာနက်" ပေါ်လာသည်။ "ဇီဝအင်ဂျင်နီယာအတတ်ပညာ" ထွန်းကားလာသည်။ "ပရမာအနုစိတ် အတတ်ပညာ (Nano Technology) စတင်ပေါ်ပေါက်လာသည်။ "ကမ္ဘာ့အသွင်ဆောင်ရေး" ခေတ်သို့ ရောက်ခဲ့သည်။ "ကမ္ဘာ့အသွင်ဆောင်ရေး" နှင့် "သတင်းနည်းပညာ တော်လှန်ရေး" အခြေခံပေါ်တွင် နယ်ချဲ့စနစ်သစ်သည် အတောင်အလက်စုံစွာ ထွန်းပေါက်လာပေတော့သည်။

သတင်းနည်းပညာ တော်လှန်ရေးသည် ၂၀ ရာစုနှစ်၏ကျော်ရိုး ဖြစ်လာပြီး သတင်းနည်းပညာကို အခြေခံအုတ်မြစ် အဖြစ်ထားသည့် တတိယအကြိမ် စက်မှုတော်လှန်ရေးသည် ဖြစ်ပေါ်လာပေသည်။ သတင်းနည်းပညာ တော်လှန်ရေးနှင့် စီးပွားရေးကမ္ဘာ့အသွင်ဆောင်ရေးတို့၏ အကျိုးဆက်အနေဖြင့် ပေါ်ထွန်းလာသော "အသိပညာစီးပွားရေး" (Knowledge Economy) သည် တကမ္ဘာလုံးကို ဂယက်ရိုက်လျက်ရှိသည်။

**အသိပညာစီးပွားရေး**

အသိပညာစီးပွားရေးသည် အသိပညာနှင့်သတင်းကို ထုတ်လုပ်ရေး၊ ခွဲဝေရေးနှင့် အသုံးချရေး အပေါ်တွင်အခြေခံသည့် စီးပွားရေးတမျိုးဖြစ်ပေသည်။

"သတင်းနည်းပညာ တော်လှန်ရေး" နှင့် "စီးပွားရေးကမ္ဘာ့အသွင် ဆောင်ရေး" ၏ အကျိုးသက်ရောက်မှုအဖြစ်ဖြင့် ပေါ်ပေါက်လာသော အသိပညာ စီးပွားရေးတွင် အဓိကအင်္ဂါရပ်များကား – အသိပညာသည် အဆုံးအဖြတ်ပေးသည့် အခန်းမှ ပါဝင်သည်။ သတင်းနှင့် အာကာသယာဉ်၊ ကြေးနန်း၊ တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြားတို့ဖြင့် ဆက်သွယ်ရေးများသည် ဗဟိုမဏ္ဍိုင် ဖြစ်သည်။ သိပ္ပံပညာ စူးစမ်းရှာဖွေရေးနှင့် ဝန်ဆောင်လုပ်ငန်းများသည် အရေးပါသော အခန်းမှ ပါဝင်သည်။ လူ၏ထိုးထွင်းဖန်တီးနိုင်စွမ်းရည်သည် တင်ကြိုလိုအပ်မှုတရပ် ဖြစ်သည်။ အသိပညာနှင့် ဆက်စပ်နေသော လုပ်ငန်းများသည် အမျိုးသားစီးပွားရေးတွင် အတိုင်းအတာကြီးမားစွာ ပါဝင်သည်။

အသိပညာစီးပွားရေးသည် ကမ္ဘာနှင့်အဝှမ်း ပျံ့နှံ့လျက်ရှိသော်လည်း ဖွံ့ဖြိုးပြီး နိုင်ငံအချို့တွင်သာ လွှမ်းမိုးသည့်အဆင့်နေရာ ရရှိနေပေသည်။ အသိပညာ စီးပွားရေးကို မဏ္ဍိုင်ပြုပြီး အလုပ်တာဝန်ခွဲဝေမှုတရပ် ဖြစ်တည်လာသည်။ ၎င်းသည် ကမ္ဘာ့စီးပွားရေးတွင် အဆုံးအဖြတ်ပေးသော အခန်းမှ ပါဝင်ပြီး ၎င်း၏အရှိန်သြဇာကား နိုင်ငံတကာ့ နိုင်ငံရေးတွင်လည်း ကျယ်ပြန့်လျက်ရှိပေသည်။

အသိပညာစီးပွားရေးသည် အစဉ်အလာစီးပွားရေးတွင် အရင်းခံမှ ပြောင်းလဲမှုများ ဖြစ်ပေါ်စေလိမ့်မည်။

(၁) စီးပွားရေးတိုးတက်စေသည့် နည်းနာများတွင် ပြောင်းလဲမှုတရပ် ဖြစ်လာပြီး သိပ္ပံပညာနှင့် နည်းပညာ တိုးတက်မှုသည် စီးပွားရေးတိုးတက်စေရာတွင် အရေးအပါဆုံး အစိတ်အပိုင်း ဖြစ်လာပေလိမ့်မည်။

(၂) စီးပွားရေးဖြစ်ပေါ်တိုးပွားမှုတရားတွင် အပြောင်းအလဲ တစုံတရာ ဖြစ်လာသည်။ စီးပွားရေး စက်ဝိုင်းသဖွယ် လည်ပတ်မှုကို အားနည်းစေခြင်းဖြင့် စီးပွားရေး ရေလှိုင်းသဖွယ် လှုပ်ရှားမှု တစုံတရာနည်းလာပြီး ထိခိုက်ပျက်စီးမှုလည်း တစုံတရာ သက်သာလာစေလိမ့်မည်။

(၃) အစဉ်အလာစီးပွားရေး အဆောက်အအုံတွင် ပြောင်းလဲလာသည်။ အနာဂတ်စီးပွားရေးသည် သယံဇာတပစ္စည်းများနှင့် အရင်းအပေါ်မှာထက် အသိပညာအပေါ် ပိုမိုအမှီသဟဲပြုလာလိမ့်မည်။ အသိပညာလုပ်ငန်းသည် အဓိကအပိုင်းကဏ္ဍ ဖြစ်လာပေလိမ့်မည်။

(၄) ထုတ်လုပ်ရေးနှင့် စီမံအုပ်ချုပ်မှုတွင် ပြောင်းလဲလာပြီး အသိပညာ စုစည်းပါဝင်သည့် အထွက်ပစ္စည်းများ ပေါ်လာပေလိမ့်မည်။ အတိုင်းအတာကြီးမားစွာ စုစည်းထုတ်လုပ်မှုမှ အတိုင်းအတာသေးငယ်၍ ဖြန့်ခွဲထုတ်လုပ်မှု အဖြစ်သို့ ပြောင်းလဲလာပေလိမ့်မည်။

အသိပညာ စီးပွားရေးသည် ထုတ်လုပ်ရေး အင်အားစု ဖြစ်ပေါ်တိုးပွားမှုကို ကြီးမားစွာတွန်းဆော်ပေးပြီး ကမ္ဘာ့စီးပွားရေး အဆောက်အအုံများသည်လည်း အလိုက်သင့် ပြောင်းလဲလာပေလိမ့်မည်။ အသိပညာ စီးပွားရေး အခြေအနေအောက်တွင် ထုတ်လုပ်

ရေးသည် မြင့်မားစွာ လူ့အဖွဲ့အစည်း လက္ခဏာဆောင်လာပေသည်။ ဈေးကွက်တွင် ဖလှယ်သော ကုန်စည်များသည် ပို၍ပို၍ "နိုင်ငံတကာ့ အတိုင်းအတာအရ အရာရာ အကျုံးဝင်သော အထွက်ပစ္စည်းများ" ( international comprehensive products) ဖြစ်လာပေသည်။ "အမျိုးသားလွန် ကုမ္ပဏီများ" က ကမ္ဘာ့ထုတ်လုပ်ရေးနှင့် စီမံအုပ်ချုပ်မှုကို စိုးမိုးထားသည်။ ဖလှယ်ရေးဖြစ်စဉ်တွင် ကွန်ပျူတာများ၊ သတင်းနှင့် အချက်ပြအမှတ်အသားများကို အသုံးပြုခြင်းကြောင့် နိုင်ငံတကာ့ဈေးကွက်သည် မကြုံစဖူး ကြီးမားလာပေသည်။ ဖလှယ်ရေးဖြစ်ပေါ်သည့်နှုန်း ( exchange frequency ) သည် မြင့်မားလာပြီး တိုင်းပြည်တိုင်းဒေသတိုင်း၏ စီးပွားရေးလုပ်ရှားမှုသည် ကမ္ဘာ့ဈေးကွက်နှင့် နီးနီးကပ်ကပ် ဆက်သွယ်လာသည်။

"အင်တာနက် စီးပွားရေး" နှင့် ဘဏ္ဍာရေးလျင်မြန်စွာ တိုးတက်လာရာ၌ နှစ်ဘက်အကျိုးသက်ရောက်မှု ဖြစ်ပေါ်ပေသည်။ အင်တာနက်ကုန်သွယ်ရေး 'အဆမြှောက်ကိန်းတိုးတက်မှု" ( geometric progression ) က အထွက်နှုန်းကို ကြီးမားစွာ မြှင့်တင်ပေးလိုက်သည်။ တချိန်တည်းတွင် စီးပွားရေးဆောင်ရွက်မှုကို လျော့ပါးသွားစေသည်။ 'အင်တာနက်' အပေါ် အခြေခံသည့် ခေတ်မီဘဏ္ဍာရေးသည် မျက်မှောက်စီးပွားရေး၏ အချက်အချာ ဖြစ်လာသည်။ အရင်းအတိုင်းအတာ အလွန်ကြီးမားစွာ တိုးချဲ့မှုနှင့် အရှိန်မြင့်မားစွာ လည်ပတ်မှုက သဘာဝသယံဇာတများ ထိရောက်စွာ သတ်မှတ်ရာ၌ အကျိုးရှိစေသည်။ တချိန်တည်းတွင် ဘဏ္ဍာရေးအရ အရဲစွန့်မှုအသစ်များ ပေါ်ပေါက်လာစေသည်။

အသိပညာစီးပွားရေးသည် ကမ္ဘာ့အသွင်ဆောင်ရေး ဖြစ်စဉ်ကို လျင်မြန်စေသည်။ ဤသည်က တိုင်းပြည်များအကြား အပြန်အလှန်မှီခိုမှုကို နက်ရှိုင်းလာစေသည်။ ဤသို့ဖြင့် နိုင်ငံတကာ့နိုင်ငံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းသော စီးပွားရေး အုတ်မြစ်ပေါ်သို့ ရောက်ရှိလာစေသည်။ ဘက်ပေါင်းစုံ အကျုံးဝင်သော အမျိုးသား အင်အားစုအသီးသီးသည် ပြိုင်ဆိုင်မှုအသစ်တဖန် ကြုံရပြန်လေသည်။ လောလောဆယ်တွင် အသိပညာ စီးပွားရေးသည် အဖွံ့ဖြိုးဆုံး နိုင်ငံကြီးများ၏ အမျိုးသားစီးပွားရေးတွင် အဓိကအင်္ဂါရပ်နှင့် ဦးတည်ချက် ဖြစ်လာပေသည်။ လာမည့်အနှစ် နှစ်ဆယ် သို့မဟုတ် သုံးဆယ် အတွင်းတွင် အရည်အချင်းပြည့်ဝသူများကို ဖန်တီးသိမ်းသွင်း အသုံးချနိုင်သည့် တိုင်းပြည်တပြည်၏ အင်အားနှင့် အသိပညာအရင်းအနှီးသည် ယင်းတိုင်းပြည် တည်တံ့နိုင် မတည်တံ့နိုင် သို့မဟုတ် ထွန်းကားနိုင် မထွန်းကားနိုင် ဆိုသည်ကို အဆုံးအဖြတ်ပေးပေလိမ့်မည်။

အသိပညာစီးပွားရေးသည် နိုင်ငံတကာ့အင်အားစုများ အကြားရှိ ချိန်ခွင်လျှာကို ပြောင်းလဲစေလေသည်။ စက်မှုလုပ်ငန်းအဆောက်အအုံ ထိန်းညှိမှုကို တကျော့ပြန်၍လုပ်ဆောင်ရန် တွန်းဆော်ပေးလေသည်။ အသိပညာစီးပွားရေးနှင့် တပါတည်း မြင့်မားစွာ အရင်းမြှုပ်နှံရေး၊ ပညာရေးအရည်အချင်းမြင့်မားရေးနှင့် မြင့်မားသည့် ဈေးကွက်စီးပွားရေးစသည်တို့ ပါရှိသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများသည် အသာစီးများစွာ ရလျက်ရှိပေသည်။ ယခုအခါတွင် ဤနိုင်ငံများသည် စက်မှုလုပ်ငန်းအုပ်စုကို ဖွဲ့စည်းပြီး အသိပညာစီးပွားရေး တိုးတက်မှုအတိုင်းအတာကို သတ်မှတ်ထားရှိကြသည်။ သိပ္ပံပညာ ရှာဖွေစမ်းသပ်မှုနှင့် ကမ္ဘာ့အတိုင်းအတာအရ လုပ်ဆောင်ရန် စနစ်များကိုလည်း ချမှတ်ကြသည်။ ဤသို့ဖြင့် ဤအရေးကိစ္စတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအကြား၊ တောင်ပိုင်းနှင့် မြောက်ပိုင်းအကြား ကွာခြားမှုသည် ကျယ်သထက် ကျယ်လာနေပေသည်။ အသိပညာ စီးပွားရေးသည် နောက်ပိုင်းကာလတွင် ဖြစ်ပေါ်တိုးပွားနိုင်ရန် အခွင့်အရေးများ ပေးလင့်ကစား ဖွံ့ဖြိုးဆဲနိုင်ငံများအဖို့ အကောင်အထည်ဖော်နိုင်ရန်ကား ပိုမို၍ခက်ခဲလှပေသည်။

အသိပညာ စီးပွားရေးက စီးပွားရေးနယ်ပယ်တွင် နိုင်ငံတကာ့တိုက်ပွဲများ မကြာခဏပေါ်ပေါက်စေရန် ဖန်တီးနေပေသည်။ စီးပွားရေးစည်းကမ်းချက်များ သတ်မှတ်ချုပ်ထိန်းရေး၊ ဈေးကွက်ရရှိရေး၊ အရည်အချင်းပြည့်ဝသူများ ရှာဖွေရေး၊ အသိပညာ အတတ်ပညာပိုင်ဆိုင်မှု အခွင့်အရေးများအတွက် ကြီးကြပ်ရေးစသည်တို့မှာ အနာဂတ် နိုင်ငံတကာ့နိုင်ငံရေး တိုက်ပွဲများတွင် ဆက်ထုံးသဖွယ် ဖြစ်လာလိမ့်မည်ဟု ပညာရှင်များက တွက်ဆနေကြပေသည်။

၄။

**နယ်ချဲ့စနစ်သစ်နှင့်အင်အားကြီးနိုင်ငံများ၏ ဆက်ဆံရေးပြဿနာ**

နယ်ချဲ့စနစ်၏ နိုင်ငံရေးအနှစ်သာရသည် ဗိုလ်ကျစိုးမိုးရေးနှင့် အင်အားနိုင်ငံရေး ကျင့်သုံးရန်အတွက် အင်အားကြီးနိုင်ငံများ အကြား ပြိုင်ဆိုင်မှု ဖြစ်ပေသည်။ အခြားနိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှု ဖြစ်ပေသည်။ နယ်ချဲ့စနစ်သစ်သည်လည်း ဤနည်းအတိုင်းပင်ဖြစ်ပြီး ၎င်း၏လုပ်ရှားမှု အတိုင်းအတာမှာ ပိုမိုကျယ်ပြန့် နက်ရှိုင်းလာပေသည်။

ဆိုဗီယက်ယူနီယံ ပြိုကွဲသွားပြီးနောက် ကမ္ဘာတွင်တခုတည်းသော အင်အားလွန်နိုင်ငံ ဖြစ်လာသည့် အမေရိကန်သည် ၎င်း၏ခေါင်းဆောင်မှုအောက်တွင် "မဏ္ဍိုင်တခုတည်းသော ကမ္ဘာ" ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။

ကလင်တန်အစိုးရ၏ အမျိုးသားကာကွယ်ရေး အစီရင်ခံစာတွင်ပါရှိသော ၎င်း၏ ကမ္ဘာ့သေနင်္ဂဗျူဟာကား လာမည့် ၁၀ နှစ် – ၁၅ နှစ်အတွင်းတွင် အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့အရေးကိစ္စများ၌ တက်တက်ကြွကြွ ပါဝင်လုပ်ရှားမည်။ ဆိုလိုသည်မှာ "ဝင်ရောက်စွက်ဖက်မှုအသစ်" တက်တက်ကြွကြွ ပြုလုပ်ပြီး ဗိုလ်ကျစိုးမိုးရေးဝါဒ ကျင့်သုံးရန် ဖြစ်ပေသည်။ ဤသေနင်္ဂဗျူဟာနှင့်အညီ နေတိုး ( NATO ) ကို စစ်အေးကာလအတွင်းတွင် ကာကွယ်ရေးစစ်အုပ်စုအဖြစ် ထားရှိခဲ့ရာမှ ယခုအချိန်တွင် ဒေသဘောင်ထက် ကျော်လွန်သော ထိုးစစ်လက္ခဏာ ရှိသည့် စစ်ရေးနိုင်ငံရေး အဖွဲ့အစည်းအဖြစ်သို့ အသွင်ပြောင်းစေခဲ့ပေသည်။ နေတိုးအဖွဲ့ဝင်များကို စုစည်းပြီး ယူဂိုဆလားဗီးယားကို စိတ်အလိုကျ ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဘဲလ်ဂရိတ်ရှိ တရုတ်သံရုံးကို ဒုံးကျည်ဖြင့် ပစ်ခတ်ခဲ့သည်။ ဂျပန် – အမေရိကန် လုံခြုံရေး ကာကွယ်ရေးစနစ်ကို ခိုင်မာတောင့်တင်းစေပြီး ဂျပန်–အမေရိကန် ပူးပေါင်းဆောင်ရွက်ရေး ပေါ်လစီ လမ်းညွှန်ချက်များကို ဂျပန်၏ ပတ်ဝန်းကျင် ဒေသများပါ အကျုံးဝင်စေခဲ့သည်။ "ဒေသဆိုင်ရာ ဒုံးပျံကာကွယ်ရေးစနစ်" ကို တိုးချဲ့ပြီး 'ထိုင်ဝမ်' ကိုပါ ထည့်သွင်းခဲ့သည်။ အမေရိက၏ 'ကမ္ဘာ့သေနင်္ဂဗျူဟာ

အသစ်'သည် တကမ္ဘာလုံးတွင် အကျိုးသက်ရောက်မှုသုံးရပ် ထင်ထင်ရှားရှား ဖြစ်ပေါ်စေလေသည်။

( ၁ ) "မဏ္ဍိုင်တခုထည်းကမ္ဘာ" ကို ထူထောင်ပြီး ကမ္ဘာတွင် "မဏ္ဍိုင်စုံ" ပုံစံဖြစ်ပေါ်မှုကို နှောင့်နှေးအောင် လုပ်ရန်။ "မဏ္ဍိုင်စုံကမ္ဘာ" ဖြစ်ပေါ်မှုကို တားဆီးရန်။

( ၂ ) "လူ့အခွင့်အရေး" ကာကွယ်ရေးဟူသော အကြောင်းပြချက်ဖြင့် "အချုပ်အခြာအာဏာပိုင်မှု" ကို ချိုးဖောက်ပြီး ဗိုလ်ကျစိုးမိုးရေးဝါဒကို အကောင် အထည်ဖော်ရန်။ ဤနည်းဖြင့် စစ်နှင့်မတည်ငြိမ်မှုကို ပွားများစေပြီး "ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားမှု" ဟူသော ကမ္ဘာ့ဒီရေကို အနှောက်အရှက် အတားအဆီး ဖြစ်စေလေသည်။

( ၃ ) ကမ္ဘာ့ကုလသမဂ္ဂကို လျစ်လျူရှုပြီး နိုင်ငံတကာ့ဥပဒေကို ချိုးဖောက်ခြင်းဖြင့် နိုင်ငံတကာ့အခြေအနေကို ပိုမိုဖရိုဖရဲဖြစ်စေပြီး ပိုမိုရှုပ်ထွေးသော ပဋိပက္ခများဖြင့် ပြည့်နှက်လာစေသည်။

မျက်မှောက်အခြေအနေအရ ကမ္ဘာတွင် မဏ္ဍိုင်စုံဖြစ်ပေါ်မှု ဦးတည်ချက်သည် သိသိသာသာ နှေးကွေးသွားသည်။ အမေရိကကို မဏ္ဍိုင်ပြုသည့် ဦးတည်ချက်သည် အားကောင်းလာသည်။ မည်သို့ဖြစ်စေကာမူ အမေရိကတဦးထည်းကမဏ္ဍိုင်ပြုပြီး အရာရာကို ဗိုလ်ကျစိုးမိုးလိုသည့် အကြံအစည်မှာ အောင်မြင်လိမ့်မည် မဟုတ်ပေ။ အကြောင်းကား–

( ၁ ) ဥရောပ–အမေရိက ပူးပေါင်းဆောင်ရွက်ရေးသည် သိသိသာသာ တိုးများလာစေကာမူ ၎င်းတို့အကြား ပဋိပက္ခများနှင့် ခြားနားချက်များသည် ဆက်လက် တည်ရှိနေပေသည်။

ယူဂိုဆလားဗီးယားကို အကြမ်းဖက်တိုက်ခိုက်ရာတွင် ဥရောပအဖို့ အမြတ်မထွက်ပေ။ အမေရိကကမူ စစ်ကိုအကြောင်းပြုပြီး ယူရိုငွေကြေး၏အားစမ်းမှုကို အလွယ်တကူ တားဆီးနိုင်ခဲ့ပေသည်။ စစ်ကြောင့်ဖြစ်ပေါ်လာသော စစ်ပြေးဒုက္ခသည်များ အရေးကိစ္စသည် ဥရောပရှိ အိမ်နီးချင်းနိုင်ငံများအား ပူပင်သောက ရောက်စေခဲ့သည်။ ဘော်လ်ကန်ဒေသရှိ မြှိုသိပ်ထားရသော လူမျိုးရေးမုန်းတီးမှုသည် ဥရောပတွင် ရေရှည်မငြိမ်သက်စရာ အကြောင်းများ ဖြစ်လာပေသည်။ စစ်ကြောင့် ပတ်ဝန်းကျင် ပျက်စီးညစ်ညမ်းမှုများ ပေါ်ထွက်လာပေသည်။ ဤအခြေအနေများက ကမ္ဘာကို ဗိုလ်ကျစိုးမိုးလိုသည့် အမေရိက၏ ရည်ရွယ်ချက်သည် ဥရောပနိုင်ငံများနှင့် ဒေသများ၏ အရင်းခံအကျိုးစီးပွားများနှင့် ဗီလာဖြစ်နေသည်ကို ထင်ရှားစေပေသည်။ ဥရောပသည် တပေါင်းတစည်းထည်း ဖြစ်နိုင်ဖွယ်ရာလည်း အတားအဆီးများရှိနေပြီး အမေရိကနှင့်အတူ မဏ္ဍိုင်တခုတည်း ကမ္ဘာထူထောင်နိုင်ဖွယ်ရာလည်း မလွယ်ကူပေ။

(၂) နေတိုး၏အရှေ့ဘက်သို့တိုးချဲ့မှုသည် ရုရှား၏တံခါးဝသို့ရောက်ခဲ့ပြီး ယူဂိုဆလားဗီးယားကို အကြမ်းဖက်တိုက်ခိုက်ခဲ့ခြင်းကြောင့် နေတိုးနှင့်အတူတွဲ၍ ဥရောပလုံခြုံရေးစနစ်ကို ပူးပေါင်းတာဝန်ယူရန် ရုရှား၏စိတ်ကူးမှာ ကွယ်ပျောက်သွားပေသည်။ အနောက်အုပ်စုနှင့်လည်း မခွာရဲ ၊ မိမိကလည်း အင်အားချည့်နဲ့သဖြင့် အလျှော့ပေး ဆက်ဆံနေရသည်။သို့သော် သမိုင်းအရ နပိုလီယံနှင့်လည်းကောင်း ဒုတိယကမ္ဘာစစ်တွင် ဟစ်တလာကိုလည်းကောင်း အနိုင်တိုက်ခဲ့သော တိုင်းပြည်သည် တပါးသူ၏အမိန့်ကို ကြာရှည်နာခံနေလိမ့်မည် မဟုတ်ပေ။ ရုရှား၏စီးပွားရေးသည် အင်အားချည့်နဲ့လျက် ရှိသည်။ နိုင်ငံရေးအခြေအနေလည်း တည်ငြိမ်လှသည်မဟုတ်။ သို့သော် စစ်အင်အားမှာ အထူးသဖြင့် အနုမြူလက်နက်အင်အားကားကျန်ရှိနေသေးသည်။ ပြန်လည်နာလန်ထူလာပါက အနောက်အုပ်စုနှင့် ဆက်ဆံရေး အထူးသဖြင့် အမေရိက၏ ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် ပဋိပက္ခဖြစ်မှုသည် ပိုပြင်းထန်လာစရာရှိပေသည်။ အမေရိက၏ မဏ္ဍိုင်တခုတည်း ကမ္ဘာ တည်ဆောက်ရေး အကြံအစည်ကို ၎င်းသည် လက်ခံလိမ့်မည် မဟုတ်ပေ။

(၃) ဂျပန်–အမေရိက စီးပွားရေး အတိုက်အခံဖြစ်မှုသည် အလွယ်တကူ မြင်သာပေသည်။ အခြားတဖက်တွင် ဂျပန်လက်ယာအင်အားစုများသည် အမေရိက၏ အကူအညီဖြင့် နိုင်ငံရေးနှင့်စစ်ရေး အင်အားကြီးနိုင်ငံ ဖြစ်လာရေးဟူသော မိမိတို့၏ ရည်မှန်းချက်ကို အကောင်အထည် ဖော်လိုပေသည်။ အမေရိကကလည်း ဂျပန်အကူအညီဖြင့် အရှေ့အာရှတွင် မိမိတို့၏ "ခံစစ်ကြောင်း" ကို တည်ငြိမ်အောင် ကြိုးပမ်းနေပေသည်။ ဤသို့ဖြင့် တဦးနှင့်တဦး နီးကပ်စွာ ပူးပေါင်းလာကြသည်။ သို့သော် ဂျပန်–အမေရိက ပဋိပက္ခများသည် ဆက်လက်တည်ရှိနေသည်။ သမိုင်းအရ ကျူးကျော်သိမ်းပိုက်ခြင်း ခံခဲ့ရသော အရှေ့အာရှနိုင်ငံများနှင့် ဂျပန်အကြား ပဋိပက္ခများသည်လည်း ဆက်လက်တည်ရှိနေသည်။ ဂျပန်–အမေရိက မဟာမိတ်ဖွဲ့မှုသည် အလွန်အကျွံ ဖြစ်သွားပါက ဂျပန်သည် အရှေ့အာရှနိုင်ငံများအကြား သီးခြားကင်းကွာလာမည်ဖြစ်ပြီး မိမိပြည်တွင်းရှိပြည်သူများကလည်း ဆန့်ကျင်လာမည်ဖြစ်သည်။ တဖန်ပုလဲဆိပ်ကမ်း ဖြစ်ရပ်မှ သင်ခန်းစာရထားသော အမေရိကသည် ဂျပန်စစ်ဝါဒ ပြန်လည်နာလန်ထူလာမည့် အရေးကို လုံးဝစိတ်အေးလက်အေး ထားနိုင်မည် မဟုတ်ပေ။ ရေရှည်အမြင်မှ ကြည့်လျှင် ဂျပန်–အမေရိက ပဋိပက္ခသည်လည်း ဖြစ်ပေါ်တိုးပွားလာမည်ဖြစ်ပေသည်။

အထက်ပါအချက်များအရ ကမ္ဘာကြီးသည် အလွန်ရှုပ်ထွေးသော ပဋိပက္ခများနှင့် ပြည့်နှက်နေသည်။ မဏ္ဍိုင်တခုတည်းကမ္ဘာ တည်ဆောက်ပြီး အမေရိကသည် အရာရာ ဗိုလ်ကျစိုးမိုးနိုင်ရန် ကြံစည်နေစေကာမူ မဏ္ဍိုင်စုံဖြစ်ရေးဦးတည်ချက်အား တားဆီးထား၍ရမည် မဟုတ်ပေ။ အမေရိက၏ အကြံအစည်သည် အောင်မြင်လိမ့်မည် မဟုတ်ပေ။

ကမ္ဘာ့ပြည်သူများ၏ဆန္ဒသည် ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားရေးသို့ ရှေ့ရှုပြီး ဤရည်မှန်းချက်ဖြစ်မြောက်ရန် ကြိုးပမ်းအားထုတ်နေကြပေသည်။ သို့သော်အခြား တန်ပြန်ရေစီးကြောင်းတခုကား ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားရေးကို အားနဲချည့်နဲ့စေရန် ကြံစည်ချက်များ ဖြစ်ပေသည်။

တချိန်တည်းတွင် အုပ်စုအယူအဆသည် ပြန်လည်ခေါင်းထောင်လာပေသည်။ နိုင်ငံတကာ့ဆက်ဆံရေးတွင် စစ်ရေးအကြောင်းအချက်များသည် မြင့်တက်လာပြန်သည်။ အမျိုးသားရေးနှင့်ဘာသာရေး အတိုက်အခံဖြစ်မှုများ တိုးများလာပေသည်။ ဒေသနှင့် သီးခြားစစ်ပွဲများသည် တခုပြီးတခု ပေါ်ပေါက်လျက်ရှိသည်။ ကမ္ဘာတွင် မတည်ငြိမ်မှုအကြောင်းအချက်များသည် ဆက်လက်တိုးပွားလျက်ရှိသည်။

( ၁ ) ကမ္ဘာ့အတိုင်းအတာအရ အမျိုးသားသွေးခွဲရေး လှုပ်ရှားမှုများသည် ပိုမိုပြင်းထန်

လာစရာရှိပေသည်။ အချုပ်အခြာအာဏာ ပိုင်နိုင်ငံဖြစ်သော ယူဂိုဆလားဗီးယား အတွင်းတွင် 'နေတိုး'က ထောက်ခံအားပေးနေသော အမျိုးသား သွေးခွဲရေးအင်အားစုသည် အခြားနိုင်ငံများရှိ အမျိုးသားသွေးခွဲရေး အင်အားစုများကို နမူနာယူစရာအဖြစ် အားပေးအားမြှောက်ပြုလျက်ရှိသည်။ မျက်မှောက်တွင် ကမ္ဘာပေါ်၌ တိုင်းပြည်ပေါင်း ၂၀၀ နီးပါးနှင့် လူမျိုးပေါင်း ၂၅၀၀ ကျော်ရှိရာ ပေါက်ကွဲမည့်နေရာသစ် အများအပြားပေါ်လာစရာ ရှိပေသည်၊

(၂) အနုမြူလက်နက်များနှင့် ဖျက်ဆီးရေးလက်နက်များ ကမ္ဘာအနှံ့ အပြိုင်အဆိုင်ထုတ်လုပ်မှု ဖြစ်ပေါ်လာစရာ ရှိပေသည်။ ပြီးခဲ့သည့် စစ်ပွဲတွင် ယူဂိုဆလားဗီးယား ထိခိုက်နစ်နာရခြင်းသည် အနုမြူလက်နက်နှင့် ဖျက်ဆီးရေး လက်နက်များဖြင့် မိမိကိုယ်ကို ကာကွယ်မထားနိုင်ခြင်းကြောင့်ဖြစ်ရာ အခြားနိုင်ငံများသည် ဤသင်ခန်းစာကိုယူပြီး ယင်းလက်နက်များကို ထုတ်လုပ်စမ်းသပ်ရန် ကြိုးပမ်းလာစရာ ရှိပေသည်။ အိန္ဒိယနှင့် ပါကစ္စတန်တို့က အနုမြူစမ်းသပ်မှုများ လုပ်ပြီးနောက် ဒုံးပျံပစ်ခတ်စမ်းသပ်မှုများ ပြုလုပ်ခြင်းသည် ဤသို့သော အလားအလာကို ဖော်ပြသည့် သာဓကများ ဖြစ်ပေသည်။

(၃) ယူဂိုဆလားဗီးယား စစ်ပွဲပြီးသည့်နောက် ဘော်လ်ကန်ဒေသနှင့် တခုလုံးအနေနှင့် ဥရောပဒေသ၏လုံခြုံမှုနှင့် တည်ငြိမ်မှုသည် ကြီးစွာထိခိုက်ခဲ့ရပေသည်။

(၄) 'ကိုဆိုဗို' အကျပ်အတည်းသည် ကမ္ဘာ့ပုံစံနှင့် အင်အားကြီး နိုင်ငံများ၏ ဆက်ဆံရေးများတွင် ပြောင်းလဲမှုဖြစ်ပေါ်စေပြီး ကမ္ဘာ့အခြေအနေသည် ပို၍ဖရိုဖရဲဖြစ်ပြီး ပို၍ရှုပ်ထွေးလာပေသည်။

အထက်ပါအကြောင်းအချက်များအရ ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားရေးသည် ကမ္ဘာ့ပြည်သူများ၏ပြင်းပြသောဆန္ဒနှင့် အပူတပြင်း တောင်းဆိုချက်ဖြစ်ပြီး မတားဆီးနိုင်သော ကမ္ဘာ့ဦးတည်ချက်ဖြစ်လင့်ကစား အမေရိကနှင့် အမေရိကခေါင်းဆောင်သော "နေတိုး" က "လူ့အခွင့်အရေးကို ကာကွယ်ရေးသည် အချုပ်အခြာအာဏာပိုင်ဆိုင်မှုထက်သာလွန်မြင့်မြတ်သည် "ဟူသော" ဝင်ရောက်စွက်ဖက်ရေး သဘောတရားအသစ်" ကို ကိုင်စွဲပြီး ကမ္ဘာ့ကုလသမဂ္ဂကို လျစ်လျူရှုခြင်း နိုင်ငံတကာ့ဥပဒေကို ဖောက်ဖျက်ခြင်း ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် အင်အားနိုင်ငံရေးကိုကျင့်သုံးပြီး အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ချိုးဖောက်ဖျက်ဆီးခြင်း စသည်တို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားရေးသည် ကြီးမားစွာခြိမ်းခြောက်ခြင်း ခံနေရပေသည်။ ဤတန်ပြန်ရေစီး ကြောင်းကို လိုအပ်သည့်တိုက်ပွဲမဆင်ပါက ကမ္ဘာ့ငြိမ်းချမ်းရေးလည်း ရှိမည်မဟုတ်။ ဖြစ်ပေါ်တိုးပွားမှုကိုလည်း တွေ့မြင်နိုင်တော့မည်မဟုတ်ပေ။

ယနေ့"ကမ္ဘာ့အသွင်ဆောင် ရေး" က လျင်မြန်စွာဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေတွင် ကမ္ဘာ့တူညီသောပြဿနာ အမြောက်အမြားသည် ပေါ်ပေါက်လျက်ရှိသည်။ နိုင်ငံများအကြား ညှိနှိုင်းဆွေးနွေးစရာ ပူးပေါင်းဆောင်ရွက်စရာ ပို၍ပို၍ လိုလာပေသည်။ နိုင်ငံတကာ့ဥပဒေနှင့် နိုင်ငံတကာ့ဆက်ဆံရေး လုပ်ထုံးလုပ်နည်းများသည် လူသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များဖြစ်ပြီး နိုင်ငံတကာ့ စုပေါင်းနေထိုင်ကြသော ပြည်သူများ၏စည်းစနစ်ကို ထိန်းသိမ်းပေးသည့် အခြေခံအုတ်မြစ်ဖြစ်ပေရာ ကမ္ဘာတဝှမ်းလုံးရှိ တိုင်းပြည်အသီးသီးနှင့် လူမျိုးအဖုံဖုံတို့၏ အရင်းခံအကျိုးစီးပွားနှင့် တညီတညွတ်တည်းရှိပေသည်။ ဤမှုများကို ကာကွယ်ထိန်းသိမ်းပေးသည့် ကုလသမဂ္ဂသာ ပျက်စီးချုပ်ငြိမ်းသွားမည်ဆိုပါက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ဖြစ်ပေါ်တိုးပွားမှု ဆိုသည်ကို ပြောစရာပင်ရှိတော့မည်မဟုတ်ပေ။ သို့ဖြစ်၍ ကမ္ဘာ့ကုလသမဂ္ဂအား ပြုပြင်ရေးကို မရှောင်မလွှဲသာလုပ်ရမည် ဖြစ်ပေသည်။

ယနေ့အမေရိက၏ ဗိုလ်ကျစိုးမိုး လိုသော အာသာဆန္ဒသည် အလွန်အမင်း ပြင်းထန်နေသော အခြေအနေတွင် နိုင်ငံတကာ့ဆက်ဆံရေးများသည် အင်အားရှိရေးနှင့် ခွဲခွာ၍မရပေ။ အင်အားအပေါ်တွင်သာ အခြေတည်လျက် ရှိပေသည်။ နယ်ချဲ့စနစ်သစ်ခေတ်ကာလတွင် အားနည်းသောတိုင်းပြည်၏ စကားသည် အရာမထင်ပေ။ ခေတ်နောက်ကျသော တိုင်းပြည်သည် အနှိမ်ခံရမည်သာ ဖြစ်ပေသည်။

ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးပြီး တရားမျှတမှုကို လိုလားသောတိုင်းပြည်အားလုံးရှိ ပြည်သူအားလုံးသည် တခဲနက်သွေးစည်းညီညွတ်ပြီး နယ်ချဲ့စနစ်သစ်မှ ပေါ်ပေါက်လာသော ဗိုလ်ကျစိုးမိုးရေးဝါဒနှင့် အင်အားနိုင်ငံရေးကို ဆန့်ကျင်တိုက်ပွဲဝင်ကြရမည်ဖြစ်ပေသည်။ တရားမျှတပြီး တိုးတက်သည့် နိုင်ငံတကာ့စနစ်သစ်တရပ် ပေါ်ထွန်းလာရန် လုံးပန်းအားထုတ်ကြရမည် ဖြစ်ပေသည်။

## ၅။ နိဂုံး

ယနေ့ကမ္ဘာ့အကြီးဆုံးကော်ပိုရေးရှင်း ၅၀၀ ( Global 500 ) က ကမ္ဘာ့ စီးပွားရေးကို စိုးမိုးချုပ်ကိုင်လျက်ရှိသည်။ ၎င်းတို့သည် နယ်ချဲ့စနစ်သစ်၏ စီးပွားရေး အခြေခံ ဖြစ်ပေသည်။ "နေတိုး" လို ကျူးကျော်ရေး အဖွဲ့အစည်းများ၏ စီးပွားရေး အခြေခံလည်း ဖြစ်ပေသည်။

လွန်ခဲ့သည့်အနှစ် ၁၃၀ ကျော်က မာ့က်စ်က ဤသို့ပြောခဲ့သည်။

"ဤပြောင်းလဲမှုဖြစ်စဉ်၏ အသီးအပွင့်အားလုံးကို လုယူပြီး လက်ဝါးကြီးအုပ်သည့် ကြွယ်ဝသော အရင်းရှင်ကြီးများ၏ အရေအတွက်သည် အဆက်မပြတ် လျော့နည်းလာလေလေ၊ ကြီးမားသည့် ကိုယ်စိတ်နှစ်ဖြာ ဒုက္ခခံစားရမှု၊ အဖိနှိပ်ခံရမှု၊ ကျွန်သဘောက်ဖြစ်မှု၊ အလွန်အမင်းဆင်းရဲမှု၊ သွေးစုပ်ခံရမှု ထုထည်ကြီးသည် ကြီးမားလာလေလေ ဖြစ်ပေသည်၊ " (မာ့က်စ်–အိန်ဂယ်လက်ရွေးစဉ်ကျမ်း အတွဲ (၁) နှာ ၄၆၀)

အရင်းရှင်များ၏"အရင်း" စုပုံလာသည်နှင့်အမျှ လုပ်သားပြည်သူများ၏ "အကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှု " ရော "နှိုင်းယှဉ်ခြင်း ဆင်းရဲမွဲပြာကျမှု" ပါ ဖြစ်ပေါ်လာသည်ဟု ဆိုလိုပေသည်။

"အကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှု " ( Absolute Impoverishment ) ဆိုသည်ကား လုပ်သားပြည်သူများ ဆင်းရဲတွင်းနက်သထက်နက်လာခြင်း၊ အစာရေစာ ချို့တဲ့သထက် ချို့တဲ့လာခြင်း၊ အိုးခြေအိမ်ခြေ မဲ့သထက်မဲ့လာခြင်း၊ ရောဂါဘယ ထူပြောသထက် ထူပြောလာခြင်း ဖြစ်ပေသည်။

"နှိုင်းယှဉ်ခြင်းဆင်းရဲမွဲပြာကျမှု" (Relative Impoverishment ) ဆိုသည်ကား ချမ်းသာဆင်းရဲ အစွန်းနှစ်ဖက် ကွာခြားသထက် ကွာခြားလာခြင်း ဖြစ်ပေသည်။

ယနေ့ ၁၀ နှစ်ဆက်တိုက် စီးပွားရေးတိုးတက်နေပြီး အကြွယ်ဝဆုံး

တိုင်းပြည်လည်းဖြစ်၊ နယ်ချဲ့စနစ်သစ်၏ ထိပ်သီးလည်းဖြစ်သော အမေရိကကို ကြည့်ကြစို့။

(၁) ၁၉၇၄ ခုတွင် အမေရိကရှိ လူဦးရေ၏ ၁၆ ရာခိုင်နှုန်းသည် "ဆင်းရဲမှုစည်းကြောင်း"အောက်တွင် နေထိုင်ကြရသည်၊ ၁၉၉၇ ခု တွင် လူဦးရေ၏ ၁၉ ရာခိုင်နှုန်းအထိ တက်လာပေသည်။

(၂) ၁၉၉၀ ခုတွင် ငတ်မွတ်ခေါင်းပါးနေသော အမေရိကန်ပြည်သားများသည် သန်း ၃၀ ကျော် ရှိပေသည်။ စုစုပေါင်းလူဦးရေ၏ ၁၂ ရာခိုင်နှုန်း ဖြစ်ပေသည်။

၁၉၉၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာ တစောင်တွင် ဤသို့ ဖော်ပြခဲ့သည်။ ၁၉၉၄ ခုနှင့် ၁၉၉၅ ခု အကြားတွင် ဘဏ္ဍာရေးအကြောင်းကြောင့် အစားအသောက်တွင် ငွေလျှော့သုံးရသော အမေရိကန် မိသားစုဦးရေသည် ၄ . ၂ သန်းရှိပြီး အစာရေစာ မလုံလောက်သော မိသားစုဦးရေသည် ၁၂ သန်းမျှ ရှိသည်။

ငတ်မွတ်ခေါင်းပါးရေးကို ဆန့်ကျင်ရေးအဖွဲ့အစည်းခေါင်းဆောင်က လွန်ခဲ့သည့် ၁၀ နှစ်ကျော်အတွင်းတွင် အမေရိက၌ ငတ်မွတ်ခေါင်းပါးသည့်နှုန်းသည် ၅၀ ရာခိုင်နှုန်းကျော် တက်လာသည်ဟု ဆိုပေသည်။

(၃) အိမ်ခြေမဲ့နေသော လူဦးရေသည်လည်း တက်လာသည်။ အမေရိကမြို့ ၂၉ မြို့တွင် မကြာသေးမီက စုံစမ်းစစ်ဆေးချက်အရ မြို့ ၁၀ မြို့တိုင်းရှိ ၆ မြို့တွင် အိမ်ခြေမဲ့နေသည့် လူဦးရေတိုးလာသည်ကို တွေ့ရပေသည်။ ၁၉၉၇ ခု အမေရိကန် မြို့တော်ဝန်များ၏ ကွန်ဖရင့်တွင် ထုတ်ပြန်သော စုံစမ်းစစ်ဆေးချက်တွင် နယူးယောက်တမြို့ထဲမှာပင်လျှင် အိမ်ခြေမဲ့နေသူလူဦးရေ ၄၅၀၀၀ ရှိပေသည်။

အမေရိကန်ပြည်ထောင်စု စံချိန်အရ ကြည့်လျှင် ဝင်ငွေအနိမ့်ဆုံး ရေချိန်တွင် ရှိသော အလုပ်သမားများသည် သာမန်အိမ်နေနိုင်ရေးအတွက် ရက်သတ္တတပတ်လျှင် နာရီပေါင်း ၆၀ မျှ အလုပ်လုပ်ရပြီး စုစုပေါင်းဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းကို စိုက်ထုတ်ရပေသည်။ နယူးယောက်နှင့် ဟာဝိုင်ယီရှိ အလုပ်သမားများသည် အိမ်နေနိုင်ရေးအတွက် ၁၁၉ နာရီနှင့် ၁၄၄ နာရီကြာမျှ အသီးသီး အလုပ်လုပ်ကြရပေသည်။

(၄) မကြာသေးမီက ခန့်မှန်းချက်များတွင် အမေရိကန်ရှိ အိမ်ခြေမဲ့သူ အနည်းဆုံး သုံးပုံတပုံလူဦးရေသည် ပြင်းထန်သော စိတ်ဝေဒနာနှင့် စိတ်ချောက်ချားသော ရောဂါများ ခံစားနေရပေသည်။

အမေရိကသည် မဖြစ်မနေ ဆေးကုသရေး အာမခံစနစ် မသတ်မှတ်ရသေးသည့် တခုတည်းသောစက်မှုနိုင်ငံကြီး ဖြစ်ပေသည်။ အမေရိကန် သန်းခေါင်စာရင်း ဗျူရို၏ အစီရင်ခံချက်များတွင် အမေရိကန်လူဦးရေ ၄၁ .၇ သန်းသည် ဆေးကုသရေး အာမခံချက် ချို့တဲ့နေကြောင်း ဖော်ပြထားပေသည်။

အထက်ပါအချက်များက အမေရိကရှိပြည်သူများ၏ "အကြွင်းမဲ့ ဆင်းရဲမွဲပြာကျမှု" အခြေအနေကို ထင်ဟပ်ဖော်ပြနေပေသည်။ အခြားအချက်များဖြစ်သော အသားအရောင်ခွဲခြားမှုများ ၊ အမျိုးသမီးများနှင့် ကလေးများအခွင့်အရေးချို့တဲ့မှုများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြောက်မြားလှသဖြင့် ဤတွင်မဖော်ပြတော့ပါ။

လုပ်သားပြည်သူများ၏"နှိုင်းယှဉ်ခြင်း ဆင်းရဲမွဲပြာကျမှု " ကား အလွန့်အလွန် ထင်ရှားပြီး မည်သို့မျှငြင်းဆို၍မရသောအချက် ဖြစ်ပေသည်။

၁၉၉၈ ခုနှစ်မတ်လ ၁ ရက်နေ့ထုတ် "ဝါရှင်တန်ပို့စ်"တွင် ပါရှိသောဆောင်းပါးအရ အမေရိကန်လူဦးရေ၏ အချမ်းသာဆုံး ၁ ရာခိုင်နှုန်း၏ ဥစ္စာခနေသည် အမေရိကန်လူဦးရေ ၉၀ ရာခိုင်နှုန်း၏စုစုပေါင်း ဥစ္စာခနေထက် ပိုကြွယ်ဝကြောင်း တွေ့ရပေသည်၊

၁၉၇၉ ခုနှင့် ၁၉၉၅ ခု အကြားတွင် အချမ်းသာဆုံး အမေရိကန်မိသားစု ၂၅ ရာခိုင်နှုန်းသည် ဝင်ငွေ ၂၆ ရာခိုင်နှုန်း တက်လာပြီး အဆင်းရဲဆုံး အမေရိကန်မိသားစု ၂၅ ရာခိုင်နှုန်းသည် ဤကာလအတွင်းတွင် ဝင်ငွေ ၉ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု "ယနေ့ အမေရိကန်" အစီရင်ခံစာ ( U S A Today ) တွင် ဖော်ပြထားပေသည်။

တကမ္ဘာလုံး အခြေအနေကိုကြည့်လျှင် ကမ္ဘာပေါ်ရှိလူဦးရေသန်းပေါင်း ၁၃၀၀ သည် အကြွင်းမဲ့ဆင်းရဲသည့်အဆင့်အတန်းအောက်တွင် ရောက်ရှိနေပြီး ၎င်းတို့တဦးစီ၏ နေ့စဉ်နေထိုင်မှုဘဝအသုံးစရိတ်သည် အမေရိကန် ၁ ဒေါ်လာပင် မပြည့်ပေ။ ကမ္ဘာ့ လူဦးရေ၏ ၁၃ ရာခိုင်နှုန်း လူသန်းပေါင်း ၈၀၀ ကျော်သည် ငတ်မွတ်နေပြီး အစာရေစာ ချို့တဲ့မှုနှင့် ဆက်နွယ်နေသောရောဂါများကို ခံစားနေကြရသည်။ ချမ်းသာဆင်းရဲ အစွန်းနှစ်ဖက် ကွဲပြားခြားနားမှုသည်လည်း အလွန်ထင်ရှားလှပေသည်။ ဖွံ့ဖြိုးပြီး နိုင်ငံများသည် ကမ္ဘာ့ထုတ်လုပ်ရေး စုစုပေါင်းတန်ဖိုး၏ ၈၆ ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး ကမ္ဘာ့ပို့ကုန်တန်ဖိုး၏ ၈၂ ရာခိုင်နှုန်းကို ချုပ်ကိုင်ထားပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများသည်ကား ကမ္ဘာ့ထုတ်ကုန်တန်ဖိုးစုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းနှင့် ပို့ကုန်တန်ဖိုး ၁၈ ရာခိုင်နှုန်းမျှသာ ခန့်ခွဲနိုင်ပေသည်။

ဤအခြေအနေကို မပြောင်းလဲနိုင်ပါက နိုင်ငံတကာ့အုံကြွမှုသည် မရှောင်မလွှဲသာ ပေါ်ပေါက်လာမည် ဖြစ်ပေသည်။

မာ့က်စ်က အရင်းရှင်စနစ် စုပုံမှု၏သမိုင်းဆိုင်ရာတိမ်းညွှတ်မှုကို ဤသို့ ညွှန်ပြခဲ့ပြီး ဖြစ်ပေသည်။

*"လက်ဝါးကြီးအုပ် အရင်းသည် ထုတ်လုပ်နည်းအပေါ် နှောင်ကြိုးတရပ်ဖြစ်လာပေသည်။ ဤထုတ်လုပ်နည်းကား ၎င်းနှင့်အတူ ၎င်း၏အောက်တွင် ပေါ်ပေါက်ထွန်းကားလာခြင်း ဖြစ်ပေသည်။ ထုတ်လုပ်ရေးပစ္စည်းများအား ဗဟိုစုစည်းချုပ်ကိုင်မှုနှင့် အလုပ်၏ လူ့အဖွဲ့အစည်းလက္ခဏာဆောင်မှုသည် အရင်းရှင်စနစ်၏ အပြင်အကာနှင့် မဆီလျော်မကိုက်ညီတော့သည့် အခြေသို့ နောက်ဆုံးတွင် ဆိုက်ရောက်လာပေတော့သည်။ အပြင်အကာသည် အစိတ်စိတ် အမွှာမွှာ ကွဲထွက်လာပေသည်။ အရင်းရှင်စနစ် ပုဂ္ဂလိကပိုင်ဆိုင်မှု၏ နောက်ဆုံးဇီဝိန် ချုပ်ငြိမ်းသည့် ခေါင်းလောင်းသံသည် မြည်ဟီးလေပြီ။ မတရားသဖြင့် အပိုင်စီးသူများသည် အပိုင်စီးခြင်း ခံလိုက်ရပေတော့သည်၊"*
(မာ့က်စ်နှင့် အိန်ဂယ် လက်ရွေးစဉ်ကျမ်း အတွဲ ( ၁ ) နှာ ၄၆၀ )

မည်သည့်လူမှုစီးပွားရေးစနစ်မဆို ထာဝစဉ်တည်ရှိနေသည် မဟုတ်ပေ။ ၎င်း၏ ဖြစ်ပေါ်တိုးပွားမှု တစုံတရာသော အဆင့်သို့ ရောက်လျှင် အရေအတွက်သည် အရည်အခြင်း အဖြစ်သို့ ပြောင်းလဲသွားလေသည်။ ၎င်းထက်တဆင့်မြင့်သော လူမှု စီးပွားရေးစနစ်၏ အစားထိုးခြင်းကို ခံလိုက်ရလေသည်။ နယ်ချဲ့စနစ်သစ်၏ ကံကြမ္မာသည်လည်း ဤနည်းနှင်နှင်ပင် ဖြစ်ပေသည်။ ။